

# ပဋ္ဌာန်းပါဠိတော်နိဿယ

## ဒုတိယတွဲ

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ပဋိစ္စဝါရ

### ပစ္စနီကသုဒ္ဓသင်္ချာဝါရ

ဝိဘင်္ဂဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ သင်္ချာဝါရကို ဟောတော်မူ၏။ ထိုသင်္ချာဝါရ၌ တုံသော်လည်း သုဒ္ဓသင်္ချာဝါရ ဒုကာဒိသင်္ချာဝါရအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် သုဒ္ဓသင်္ချာဝါရကို ရှေးဦးစွာဟောတော်မူ၏။ ထိုသုဒ္ဓသင်္ချာဝါရ၌တုံသော်လည်း နဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ နာရမ္မဏပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ အစရှိသောအားဖြင့် နှစ်ဆယ်အပြားရှိ၏။ ထိုတွင် နဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရကို ရှေးဦးစွာဟောတော်မူ၏။ ထိုနဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ မောဟမူဒွေး၌ မောဟ အဟိတ်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး အဟိတ်စိတ္တဇရုပ်

အဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည် နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနိက်၌ နယသို့လိုက်၍လည်းကောင်း ဝါရသို့လိုက်၍လည်းကောင်း တိက်ပုဒ်၏အရသို့လိုက်၍လည်းကောင်း ကံကတ္တား နေဟန်သို့လိုက်၍ လည်းကောင်း နဟေတုယာ ဒွေ ဟုသင်္ချာတပ်၍ဟောအပ်ကုန်၏။ ။နဟေတုယာ။ ဟေတုပစ္စည်းကို ကြဉ်၍ တပါးသောပစ္စည်း၌။ ဒွေ။ နှစ်ပါးကုန်သော။ ဝိသဇ္ဇနာနိ၊ အဖြေတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ ဒွေဟူသော်ကား အကုသလေန အကုသလံ။ အဗျာကတေန အဗျာကတံ ဟူသည်တည်း။ အကုသလေန အကုသလံ၌ ကတ္တားကား ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ်။ စ။ စုဒ္ဒသ အစိတ်အပေါင်း နာမက္ခန္ဓာကိုစွဲ၍ ဖြစ်သော ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ်၌ရှိသော မောဟပစ္စယုပ္ပန်တရားရ၏။ ထို့ကြောင့် ထိုတရားတို့၏ ဝိမိဝိဘင်းကို အကုသလံ။ လ။ နဟေတုပစ္စယာ။ ဝိစိကိစ္ဆာသဟဂတေ ဥဒ္ဓစ္စသဟဂတေ ခန္ဓေပဋိစ္စ ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော မောဟောဟု ဟောအပ်၏။ ဤကဲ့သို့ချည်း ဝိဘင်းထုတ်၍ ဟောလေ။ ။အဗျာကတေန အဗျာကတံ၌ ကောက်၍ ဝိဘင်းထုတ်၍ ဟောမြဲ။

နာရမ္မဏသုဒ္ဓသင်္ချာဝါရ၌ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ဤတရားတို့သည် နာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနိက်၌ နာရမ္မဏေ ပဉ္စ ဟုသင်္ချာတပ်၍ ဟောအပ်ကုန်၏။ ။ပဉ္စဟူသော်ကား ကုသလေန အဗျာကတံ။ အကုသလေန အဗျာကတံ။ အဗျာကတေန အဗျာကတံ။ ကုသလာဗျာကတေန အဗျာကတံ။ အကုသလာဗျာကတေန အဗျာကတံ ဟူသည်တည်း။ ။ကောက်မြဲ ဝိဘင်း ဟောမြဲ ဟောလေ။

နာဓိပတိ သုဒ္ဓသင်္ချာဝါရ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်။ မရသောအခါ အကုသိုလ်ဒွါဒသ အဟိတ်ကြိယာ မဟာကုသိုလ် မဟာကြိယာ လောကီဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး နိရာဓိပတိစိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည်နာဓိပတိပစ္စည်း၏ပစ္စယုပ္ပန်မဖြစ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနိက်၌ နာဓိပတိယာ နဝ ဟုသင်္ချာတစ်၍ ဟောအပ်ကုန်၏။ နဝ ဟူသော်ကား ကုသလေန ကုသလံ။လ။ ကုသလာဗျာကတေနအဗျာကတံ။ အကုသလာ ဗျာကတေန အဗျာကတံ ဟူသည်တည်း။ ။ဝိဘင်္ဂဝါရအတိုင်းကောက် ဝိဘင်းရွတ်။ ။ နာနန္တရ သုဒ္ဓ နသမနန္တရ သုဒ္ဓကို နာရမ္မဏ သုဒ္ဓ အတိုင်းဆိုလေ။

နအညမညသုဒ္ဓ၌ နာမက္ခန္ဓာမှထောက်သော စိတ္တဇရုပ်ဟဒယဝတ္ထုမှတပါး ပဋိသန္ဓေကမ္မဇရုပ်။ မဟာဘုတ်မှ ထောက်သော စိတ္တဇဥပါဒါ ပဋိသန္ဓေကမ္မဇဥပါဒါ ဗာဟိရဥပါဒါ အာဟာရဇဥပါဒါ အသညသတ် ကမ္မဇဥပါဒါ ပဝတ္တိကမ္မဇ ဥပါဒါရုပ်။ တရား။လ။ နအညမညေ ပဉ္စ။၏။ ။ပဉ္စ ဟူသော်ကား ကုသလေန အဗျာကတံ။ လ။ ကုသလာဗျာကတေန အဗျာကတံ ဟူသည်တည်း။ ။ဝိဘင်္ဂဝါရအတိုင်းကောက်။ ဝိဘင်းကိုလည်းရွတ်လေ။ နဥပနိဿယ သုဒ္ဓလည်း နာရမ္မဏသုဒ္ဓနှင့်တူ၏။

နပုရေဇာတသုဒ္ဓ၌ အရူပဝိပါက်လေးခု အရူပဘုံ၌ ဖြစ်သော အခါ လောဘမူ မောဟမူ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် မဟာကြိယာ အရူပကုသိုလ်အရူပကြိယာအထက်မဂ်သုံးခု ဖိုလ်လေးခု၊ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည် နပုရေဇာတ။ ၏။ ထို့ကြောင့် နပုရေဇာတေ သတ္တရသ။၏။ ။ကောက်မြဲ။ဝိဘင်းရွတ်မြဲ။

နပစ္ဆာဇာတသုဒ္ဓံ အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည် နပစ္ဆာဇာတ။လ။ ၏။ ။နပစ္ဆာဇာတေ နဝ ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။နဝ ဟူသော်ကား ကုသလေနကုသလံ။ လ။အကုသလာဗျာကတေန အဗျာကတံဟူသည်တည်း။ ကောက်မြဲ။ ဝိဘင်းရှုတ်မြဲ။

**အမှာ** ဤပစ္စနိက်၌ နဟောတုစသည်၌ နသည် အညအနက်ကို ဟော၏။ ထို့ကြောင့် နပစ္ဆာဇာတ၌ ပစ္ဆာဇာတပစ္စည်းမှတပါး နှစ်ဆဲ့သုံးပစ္စည်းကိုယူရမည်။

နာသေဝနသုဒ္ဓံ အကုသိုလ် ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာပဉ္စမဇော အာဝဇ္ဇန်းဒွေး ဝိပါက်ဆတ္တိံသ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည်။ လ။ နာသေဝနေနဝ။၏။ ။နဝ ဟူသော်ကား ကုသလေနကုသလံ။လ။ အကုသလာ ဗျာကတေန အဗျာကတံဟူသည်တည်း။ ။ကောက်မြဲ။ ဝိဘင်းရှုတ်လေ့။

နကမ္မသုဒ္ဓံ ကုသိုလ် အကုသိုလ် ကြိယာစေတနာ ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ်။လ။ နကမ္မေ တီဏိ။ ၏။ ။ကောက်မြဲ ဝိဘင်းရှုတ်မြဲ။ ။နဝိပါက သုဒ္ဓသင်္ချာဝါရ၌ ကုသိုလ် အကုသိုလ် ကြိယာ နာမက္ခန္ဓာ ကုသိုလ် အကုသိုလ် ကြိယာ ပြုအပ်သော စိတ္တဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်။ လ။ နဝိပါကေ နဝဟု။ ၏။ ။နဝ ဟူသော်ကား ကုသလေန ကုသလံ အစရှိသည် တည်း။ ။ ကောက်မြဲ။ ဝိဘင်းဟောမြဲ။ ။နအာဟာရသုဒ္ဓံ ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်။ လ။နအာဟာရေ ဧကံ။၏။ ဧကံ ဟူသော်ကား အဗျာကတေန

အဗျာကတံ ဟူသည်တည်း။ ကောက်မြဲ။ ။နဣန္ဒြိယသုဒ္ဓ၌ ဗာဟိရ ရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇ ရုပ်ဇီဝိတိန္ဒြေ ပဝတ္တိ ကမ္မဇ ရုပ်ဇီဝိတိန္ဒြေ။ လ။ ဧကံ။ ၏။ ။ဧကံ ဟူသော်ကား အဗျာကတေန အဗျာကတံ ဟူသည်တည်း။ ။ကောက်မြဲ။ ဝိဘင်း ဟောမြဲ။

နဈာနသုဒ္ဓ၌ ဒွေပဉ္စဝိညာဏ်တဆယ် နာမက္ခန္ဓာ ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇ ရုပ်။ လ။ နဈာနေ ဧကံ။ ၏။ ကောက်မြဲ။ ဝိဘင်းကိုလည်း ဟောမြဲ။ ။နမဂ္ဂသုဒ္ဓ သံချာဝါရ၌ အဟိတ် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး အဟိတ်စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဗာဟိရရုပ်။ လ။ ပဝတ္တိကမ္မဇရုပ်။ လ။ နမဂ္ဂေ ဧကံ။ ၏။ ။ကောက်မြဲ ဝိဘင်းဟောမြဲ။ နသမ္ပယုတ္တသုဒ္ဓသည် နာရမ္မဏသုဒ္ဓနှင့် တူ၏။ ။နဝိပ္ပယုတ္တသုဒ္ဓ၌ အရူပဝိပါက်လေးခု ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး အရူပ ဘုံ၌ဖြစ်သောအခါ လောဘမူ မောဟမူ မနောဒွါရာ ဝဇ္ဇန်း မဟာကုသိုလ် မဟာကြိယာ အရူပကုသိုလ် အရူပကြိယာ အထက် မဂ်သုံးခု ဖိုလ်လေးခု နာမက္ခန္ဓာ ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိ ကမ္မဇရုပ်။ လ။ နဝိပ္ပယုတ္တေ တီဏိ။ ၏။ ။နနတ္ထိ နဝိဂတ ဤနှစ်ပါးသည် နာရမ္မဏ နှင့် တူ၏။ ။သုဒ္ဓသံချာဝါရပြီး၏။

---

## ပစ္စနီကဒုကသံချာဝါရ

သုဒ္ဓသံချာဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ဒုကာဒိ သံချာဝါရကို ဟောတော်မူ၏။ ထိုဒုကာဒိသံချာဝါရ၌ တုံသည် လည်း နဟေတုဒုကာဒိအစရှိသောအားဖြင့် နှစ်ဆယ်အပြားရှိ၏။ ထိုတွင် နဟေတုဒုကာဒိကို ရှေးဦးစွာဟောတော်မူ၏။ ထိုနဟေတု ဒုကာဒိ၌ တုံသော်လည်း ဒုကာဒိ အစရှိသောအားဖြင့် တဆဲ့ ကိုးပါး အပြားရှိ၏။ ထိုတွင် ဒုကကို ရှေးဦးစွာ ဟောတော်မူ၏။

ထိုဒုက၌ တုံသော်လည်း နဟေတုမူ နာရမ္မဏဒုက အစရှိသော အားဖြင့် တဆဲ့ကိုးပါး အပြားရှိ၏။ ထိုတွင်.နဟေတုမူ နာရမ္မဏ ဒုကကိုရှေးဦးစွာ ဟောတော်မူ၏။

---

### နဟေတုနအာရမ္မဏ

ထိုနာရမ္မဏ ဒုက၌ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် ဤတရားတို့သည် နာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သောကြောင့် နဟေတု ပစ္စည်းတွန်း၍ စင်ကုန်၏။ ။ထို့ကြောင့် အနုလောမပစ္စနိက်၌ ဟေတုပစ္စယာ နာရမ္မဏေ ပဉ္စဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ မောဟမူဒွေး၌ - မောဟ အဟိတ် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး ဤတရားတို့သည် နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ နာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် နာ ရမ္မဏပစ္စည်း တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ နဟေတုပစ္စယာ အာရမ္မဏေ ဒွေဟု။၏။ ။ မောဟမူဒွေး၌ မောဟကြဉ်သော သဟိတ် ပဝတ္တိပဋိသန္ဓေ နာ မက္ခန္ဓာလေးပါး ဤတရားတို့သည် နဟေတု အာရမ္မဏ ပစ္စည်း နှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်ကုန်။ ထို့ကြောင့် အနုလုံ၌ ဟေတု ပစ္စယာ အာရမ္မဏေ တီဏိ။၏။ ။အဟိတ် စိတ္တဇရုပ် အဟိတ် ပဋိသန္ဓေကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသည သတ် ကမ္မဇရုပ် ပဝတ္တိ ကမ္မဇရုပ် ပစ္စနိက်၌ နဟေတု ပစ္စယာ နာရမ္မဏေ။ဧကံ။၏။

**အမှာ** အနုလုံကတွန်းသည့် တရားခုနစ်ပါးပင်။အထူး မရှိ။ ။အနုလုံမှာ ပစ္စနီယာနုလောမကို စ၍ တွန်းသည်။ ပစ္စနိက်မှာ အနုလောမပစ္စနိက်ကိုစ၍တွန်းသည်။ ဤသည် လျှင် အထူးတည်း။

---

## နဟေတုနာဓိပတိ

နဟေတုမူ နာဓိပတိဒုက၌ အဓိပတိ ပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်။ မရသောအခါ မောဟမူဒွေး၌ မောဟကြဉ်သော အကုသိုလ်ဒွါဒသ မဟာကုသိုလ် မဟာကြိယာ သဟိတ်လောကီဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး နိရာဓိပတိသဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် ဤတရားတို့သည် နာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ နဟေတု ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သောကြောင့် နဟေတုပစ္စည်းတွန်း၍စင်ကုန်၏။ ထို့ကြောင့် အနုလောမပစ္စနိက်၌ နဟေတုပစ္စယာ နာဓိပတိယာ နဝ ဟု သင်္ချာတင်၍ ဟောအပ်ကုန်၏။ နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ နာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောတရားကား မရှိ။ ထို့ကြောင့် ပစ္စနီယာနုလောမ၌ နဟေတုပစ္စယာ အဓိပတိယာ အစရှိသည်ဖြင့် မဟောရသတည်း။ ။အဓိပတိတရားကိုယ် ကြဉ်သော သာဓိပတိဇော ငါးဆဲ့နှစ်ခု နာမက္ခန္ဓာ သာဓိပတိ စိတ္တဇရုပ် ဤတရားတို့သည် နဟေတု နာဓိပတိ နှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်ကုန်။ ထို့ကြောင့် အနုလုံ၌ ဟေတုပစ္စယာ အဓိပတိယာ တီဏိ။ ၏။ မောဟမူဒွေး၌ မောဟအဟိတ်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး အဟိတ်စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ဗာဟိရရုပ်။ လ။ ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည် နဟေတု နာဓိပတိပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန်။ ၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ နဟေတုပစ္စယာ နာဓိပတိယာ ဒွေ ဟု။ ၏။ ။နာနန္တရ နသမနန္တရဒုကသည် နာရမ္မဏဒုကနှင့်တူ၏။

---

## နဟေတုနအညမည

နအညမညဒုက၌ နာမက္ခန္ဓာမှ ထောက်သော သဟိတ်စိတ္တဇရုပ် ဟဒယဝတ္ထုမှတပါး သဟိတ်ပဋိသန္ဓေကမ္မဇရုပ် မဟာဘုတ်မှ ထောက်သော သဟိတ်စိတ္တဇဥပါဒါ သဟိတ်ပဋိသန္ဓေ ကမ္မဇဥပါဒါရုပ် ဤတရားတို့သည် နအညမညပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ

ဖြစ်၍ နဟေတုပစ္စည်း၏ ပစ္စယုပ္ပန်မွေမဖြစ်သောကြောင့် နဟေတု
ပစ္စည်းတွန်း၍စင်ကုန်၏။ ထို့ကြောင့်ထိုတရားတို့ကိုဟေတုပစ္စယာ
နအညမညေ ပဋ္ဌ ဟု သချာတပ်၍ ဟောအပ်ကုန်၏။ ။မဲ့မာဟမူ
ဒွေး၌ မောဟ အဟိတ်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး
အဟိတ်ပဋိသန္ဓေနာမက္ခန္ဓာမှထောက်သော ဟဒယဝတ္ထု၊ အချင်း
ချင်းမှထောက်သော အဟိတ်စိတ္တဇမဟာဘုတ် အဟိတ်ပဋိသန္ဓေ
ကမ္မဇမဟာဘုတ် ဗာဟိရမဟာဘုတ် အာဟာရဇ မဟာဘုတ်
ဥတုဇမဟာဘုတ် အသညသတ်ကမ္မဇမဟာဘုတ် ပဝတ္တိကမ္မဇ
မဟာဘုတ် ဤတရားတို့သည် နဟေတုပစ္စည်း၏ပစ္စယုပ္ပန်မွေသာ
ဖြစ်၍ နအညမည ပစ္စည်း၏ ပစ္စယုပ္ပန္န ဓမ္မ မဖြစ်သောကြောင့်
နအညမညပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို
ပစ္စနီယာနုလောမ၌ နဟေတုပစ္စယာ နအညမညေဒွေဟု သချာ
တပ်၍ ဟောအပ်ကုန်၏။ ။မောဟမူဒွေး၌ မောဟ ကြဉ်သော
အလုံးစုံသော သဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။သဟိတ်
ပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်သော ဟဒယဝတ္ထု။အချင်းချင်းမှ
မထောက်သော သဟိတ်စိတ္တဇ မဟာဘုတ် သဟိတ် မဋိသန္ဓေ
ကမ္မဇ မဟာဘုတ် ဤတရားတို့သည် နဟေတု အညမည ပစ္စည်း
နှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်ကုန်။ ထို့ကြောင့် အနုလုံ၌ နဟေတု
ပစ္စယာ အညမညေတိကို။ ၏။ ။နာမက္ခန္ဓာမှ ထောက်သော
အဟိတ်စိတ္တဇရုပ် ဟဒယဝတ္ထုမှတပါး အဟိတ် ပဋိသန္ဓေကမ္မဇ
ရုပ်။ မဟာဘုတ်မှထောက်သော အဟိတ် စိတ္တဇဥပါဒါ အဟိတ်
ပဋိသန္ဓေကမ္မဇဥပါဒါ ဗာဟိရဥပါဒါ အာဟာရဇဥပါဒါ ဥတုဇ
ဥပါဒါ အသညသတ် ကမ္မဇ ဥပါဒါ ပဝတ္တိကမ္မဇ ဥပါဒါရုပ်
ဤတရားတို့သည် နဟေတုနအညမညပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္န
ဓမ္မဖြစ်သော တရားမည်ကုန်၏။ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စ
နိက်၌ နဟေတုပစ္စယာ နအညမညေကော်။၏။ ။နဥပနိဿယဒုက
သည် နာရမ္မဏဒုကနှင့်တူ၏။

## နဟေတုနပုရေဇာတ

နပုရေဇာတဒုကၡ အရူပပဝိပါက်လေးခု အရူပဘုံ၌ ဖြစ်သော အခါ မောဟမူဒွေး၌ မောဟကြဉ်သော လောဘမူမောဟမူ မဟာကုသိုလ် မဟာကြိယာ အရူပကုသိုလ် အရူပကြိယာ အထက်မဂ်သုံးခု ဖိုလ်လေးခု သဟိတ်ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး သဟိတ် စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ဤတရားတို့သည် နပုရေဇာတပစ္စည်း၏ပစ္စယုပ္ပန္နမ္မသာဖြစ်၍နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နမ္မမဖြစ်သောကြောင့် နဟေတုပစ္စည်းတွန်း၍စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနိက်၌ နဟေတုပစ္စယာ ပုရေဇာတေသတ္တဟု၏။ ။ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ မောဟမူဒွေး၌ မောဟ အဟိတ်ပဝတ္တိ နာမက္ခန္ဓာလေးပါး ဤတရားတို့သည် နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နမ္မသာဖြစ်၍ နပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန္နမ္မ မဖြစ်သောကြောင့် နပုရေဇာတပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ပစ္စနီယာနုလောမ၌ နဟေတုပစ္စယာ ပုရေဇာတေ ဒွေ ဟု၏။ ။ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ မောဟမူဒွေး၌ မောဟ။ အရူပဝိပါက်လေးခုကြဉ်သော သဟိတ်ပဝတ္တိ နာမက္ခန္ဓာ လေးပါး။ ဤတရားတို့သည် နဟေတု နပုရေဇာတပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နမ္မ မဖြစ်ကုန်။ ထို့ကြောင့် အနုလုံ၌ တီဏိ၏။ ။အရူပဘုံ၌ ဖြစ်သောအခါ မောဟမူဒွေး၌ မောဟ မနောဒွါရာဝဇ္ဇန်း အဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး အဟိတ်စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည် နဟေတု နပုရေဇာတပစ္စည်း နှစ်ပါး၏ ပစ္စယုပ္ပန္နမ္မမဖြစ်သောတရားမည်ကုန်၏။ ထို့ကြောင့် ပစ္စနိက်၌ နဟေတုပစ္စယာ နပုရေဇာတေဒွေ၏။

---

## နဟေတုနပစ္ဆာဇာတ

နပစ္ဆာဇာတဒုကၡ မောဟမူဒွေး၌မောဟကြဉ်သော သဟိတ် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး သဟိတ်စိတ္တဇရုပ် သဟိတ်

ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် နပစ္ဆာဇာတပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် နဟေတုပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနီက်၌ နဟေတုပစ္စယာ နပစ္ဆာဇာတေ နဝ။ ၏။ ။နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ နပစ္ဆာဇာတပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သောတရားကား မရှိ။ ထို့ကြောင့် ပစ္စနီယာနုလောမ၌ နဟေတုပစ္စယာ ပစ္ဆာဇာတေ အစရှိသည်ဖြင့် မဟောရသတည်း။ ။ဟေတုပစ္ဆာဇာတ ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သော တရားကား မရှိ။ ထို့ကြောင့် အနုလုံ၌ ဟေတုပစ္စယာ ပစ္ဆာဇာတေ အစရှိသည်ဖြင့် မဟောရသတည်း။ မောဟမူဒွေး၌မောဟ အဟိတ်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည် နဟေတု နပစ္ဆာဇာတ ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်ကုန်။ ထို့ကြောင့် ဤပစ္စနီက်၌ နဟေတုပစ္စယာ နပစ္ဆာဇာတေ ဒွေ ဟူ။ သင်္ချာ။ ၏။

---

## နဟေတုနာသေဝန

နာသေဝနဒုက်၌ မောဟမူဒွေး၌မောဟကြဉ်သော အကုသိုလ်ဒွါဒသ မဟာကုသိုလ် မဟာကြိယာ ပဉ္စမဇော သဟိတ်ဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ နဟေတုတွန်း။ အနုလောမပစ္စနီက်၌ ဟေတုပစ္စယာ နာသေဝနေ နဝ။ ၏။ ။မောဟမူဒုတိယာဒိဇော၌ ရှိသော မောဟ ဟသိတုပ္ပါဒ် ဒုတိယာဒိဇော နာသေဝနတွန်း။ ပစ္စနီယာနုလောမ၌ နဟေတုပစ္စယာ အာသေဝနေ ဒွေ။ ၏။ ။မောဟမူဒွေး၌ မောဟကြဉ်သော အကုသိုလ်ဒွါဒသ မဟာကုသိုလ်မဟာကြိယာ ဒုတိယာဒိဇော မဟဂ္ဂုတ် ကုသိုလ် မဟဂ္ဂုတ် ကြိယာ မဂ်လေးခု နာမက္ခန္ဓာ။ နှစ်ပါး လွတ်။ အနုလုံ၌ တိကာ။ ၏။ မောဟမူ

ပဌမဇော၌ရှိသော မောဟမူ ဟသိတုပ္ပါဒ် ပဌမဇော ဟသိတုပ္ပါဒ် ကြဉ်သော အဟိတ်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး အဟိတ်စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည်။လ။ဤပစ္စနိက်၌ နဟေတုပစ္စယာ နာသေဝနေ ဒွေ။၏။

---

## နဟေတုနကမ္မ

နဟေတုမူ.နကမ္မ၌ ကုသိုလ်အကုသိုလ် ကြိယာစေတနာ နဟေတုတွင်။ အနုလောမပစ္စနိက်၌ တိဏိ။၏။ ။မောဟမူဒွေး၌ မောဟ ကြိယာစေတနာကြဉ်သော အဟိတ် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး အဟိတ်စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေကမ္မဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်။နကမ္မတွင်။ ပစ္စနီယာနုလောမ၌ နဟေတုယာ ကမ္မေ ဒွေ။၏။ ။မောဟမူဒွေး၌ မောဟ ကုသိုလ်အကုသိုလ် ကြိယာစေတနာကြဉ်သော သဟိတ် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ အလွတ်။ အနုလုံနဝ။၏။ ။အဟိတ်ကြိယာစေတနာ ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် ဤတရားတို့သည် ။လ။ပစ္စနိက်၌ ဧကံ ဟုသင်္ချာတပ်၍ ဟောအပ်ကုန်၏။

**အမှာ** ဤပစ္စနိက်၌ ပစ္စည်းတွန်းသည် အနုလုံက တွန်းသည်နှင့် အတူတူပင်။ ။အနုလောမ ပစ္စနိက်ကို စွဲ၍ တွန်းမရလျှင် မရသည်အလျောက်ဆို။ နှစ်ကြိမ်မြောက် ပစ္စနီယာနုလောမကိုတွန်း။ သုံးကြိမ်မြောက် အနုလုံကိုအလွတ်ဆို။ ။လေးကြိမ်မြောက် ပစ္စနိက်။ဤသည်လျှင် အနုလုံနှင့် အတူတည်း။ ဤနည်းကိုမှီ၍ နောက်နောက်သော ဒုကတိကစသည်တို့ကို တွန်းလေ။

---

## နဟေတုနဝိပါကစသည်

နဟေတုပစ္စယာ နဝိပါကေ ဒွေ။၍။ မောဟမူဒွေးဋ္ဌမောဟ အဟိတ်ကြိယာ နာမက္ခန္ဓာ အဟိတ်ကြိယာသည် ပြုအပ်သော စိတ္တဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည် နဟေတု နဝိပါက ပစ္စယုပ္ပန်ဖြစ်ကုန်၏။ နဟေတုပစ္စယာ နဝိပါကေဒွေ။၍။

နဟေတုပစ္စယာ နအာဟာရေဧကံ၊ ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ်အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်။ ဧကံ ၍။ နဟေတုပစ္စယာ နဣန္ဒြိယေ ဧကံ။ ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ် ရုပ်ဇီဝိတိန္ဒြေ ပဝတ္တိရုပ်ဇီဝိတိန္ဒြေ ဧကံ။၍။ နဈာနေ ဧကံ။ ဒွေပဉ္စဝိညာဏ်တဆယ် နာမက္ခန္ဓာ ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်။ ဧကံ။၍။ နဟေတုပစ္စယာ နမဂ္ဂေ ဧကံ။ အဟိတ်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး အဟိတ်စိတ္တဇရုပ်။လ။ အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်။ ဧကံ။၍။ ။နဟေတုပစ္စယာ နသမ္ပယုတ္တေ ဧကံ။ နာရမ္မဏအတိုင်း။ ။နဟေတုပစ္စယာ နဝိပ္ပယုတ္တေ ဒွေ။ အရူပဘုံ၌ဖြစ်သောအခါ မောဟမူဒွေးဋ္ဌမောဟ မနောဒွါရာဝဇ္ဇန်း ဗာဟိရရုပ် အာဟာရဇရုပ်။လ။ ပဝတ္တိကမ္မဇရုပ်။ ဧကံ။၍။ ။နောနတ္ထိယာ နောဝိဂတေ ဧကံ။နာရမ္မဏအတိုင်း ကောက်။

---

## ပစ္စနီက တိကာဒိသင်္ချာဝါရ

နဟေတုနာရမ္မဏပစ္စယာ နာဓိပတိယာဧကံ။ ဒုကအတိုင်း။ နောဝိဂတေတိုင်အောင် ဒုကအတိုင်းပင်။ နဟေတုပစ္စယာ နာရမ္မဏနာဓိပတိနာနန္တရနသမနန္တရနအညမညပစ္စယာ နဥပနိဿယေ ဧကံ။၍။ နာမက္ခန္ဓာမှထောက်သော အဟိတ်စိတ္တဇရုပ် ဟဒယဝတ္ထုမှတပါး အဟိတ်ပဋိသန္ဓေကမ္မဇရုပ် မဟာဘုတ်မှထောက်သော အဟိတ်စိတ္တဇဥပါဒါ အဟိတ်ပဋိသန္ဓေကမ္မဇဥပါဒါ ဗာဟိ

ရဥပါဒါ အာဟာရဇဥပါဒါ အသညသတ်ကမ္မဇဥပါဒါ ပဝတ္တိကမ္မဇဥပါဒါရုပ်။ ကောံ။ ၏။ ။နပုရေဇာတ နပစ္ဆာဇာတ နာသေဝနတိုင်အောင် တူ၏။

နအညမညတိုင်အောင် တည်၍နကမ္မထည့်ရာ၌ မဟာဘုတ်မှ ထောက်သော ဗာဟိရဥပါဒါ အာဟာရဇဥပါဒါ ဥတုဇဥပါဒါ။ ကောံ။ ၏။ ။နဝိပါကထည့်ရာ၌ နာမက္ခန္ဓာမှ ထောက်သော အဟိတ်ကြိယာ ပြုံးအပ်သော စိတ္တဇရုပ်။ မဟာဘုတ်မှထောက်သော အဟိတ်ကြိယာပြုံးအပ်သော စိတ္တဇဥပါဒါ ဗာဟိရဥပါဒါ အာဟာရဇဥပါဒါ ဥတုဇဥပါဒါ အသညသတ် ကမ္မဇဥပါဒါ ပဝတ္တိကမ္မဇဥပါဒါရုပ်။ ကောံ။ ၏။ ။နအာဟာရထည့်ရာ၌ မဟာဘုတ်မှထောက်သော ဗာဟိရဥပါဒါ ဥတုဇဥပါဒါ အသညသတ် ကမ္မဇဥပါဒါ ပဝတ္တိကမ္မဇဥပါဒါ ကောံ။ ၏။ ။နဣန္ဒြိယထည့်ရာ၌ မဟာဘုတ်မှထောက်သော ဗာဟိရဥပါဒါ ဥတုဇဥပါဒါ အသညသတ် ရုပ်ဇီဝိတိန္ဒြေ ပဝတ္တိရုပ်ဇီဝိတိန္ဒြေ။ ကောံ။ ၏။ ။နဈာန ထည့်ရာ၌ မဟာဘုတ်မှထောက်သော ဗာဟိရဥပါဒါ အာဟာရဇဥပါဒါ ဥတုဇဥပါဒါ အသညသတ်ကမ္မဇဥပါဒါ ပဝတ္တိကမ္မဇ ဥပါဒါ ကောံ။ ၏။ ။နမဂ္ဂသမ္ပယုတ္တထည့်ရာ၌နာမက္ခန္ဓာမှထောက်သော အဟိတ်စိတ္တဇရုပ် ဟဒယဝတ္ထုမှတပါး အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် မဟာဘုတ်မှ ထောက်သော အဟိတ်စိတ္တဇ ဥပါဒါ အဟိတ်ပဋိသန္ဓေ ကမ္မဇဥပါဒါ ဗာဟိရ အာဟာရဇ ဥတုဇ အသညသတ်ကမ္မဇဥပါဒါ ပဝတ္တိကမ္မဇဥပါဒါရုပ်။ ကောံ။ ၏။ ။ နဝိပ္ပယုတ္တထည့်ရာ၌ မဟာဘုတ်မှထောက်သော ဗာဟိရဥပါဒါ အာဟာရဇ ဥတုဇ အသညသတ် ကမ္မဇ ပဝတ္တိ ကမ္မဇ ဥပါဒါရုပ်။ ကောံ။ ၏။ ။နောနတ္ထိ နောဝိဂတထည့်ရာ၌ နသမ္ပယုတ္တထည့်သည်နှင့် တူ၏။ ။နကမ္မတိုင်အောင်တည်၍ နအာဟာရထည့်ရာ၌ မဟာဘုတ်မှထောက်သော ဗာဟိရဥပါဒါ ဥတုဇ ဥပါဒါရုပ် ကောံ။ ၏။ ။နဣန္ဒြိယထည့်ရာ၌ မဟာဘုတ်မှထောက်သော ဗာဟိရဥပါဒါ အာဟာရဇဥပါဒါ ဥတုဇဥပါဒါရုပ် ကောံ။

၏။ ။နဗျာန နမဂ္ဂ နသမ္ပယုတ္တ နဝိပ္ပယုတ္တထည့်ရာ၌ မဟာဘုတ်မှထောက်သော ဗာဟိရဥပါဒါ အာဟာရဇဥပါဒါ ဥတုဇဥပါဒါ ကော်။၏။ ။**နောနတ္ထိ** နောဝိဂတထည့်ရာ၌လည်း ဤအတူ။ ။နအာဟာရတိုင်**အောင်**တည်၍ နဣန္ဒြိယထည့်ရာ၌ မဟာဘုတ်မှထောက်သော **ဗာဟိရဥပါဒါ** အာဟာရဇဥပါဒါ **ရုပ်ကော်။** ၏။ ။နောဝိဂတတိုင်အောင် ထည့်ရာ၌လည်း ဤအတူ။ ။ နဟေတုကစ၍ နောနတ္ထိတိုင်အောင် တည်၍ နောဝိဂတထည့်ရာ၌လည်း မဟာဘုတ်မှထောက်သော ဗာဟိရဥပါဒါ ဥတုဇဥပါဒါ ရုပ် ဤတရားကိုပင်ရသည်။ကော်။

---

## နအာရမ္မဏ။

နအာရမ္မဏပစ္စယာ နဟေတုယာ ဒွေ။ နဟေတုမှ အတိုင်း။ နာဓိပတိယာ ပဉ္စ။ နိရာဓိပတိစိတ္တဇရုပ်ပဋိသန္ဓေ ကမ္မဇရုပ် ဗာဟိရရုပ်။ လ။ ပဝတ္တိကမ္မဇဥပါဒါရုပ်။ ပဉ္စ။၏။ ။နာနန္တရ နသမနန္တရ၌ နာရမ္မဏသုဒ္ဓအတိုင်း။ **နအညမညေ** ပဉ္စ နအညမညသုဒ္ဓ အတိုင်း။ နဥပနိဿယ **နပုရေဇာတ** နပစ္ဆာဇာတ နာသေဝန နာရမ္မဏသုဒ္ဓ အတိုင်း။ ။**နကမ္မေကော်** နကမ္မသုဒ္ဓအတိုင်း။ ။ နဝိပါကေ ပဉ္စ။ ကုသိုလ်အကုသိုလ် ကြိယာပုံအပ်သော စိတ္တဇရုပ် ဗာဟိရရုပ်။ လ။ ပဝတ္တိ **ကမ္မဇရုပ်။** ။နအာဟာရေ ကော် သုဒ္ဓအတိုင်း။ နဣန္ဒြိယေ ကော်။ သုဒ္ဓ အတိုင်း။ နဈာနေ ကော်။ အဟိတ် စိတ္တဇရုပ်။ လ။ ပဝတ္တိ ကမ္မဇရုပ်။ နမဂ္ဂေကော်။ အဟိတ် စိတ္တဇရုပ် အဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်။ လ။ ပဝတ္တိ ကမ္မဇရုပ်။ နသမ္ပယုတ္တ၌ သုဒ္ဓ**အတိုင်း။** ။နဝိပ္ပယုတ္တ၌ ဗာဟိရရုပ်။ လ။ ပဝတ္တိ ကမ္မဇရုပ်။ နောနတ္ထိ နောဝိဂတ သုဒ္ဓအတိုင်း။ ။တိက အစရှိသည်တို့၌ နဟေတုက အစရှိသည်တို့နှင့် မထူးပြီ။ ။နာဓိပတိ ဒုကာဒိနာနန္တရ ဒုကာဒိအစရှိသည်တို့၌လည်းအနုလုံပစ္စည်းတွန်းကို နှလုံးသွင်း၍ ဟောလေ။ ။ပစ္စည်းပစ္စနိက်ပြီး၏။

---

## အနုလောမ ပစ္စနီက ဒုကသင်္ချာဝါရ

ပစ္စည်းပစ္စနီက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ ပစ္စည်း အနုလောမ ပစ္စနီက်ကို ဟောတော်မူ၏။ ထိုအနုလောမ ပစ္စနီက်၌ တုံသော်လည်း ဟေတု ဒုကာဒိအစရှိသောအားဖြင့် နှစ်ဆဲ့သုံးပါး အပြားရှိ၏။ ပစ္ဆာဇာတကိုမရသောကြောင့် နှစ်ဆဲ့သုံးပါး။ ထိုတွင် ဟေတုဒုကာဒိကို ရှေးဦးစွာဟောတော်မူ၏။ ထို၌လည်း ဒုကတိက အစရှိသည်ဖြင့် နှစ်ဆဲ့နှစ်ပါး။ ထိုတွင် ဒုကကို၊ ၏။ ထို၌ တုံသော်လည်း ဟေတုမူ နာရမ္မဏဒုကအစရှိသောအားဖြင့် တဆဲ့ငါးပါး။ ထိုတွင် ဟေတုမူ နာရမ္မဏဒုကကို ရှေးဦးစွာ ဟောတော်မူ၏။

---

## ဟေတု နာရမ္မဏ

ဟောဟန်ကား ဟေတုပစ္စယာ နနာရမ္မဏေ ပဉ္စ ဟူသည်တည်း။ ထိုဟေတုမူ နာရမ္မဏဒုက၌ အဟိတ် စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ဗာဟိရရုပ်။လ။ ပဝတ္တိ ကမ္မဇရုပ် ဤတရားတို့သည် နာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္န ဓမ္မသာ ဖြစ်၍ ဟေတု ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် ဟေတုပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့်ပစ္စနီက်၌ နဟေတုပစ္စယာ နာရမ္မဏေ ကော်။၏။ မောဟမူဒွေး၌ မောဟကြဉ်သော သဟိတ် ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ လေးပါး ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္န ဓမ္မသာ ဖြစ်၍ နာရမ္မဏ ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် နာရမ္မဏ ပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် အနုလုံ၌ ဟေတု ပစ္စယာအာရမ္မဏေ တိဏိ။၏။ ။မောဟမူဒွေး၌ မောဟ အဟိတ် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး ဤတရားတို့သည် ဟေတု နာရမ္မဏ ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်ကုန်။ ထို့ကြောင့် ပစ္စယာ နုလောမ၌ နဟေတု ပစ္စယာ အာရမ္မဏေ ဒွေ။၏။ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် ဤတရားတို့သည် ဟေတု နာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်ကုန်၏။ ထို့ကြောင့် ဤအနုလောမ ပစ္စနီက်၌ ဟေတု ပစ္စယာ နာရမ္မဏေ ပဉ္စဟု။၏။

ဤအနုလောမ ပစ္စနိက်၌ ပစ္စနိက်ကို စ၍တွန်း။ ပစ္စနီယာ နုလောမ အလွတ်၊

---

## ဟေတု နာဓိပတိ

ဟေတု ပစ္စယာ နာဓိပတိယာ နဝ။ နာဓိပတိ ဒုက၌ မောဟမူဒွေး၌ မောဟ အဟိတ် ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ လေးပါး။ အဟိတ်စိတ္တဇရုပ်။လ။ ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည် နာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန္န။လ။ ဟေတုပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ပစ္စနိက်၌ နဟေတု ပစ္စယာ ဒွေ။၏။ အဓိပတိတရားကိုယ်ကြဉ်သောသာဓိပတိဇောငါးဆဲ့နှစ်ခု နာမက္ခန္ဓာ၊သာဓိပတိစိတ္တဇရုပ် ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္န မမှသာ ဖြစ်၍ နာဓိပတိ ပစ္စည်း၏ ပစ္စယုပ္ပန္နမမှ မဖြစ်သောကြောင့် နာဓိပတိပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် အနုလုံ၌ ဟေတုပစ္စယာ အဓိပတိယာ နဝ။၏။ ။ဟေတု နာဓိပတိပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နမမှ မဖြစ်သော တရားကား မရှိ။ ထို့ကြောင့် ပစ္စနီယာနုလောမ၌ နဟေတု ပစ္စယာ အဓိပတိယာ အစရှိသည်ဖြင့် မဟောရသတည်း။အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိ တရားကိုယ်။ မရသောအခါ မောဟမူဒွေး၌ မောဟကြဉ်သော အကုသိုလ် ဥဒ္ဓစ္စသ မဟာကုသိုလ် မဟာကြိယာ သဟိတ် လောကီဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး နိရာဓိပတိ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် ဤတရားတို့သည် နဟေတု နာဓိပတိ ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နမမှဖြစ်ကုန်၏။ ထို့ကြောင့် ဤအနုလောမ ပစ္စနိက်၌ ဟေတု ပစ္စယာ နာဓိပတိယာနဝ။၏။ ။နာနန္တရေ ပဉ္စ။နသမနန္တရေ ပဉ္စ။ နာရမ္မဏာအတိုင်း။

---

## ဟေတု နအညမည

နအညမညေ ပဉ္စ။နအညမညဒုက၌ နာမက္ခန္ဓာမှထောက်သော အဟိတ် စိတ္တဇရုပ်ဟဒယဝတ္ထုမှတပါး အဟိတ်ပဋိသန္ဓေကမ္မဇရုပ်

မဟာဘူတံ ဥပါဒါ အဟိတံ စိတ္တသမုဋ္ဌာနံ ရူပံ ဥပါဒါ ဟဒယဝတ္ထုံ ပဋိသန္ဓိက္ခဏေ ကဋတ္တာရူပံ ဥပါဒါ ဥပါဒါရူပံ။ အဟိတံ ပဋိသန္ဓိက္ခဏေ ကဋတ္တာရူပံ ဥပါဒါ မဟာဘူတံ စိတ္တသမုဋ္ဌာနံ ဥပါဒါရူပံ ရူပံ ဥပါဒါ ဟဒယဝတ္ထုံ ပဋိသန္ဓိက္ခဏေ ကဋတ္တာ ရူပံ ဥပါဒါ အဟိတံ စိတ္တသမုဋ္ဌာနံ ဥပါဒါရူပံ ရူပံ ဥပါဒါ ဥပါဒါရူပံ။ အဟိတံ စိတ္တသမုဋ္ဌာနံ ဥပါဒါ ဟဒယဝတ္ထုံ ပဋိသန္ဓိက္ခဏေ ကဋတ္တာရူပံ ဥပါဒါ ဟေတုပစ္စယာ ဟဒယဝတ္ထုံ ကဋတ္တာ ရူပံ ဥပါဒါ ဟဒယဝတ္ထုံ ကဋတ္တာ။ မဟာဘူတံ ဥပါဒါ မဟာဘူတံ ကဋတ္တာရူပံ ဥပါဒါ ရူပံ။

မဟာဘူတာ တစ်ခုမှ ထောက်သော အဟိတ် စိတ္တဇ ဥပါဒါ အဟိတ် ပဋိသန္ဓေ ကမ္မဇ ဥပါဒါ ဗာဟိရဥပါဒါ။လ။ ပဝတ္တိကမ္မဇ ဥပါဒါ ရုပ် ဤတရားတို့သည် နအညမညပစ္စည်း၏ ပစ္စယုပ္ပန္နမဟုတ်သောဖြစ်၍ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္န မမှမဖြစ်သောကြောင့် ဟေတုပစ္စည်း တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ပစ္စနိကဩ် နဟေတုပစ္စယာ နအည မညေ ကော။၏။ မောဟ မူဒွေး၌ မောဟကြဉ်သော သဟိတ် ပဋိသန္ဓေနာမက္ခန္ဓာလေးပါး သဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်သော.ဟဒယဝတ္ထု အချင်းချင်းမှ ထောက်သော သဟိတ် စိတ္တဇမဟာဘုတ် သဟိတ် ပဋိသန္ဓေ ကမ္မဇမဟာဘုတ် ဤတရား တို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နမဟုတ်သောဖြစ်၍ နအညမညပစ္စည်း ၏ ပစ္စယုပ္ပန္နမမှ မဖြစ်သောကြောင့် နအညမညပစ္စည်းတွန်း၍ စင် ကုန်၏။ ထို့ကြောင့် အနုလုံ၌ ဟေတုပစ္စယာ အညမညေ တိဏိ။ ၏။ မောဟမူဒွေး၌ မောဟ အဟိတ် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး အဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်သော ဟဒယ ဝတ္ထု။ အချင်းချင်းမှ ထောက်သော အဟိတ် စိတ္တဇ မဟာ ဘုတ် အဟိတ် ပဋိသန္ဓေကမ္မဇ မဟာဘုတ် ဗာဟိရ အာဟာရဇ ဥတုဇ အသညသတ်ကမ္မဇ ပဝတ္တိကမ္မဇ မဟာဘုတ် ဤတရား တို့သည် ဟေတု နအညမည ပစ္စည်း နှစ်ပါး၏ ပစ္စယုပ္ပန္နမမှမဖြစ် ကုန်။ ထို့ကြောင့် ပစ္စနီယာ နလောမ၌ နဟေတု ပစ္စယာ အည မညေဒွေ။၏။ နာမက္ခန္ဓာမှ ထောက်သော သဟိတ် စိတ္တဇရုပ် ဟဒယဝတ္ထုမှတပါး သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် မဟာဘုတ်မှ ထောက်သောသဟိတ် စိတ္တဇ ဥပါဒါ သဟိတ် ပဋိသန္ဓေ ကမ္မဇ ဥပါဒါရုပ် ဤတရားတို့သည် ဟေတု နအညမည ပစ္စည်း နှစ်ပါး ၏ ပစ္စယုပ္ပန္နမမှ မဖြစ်ကုန်။ ။ထို့ကြောင့် ဤ အနုလောမ ပစ္စနိကဩ် ဟေတုပစ္စယာ နအညမညေ ပဉ္စ။၏။ ။နနိဿယမရ။ နဥပနိဿယလည်း နာရမ္မဏအတိုင်း။

## ဟေတုနပုရေဇာတ

နပုရေဇာတေ သတ္တ။ နပုရေဇာတံ ဒုကန္တိ အရူပဘုံ၌ ဖြစ်သော အခါ မောဟမူဒွေး၌ မောဟမနောဒွါရာဝဇ္ဇန်း အဟိတ်ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး အဟိတ်စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေ ကမ္မဇ ရုပ်။လ။ ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည် နပုရေဇာတ ပစ္စည်း၏ **ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍** ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သော **ကြောင့် ဟေတု ပစ္စည်းတွန်း၍** စင်ကုန်၏။ ထို့ကြောင့် ပစ္စနိက်၌ **နဟေတု ပစ္စယာ နပုရေဇာတေ** ဒွေ။၏။ ။ပဉ္စဝေါကာရဘုံ၌ **ဖြစ်သောအခါ** မောဟမူဒွေး၌ မောဟ အရူပ ဝိပါက်လေးခု ကြဉ်သော သဟိတ် ပဝတ္တိ **နာမက္ခန္ဓာ**လေးပါး။ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ**ဖြစ်၍နပု**ရေဇာတပစ္စည်း၏ ပစ္စ ယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် နပုရေဇာတ ပစ္စည်းတွန်း၍ စင်ကုန် ၏။ ။ထို့ကြောင့် ဤအနုလုံ၌ဟေတုပစ္စယာ ပုရေဇာတေ တိဏိ။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ မောဟမူဒွေး၌ မောဟအဟိတ် ပဝတ္တိနာမက္ခန္ဓာလေးပါး ဤတရားတို့သည် နဟေတု ပုရေဇာတ ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်ကုန်။ ။ထို့ကြောင့် ပစ္စနီယာ နုလောမ၌ နဟေတု ပစ္စယာ ပုရေဇာတေ ဒွေ။၏။ အရူပဘုံ၌ဖြစ် သောအခါမောဟမူဒွေး၌ မောဟကြဉ်သော လောဘမူ မောဟမူ မဟာကုသိုလ် မဟာကြိယာ အရူပကုသိုလ် အရူပကြိယာ အထက် မဂ်သုံးခု ဖိုလ်လေးခု သဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် ဟေတု နပုရေဇာတပစ္စည်း၏ပစ္စယုပ္ပန္နဓမ္မ ဖြစ်ကုန်၏။ထို့ကြောင့် အနုလောမ ပစ္စနိက်၌ ဟေတုပစ္စယာ နပုရေဇာတေ သတ္တ။၏။

---

## ဟေတု နပစ္ဆာဇာတ

နပစ္ဆာဇာတေ နဝ။ နပစ္ဆာဇာတဒုကန္တိ မောဟမူဒွေး၌ မောဟ အဟိတ် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး အဟိတ် စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ဗာဟိရရုပ် အာဟာရ

ဇရုပ် ဥတုဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည် နပစ္ဆာဇာတ ပစ္စည်း၏ ပစ္စယုပ္ပန် ဓမ္မသာဖြစ်၍ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်ဓမ္မ မဖြစ်သောကြောင့် ဟေတု ပစ္စည်းတွန်း၍ စင်ကုန်၏။ ။ထို့ကြောင့် ပစ္စနိက်၌ နဟေတုပစ္စယာ နပစ္ဆာဇာတေ ဒွေ။၏။ ။ဟေတု ပစ္စည်း၏ ပစ္စယုပ္ပန်ဓမ္မသာဖြစ်၍ နပစ္ဆာဇာတပစ္စည်း၏ ပစ္စယုပ္ပန်ဓမ္မမဖြစ်သော တရားကား မရှိ။ ထို့ကြောင့် အနုလုံ၌ ဟေတုပစ္စယာ ပစ္ဆာဇာတေ အစရှိသည်ဖြင့် မဟောရသတည်း။ ။ဟေတု နပစ္ဆာဇာတ ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန်ဓမ္မ မဖြစ်သော တရားကားမရှိ။ ထို့ကြောင့် ပစ္စနီယာ နုလောမ၌ နဟေတု ပစ္စယာ ပစ္ဆာဇာတေ အစရှိသည်ဖြင့် မဟောရသတည်း။ ။မောဟမူဒွေး၌ မောဟကြဉ်သော သဟိတ် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် ဟေတုနပစ္ဆာဇာတ ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန်ဓမ္မမဖြစ်သော တရားမည်ကုန်၏။ ထို့ကြောင့် ဤအနုလောမ ပစ္စနိက်၌ ဟေတု ပစ္စယာ နပစ္ဆာဇာတေနဝ။၏။ ဤနည်းကိုမှီ၍ အနုလောမပစ္စနိက်ကို အကုန်တွန်းလေ။

---

## ဟေတုနာသေဝနု စသည်

ဖဲဟေတု ပစ္စယာ နာသေဝနေနဝ။၏။ ။မောဟမူဒွေး၌ မောဟကြဉ်သော အကုသိုလ် ဒွါဒသ မဟာကုသိုလ် မဟာကြိယာ ပဉ္စမဇော သဟိတ်ဝိပါက်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ် နဝ။၏။ ။ဟေတု ပစ္စယာ နကမ္မေတိဏိ။၏။။ ကုသိုလ် အကုသိုလ် သဟိတ်ကြိယာ စေတနာ။ နကမ္မေတိဏိ။၏။ ။နဝိပါကေ နဝ။ မောဟမူဒွေး၌ မောဟကြဉ်သော ကုသိုလ် အကုသိုလ် သဟိတ်ကြိယာ နာမက္ခန္ဓာ ကုသိုလ် အကုသိုလ် သဟိတ်ကြိယာပြုအပ်သော စိတ္တဇရုပ် နဝိပါကေ နဝ။၏။ နသမ္ပယုတ္တေပဉ္စ။ နာရမ္မဏအတိုင်း။နဝိပ္ပယုတ္တေ တိဏိ။ အရူပဝိပါက်လေးခု ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ အရူပဘုံ၌ ဖြစ်သော

အခါ မောဟမူဒွေးနှစ် မောဟကြဉ်သော လောဘမူ မောဟမူ မဟာကုသိုလ် မဟာကြိယာ အရူပကုသိုလ် အရူပကြိယာ အထက်မဂ်သုံးခု ဖိုလ်လေးခု နာမက္ခန္ဓာ။ ဤတရားတို့သည် နဝိပ္ပယုတ္တေ တီကာ။ ၏။

အမှာ — နောနတ္ထိ နောဝိဂတ နာရမ္မဏာအတိုင်း တဆဲ့ငါးပစ္စည်းသာ ရသည်။ ။သဟဇာတ နိဿယ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ အတ္ထိ အဝိဂတ ဤရှစ်ပစ္စည်းတို့ကို ဟေတုမူတည်၍ မရအပ်ကုန်။

---

### အနုလောမ ပစ္စနိက တိကာဒိ သင်္ချာဝါရ

ဟေတုအာရမ္မဏာပစ္စယာနာဓိပတိယာတီကာ။၏။အရကား‌အဓိပတိတရားကိုယ်။ အဓိပတိပစ္စည်းကိုမရသောအခါ မောဟမူဒွေးနှစ် မောဟကြဉ်သော အကုသိုလ်ဒွါဒသ မဟာကုသိုလ် မဟာကြိယာ သဟိတ်လောကီဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဟေတု အာရမ္မဏာ ပစ္စယာ နာဓိပတိယာ တီကာ။၏။ ဟေတု အာရမ္မဏာ ပစ္စယာ နပုရေဇာတေ တီကာ။ အရကား အရူပဝိပါက်လေးခု အရူပဘုံ၌ ဖြစ်သောအခါ မောဟမူဒွေးနှစ် မောဟကြဉ်သော လောဘမူ မောဟမူ မဟာကုသိုလ် မဟာကြိယာ အရူပကုသိုလ် အရူပကြိယာ အထက်မဂ်သုံးခု ဖိုလ်လေးခု သဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး နပုရေဇာတေ တီကာ။၏။

နပစ္ဆာဇာတေ တီကာ။ ။မောဟမူဒွေးနှစ် မောဟကြဉ်သော သဟိတ်ပဝတ္တိ နာမက္ခန္ဓာလေးပါး။ တီကာ။၏။ ။နာသေဝနေ တီကာ။ အရကား မောဟမူဒွေးနှစ် မောဟကြဉ်သော အကုသိုလ်ဒွါဒသမဟာကုသိုလ် မဟာကြိယာ ပဌမဇော သဟိတ် ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ တီကာ။၏။ ။နကမ္မေတီကာ။ အရကား ကုသိုလ် အကုသိုလ် သဟိတ်ကြိယာ စေတနာတီကာ။၏။ နဝိပါကေ တီကာ။ အရကား မောဟမူဒွေးနှစ် မောဟကြဉ်သော

ကုသိုလ် အကုသိုလ် သဟိတ်ကြိယာ နာမက္ခန္ဓာတို့ကို။၏။ ။နဝိပ္ပယုတ္တေ တို့ကို။ အရကား အရူပဝိပါက်လေးခု ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ။အရူပဘုံ၌ဖြစ်သောအခါ မောဟမူဒွေး၌ မောဟကြဉ်သော လောဘမူ မောဟမူ မဟာကုသိုလ်မဟာကြိယာ အရူပကုသိုလ် အရူပကြိယာအထက်မဂ်သုံးခု ဖိုလ်လေးခု နာမက္ခန္ဓာ တို့ကို။၏။

အမှာ — အာရမ္မဏသို့ လိုက်၍ နာမက္ခန္ဓာသာ ရသောကြောင့် တို့ကိုသာထွက်သည်။ ။ဟေတု အာရမ္မဏ တည်ရာ၌ အဓိပတိ ပုရေဇာတ ပစ္ဆာဇာတ အာသေဝန ကမ္မ ဝိပါက ဝိပ္ပယုတ္တ ဤခုနစ်ပစ္စည်းကို ရအပ်၏။ ကြွင်းသော ပစ္စည်းတို့ကို မရအပ်။

ဟေတု အာရမ္မဏ အဓိပတိ ပစ္စယာ နပုရေဇာတေ တို့ကို။အရကား အရူပဘုံ၌ အဓိပတိ ပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော လောဘမူ မဟာကုသိုလ် မဟာကြိယာ ဧကန်ရသော အရူပကုသိုလ် အရူပကြိယာ အထက်မဂ်သုံးခု ဖိုလ်လေးခု နာမက္ခန္ဓာ။ တို့ကို။၏။ ။နပစ္ဆာဇာတေ တို့ကို။ အရကား အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ငါးဆဲ့နှစ်ခု နာမက္ခန္ဓာ တို့ကို။၏။ ။နာသေဝနေတို့ကို။အရကား အဓိပတိတရားကိုယ်ကြဉ်သော လောဘမူဒေါသမူ မဟာကုသိုလ် မဟာကြိယာ ပဉ္စမဇော ဖိုလ်လေးခု နာမက္ခန္ဓာ။တို့ကို။၏။ ။နကမ္မေတို့ကို။ သာဓိပတိ ကုသိုလ် အကုသိုလ် ကြိယာ စေတနာ တို့ကို။၏။ ။နဝိပါကေ တို့ကို။ အဓိပတိ တရားကိုယ်ကြဉ်သော သာဓိပတိ ကုသိုလ် အကုသိုလ် ကြိယာနာမက္ခန္ဓာ။တို့ကို။၏။

အမှာ — နဝိပ္ပယုတ္တေ တို့ကို နပုရေဇာတအတိုင်း။ ။ခြောက်ပစ္စည်းကိုသာ ရသည်။ ။ဟေတု အာရမ္မဏ အဓိပတိ အနန္တရ သမနန္တရ သဟဇာတ အညမည နိဿယ ဥပနိဿယ တိုင်အောင်တည်၍ နပုရေဇာတ အစရှိသော ခြောက်ပစ္စည်း ထည့်ရာ၌လည်း စတုက္ကနှင့် အတူပင်။ဟေတု။လ။ ပုရေဇာတတိုင်

အောင် တည်၍ နပစ္ဆာဇာတေ တိကံ အစရှိသော လေးပစ္စည်း ထည့်ရာ၌လည်း စတုက္ကနှင့် အတူတူ။

ဟေတု။လ။ ဥပနိဿယ ပုရေဇာတ ပစ္စယာ နာသေဝနေ တိကံ။အရကား ပဉ္စဝေါကာရဘုံ၌ အဓိပတိ ပစ္စည်းကို ရသော အခါ အဓိပတိတရားကိုယ် ကြည်သော လောဘမူ ဒေါသမူ မဟာ ကုသိုလ်မဟာကြိယာပဌမဇော ဖိုလ်လေးခုနာမက္ခန္ဓာ။ တိကံ။၏။ နကမ္မေတိကံ။ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါသာဓိပတိကုသိုလ် အကုသိုလ်ကြိယာ စေတနာ။ နကမ္မေတိကံ၏။ နဝိပါကေတိကံ။ အရကားပဉ္စဝေါကာရဘုံ၌အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်ကြည်သောသာဓိပတိ ကုသိုလ် အကုသိုလ်ကြိယာ နာမက္ခန္ဓာ။ တိကံ။၏။ ။လေးပစ္စည်းသာ ရသည်။ ။ဟေတု။လ။ ပုရေဇာတ အာသေဝန ပစ္စယာ နကမ္မေတိကံ။ အရကား ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော မဟဂ္ဂုတ် ကုသိုလ် မဟဂ္ဂုတ် ကြိယာ မဂ်လေးခု၌ရှိသော စေတနာ တိကံ။၏။ နဝိပါကေ တိကံ။ ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသော အခါ အဓိပတိ တရားကိုယ်ကြည်သော လောဘမူ ဒေါသမူ မဟာ ကုသိုလ် မဟာကြိယာ ဒုတိယာဒိဇောမဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ် ကြိယာမဂ်လေးခုနာမက္ခန္ဓာ တိကံ။၏။ ။ပစ္ဆာဇာတ ကမ္မဝိပါက သုံးပစ္စည်းသာရသည်။ ။ဟေတု။လ။ ပုရေဇာတ အာသေဝန ကမ္မပစ္စယာနပစ္ဆာဇာတေ တိကံ။ ပဉ္စဝေါကာရဘုံ၌ အဓိပတိ ပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်။ စေတနာကြည်သော လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာကြိယာဒုတိယာဒိဇော မဟဂ္ဂုတ် ကုသိုလ် မဟဂ္ဂုတ် ကြိယာ မဂ်လေးခု နာမက္ခန္ဓာ တိကံ။၏။

အမှာ

နဝိပါကေ တိကံ နပစ္ဆာဇာတ အတိုင်း။ ။ဟေတု ။လ။ အာသေဝန ကမ္မ အာဟာရ တိုင်အောင် တည်၍ နပစ္ဆာဇာတ ဝိပါကထည့် အတူတူပင်။ ဟေတု။လ။

အဝိဂတ တိုင်အောင်တည်။ နပစ္ဆာဇာတေ တိကံ နဝိပါကေ တိကံ ကမ္မတိုင်အောင် တည်သည်နှင့် အတူတူပင်။ ။အာသေဝန ကိုချ၍ ဝိပါကထည့်၍ တည်ရာ၏။

ဟေတု။လ။ပုရေဇာတကမ္မဝိပါကပစ္စယာ နပစ္ဆာဇာတေ ကောံ နအာသေဝနေ ကောံ။ အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အဓိပတိ တရားကိုယ်ကြဉ်သော ဗိုလ်လေးခု နာမက္ခန္ဓာ။ကောံ။၏။ ဟေတု။လ။ အဝိဂတ ပစ္စယာ နပစ္ဆာဇာတေကောံ နာသေဝနေ ကောံတရားကိုယ်အရအတူတူ။ အဓိပတိတရားကိုယ် ကြဉ်သော ဗိုလ်လေးခုပင်။ ။အာရမ္မဏမှ အဓိပတိမှအစရှိသည်တို့၌လည်း ဤနည်း ကိုမှီ၍ အနုလုံပစ္စည်းတွန်းကို နှလုံးသွင်း၍ ဟောလေ။ ။ပစ္စည်း အနုလောမ ပစ္စနိက်ပြီး၏။

---

## ပစ္စနီယာ နုလောမ ဒုကသင်္ချာဝါရ

ပစ္စည်း အနုလောမ ပစ္စနိက်ကို ဟောတော်မူသည်၏ အခြား မှ၌ ပစ္စည်း၏ ပစ္စနီယာ နုလောမကို ဟောတော်မူ၏။ ။ထို၌ တုံသော်လည်း နဟေတုဒုကာဒိ အစရှိသောအားဖြင့် နှစ်ဆယ် အပြားရှိ၏။

သဟဇာတ နိဿယ အတ္ထိ အဝိဂတ ဤလေးပစ္စည်းတို့ကို ပစ္စနီယာနုလောမ၌ မရသောကြောင့် နှစ်ဆယ် ဖြစ်သတည်း။ ထို နှစ်ဆယ်တို့တွင် နဟေတု ဒုကာဒိကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌တုံသော်လည်း ဒုက တိက စတုက္က အစရှိသောအားဖြင့် တဆဲ့ ကိုးပါးအပြားရှိ၏။ ထိုတွင် ဒုကကိုရှေးဦးစွာ ဟောတော်မူ၏။ ထို ဒုက၌ တုံသော်လည်း နဟေတုမှ အာရမ္မဏဒုက အစရှိသော အားဖြင့်နှစ်ဆဲ့တပါး အပြားရှိ၏။ ထိုတွင် နဟေတုမှ အာရမ္မဏ ဒုကကိုရှေးဦးစွာ ဟောတော်မူ၏။

---

## နဟေတု အာရမ္မဏ

နဟေတု ဟန်ကား။နဟေတုပစ္စယာ အာရမ္မဏေ ဒွေဟူသည်တည်း။ နဟေတုမူ အာရမ္မဏဒုက၌ မောဟမူဒွေး၌ မောဟ ကြဉ်သော သဟိတ် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် အာရမ္မဏ ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ နဟေတု ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သောကြောင့် နဟေတုပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် အနုလုံ၌ ဟေတု ပစ္စယာ အာရမ္မဏေ တီဏိ။၏။ အဟိတ် စိတ္တဇရုပ် အဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိ ကမ္မဇရုပ် ဤတရား တို့သည် နဟေတု ပစ္စည်း၏ ပစ္စယုပ္ပန္န ဓမ္မသာ ဖြစ်၍ အာရမ္မဏ ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် အာရမ္မဏပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ပစ္စနိက်၌ နဟေတုပစ္စယာ နာရမ္မဏေ ဧကံဟု။၏။ ။သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် နဟေတု အာရမ္မဏ ပစ္စည်း နှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်ကုန်။ ထို့ကြောင့် အနုလောမပစ္စနိက်၌ ဟေတုပစ္စယာ နာရမ္မဏေပဉ္စဟု။၏။ ။မောဟမူဒွေး၌ မောဟ အဟိတ်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး ဤတရား တို့သည် နဟေတုအာရမ္မဏ ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားမည်ကုန်၏။ထို့ကြောင့်ဤပစ္စနီယာနုလောမ၌ နဟေတုပစ္စယာ အာရမ္မဏေဒွေ။၏။ ။နဟေတုမူ အဓိပတိမရ။အနန္တရ သမနန္တရ အာရမ္မဏနှင့် တူပြီ။

---

## နဟေတုသဟဇာတ

နဟေတုမူ သဟဇာတဒုက၌ မောဟမူဒွေး၌ မောဟကြဉ်သော သဟိတ်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် သဟဇာတ ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ

မဖြစ်သောကြောင့် နဟေတုပစ္စည်းတွန်း၍ စင်ကုန်၏။ ။ထို့ကြောင့် အနုလုံ၌ ဟေတုပစ္စယာသဟဇာတေ နဝ၊၏။

နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သော တရားကား မရှိ။ ထို့ကြောင့် ပစ္စနိက်၌ နဟေတုပစ္စယာ နသဟဇာတေ အစရှိသည်ဖြင့် မဟောရသတည်း။ ။နဟေတုသဟဇာတ ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သော တရားကား မရှိ။ ။ထို့ကြောင့် အနုလောမ ပစ္စနိက်၌ ဟေတုပစ္စယာ နသဟဇာတေ အစရှိသည်ဖြင့်မဟောရသတည်း။ မောဟမူဒွေး၌မောဟ အဟိတ်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး အဟိတ်စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည် နဟေတုသဟဇာတ ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားမည်ကုန်၏။ ။ထို့ကြောင့် ဤပစ္စနီယာ နုလောမ၌ နဟေတုပစ္စယာ သဟဇာတေဒွေ။၏။ ။ဤဝါရ၌ အနုလုံကိုတည်၍တွန်း။ အနုလောမပစ္စနိက်ကို အလွတ်ဆို။ ။ ရလျှင် ရသည်အလျောက် မရလျှင် မရသည်အလျောက်ဆို။

## နဟေတုအညမည

နဟေတုမူ အညမညဒုက်၌ မောဟမူဒွေး၌ မောဟကြဉ်သော သဟိတ်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ သဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာမှ ထောက်သော ဟဒယဝတ္ထု။ အချင်းချင်းမှ ထောက်သောသဟိတ်စိတ္တဇမဟာဘုတ် သဟိတ်ပဋိသန္ဓေ ကမ္မဇ မဟာဘုတ်ဤတရားတို့သည် အညမညပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် နဟေတုပစ္စည်းတွန်း၍စင်ကုန်၏။ ထို့ကြောင့် အနုလုံ၌ ဟေတုပစ္စယာ အညမညေ တီဏိ။၏။ ။နာမက္ခန္ဓာမှ ထောက်သော အဟိတ်စိတ္တဇရုပ်။ဟဒယဝတ္ထုမှတပါး အဟိတ်ပဋိသန္ဓေကမ္မဇရုပ် မဟာ

ဘုတ်မှထောက်သော အဟိတ်စိတ္တဇဥပါဒါ အဟိတ်ပဋိသန္ဓေကမ္မဇဥပါဒါ ဗာဟိရဥပါဒါ အာဟာရဇဥပါဒါ ဥတုဇဥပါဒါ အသညသတ်ကမ္မဇဥပါဒါ ပဝတ္တိကမ္မဇဥပါဒါရုပ်။ ဤတရားတို့သည် နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ အညမညပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် အညမည ပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ပစ္စနိကဏ္ဍ နဟေတုပစ္စယာ နအညမညေ ဧကံ။၏။ ။နာမက္ခန္ဓာမှထောက်သော သဟိတ်စိတ္တဇရုပ် ဟဒယဝတ္ထုမှတပါး သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။ မဟာဘုတ်မှထောက်သော သဟိတ်စိတ္တဇဥပါဒါရုပ် သဟိတ်ပဋိသန္ဓေကမ္မဇဥပါဒါရုပ် ဤတရားတို့သည် နဟေတုအညမည ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်ကုန်။ ထို့ကြောင့် အနုလောမပစ္စနိကဏ္ဍ ဟေတုပစ္စယာ နအညမညေ ပဉ္စ။၏။ ။မောဟမူဒွေး၌မောဟ အဟိတ်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အဟိတ်ပဋိသန္ဓေနာမက္ခန္ဓာမှထောက်သော ဟဒယဝတ္ထု။ အချင်းချင်းမှ ထောက်သော အဟိတ် စိတ္တဇမဟာဘုတ် အဟိတ် ပဋိသန္ဓေ ကမ္မဇမဟာဘုတ် ဗာဟိရမဟာဘုတ် အာဟာရဇမဟာဘုတ် ဥတုဇမဟာဘုတ် အသညသတ်ကမ္မဇမဟာဘုတ် ပဝတ္တိကမ္မဇမဟာဘုတ်။ ဤတရားတို့သည် နဟေတု အညမညပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်သောတရားမည်ကုန်၏။ ထို့ကြောင့် ဤပစ္စနီယာနုလောမ၌ နဟေတုပစ္စယာ အညမညေ ဒွေ ဟု။၏။ နိဿယလည်း သဟဇာတနှင့်တူ၏။ ဥပနိဿယလည်း အာရမ္မဏနှင့် တူ၏။

---

## နဟေတုပုရေဇာတ

နဟေတုမူ ပုရေဇာတဒုကဏ္ဍ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ မောဟမူဒွေး၌မောဟ အရူပဝိပါက်လေးခု ကြဉ်သော သဟိတ်ပဝတ္တိ နာမက္ခန္ဓာလေးပါး ဤတရားတို့သည် ပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်

သောကြောင့် နဟေတုပစ္စည်းတွင်း၌ စင်ကုန်၏။ ထို့ကြောင့် အနုလုံ၌ ဟေတုပစ္စယာ ပုရေဇာတေ တီဏိ။ ၏။ အရူပဘုံ၌ဖြစ်သောအခါ မောဟမူဒွေး၌မောဟ မနောဒွါရာဝဇ္ဇန်း အဟိတ်ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အဟိတ်စိတ္တဇရုပ်။ လ။ ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည် နဟေတုပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ ပုရေဇာတ ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် ပုရေဇာတ ပစ္စည်းတွင်း၌ စင်ကုန်၏။ ။ထို့ကြောင့် ပစ္စနိက်၌ နဟေတုပစ္စယာ နပုရေဇာတေ ဒွေ။ ၏။ အရူပဝိပါက်လေးခု အရူပဘုံ၌ ဖြစ်သောအခါ မောဟမူဒွေး၌ မောဟကြဉ်သော လောဘမူ မောဟမူ မဟာကုသိုလ် မဟာကြိယာ အရူပကုသိုလ် အရူပကြိယာ အထက်မဂ်သုံးခု ဖိုလ်လေးခု သဟိတ်ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် နဟေတု ပုရေဇာတပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်ကုန်။ ထို့ကြောင့် အနုလောမပစ္စနိက်၌ ဟေတုပစ္စယာ နပုရေဇာတေ သတ္တ။ ၏။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ မောဟမူဒွေး၌ မောဟ အဟိတ် ပဝတ္တိ နာမက္ခန္ဓာလေးပါး ဤတရားတို့သည် နဟေတုပုရေဇာတပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်ကုန်၏။ ထို့ကြောင့် ပစ္စနီယာနုလောမ၌ နဟေတုပစ္စယာ ပုရေဇာတေ ဒွေ။ ၏။

---

## နဟေတုအာသေဝန

နဟေတုမူ အာသေဝနဒုက်၌ မောဟမူဒွေး၌ မောဟကြဉ်သော အကုသိုလ်ဒွါဒသ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇောမဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ မဂ်လေးခု နာမက္ခန္ဓာ။ ဤတရားတို့သည် အာသေဝနပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ နဟေတုပစ္စည်း၏ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့်နဟေတုပစ္စည်းတွင်း၌ စင်ကုန်၏။ထို့ကြောင့် အနုလုံ၌ ဟေတုပစ္စယာ အာသေ

ဝနေ တိဿ။၏။ မောဟမူ ပဌမဇော၌ရှိသော မောဟ ဟသိတုပ္ပါဒ်ပဌမဇော ဟသိတုပ္ပါဒ် ကြဉ်သော အဟိတ်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး အဟိတ်စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဗာဟိရရုပ်။ လ။ ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည် နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ အာသေဝနပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် အာသေဝန ပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ပစ္စနီက်၌ နဟေတုပစ္စယာ နာသေဝနေ ဒွေ ဟုဟောအပ်၏။ ။မောဟမူဒွေး၌မောဟကြဉ်သော အကုသိုလ်ဒွါဒသ မဟာကုသိုလ် မဟာကြိယာ ပဌမဇော သဟိတ်ဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် နဟေတုအာသေဝနပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်ကုန်။ ထို့ကြောင့် အနုလောမပစ္စနီက်၌ ဟေတုပစ္စယာ နာသေဝနေ နဝ။ ၏။ ။ မောဟမူ ဒုတိယာဒိဇော၌ရှိသော မောဟ ဟသိတုပ္ပါဒ်ဒုတိယာဒိဇော ဤတရားတို့သည် နဟေတုအာသေဝန ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားမည်ကုန်၏။ ထို့ကြောင့် ဤပစ္စနီယာနုလောမ၌ နဟေတုပစ္စယာ အာသေဝနေဒွေ။၏။ ဤနည်းကို မှီ၍ဗုက တိကစသည်တို့၌ ရသင့်သည်အားလျော်စွာ အနုလုံကတွန်းသည်ကို နှလုံးသွင်း၍ တွန်းလေ။ ။အရကိုသာ ဆိုပေအံ့။

---

## နဟေတုကမ္မစသည်

နဟေတုပစ္စယာကမ္မေ ဒွေ။ ။အရကား မောဟမူဒွေး၌မောဟကြိယာစေတနာကြဉ်သော အဟိတ်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး အဟိတ်စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေကမ္မဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်။ ဒွေ။၏။ ။နဟေတုပစ္စယာဝိပါကေ ဧကံ။ အရကား အဟိတ် ဝိပါက် ပဝတ္တိ ပဋိသန္ဓေ

နာမက္ခန္ဓာလေးပါး ဝိပါက်ဖြစ်သောအဟိတ်စိတ္တဇရုပ် အဟိတ် ပဋိသန္ဓေကမ္မဇရုပ်။ ကော်။၏။ ။အနုလုံက ရှေးဦးစွာတွန်းသည့် တရားများပင် အထူးမရှိပြီ။ ။အာဟာရေ ဒွေ။ ဣန္ဒြိယေ ဒွေ။ ဈာနေ ဒွေ။ မဂ္ဂေ ကော်။မောဟမူ ဒွေး၌မောဟ။ကော်။ သမ္ပယုတ္တေ ဒွေ။ ဝိပ္ပယုတ္တေဒွေ။ အတ္ထိယာ ဒွေ။ နတ္ထိယာ ဒွေ။ ဝိဂတေ ဒွေ။ အဝိဂတေဒွေ။

---

## ပစ္စနီယာနုလောမတိကာဒိသင်္ချာဝါရ

နဟေတုနာရမ္မဏပစ္စယာ သဟဇာတေ ကော်၊၏။ ။အဟိတ် စိတ္တဇရုပ်။ လ။ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ် ကော်။၏။ နဟေတုနာရမ္မဏပစ္စယာ အညမညေကော်။ ။အရကား အဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်သော ဟဒယဝတ္ထု။ အချင်းချင်း မှထောက်သော အဟိတ် စိတ္တဇ မဟာဘုတ် အဟိတ် ပဋိသန္ဓေ ကမ္မဇ မဟာဘုတ်။ လ။ အသညသတ် ကမ္မဇမဟာဘုတ် ပဝတ္တိ။ လ။ဘုတ်။ကော်။၏။ ။နဟေတု နာရမ္မဏပစ္စယာ နိဿယေ ကော်။ သဟဇာတနှင့်အတူ။ ။ကမ္မေကော်။ အဟိတ် စိတ္တဇရုပ် အဟိတ် ပဋိသန္ဓေကမ္မဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်။ကော်။ ဝိပါကေ ကော်။ ဝိပါက်ဖြစ်သော အဟိတ်စိတ္တဇရုပ် အဟိတ် ပဋိသန္ဓေကမ္မဇရုပ်။ ကော်။၏။ ။အာဟာရေကော်။အဟိတ် စိတ္တဇ ရုပ် အဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ ။အာဟာရဇ ရုပ်။ ကော်၊၏။ ။ ဣန္ဒြိယေကော်။ အဟိတ်စိတ္တဇရုပ် အဟိတ် ပဋိသန္ဓေကမ္မဇရုပ် ရုပ် ဇီဝိတိန္ဒြေကြဉ်သော အသညသတ် ကမ္မဇရုပ် ပဝတ္တိ ကမ္မဇရုပ်။ ကော်။၏။ ။ဈာနေ ကော်။ အဟိတ်စိတ္တဇရုပ် အဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်။ ကော်။၏။ ဝိပ္ပယုတ္တေကော်။ အတ္ထိယာကော်။ အဝိဂတေ ကော်။သဟဇာတနှင့်အတူ။ နဟေတု နာရမ္မဏ နာဓိပတိနာနန္တရ နသမနန္တရ တိုင်အောင်တည့်လည်းမထူးပြီ။

နဟေတု နာရမ္မဏာနာဓိပတိ. နာနန္တရ နသမနန္တရ နအညမည ပစ္စယာ သဟဇာတေ ကော်။ အရကား နာမက္ခန္ဓာမှ ထောက်သော အဟိတ်စိတ္တဇရုပ် ဟဒယဝတ္ထုမှတပါး အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် မဟာဘုတ်မှထောက်သော အဟိတ်စိတ္တဇဥပါဒါ အဟိတ်ပဋိသန္ဓေ ကမ္မဇဥပါဒါ။ လ။ ပဝတ္တိကမ္မဇဥပါဒါရုပ်။ ကော်။ ၏။ ။ နဟေတု။ လ။ နအညမည ပစ္စယာ နိဿယေ ကော်။ သဟဇာတာ အတိုင်း။ ကမ္မေ ကော်။ နာမက္ခန္ဓာမှထောက်သော အဟိတ်စိတ္တဇရုပ် ဟဒယဝတ္ထုမှတပါး အဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ မဟာဘုတ်မှ ထောက်သော အဟိတ်စိတ္တဇဥပါဒါ အဟိတ်ပဋိသန္ဓေ ကမ္မဇဥပါဒါ အသညသတ်ကမ္မဇဥပါဒါ ပဝတ္တိကမ္မဇဥပါဒါရုပ်။ ကော်။ ၏။ နဟေတု။ လ။ နအညမညပစ္စယာ ဝိပါကေ ကော်။ အရကား နာမက္ခန္ဓာမှထောက်သော ဝိပါက်ဖြစ်သော အဟိတ်စိတ္တဇရုပ် ဟဒယဝတ္ထုမှတပါး အဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ မဟာဘုတ်မှ ထောက်သော ဝိပါက်ဖြစ်သောအဟိတ်စိတ္တဇဥပါဒါ အဟိတ်ပဋိသန္ဓေကမ္မဇဥပါဒါရုပ်။ ကော်။ ၏။

နဟေတု။ လ။ နအညမညပစ္စယာ အာဟာရေ ကော်။ အရကား နာမက္ခန္ဓာမှ ထောက်သော အဟိတ် စိတ္တဇရုပ် ဟဒယဝတ္ထုမှတပါး အဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ မဟာဘုတ်မှ ထောက်သော အဟိတ်စိတ္တဇဥပါဒါ အဟိတ်ပဋိသန္ဓေကမ္မဇဥပါဒါ အာဟာရဇဥပါဒါ။ ကော်။ ၏။ ။ ဣန္ဒြိယေ ကော်။ အရကား နာမက္ခန္ဓာမှထောက်သော အဟိတ်စိတ္တဇရုပ် ဟဒယဝတ္ထုမှတပါး အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် မဟာဘုတ်မှ ထောက်သော အဟိတ် စိတ္တဇ ဥပါဒါ အဟိတ်ပဋိသန္ဓေကမ္မဇဥပါဒါ ရုပ်ဇီဝိတိန္ဒြေကြဉ်သော အသညသတ် ကမ္မဇဥပါဒါ ပဝတ္တိကမ္မဇဥပါဒါရုပ်။ ကော်။ ၏။

ဈာနေ ကော်။ အရကား နာမက္ခန္ဓာမှ ထောက်သော အဟိတ် စိတ္တဇရုပ် ဟဒယဝတ္ထုမှတပါး အဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ မဟာဘုတ်မှထောက်သော အဟိတ်စိတ္တဇဥပါဒါ အဟိတ်ပဋိသန္ဓေ

ကမ္မဇဥပါဒါရုပ်။ကောံ။၏။ ။ဝိပ္ပယုတ္တေ ကောံ။ ဈာနနှင့်အတူ။ ။
အတ္တိယာ ကောံ အဝိဂတေ ကောံ။ သဟဇာတ အတိုင်း။ သမ္ပယုတ္တ
ကောံ။ ။သမ္ပယုတ္တ၊ ၌၊ ကောံ၊တခုသော ခန္ဓဝါရရှိ၏။ ။နဟေတု။
လ။နအညမည။ နဥပနိဿယ။နပုရေဇာတ။ နပစ္ဆာဇာတ။ နအာ
သေဝနတိုင်အောင် တည်လည်း နအညမည တိုင်အောင် တည်
သည်နှင့် အတူပင်။ ။နဟေတု။လ။ နပုရေဇာတ နပစ္ဆာဇာတ
နအာသေဝန နကမ္မပစ္စယာ သဟဇာတေ ကောံ။ အရကား မဟာ
ဘုတ်မှ ထောက်သော ဗာဟိရဥပါဒါ အာဟာရဇဥပါဒါ ဥတုဇ
ဥပါဒါရုပ်။ ကောံ။ ၏။ ။နိဿယ အတ္တိ အဝိဂတ သဟဇာတ
အတိုင်း။ ။အာဟာရေ ကောံ။ အရကား မဟာဘုတ်မှ ထောက်
သော အာဟာရဇဥပါဒါရုပ်။ကောံ။၏။ ။ကမ္မတိုင်အောင် တည်
သော် ဤပစ္စည်းကို ရသည်။ ။ထို့ကြောင့် ပေါဋ္ဌကာရှင့် ဆရာ
မြတ်တို့သည် နကမ္မေဂုဏိတေ ပဉ္စ ပဉှာ ဟောန္တိဟု ဆိုတော်မူ
ကုန်၏။

နဟေတု။လ။နကမ္မ နဝိပါက နအာဟာရပစ္စယာ သဟဇာတေ
ကောံ။ နိဿယေ ကောံ။ အတ္တိယာ ကောံ။ အဝိဂတေ ကောံ။ အရ
ကား မဟာဘုတ်မှထောက်သော ဗာဟိရဥပါဒါ ဥတုဇဥပါဒါ
ရုပ်။ ကောံ။၏။ ။နဟေတု။လ။ နအာဟာရ နဣန္ဒြိယ နဈာန နမဂ္ဂ
နသမ္ပယုတ္တ နဝိပ္ပယုတ္တ နောနတ္ထိ နောဝိဂတ ပစ္စယာ သဟ
ဇာတေ ကောံ။ နိဿယေကောံ။ အတ္တိယာကောံ။ အဝိဂတေကောံ။
အတူတူပင်။ ။နဟေတုဒုကာဒိပြီး၏။

နာရမ္မဏပစ္စယာ ဟေတုယာပဉှ။အရကား သဟိတ်စိတ္တဇရုပ်
သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ပဉှ။၏။ ။နာရမ္မဏ ပစ္စယာ အဓိပတိ
ယာ ပဉှ။အရကား သာဓိပတိစိတ္တဇရုပ်။ပဉှ။၏။ ။သဟဇာတေ
ပဉှ။အရကား စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဗာဟိရရုပ် အာ
ဟာရဇရုပ် ဥတုဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်။
ပဉှ။၏။ ။အနုလုံ၌ ပစ္စည်းတွင်း ပစ္စနီယာ နုလောမအတိုင်း

နှလုံးသွင်း၍ ဒုက တိက အစရှိသည်ကို ဟောလေ။ ။နာမိပတိ
ယာ ဟေတုယာ နဝ။၅။အာရမ္မဏေ တီဏိ။လ။အဝိဂတေ နဝ။
အနုလုံသုဒ္ဓသချ်ာအတိုင်းထွက်။ အရမှာ ပစ္စည်းတွန်း ပစ္စနီယာ
နုလောမ အတိုင်းပင်။ ။တိက စတုက္က အစရှိသည် တို့လည်း
နှဟေတုဒုကာဒိနှင့်တူပြီ။ ။နာနန္တရ နသမနန္တရ အစရှိသော
ဒုကာဒိအစရှိသည်တို့ကိုလည်း အနုလုံပစ္စည်းတွန်း၍ ရသင့်သည်
အလျောက် နှလုံးသွင်း၍ဟောလေ။ ။ပစ္စည်းပစ္စနီယာနုလောမ
ပြီး၏။ ။ပဋ္ဌိစ္စဝါရပြီးပြီ။

---

## သဟဇာတဝါရ

### အနုလောမဝိဘင်္ဂဝါရ

ပဋ္ဌိစ္စဝါရကို ဟောတော်မူသည်၏အခြားမဲ့၌ သဟဇာတဝါရကို ဟောတော်မူ၏။ ထိုသဟဇာတဝါရ၌ တုံသော်လည်း ပစ္စည်းအနုလုံ ပစ္စည်းပစ္စနိက် ပစ္စည်းအနုလောမ ပစ္စနိက် ပစ္စည်း ပစ္စနိယာ နုလောမအားဖြင့် လေးပါးအပြားရှိ၏။ ။ထိုတွင် ပစ္စည်းအနုလုံကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌တုံသော်လည်း ဝိဘင်္ဂဝါရသင်္ချာဝါရအားဖြင့် နှစ်ပါးအပြားရှိ၏။ ။ထိုတွင် ဝိဘင်္ဂဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌တုံသော်လည်း ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရ အစရှိသောအားဖြင့် နှစ်ဆဲ့သုံးပါး အပြားရှိ၏။ ။ ထိုတွင် ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌တုံသော်လည်း ကုသလပဒအစရှိသောအားဖြင့်ငါးပါး အပြားရှိ၏။ ထိုတွင် ကုသလပဒကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌တုံသော်လည်း ကုသလပဒါဝသာန အစရှိသောအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင် ကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုကုသလပဒါဝသာန၌ တုံသော်လည်း ဝိဓိ အနုဝါဒအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ဝိဓိကို ရှေးဦးစွာ ဟောတော်မူ၏။

ဟောဟန်ကား ကုသလံဓမ္မံ သဟဇာတော ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာဟူသည်တည်း။ ။ဝိဓိကို ဟောတော်မူသည်၏ အခြားမဲ့၌ အနုဝါဒကို ဟောတော်မူ၏။ ဟောဟန်ကား ကုသလံဧကံခန္ဓံ သဟဇာတာ တယောခန္ဓာ။ တယောခန္ဓေ သဟဇာတော ဧကော ခန္ဓော။ ဒွေခန္ဓေ သဟဇာတာ ဒွေ ခန္ဓာဟူသည်တည်း။

၂၃၄။ ကုသလံ၊ကုသိုလ်ဖြစ်သော။ ဓမ္မံ၊တရားကို။ ပဋိစ္စ၊စွဲ၍။ ပဋိစ္စပဋိဂန္တွာ၊ တကွဖြစ်ခြင်းဟု ဆိုအပ်သော တူသောအဖြစ်ဖြင့်

ရောက်၍။ ဝေါန၊ ထိုကုသိုလ်ဓမ္မနှင့်။ သဟဇာတော၊ တကွဖြစ်သော။ ကုသလော၊ ကုသိုလ်ဖြစ်သော။ ဓမ္မော၊ တရားသည်။ ဟေတုပစ္စယာ၊ ကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ ဧကံ၊သော။ ခန္ဓံ၊ ကို။ ပဋိစ္စ၊ စွဲ၍။ ဝေါန၊ ထိုကုသိုလ်ဓမ္မနှင့်။ သဟဇာတာ၊ တကွဖြစ်ကုန်သော။ တယော၊ သုံးပါးကုန်သော။ ခန္ဓာ၊ခန္ဓာတို့သည်။ ဟေတုပစ္စယာ၊ကြောင့်။ ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်၏။ တယော၊ကုန်သော။ ခန္ဓေ၊ တို့ကို။ပဋိစ္စ၊ စွဲ၍။ ဝေါန၊နှင့်။ သဟဇာတော၊သော။ဧကော၊သော။ခန္ဓော၊သည်။ဟေတုပစ္စယာ၊ကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒွေ၊ ကုန်သော။ ခန္ဓေ၊တို့ကို။ ပဋိစ္စ၊ စွဲ၍။ ဝေါန၊ နှင့်။ သဟဇာတာ၊ကုန်သော။ ဒွေ၊ ကုန်သော။ ခန္ဓာ၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

ကတ္တားပုဒ်၏အရကား ကုသိုလ် ဧကဝီသ။ စေ။ အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာနှင့်တကွဖြစ်သော ကုသိုလ် ဧကဝီသ။စေ။ အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန် တရားရ၏။ ။ ကုသိုလ်ဧကဝီသ စေတသိက်အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတပစ္စည်းပြု၍ ဖြစ်သော ကုသိုလ် ဧကဝီသ။ စေ။ အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏ သော်လည်းဆို။ ။ဟိတ်ပါဌ်ကောက်မြဲ။ ။အဗျာကတပဒါဝသာနဒ္ဓ ကုသလေ၊ ကုန်သော။ ခန္ဓေ၊ တို့ကို။ ပဋိစ္စ၊ စွဲ၍။ ဝေါန၊နှင့်။ သဟဇာတံ၊ တကွဖြစ်သော။ စိတ္တသမုဋ္ဌာနံ၊ သော။ ရူပံ၊ ရုပ်သည်။ ဟေတုပစ္စယာ၊ ကြောင့်။ ဥပ္ပဇ္ဇတိ၊၏။ ။ကုသလာဗျာကတပဒါဝသာနဒ္ဓ အကုသလပဒသုံးချက် နည်းတူယောဇနာလေ။ ။အဗျာကတပဒဒ္ဓ ဧကံ၊သော။ မဟာဘူတံ၊ ကို။ ပဋိစ္စ၊ စွဲ၍။ ဝေါန၊ ထိုမဟာဘုတ်နှင့်။ သဟဇာတာ၊ ကုန်သော။ တယော၊ ကုန်သော။ မဟာဘူတာ၊ တို့သည်။ ဟေတုပစ္စယာ၊ ကြောင့်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။လ။မဟာဘူတေ၊ တို့ကို။ ပဋိစ္စ၊စွဲ၍။ ဝေဟိ၊ထိုမဟာဘုတ်တို့နှင့်။ သဟဇာတံ၊သော။ စိတ္တသမုဋ္ဌာနံ၊သော။ ရူပံ၊ သည်လည်း

ကောင်း။ ကဋတ္တာရူပံ၊ ကဋတ္တာရုပ် သည်လည်းကောင်း။ ဟေတုပစ္စယာ၊ကြောင့်။ ဥပ္ပဇ္ဇတိ၊ ၏။

**အမှာ**

ဤသဟဇာတဝါရသည် ပဋိစ္စဝါရနှင့် အရသဘော အတူတူပင်။ ။ထိုသို့ အတူဖြစ်ပါလျက် အဘယ့်ကြောင့် ဟောတော်မူရပြန်သနည်း ဟူမူကား အချင်းချင်း အနက်ကို မှတ်အံ့သောငှါ ဟောတော်မူသည်။ အဘယ်ကဲ့သို့ မှတ်သနည်း ဟူမူကား စက္ခုံ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ အစရှိသည်တို့၌ စွဲ၍ပင်ဖြစ်သော်လည်း သဟဇာတမဖြစ်။ ဥပါဒါရုပ်သည် ဘူတရုပ်နှင့်တကွ ဖြစ်သော်လည်း ဘူတရုပ်အား သဟဇာတ မဖြစ်။ ထိုသို့မဖြစ်သောကြောင့် ပဋိစ္စဝါရဖြင့် သဟဇာတပစ္စည်းအဖြစ်ကို သဟဇာတဝါရဖြင့်လည်း ပဋိစ္စဟူ၍ ဆိုအပ်သော သဟဇာတ ပစ္စည်းအဖြစ်ကို မှတ်အံ့သောငှါ ဤနှစ်ပါးသောပါရတို့ကို ဟောတော်မူအပ်ကုန်၏။ ။ထို့ကြောင့် အဋ္ဌကထာ၌ ပဋိစ္စဋ္ဌံနာမ သဟဇာတဋ္ဌံ။ သဟဇာတဋ္ဌံနာမ ပဋိစ္စဋ္ဌန္တိဣဒံ ဥဘိန္နံပိ ဧတေသံ ဝါရာနံ အတ္ထတော နိန္နာနာကရဏဘာဝ ဒီပနတ္ထံ ဝုတ္တံ။ အတ္ထတောဟိ ဧတေဒွေပိ နိန္နာနာကရဏာ။ ဧဝံသန္တေပိ အညမညဿ အတ္ထနိယာမနတ္ထံ ဝုတ္တာ။ စက္ခုံ ပဋိစ္စ ရူပေစာတိ အာဒီသုဟိ အသဟဇာတံပိ ပဋိစ္စဥပ္ပဇ္ဇတီတိ ဝုစ္စတိ။ သဟဇာတံပိစ ဥပါဒါရူပံ ဘူတရူပဿ ပစ္စယော နဟောတိ။ ဣတိ ပဋိစ္စဝါရေန သဟဇာတပစ္စယဘာဝံ သဟဇာတဝါရေနစ ပဋိစ္စာတိ ဝုတ္တဿ သဟဇာတဘာဝံ နိယာမေတုံ ဥဘောပေတေ ဝုတ္တာ ဟုမိန့်အပ်ပြီ။ ။တနည်းကား ဝေနေယျဇ္ဈာသယ ဒေသနာဝိလာသ အားဖြင့် ဟောတော်မူအပ်ကုန်၏။ ။ထို့ကြောင့် အဋ္ဌကထာ၌ အပိစ တထာဗုဇ္ဈနကာနံ အဇ္ဈာသယဝသေန ဒေသနာဝိလာသေန နိရုတ္တိပဋိသမ္ဘိဒါပဘေဒ ဇာနန ဝသေနစာတိ ဧတေ ဥဘောပိ ဝုတ္တာတိ ဟုမိန့်အပ်ပြီ။ ။သဟဇာတဝါရပြီး၏။

# ပစ္စယဝါရ

## အနုလောမဟေတုဝိဘင်္ဂဝါရ

သဟဇာတဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ပစ္စယဝါရကို ဟောတော်မူ၏။ ထို၌တုံသော်လည်း ပစ္စည်းအနုလုံ ပစ္စည်းပစ္စနိက် ပစ္စည်းအနုလောမပစ္စနိက် ပစ္စည်းပစ္စနီယာနုလောမအားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင် ပစ္စည်းအနုလုံကို ရှေးဦးစွာဟောတော်မူ၏။ ထို၌တုံသော်လည်း ဝိဘင်္ဂဝါရ သင်္ချာဝါရအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ဝိဘင်္ဂဝါရကို ရှေးဦးစွာဟောတော်မူ၏။ ထို၌တုံသော်လည်း ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရ အာရမ္မဏပစ္စည်း၏ ဝိဘင်္ဂဝါရ အစရှိသောအားဖြင့် နှစ်ဆယ့်သုံးပါးအပြားရှိ၏။ထိုတွင် ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရကို ရှေးဦးစွာဟောတော်မူ၏။ ထို၌တုံသော်လည်း ကုသလပဒ။ အကုသလပဒ။ အဗျာကတပဒ။ ကုသလာဗျာကတပဒ။ အကုသလာဗျာကတပဒအားဖြင့် ငါးပါးပြား၏။ထိုတွင် ကုသလပဒကို ရှေးဦးစွာ ဟောတော်မူ၏။ထို၌တုံသော်လည်း ကုသလပဒါဝသာန စသော အားဖြင့် သုံးပါးပြား၏။ ထိုတွင် ကုသလပဒါဝသာနကို ဟောတော်မူ၏။ ထို၌တုံသော်လည်း ဝိဓိ အနုဝါဒအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင် ဝိဓိကိုရှေးဦးစွာဟောတော်မူ၏။

ဟောဟန်ကား ကုသလံဓမ္မံပစ္စယာ ကုသလောဓမ္မောဥပ္ပဇ္ဇတိ ဟေတုပစ္စယာ ဟူသည်တည်း။ဝိဓိကိုဟောတော်မူသည်၏အခြားမဲ့၌ အနုဝါဒကိုဟောတော်မူ၏။ ဟောဟန်ကား ကုသလံဧကံ ခန္ဓံပစ္စယာ တယောခန္ဓာ။တယောခန္ဓေ ပစ္စယာ ဧကော ခန္ဓော။ ဒွေခန္ဓေပစ္စယာ ဒွေခန္ဓာ ဟူသည်တည်း။

၂၄၃။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ ဓမ္မံ၊ တရားကို။ ပစ္စယာ နိဿယဋ္ဌေန ပစ္စယံကတွာ၊ မှီရာဟူသော အနက်ဖြင့် အကြောင်းပြု၍။ ကုသလော၊ သော။ဓမ္မော၊ သည်။ ဟေတုပစ္စယာ၊ကြောင့်။ ဥပ္ပဇ္ဇတိ၊၏။ ကုသလံ၊သော။ ဧကံ၊ သော။ ခန္ဓံ၊ကို။ ပစ္စယာနိဿ

ယဋ္ဌေနပစ္စယံကတွာ၊ မှီရာဟူသော အနက်ဖြင့် အကြောင်းပြု၍။ တယော၊ ကုန်သော။ ခန္ဓာ၊ တို့သည်။ ဟေတုပစ္စယာ၊ ကြောင့်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တယော၊ ကုန်သော။ ခန္ဓေ၊ တို့ကို။ ပစ္စယာ နိဿယဋ္ဌေနပစ္စယံ ကတွာ၊ မှီရာဟူသော အနက်ဖြင့် အကြောင်း ပြု၍။ ဧကော၊ တပါးသော။ ခန္ဓော၊ ခန္ဓာသည်။ ဟေတုပစ္စယာ၊ ကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒွေ၊ နှစ်ပါးကုန်သော။ ခန္ဓေ၊ တို့ကို။ ပစ္စ ယာနိဿယဋ္ဌေနပစ္စယံကတွာ၊ မှီရာဟူသောအနက်ဖြင့်အကြောင်း ပြုကုန်၍။ ဒွေ၊ ကုန်သော။ ခန္ဓာ၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ဤ နည်းကိုမှီ၍ဧကဝစနန္တ ဗဟုဝစနန္တ အလျောက် ယောဇနာလေ။

ကုသလောဓမ္မောဟူသော ကတ္တားပုဒ်၏အရကား ကုသိုလ် ဧကဝီသ။ စေ။ အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟ ဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ကုသိုလ် ဧကဝီသ။စေ။ အဋ္ဌ တိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ဟေတု ပစ္စယာဟူသော ဟိတ်ပါဠ်၏အရကား သမ္ပယုတ္တခန္ဓာအားတင် သော ကုသိုလ်ဧကဝီသ။ စေ။ အဋ္ဌတိံသ စိတ္တက္ခဏတခုတခု၌ ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ။ တိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ အမောဟ။ဤဟိတ်နှစ်ပါး သုံးပါး ပစ္စည်း တရားတို့၏ ဟေတုသတ္တိရ၏။ ထိုနှစ်ပါးတို့တွင် အရကား ပဓာန အားဖြင့် ကတ္တားသာတည်း။ ခန္ဓ ဝါရ တဆဲ့လေးဝါရ ဖြစ်သ တည်း။ ပဋိစ္စဝါရက ဟိတ်ပါဠ် ခန္ဓဝါရ အတူတူပင်။ ။ဤပစ္စယ ဝါရ နိဿယဝါရကား သဟဇာတနိဿယ ပုရေဇာတနိဿယ နှစ်ပါးရကောင်းသည်ကိုရည်၍ ဟောတော်မူသည်။

ကုသလံ၊လ။အဗျာကတ၊တ။လ။ပံ။ကုသလေ၊ကုန်သော။ခန္ဓေ၊ တို့ကို။ ပစ္စယာနိဿယဋ္ဌေနပစ္စယံ ကတွာ၊၍။ ကတ္တားကား ပဉ္စ ဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်ဧကဝီသ။စေ။ အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာကို သဟဇာတနိဿယ ပစ္စည်းပြု၍ ဖြစ်သော စိတ္တဇရုပ်ပစ္စယုပ္ပန်။၏။ ။ဟိတ်ပါဠ် ခန္ဓဝါရကား

ပဋိစ္စဝါရအတိုင်း။ ။ကုသလပဒသုံးချက်။အကုသလပဒသုံးချက်။ ပဋိစ္စဝါရနှင့် မထူးပြီ။

**အမှာ** အဗျာကတပဒ၌ အဗျာကတပဒါဝသာန။ကုသလပဒါဝသာန။ အကုသလပဒါဝသာန။အကုသလာဗျာကတပဒါဝသာန။ ကုသလာဗျာကတ ပဒါဝသာနအားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင် အဗျာကတ ပဒါဝသာန၌ ပဝတ္တိအခါ ပဋိသန္ဓေအခါ ရုပ်သက်သက်၌ ပဋိစ္စဝါရက အတိုင်းကောက်။ ဟိတ်ပါဠိ၌ ခန္ဓဝါရ တူပြီ။

ဝတ္ထုကံနေရာ၌ အဗျာကတော ကတ္တားကား ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ် အားတပ်သော ရှေးစိတ္တက္ခဏတချက်ခန့်ကာလ၌ဖြစ်သောဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခုကြဉ်သော သဟိတ်ဝိပါက်သတ္တရသ သဟိတ်ကြိယာသတ္တရသ။စေ။ အဌတိံသ အစိတ်အပေါင်းနာမက္ခန္ဓာပစ္စယုပ္ပန်။၏။ ခန္ဓဝါရ တဆဲ့ငါးဝါရ။

ကုသလပဒါဝသာန၌ ကတ္တားကား ဝုဋ္ဌာနမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်ကေဝီသ။စေ။အဌတိံသ အစိတ်အပေါင်းနာမက္ခန္ဓာပစ္စယုပ္ပန် တရားရ၏။ ။အကုသလပဒါဝသာန၌ ကတ္တားကား ဝုဋ္ဌာနမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှပြန်

၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်းပြု၍ဖြစ်သော အကုသိုလ်ဒွါဒသ မောဟမူဒွေး၌မောဟကြဉ်သော။ စေ။ သတ္တရီသ အစိတ်အစပေါင်း နာမက္ခန္ဓာပစ္စယုပ္ပန်။ ၏။

ကုသလာဗျာကတပဒါဝသာနှ၌ ဝတ္ထုပစ္စယာကုသလာခန္ဓာ။ မဟာဘူတေပစ္စယာ စိတ္တသမုဋ္ဌာနံရူပံ။ ။ဝတ္ထုံ၊ဟဒယဝတ္ထုကို။ ပစ္စယာနိဿယဋ္ဌေန ပစ္စယံ ကတွာ၊ ၍။ ။မဟာဘူတေ၊ မဟာဘုတ်တို့ကို။ ပစ္စယာနိဿယဋ္ဌေန ပစ္စယံ ကတွာ၊ ၍။ ။ကတ္တားကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် တဆဲ့ခုနစ်ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော ကုသိုလ်ကောဝီသ။စေ။အဋ္ဌတိံသအစိတ်အပေါင်းနာမက္ခန္ဓာ။ထိုနာမက္ခန္ဓာပြုအပ်သော မဟာဘုတ်ကို သဟဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်။ ၏။

အကုသလာဗျာကတပဒါဝသာနှ၌ ကတ္တားကားဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော အကုသိုလ်ဒွါဒသမောဟမူဒွေး၌ မောဟကြဉ်သော ။စေ။ သတ္တရီသ အစိတ်အပေါင်း နာမက္ခန္ဓာ ထိုနာမက္ခန္ဓာပြုအပ်သော မဟာဘုတ်ကို သဟဇ တနိဿယပစ္စည်းပြု၍ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်။ ၏။

ကုသလာဗျာကတပဒ ကုသလပဒါဝသာနှ၌ ကုသလံ ဇောံ ခန္ဓ၌ဝတ္ထု၌ပစ္စယာ တယောခန္ဓာ။လ။ ဒွေခန္ဓာ။ ။ကုသလော ကတ္တားကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်ကော ဝီသ။စေ။ အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတ

နိဿယပစ္စည်း။ ဝုဋ္ဌော မနောဓာတ်ရှုဝဋ္ဋန်း အစရှိသော ရှေးရှေး သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ ဖြစ်သော ကုသိုလ်ကေဝီသ။ ၊ အဋ္ဌတိံသ အဓိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်။ ၏။ ။အဗျာကတပဒါဝသာန၌ ပဋ္ဌိစ္စဝါရ အတိုင်းကောက်။

ကုသလာဗျာကတပဒါဝသာန၌ ကတ္တားကား ပဋ္ဌဝေါကာ ရဘုံ၌ဖြစ်သောအခါ ကုသိုလ်ကေဝီသ။ စေ။ အဋ္ဌတိံသ အစိတ် အစိတ်နာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း။ဝုဋ္ဌော မနောဓါ ရှု ဝဋ္ဋန်းအစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် တဆဲ့ ခုနစ်ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ကုသိုလ်ကေဝီသ။ စေ။ အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ။ ထိုနာမက္ခန္ဓာပြုအပ်သော မဟာဘုတ်ကို သဟဇာတနိဿယပစ္စည်းပြု၍ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။

အကုသလာဗျာကတပဒ အကုသလ ပဒါဝသာန၌ အကု သလောကတ္တားကားပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ် ဒွါဒသ။စေ။ သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတ နိဿယပစ္စည်း။ဝုဋ္ဌော မနောဓါရှုဝဋ္ဋန်း အစရှိသော ရှေးရှေး သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော်တဆဲ့ခုနစ်ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတ နိဿယ ပစ္စည်းပြု၍ဖြစ် သော အကုသိုလ်ဒွါဒသ မောဟမူဒွေး၌ မောဟကြဉ်သော။စေ။ သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်။ ၏။ ။အဗျာ ကတပဒါဝသာန ပဋ္ဌိစ္စဝါရအတိုင်း။

အကုသလာ ဗျာကတပဒါ ဝသာနနှ် ကတ္တားကား ပစ္စဝေါ ကာရဘိုန္တ ဖြစ်သောအခါ အကုသိုလ် ဋ္ဌါဒသဦးစေ။ သတ္တဝိသ အစိတ်အစိတ် နာမက္ခန္ဓာကိုသဟဇာတ နိဿယ ပစ္စည်း။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာ သန္ဓအခါ စုတိစိတ်မှ ပြန်၍ရေ သော် တဆဲ့ခုနစ်ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတ နိဿယ ပစ္စည်းပြု၍ ဖြစ်သော အကုသိုလ် ဋ္ဌါဒသ။ မောဟမူဒွေး၌ မောဟကြဉ်သော စေ တသိက် သတ္တဝိသ အစိတ်အစိတ် နာမက္ခန္ဓာ။ထိုနာမက္ခန္ဓာပြုအပ် သော မဟာဘုတ်ကို သဟဇာတ ပစ္စည်းပြု၍ ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်။၏။ ။ကုသလပဒ၌ သုံးချက်။ အကုသလပဒ၌သုံးချက်။ အဗျာကတပဒ၌ ငါးချက်။ကုသလာ ဗျာကတပဒ၌သုံးချက်။အကု သလာ ဗျာကတပဒ၌ သုံးချက်။ ။ပေါင်းသတ္တရသ။ ။ဟေတု ပစ္စည်း၏ ဝိဘင်္ဂဝါရပြီး၏။

---

## အာရမ္မဏ ဝိဘင်္ဂဝါရ

ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရကို ဟောတော်မူသည်၏ အခြား မဲ့၌ အာရမ္မဏပစ္စည်း၏ ဝိဘင်္ဂဝါရကို ဟောတော်မူ၏။ ။ထို၌တုံ သော်လည်း ကုသလပဒ အကုသလပဒ အဗျာကတပဒ ကုသလာ ဗျာကတပဒအကုသလာ ဗျာကတပဒအားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင် ကုသလပဒကို ရှေးဦးစွာ။၏။ ထို၌ ကုသလပဒါဝသာန အားဖြင့် တပါးသာတည်း။ ။ပဋိစ္စဝါရ အတိုင်း ကောက်လေ။ အကုသလပဒလည်း အကုသလပဒါဝသာနအားဖြင့် တပါးသာ တည်း။ ။ပဋိစ္စဝါရအတိုင်း။ ။အဗျာကတပဒ၌ အဗျာကတပဒါ ဝသာန ကုသလပဒါ ဝသာန အကုသလပဒါဝသာန အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်အဗျာကတပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌ တုံသော်လည်း ပဝတ္တိ ပဋိသန္ဓေ ဝတ္ထုကို

နေ့ရာအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင် ပဝတ္တိပဋိသန္ဓေကို ပဋိစ္စ အတိုင်းဟောလေ။ ကောက်လေ။

ဝတ္ထုကံ နေရာ၌ စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ။ သောတာယတနံ ပစ္စယာ သောတ ဝိညာဏံ။ ဃာနာယတနံ ပစ္စယာ ဃာနဝိညာဏံ။ ဇိဝှါယတနံ ပစ္စယာ ဇိဝှါဝိညာဏံ။ ကာယာယတနံ ပစ္စယာ ကာယဝိညာဏံ။ ဝတ္ထုံ ပစ္စယာ ဝိပါကာ ဗျာကတာ ကြိယာဗျာကတာခန္ဓာ။ ။စက္ခာယတနံ၊ကို။ ပစ္စယာ နိဿယဋ္ဌေန ပစ္စယံ ကတွာ၊ မှီရာဟူသော အနက်ဖြင့် အကြောင်းပြု၍။ စက္ခုဝိညာဏံ၊သည်။ အာရမ္မဏပစ္စယာ၊ကြောင့်။ ဥပ္ပဇ္ဇတိ၊၏။ ။ဝတ္ထုကံနေရာ၌ အဗျာကတော ကတ္တားကား မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့်ဥပါဒ်ပြိုင်သော စက္ခုဝတ္ထုကို ပုရေဇာတ နိဿယ ပစ္စည်းပြု၍ ဖြစ်သော စက္ခုဝိညာဏ်ဒွေး သမ္ပ စိတ္တသာဓေရဏ စေတသိက် ခုနစ်ခု အစိတ်အပေါင်း နာမက္ခန္ဓာ။ မဇ္ဈိမာယုက ဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော သောတ ဝတ္ထုကို ပုရေဇာတ နိဿယ ပစ္စည်းပြု၍ ဖြစ်သော သောတ ဝိညာဏ်ဒွေး သမ္ပ စိတ္တ သာဓေရဏ စေတသိက် ခုနစ်ခု အစိတ် အပေါင်း နာမက္ခန္ဓာ။ ။ဃာန အစရှိသည်ကို အစဉ်အတိုင်းဆိုး မဇ္ဈိမာယုကဖြစ်၍ အတီတ ဘဝင်နှင့် ဥပါဒ်ပြိုင်သော ကာယ ဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်းပြု၍ ဖြစ်သော ကာယဝိညာဏ် ဒွေး သမ္ပ စိတ္တသာဓေရဏ စေတသိက်ခုနစ်ခု အစိတ်အပေါင်း နာမက္ခန္ဓာ။ ပဋိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု။ နိရောဓ သမာပတ်မှ ထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်အား တတ်သော ရှေးစိတ္တက္ခဏ တချက်ခန့်ကာလ၌ ဖြစ်သော ဟဒယဝတ္ထု။မရဏာ သန္နအခါ စုတိ စိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတ နိဿယ ပစ္စည်းပြု၍ ဖြစ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပ ဝိပါက်လေးခု

ဒွေပဉ္စဝိညာဏ်တဆယ် ကြဉ်သော ဝိပါက် ဗာဝီသ ကြိယာဝီသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

ကုသလပဒါဝသာနဉ္စဝတ္ထုံပစ္စယာ ကုသလာခန္ဓာ။ ကုသလော ကတ္တားကား ဟောတုက အတိုင်းကောက်။ ။အကုသလ ပဒါဝ သာနဉ္စ ကတ္တားကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေး ရှေးသော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု။ မရဏာ သန္န အခါ စုတိစိတ်မှပြန်၍ ရေသော် တဆဲ့ခုနစ်ချက် မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတ နိဿယ ပစ္စည်းပြု၍ ဖြစ်သော အကုသိုလ် ဒွါဒသ။စေ။ သတ္တဝီသ အစိတ် အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်။၏။

ကုသလာ ဗျာကတပဒဉ္စ ကုသလော ကတ္တားကား ပဉ္စဝေါ ကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် ဧကဝီသ။စေ၊ အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတ နိဿယ ပစ္စည်း။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်တို့နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်းပြု၍ ဖြစ် သော ကုသိုလ် ဧကဝီသ။စေ။ အဋ္ဌတိံသ အစိတ် အစိတ် နာမက္ခန္ဓာပစ္စယုပ္ပန်။၏။

**အမှာ** အကုသလာ ဗျာကတပဒဉ္စ အကုသလော ကတ္တား ကား ကုသလပဒကို မှီ၍ ကောက်။ ။ကုသလပဒ တချက်။ အကုသလပဒတချက်။ အဗျာကတပဒ သုံးချက်။ ကုသလာ ဗျာကတပဒတချက်။ အကုသလာဗျာကတပဒတချက်။ ပေါင်းသတ္တ ခုနစ်ချက် ဖြစ်သတည်း။ ။အာရမ္မဏ ဝိဘင်္ဂဝါရပြီး၏။

---

## အဓိပတိ ဝိဘင်္ဂဝါရ

အာရမ္မဏ ပစ္စည်း၏ ဝိဘင်္ဂဝါရကို ဟောတော် မူသည်၏ အခြားမဲ့၌ အဓိပတိ ပစ္စည်း၏ ဝိဘင်္ဂဝါရကို။၏။ ထိုအဓိပတိ ပစ္စည်း၏ ဝိဘင်္ဂဝါရ၌ တုံသော်လည်း ပဒငါးပါး အဝသာန

တဆဲ့ခုနစ်ချက်။ ဟေတုပိဘင်္ဂဝါရ အတိုင်းစစ်လေ။ ။ကုသလ ပဒသုံးချက်။ အကုသလပဒသုံးချက်။ ဤခြောက်ချက်ကို ပဋိစ္စဝါရ အတိုင်းဟောလေ။ ကောက်လေ။ ။ပဋိစ္စဝါရမှာစွဲ၍ ဖြစ်သော ဆိုရသည်။ ဤဝါရမှာ သဟဇာတ နိဿယ ပစ္စည်းပြု၍ဖြစ်သော ဆိုရသည်သာထူးသည်။ အတူတူပင်။

အဗျာကတပဒ ငါးချက်တွင် အဗျာကတ ပဒါဝသာနနှ ပဝတ္တိ ရုပ်သက်သက်ကို ပဋိစ္စဝါရအတိုင်းဟောမြဲ။ ကောက်မြဲ။ ။ဝတ္ထုကံ နေရာ၌ ဝတ္ထုံပစ္စယာ ဝိပါကာ ဗျာကတာ ကြိယာ ဗျာကတာ ခန္ဓာ။ ။ဝတ္ထုကံ နေရာ၌ ကတ္တားကား ဝုဋ္ဌော မနောဒွါရာ ဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။နိရောဓ သမာပတ်မှ ထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်အား တပ်သောရှေးစိတ္တက္ခဏ တချက်ခန့် ကာလ၌ ဖြစ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေ သော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတ နိဿယ ပစ္စည်းပြု၍ဖြစ်သော ပဋ္ဌဝေါ ကာရဘုံ၌ အဓိပတိ ပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ် ကြဉ်သော မဟာကြိယာရှစ်ခု ကောန်ရသော မဟဂ္ဂုတ် ကြိယာ ကိုးခု ဖိုလ်လေးခု စေတသိက် အဋ္ဌတိံသ အစိတ် အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

ကုသလပဒါဝသာနှ ဝတ္ထုံ ပစ္စယာ ကုသလာခန္ဓာ။ကတ္တား ကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်းပြု၍ဖြစ်သော ပဋ္ဌဝေါ ကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ် ကြဉ်သော မဟာကုသိုလ်ရှစ်ခု ကောန်ရသောမဟဂ္ဂုတ် ကုသိုလ် ကိုးခု မဂ်လေးခု။စေ။ အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်။၏။

အကုသလပဒါဝသာန၌ ဝတ္ထုပစ္စယာ အကုသလာ ခန္ဓာ။ ကတ္တားကား ဝုတ္တော မနောဒွါရာဝဇ္ဇန်း။လ။ ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသော်။လ။ ဟဒယ ဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိ ပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော လောဘမူ ရှစ်ခု ဒေါသမူဒွေး ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဆဗ္ဗီသ။ အစိတ်အပေါင်း နာမက္ခန္ဓာပစ္စယုပ္ပန်။၏။

ကုသလာဗျာကတပဒါဝသာန၌ ကတ္တားကား ဝုတ္တော မနော ဒွါရာဝဇ္ဇန်း။လ။ ဟဒယဝတ္ထု။မရဏာသန္နအခါ စုတိ။လ။ ဟဒယ ဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော ပဉ္စဝေါကာရ ဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိ တရားကိုယ် ကြဉ် သော မဟာကုသိုလ် ရှစ်ခု ဧကန်ရသော မဟဂ္ဂုတ်ကုသိုလ်ကိုးခု မဂ်လေးခု။စေ။ အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ထို နာ မက္ခန္ဓာပြုအပ်သော မဟာဘုတ်ကို သဟဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်။၏။

အကုသလာဗျာကတ ပဒါဝသာန၌ ကတ္တားကား ဝုတ္တော မနောဒွါရာဝဇ္ဇန်းအစရှိသော။လ။ဟဒယဝတ္ထု။ မရဏာသန္နအခါ ။လ။ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ပဉ္စ ဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိ တရား ကိုယ် ကြဉ်သော လောဘမူရှစ်ခု ဒေါသမူဒွေး ဝိစိကိစ္ဆာ ကြဉ် သော။ စေ။ဆဗ္ဗီသ အစိတ်အပေါင်း နာမက္ခန္ဓာ ထိုနာမက္ခန္ဓာ ပြုအပ်သော မဟာဘုတ်ကို သဟဇာတ နိဿယ ပစ္စည်းပြု၍ ဖြစ် သော သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်။၏။

ကုသလာဗျာကတေနကုသလံ၌ ကုသလောကတ္တားကား ပဉ္စ ဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ မဟာ ကုသိုလ် ရှစ်ခု ဧကန်ရသော မဟဂ္ဂုတ် ကုသိုလ်ကိုးခု မဂ်လေးခု။စေ။ အဋ္ဌ တိံသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတနိဿယ ပစ္စည်း။

ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။မရဏာသန္နအခါ စုတိ။လ။ ဟဒယဝတ္ထု ကို ပုရေဇာတ နိဿယ ပစ္စည်းပြု၍ဖြစ်သော အဓိပတိတရားကိုယ်ကြဉ်သော မဟာကုသိုလ်ရှစ်ခု ကြွင်းသော မဟဂ္ဂုတ် ကုသိုလ် ကိုးခု မဂ်လေးခု။စေ။ အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်၏။ ။ကုသလာဗျာကတော အဗျာကတံကား ပဋိစ္စဝါရ အတိုင်း။

ကုသလာ ဗျာကတော ကုသလာ ဗျာကတံ၌ ကတ္တားကား ပဋ္ဌဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ မဟာကုသိုလ် ရှစ်ခု ကြွင်းသော မဟဂ္ဂုတ် ကုသိုလ် ကိုးခု မဂ်လေးခု။ စေ။ အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတ နိဿယ ပစ္စည်း။ ဝုဋ္ဌော မနော။လ။ ဟဒယဝတ္ထု။ မရဏာသန္န။လ။ဟဒယ ဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော အဓိပတိ တရား ကိုယ်ကြဉ်သော မဟာကုသိုလ်ရှစ်ခု ကြွင်းသော မဟဂ္ဂုတ် ကုသိုလ်ကိုးခု မဂ်လေးခု။စေ။ အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာ ထိုနာမက္ခန္ဓာ မဟာဘုတ်ကို သဟဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်။၏။

အကုသလာဗျာကတောအကုသလံ၌ ကတ္တားကား ပဋ္ဌဝေါ ကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ လောဘမူရှစ်ခု ဒေါသ မူဒွေး ဝိစိကိစ္ဆာကြဉ်သော။စေ။ဆဗ္ဗီသ အစိတ်အစိတ် နာမက္ခန္ဓာ ကို သဟဇာတနိဿယပစ္စည်း။ ဝုဋ္ဌော မနောဒွါရာ ဝဇ္ဇန်း။လ။ ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်။လ။ ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ ဖြစ်သော အဓိပတိ တရားကိုယ် ကြဉ်သော လောဘမူရှစ်ခု ဒေါသမူဒွေး ဝိစိကိစ္ဆာ ကြဉ်သော စေတသိက်ဆဗ္ဗီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ အကုသလာ ဗျာကတော အဗျာကတံကား ပဋိစ္စဝါရအတိုင်း တောက်။

အကုသလာဗျာကတေန အကုသလာဗျာကတံ၌ ကတ္တားကား ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ လောဘမူရှစ်ခု ဒေါသမူဒွေး ဝိစိကိစ္ဆာကြဉ်သော။စေ။ဆဗ္ဗီသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း။လ။ဟဒယဝတ္ထု။ မရဏာ။လ။ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော အဓိပတိ တရားကိုယ် ကြဉ်သော လောဘမူ ရှစ်ခု ဒေါသမူဒွေး ဝိစိကိစ္ဆာကြဉ်သော။ စေ။ ဆဗ္ဗီသ အစိတ် အစိတ်နာမက္ခန္ဓာ ထိုနာမက္ခန္ဓာပြုအပ်သော မဟာဘုတ်ကို သဟဇာတနိဿယပစ္စည်းပြု၍ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ အဓိပတိ ဝိဘင်္ဂဝါရပြီး၏။ ။အနန္တရ သမနန္တရ ဝိဘင်္ဂဝါရသည် အာရမ္မဏ ဝိဘင်္ဂဝါရနှင့်တူ၏။

---

## သဟဇာတဝိဘင်္ဂဝါရ

သဟဇာတ ဝိဘင်္ဂဝါရ၌ ဟေတု အတိုင်း တဆဲ့ခုနစ်ချက်တည်း။ ။ထိုတွင်ကုသလပဒ၌သုံးချက်။အကုသလပဒ၌သုံးချက်။ ဤခြောက်ချက်ကို ပဋိစ္စဝါရအတိုင်း ဟောလေ ကောက်လေ။ ။ အဗျာကတ၌ ပဝတ္တိ ပဋိသန္ဓေ ရုပ်သက်သက်သည် ပဋိစ္စဝါရနှင့် တူ၏။

ဝတ္ထုကံ နေရာ၌ စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ။လ။ ကာယာယတနံ ပစ္စယာ ကာယဝိညာဏံ။ဝတ္ထုံ ပစ္စယာ ဝိပါကာ ဗျာကတာ ကြိယာဗျာကတာခန္ဓာ။ ။ကတ္တားကား မဇ္ဈိမာယုက ဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သောစက္ခုဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်းပြု၍ဖြစ်သော စက္ခုဝိညာဏ်ဒွေး သဗ္ဗစိတ္တ သာဓာရဏ စေတသိက်ခုနစ်ခု အစိတ်အပေါင်း နာမက္ခန္ဓာ။လ။ မဇ္ဈိမာယုက ဖြစ်၍ အတီတဘဝင်နှင့်ဥပါဒ်ပြိုင်သောကာယဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်းပြု၍ဖြစ်သော ကာယဝိညာဏ်ဒွေး သဗ္ဗစိတ္တ

သာဓာရဏ စေတသိက် ခုနစ်ခု အစိတ်အပေါင်း နာမက္ခန္ဓာ ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု။ နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်အားတပ်သော ရှေးစိတ္တက္ခဏ တချက်ခန့် ကာလ၌ ဖြစ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ။ လ။ ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ဒွေပဉ္စဝိညာဏ် တဆယ် ကြဉ်သော နောက်နောက်သော ဝိပါက် ဗာဝီသ ကြိယာဝီသ စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

**အမှာ** အဗျာကတေနကုသလံ၌ ဟေတုအတိုင်းကောက်။ အဗျာကတေန အကုသလံ၌ အာရမ္မဏ အတိုင်း ကောက်။ ။အဗျာကတေန ကုသလာဗျာကတံ၌ ဟေတုအတိုင်း ကောက်။ အဗျာကတေန အကုသလာ ဗျာကတံ၌ ဟေတုအတိုင်း တွင် မောဟမူဒွေး၌ မောဟကို မကြဉ်ဘဲ ကောက်လေ။ ။ကုသလာဗျာကတပဒ၌ သုံးချက်လုံး ဟေတုအတိုင်း။ ။အကုသလာ ဗျာကတပဒ၌ သုံးချက်လုံး ဟေတုအတိုင်းတွင် မောဟမူဒွေး၌ မောဟကိုမကြဉ်ဘဲကောက်လေ။ ။သဟဇာတဝိဘင်္ဂဝါရပြီး၏။

အညမည ဝိဘင်္ဂဝါရ၌ အာရမ္မဏ အတိုင်း ခုနစ်ချက်။ ။နိဿယလည်း သဟဇာတအတိုင်း တဆဲ့ခုနစ်ချက်။ ဥပနိဿယ လည်း အာရမ္မဏအတိုင်း ခုနစ်ချက်။

---

## ပုရေဇာတ ဝိဘင်္ဂဝါရ

ပုရေဇာတဝိဘင်္ဂဝါရ၌ ကုသလံ။လ။ဝတ္ထုံပုရေဇာတပစ္စယာ။ ပဋိစ္စဝါရအတိုင်းကောက်။ အကုသလပဒ ကိုလည်း ပဋိစ္စဝါရ အတိုင်းကောက်။

အဗျာကတေနအဗျာကတံ၌ အဗျာကတံ။လ။ဝတ္ထုံ ပုရေဇာတ ပစ္စယော။ စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ။လ။ ကာယာယတနံ ပစ္စယာ ကာယဝိညာဏံ။ ဝတ္ထုံပစ္စယာ ဝိပါကာ ဗျာကတာ ကြိယာဗျာကတာ ခန္ဓာ ဝတ္ထုံ ပုရေဇာတ ပစ္စယော။ ။ပဝတ္တိအခါ ကဏ္ဍားကား ပဋိစ္စဝါရအတိုင်းကောက်။ ဝတ္ထုကံနေရာ၌ အာရမ္မဏအတိုင်းကောက်။ ။အဗျာကတေန ကုသလံ။အဗျာကတေန အကုသလံ ဤနှစ်ချက်ကို အာရမ္မဏအတိုင်း ဟောလေ။ ကောက်လေ။ အဆုံး၌ ဝတ္ထုံပုရေဇာတပစ္စယော ဆိုရသည်သာ ထူးသည်။ ခုနစ်ချက်လုံး အာရမ္မဏအတိုင်း။

---

## အာသေဝနဝိဘင်္ဂဝါရ

အာသေဝန ဝိဘင်္ဂဝါရ၌ ကုသလပဒ။ ။အကုသလပဒ။ ပဋိစ္စဝါရအတိုင်း။ ။အဗျာကတ၌ ပဝတ္တိအခါ ကဏ္ဍားကား ပဋိစ္စဝါရ အတိုင်း ကောက်။ ။ဝတ္ထုကံ နေရာ၌ ကဏ္ဍားကား ပဉ္စမဇော အစရှိသော ရှေးရှေးသော စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ ခုနစ်ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော ဟသိတုပ္ပါဒ်မဟာကြိယာ ဒုတိယာဒိဇော မဟဂ္ဂုတ်ကြိယာ ကိုးခု။စေ။ ပဉ္စတိံသ အစိတ် အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

အဗျာကတေနကုသလံ၌ ကဏ္ဍားကား ပဉ္စမဇောအစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္န အခါ။လ။ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော မဟာကုသိုလ် ဒုတိယာဒိဇော မဟဂ္ဂုတ်ကုသိုလ်ကိုးခု မဂ်လေးခု နာမက္ခန္ဓာပစ္စယုပ္ပန်။၏။

အဗျာကတေန အကုသလံ၌ ကဏ္ဍားကား ပဉ္စမဇော အစရှိ သောရှေးရှေးသောစိတ်နှင့်အတူဥပါဒ်သောဟဒယဝတ္ထု။မရဏာ

သန္တအခါ။လ။ ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော အကုသိုလ်ဒွါဒသ ဒုတိယာဒိဇော။စေ။ သတ္တဝီသ အစိတ် အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်။၏။

ကုသလာဗျာကတေန ကုသလံဒွိ ကတ္တားကား ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ မဟာကုသိုလ် ဒုတိယာဒိဇော မဟာကြိယာကုသိုလ် ကိုးခု မင်လေးခု။စေ။ အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတနိဿယ ပစ္စည်း။ ပဉ္စမဇော အစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု။မရဏာသန္န။ လ။ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော မဟာကုသိုလ် ဒုတိယာဒိဇော မဟာကြိယာကုသိုလ်ကိုးခု မင်လေးခု။ စေ။ အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာပစ္စယုပ္ပန်။၏။

အကုသလာဗျာကတေန အကုသလံဒွိ ကတ္တားကား ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်ဒွါဒသ ဒုတိယာဒိဇော။ စေ။ သတ္တဝီသ အစိတ်အစိတ်နာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း။ ပဉ္စမဇောအစရှိသော ရှေးရှေးသော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ။လ။ ဟဒယ ဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်းပြု၍ဖြစ်သော အကုသိုလ်ဒွါဒသ ဒုတိယာဒိဇော။ စေ။ သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာပစ္စယုပ္ပန် တရားရ၏။ ။ အာသေဝနပြီး၏။

---

## ကမ္မဝိဘင်္ဂဝါရ

ကမ္မံဒွိ ကုသလပဒဒွိသုံးချက်။ အကုသလပဒဒွိ သုံးချက်။ ပဋိစ္စဝါရအတိုင်းကောက်။ ။အဗျာကတပဒဒွိ ပဝတ္တိပဋိသန္ဓေ ရုပ်သက်သက် ပဋိစ္စဝါရအတိုင်းကောက်။ ။ဝတ္ထုကိုနေရာ၌ အာရမ္မဏအတိုင်းတွင် ကြိယာစေတနာကိုကြဉ်၍ကောက်။ ။အဗျာကတေနကုသလံဒွိ အာရမ္မဏ အတိုင်းတွင် စေတနာကိုကြဉ်၍ ကောက်။ ။အဗျာကတေနအကုသလံဒွိလည်းစေတနာကိုကြဉ်၍

ကောက်။ ။အဇ္ဈာကတေန ကုသလာဇ္ဈာကတံ။ အဇ္ဈာကတေန အကုသလာဇ္ဈာကတံ၌ စေတနာကိုကြဉ်၍ကောက်။ ။ကုသလာဗျာကတေန ကုသလံ။ ။ကုသလာဗျာကတေန အဗျာကတံ။ ။ ကုသလာဗျာကတေနကုသလာဗျာကတံ သုံးချက်။ အကုသလာဗျာကတံ၌ သုံးချက်။ စေတနာကို ကြဉ်၍ကောက်။ ။ကမ္မပြီး၏။

## ဝိပါကဝိဘင်္ဂဝါရစသည်

ဝိပါကဉ္စကော်။ ။ပဝတ္တိပဋိသန္ဓေ ရုပ်သက်သက် ပဋိစ္စဝါရ အတိုင်းကောက်။ ။ဝတ္ထုကုက်နေရာ၌ ကတ္တားကား မဇ္ဈိမာယုက ဖြစ်၍ အတီတဘဝင်နှင့်ဥပါဒ်ပြိုင်သော စက္ခုဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်းပြု၍ ဖြစ်သော စက္ခုဝိညာဏ်ဒွေး သမ္ပဋိစ္ဆသာဓော ရဏ စေတသိက်ခုနစ်ခု အစိတ်အပေါင်း နာမက္ခန္ဓာ။လ။ ကာယ ဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော ကာယဝိညာဏ် ဒွေး သမ္ပဋိစ္ဆသာဓောရဏ စေတသိက်ခုနစ်ခု အစိတ်အပေါင်း နာမက္ခန္ဓာ။ ပဋိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်အား တစ်သော ရှေး စိတ္တက္ခဏ တချက်ခန့်ကာလ၌ဖြစ်သော ဟဒယဝတ္ထု။ မရဏာ။လ။ ဟဒယ ဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ပဉ္စဝေါကာရ ဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု ဒွေပဉ္စဝိညာဏ်တဆယ် ကြဉ်သော ဝိပါက် ဗာဝီသ။စေ။ အဋ္ဌတိံသ အစိတ်အပေါင်း နာ မက္ခန္ဓာ ပစ္စယုပ္ပန်။၏။ ။ဝိပါကပြီး၏။ အာဟာရ ဣန္ဒြိယ ဝိဘင်္ဂ ဝါရသည် သဟဇာတအတိုင်းတဆဲ့ခုနစ်ချက်ထွက်၏။သဟဇာတ အတိုင်းကောက်။ ။ဈာနဝိဘင်္ဂဝါရ၌လည်း တဆဲ့ခုနစ်ချက်။ ။ ထိုတွင် အဇ္ဈာကတေနအဇ္ဈာကတံတချက်၌သာ ဒွေပဉ္စဝိညာဏ် တဆယ်ကို ကြဉ်သည်သာထူးသည်။ ။မဂ္ဂဝိဘင်္ဂဝါရ၌ ။ဟေတု ဝိဘင်္ဂဝါရ အတိုင်းတွင် မောဟမူ ဒွေး၌ မောဟကို မကြဉ်မူ၍ ကောက်ရသည်သာ ထူးသည်။ ။သမ္ပယုတ္တ ဝိဘင်္ဂဝါရလည်း အာ

ရမ္မဏနှင့်တူပြီ။ ။ဝိပ္ပယုတ္တ၌။ ။တဆဲ့ခုနစ်ချက်တွင် အဆုံး၌ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာဟုရှိသည်သာထူးသည်။ သဟဇာတ ဝိဘင်းနှင့် အတူတည်း။ ဝတ္ထုကံနေရာ၌ သဟဇာတနှင့် အတူကောက်လေ။ သည်မှတပါးကို ပဋိစ္စဝါရအတိုင်းကောက်လေ။ ။အတ္ထိ အဝိဂတ သည် သဟဇာတနှင့်တူ၏။ နတ္ထိဝိဂတသည် အာရမ္မဏနှင့် တူ၏။ ဝိဘင်္ဂဝါရပြီးပြီ။

---

## အနုလောမ သုဒ္ဓသင်္ချာဝါရ

ဝိဘင်္ဂဝါရကို ဟောတော်မူသည်၏အခြားမဲ့၌ သင်္ချာဝါရကို ဟောတော်မူ၏။ ထိုသို့တုံသော်လည်း သုဒ္ဓသင်္ချာဝါရ ဒုကာဒိ သင်္ချာဝါရအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် သုဒ္ဓသင်္ချာဝါရကို ရှေးဦးစွာဟောတော်မူ၏။ ။ထိုသို့ တုံသော်လည်း ဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ အစရှိသောအားဖြင့် နှစ်ဆဲ့သုံးပါး အပြားရှိ၏။

ထိုတွင် ဟေတုပစ္စည်း၏သုဒ္ဓသင်္ချာဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ မောဟမူဒွေး၌ မောဟကြဉ်သော သဟိတ်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နမျှဖြစ်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ နယသို့လိုက်၍လည်းကောင်း ဝါရသို့လိုက်၍ လည်းကောင်း တိက်ပုဒ်၏အရသို့ လိုက်၍လည်းကောင်း ကံကဏ္ဍား နေ့ဟန်သို့လိုက်၍လည်းကောင်း ဟေတုယာ သတ္တရသ ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ ။ဟေတုယာ၊ဟေတုပစ္စည်း၌။ သတ္တရသ၊ တဆဲ့ခုနစ်ပါးကုန်သော။ ဝိသဇ္ဇနာနိ၊ အဖြေတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ သုဒ္ဓသင်္ချာဝါရ သရုပ်ဆိုရိုးကို ပဋိစ္စဝါရ အတိုင်းဆိုလေ။

အာရမ္မဏေ သတ္တ။ အဓိပတိယာ သတ္တရသ။ အနန္တရေ သတ္တ။ သမနန္တရေ သတ္တ။ သဟဇာတေ သတ္တရသ။ အညမညေ သတ္တ။

နိဿယေ သတ္တရသ။ ဥပနိဿယေ သတ္တ။ ပုရေဇာတေ သတ္တ။ အာသေဝနေ သတ္တ။ ကမ္မေ သတ္တရသ။ ဝိပါကေ ဧကံ။ အာဟာရေ သတ္တရသ။ ဣန္ဒြိယေ သတ္တရသ။ ဈာနေ သတ္တရသ။ မဂ္ဂေ သတ္တရသ။ သမ္ပယုတ္တေ သတ္တ။ ဝိပ္ပယုတ္တေ သတ္တရသ။ အတ္ထိယာ သတ္တရသ။ နတ္ထိယာ သတ္တ။ ဝိဂတေ သတ္တ။ အဝိဂတေ သတ္တရသ။

အမှာ ဤ နှစ်ဆဲ့သုံးပစ္စည်းတို့တွင် သတ္တရသ ထွက်သည် တဆဲ့နှစ်ပစ္စည်း။ သတ္တထွက်သည် ဆယ်ပစ္စည်း။ ဧကံထွက်သည် ဝိပါကတပစ္စည်းတည်း။ ။ထို့ကြောင့် အဋ္ဌကထာ၌ တေသု ဒွါဒသ သတ္တရသကာ ဒသသတ္တကာ ဧကံ ဧကန္တိ ဟု မိန့်အပ်ပြီ။

---

## ဒုကာဒိသင်္ချာဝါရ

သုဒ္ဓသင်္ချာဝါရကို ဟောတော်မူသည်၏အခြားမဲ့၌ ဒုကာဒိကို ဟောတော်မူ၏။ ထိုဒုကာဒိ၌တုံသော်လည်း ဟေတု ဒုကာဒိ၌ အာရမ္မဏ ဒုကာဒိ အစရှိသောအားဖြင့် နှစ်ဆဲ့သုံးပါးအပြားရှိ၏။ ထိုတွင် ဟေတုဒုကာဒိကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌ တုံသော်လည်း ဒုက တိက စတုက္ကအစရှိသောအားဖြင့် နှစ်ဆဲ့နှစ်ပါး ပြား၏။ ထိုတွင် ဒုကကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌ တုံသော်လည်း ဟေတုမူ အာရမ္မဏဒုက အစရှိသောအားဖြင့် နှစ်ဆဲ့နှစ်ပါးအပြားရှိ၏။ထိုတွင် ဟေတုမူအာရမ္မဏဒုကကို ရှေးဦးစွာ ဟောတော်မူ၏။

ထိုဟေတုမူ အာရမ္မဏဒုက၌ မောဟမူဒွေး၌ မောဟ အဟိတ် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး ဤတရားတို့သည် အာရမ္မဏ ပစ္စည်း၏ ပစ္စယုပ္ပန္နမျှသာ ဖြစ်၍ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နမွေ မဖြစ်သောကြောင့် ဟေတုပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ နဟေတုပစ္စယာ အာရမ္မဏေ စတ္တာရိ။၏။ ။စတ္တာရိဟူသော်ကား အကုသလေန အကုသလံ။

အဗျာကတော နှ အဗျာကတံ။ အဗျာကတော နှ အကုသလံ။ အကုသလာ ဗျာကတော နှ အကုသလံ ဟူသည်တည်း။ ။အကုသလော နှ အကုသလံကို ပဋိစ္စဝါရအတိုင်းကောက်။ ဝိဘင်းရှုတ်။

အဗျာကတော နှ အဗျာကတံ၌ ပဝတ္တိပဋိသန္ဓေ ရုပ်သက်သက် ပဋိစ္စဝါရအတိုင်းကောက်။ ဝတ္ထုကံနေရာ၌ ကဗ္ဗားကား မဗျိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်းပြု၍ ဖြစ်သော စက္ခုဝိညာဏ်ဓွေး သမ္ပဋိစ္ဆသာဓာရဏစေတသိက်မုနှစ်ခု အစိတ်အပေါင်း နာမက္ခန္ဓာ။လ။ ကာယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ကာယဝိညာဏ်ဓွေး သမ္ပဋိစ္ဆသာဓာရဏ စေတသိက် ခုနှစ်ခု အစိတ်အပေါင်း နာမက္ခန္ဓာ ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု။မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဒွေပဉ္စဝိညာဏ်တဆယ် ကြဉ်သော အဟိတ်ဝိပါက် အဟိတ်ကြိယာ ဆန္ဒကြဉ်သော အညသမာန်းဒွါဒသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ။ထို့ကြောင့် ထိုတရားတို့၏ ဝိမိဝိဘင်းကို အဗျာကတံဓမ္မံ ပစ္စယာ လ။ နဟေတုပစ္စယာ အာရမ္မဏပစ္စယာ။အဟေတုက ဝိပါကာ ဗျာကတံ ကြိယာဗျာကတံ ဧကံခန္ဓံ ပစ္စယာ တယောခန္ဓာ။လ။ စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ။လ။ ကာယဝိညာဏံ။ဝတ္ထုံ ပစ္စယာ အဟေတုက ဝိပါကာ ဗျာကတာ ကြိယာဗျာကတာ ခန္ဓာဟု ဆိုအပ်၏။

အဗျာကတော နှ အကုသလံ၌ ကဗ္ဗားကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော။လ။ ဟဒယဝတ္ထု။ မရဏာသန္နအခါ။လ။ ဟဒယဝတ္ထုကို ပုရေဇာတ နိဿယ ပစ္စည်းပြု၍ ဖြစ်သော ဝိစိကိစ္ဆာ သဟဂုတ် ဥဒ္ဓစ္စသဟဂုတ်၌ရှိသော မောဟ ပစ္စယုပ္ပန်တရားရ၏။ ။ထို့ကြောင့် ထိုတရားတို့၏ ဝိမိဝိဘင်းကို အဗျာ

ကတံ။လံ။အကုသလော။လ။နဟေတု ပစ္စယာ အာရမ္မဏ ပစ္စယာ။ ဝဇ္ဇုံ ပစ္စယာ ဝိစိကိစ္ဆာ သဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော ဟုဟောအပ်၏။

အကုသလာ ဖျာကတေန အကုသလံ၌ ကတ္တားကား ဝိစိကိစ္ဆာ သဟဂုတ် ဥဒ္ဓစ္စသဟဂုတ်။ဧ။ စုဒ္ဒသ အစိတ် အပေါင်း နာမက္ခန္ဓာကို သဟဇာတ နိဿယပစ္စည်း။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း။လ။ ဟဒယဝတ္ထု။ မရဏာသန္န။လ။ ဟဒယဝတ္ထုကို ပုရေဇာတ နိဿယ ပစ္စည်းပြု၍ဖြစ်သော ဝိစိကိစ္ဆာ သဟဂုတ် ဥဒ္ဓစ္စသဟဂုတ်၌ရှိသော မောဟ ပစ္စယုပ္ပန် တရားရှ၏။ ။ထို့ကြောင့် ထိုတရားတို့၏ ဝိဓိဝိဘင်းကို အကုသလ၌ အဗျာကတ၌ ဓမ္မံ ပစ္စယာအကုသလော။လ။နဟေတု ပစ္စယာ အာရမ္မဏပစ္စယာ ဝိစိကိစ္ဆာ သဟဂတေ ဥဒ္ဓစ္စ သဟဂတေ ခန္ဓေစ ဝတ္ထုဉ္စ ပစ္စယာ ဝိစိကိစ္ဆာ သဟဂတော ဥဒ္ဓစ္စသဟဂတော မောဟောဟု ဟောအပ်၏။ ။သဟိတ် စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ဤတရားတို့သည် အာရမ္မဏ ပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် အနုလောမပစ္စနိက်၌ ဟေတု ပစ္စယာ နာရမ္မဏေပဉ္စ။၏။ ။ပဉ္စဟူသော်ကား ပဋိစ္စဝါရ အတိုင်းဆို။ ။အဟိတ်စိတ္တဇရုပ် အဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိ ကမ္မဇရုပ်။ပစ္စနိက်၌။ကေံ။၏။ ။ပဋိစ္စဝါရ အတိုင်းကောက်။ ဝိဘင်းရှတ်။ ။မောဟမှုဒွေး၌ မောဟကြဉ်သော သဟိတ် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် ဟေတု အာရမ္မဏ ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နမဟု ဖြစ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ ဟေတုပစ္စယာ အာရမ္မဏေ သတ္တ။၏။ ။ကောက်မြဲ။ ။အာရမ္မဏ ဝိဘင်းနှင့် တူ၏။

ဟေတုမှ အဓိပတိ ဒုက၌ ဟေတုတွန်းမရှိ။ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိ တရားကိုယ်။မရသောအခါ မောဟမှုဒွေး၌ မောဟကြဉ်သော အကုသိုလ် ဒွါဒသ မဟာကုသိုလ် မဟာကြိယာ

သဟိတ် လောကီဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ နိရာဓိပတိ သဟိတ်စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် အဓိပတိတွန်း။ ဟောတု ပစ္စယာ နာဓိပတိယာ သတ္တရသ။၏။ ။ကုသလပဒ္ဒ သုံးချက်။ အကုသလပဒ္ဒ သုံးချက်။

အဗျာကတပဒ္ဒ ပဝတ္တိ ပဋိသန္ဓေ ရုပ်သက်သက် ၍အလုံးစုံသည် ပဋိစ္စဝါရနှင့် တူပြီ။ ။ဝတ္ထုကံနေရာ၌ ကတ္တားကား ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်ပြိုင်သော ဟဒယဝတ္ထု။ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်အား တပ်သော ရှေးစိတ္တက္ခဏ တချက်ခန့်ကာလ၌ ဖြစ်သောဟဒယဝတ္ထု။မရဏာသန္န။လ။ဟဒယဝတ္ထုကို ပုရေဇာတ နိဿယ ပစ္စည်းပြု၍ဖြစ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိ ပစ္စည်းကိုရသောအခါ မဟာကြိယာရှစ်ခု ဧကန်ရသော မဟဂ္ဂုတ်ကြိယာကိုးခု ဖိုလ်လေးခု၌ရှိသော အဓိပတိ တရားကိုယ် မရသောအခါ မဟာကြိယာရှစ်ခု အရူပ ဝိပါက်လေးခု ကြဉ်သော သဟိတ် လောကီဝိပါက် သတ္တရသ။ဧ။ ပဉ္စတိံသ အစိတ် အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ။ဝိဘင်း ဟောတုအတိုင်း။

အဗျာကတေန ကုသလံ၌ ကတ္တားကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း။လ။ ဟဒယဝတ္ထု။မရဏာသန္န။လ။ ဟဒယဝတ္ထုကို ပုရေဇာတ နိဿယ ပစ္စည်းပြု၍ ဖြစ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိ ပစ္စည်းကိုရသောအခါ မဟာကုသိုလ်ရှစ်ခု ဧကန်ရသော မဟဂ္ဂုတ်ကုသိုလ်ကိုးခု မဂ်လေးခု၌ရှိသော အဓိပတိတရားကိုယ်။ မရသောအခါ မဟာကုသိုလ်ရှစ်ခု။ဧ။ အဋ္ဌတိံသ အစိတ် အပေါင်း နာမက္ခန္ဓာ။ ပစ္စယုပ္ပန်။၏။

အဗျာကတေန အကုသလံ၌ ကတ္တားကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း။လ။ ဟဒယဝတ္ထု။ မရဏာသန္န။လ။ ဟဒယဝတ္ထုကို ပုရေဇာတ နိဿယ ပစ္စည်းပြု၍ဖြစ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိ ပစ္စည်းကို ရသောအခါ လောဘမူရှစ်ခုဒေါသမူဒွေး ဝိစိကိစ္ဆာ

ကြည်သော။စေ။ဆန္ဒသင့် ရှိသော အဓိပတိ တရားကိုယ်။ မရသော အခါ အကုသိုလ်ဒွါဒသ မောဟမူဒွေးနှင့် မောဟကြည်သော။စေ။ သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်။၏။ ,ဝိဘင်းကို ဟောတု ဝိဘင်းအတိုင်းဟော။

အဗျာကတေန ကုသလာဗျာကတာနှင့် ကတ္တားကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း။လ။ ဟဒယဝတ္ထု။မရဏာသန္န။လ။ဟဒယဝတ္ထု ကို ပုရေဇာတ နိဿယ ပစ္စည်းပြု၍ ဖြစ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို မရသောအခါ မဟာကုသိုလ်ရှစ်ခု။စေ။ အဋ္ဌ တိံသ အစိတ်အပေါင်း နာမက္ခန္ဓာ။ ထိုနာမက္ခန္ဓာ ပြုအပ်သော မဟာဘုတ်ကို သဟဇာတနိဿယပစ္စည်းပြု၍ ဖြစ်သောနိရာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား၏။

**အမှာ** အကုသိုလ်လည်းဖြစ် အဗျာကတလည်းဖြစ် နှစ်ပါး စုံဖြစ်သောကြောင့် အဓိပတိ တရားကိုယ်ကို မကောက်ရသည်။ ကောက်သော် ရုပ်သည် သာဓိပတိစိတ္တဇရုပ် ဖြစ်ရာ၏။ ထို့ကြောင့် မကောက်ရသည်။

အဗျာကတေန အကုသလာ ဗျာကတာနှင့် ကတ္တားကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း။လ။ ဟဒယဝတ္ထု။ မရဏာသန္န အခါ။လ။ ဟဒယဝတ္ထုကို ပုရေဇာတ နိဿယ ပစ္စည်းပြု၍ ဖြစ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို မရသောအခါ အကုသိုလ် ဒွါဒသ မောဟမူဒွေးနှင့် မောဟကြည်သော စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာ။ ထိုနာမက္ခန္ဓာပြုအပ်သော မဟာဘုတ်ကို သဟဇာတ နိဿယ ပစ္စည်းပြု၍ ဖြစ်သော နိရာဓိပတိ စိတ္တဇရုပ်ပစ္စယုပ္ပန်။၏။ ဝိဘင်းကောက်ပြီ။ မောဟမူဒွေးနှင့် မောဟ အဟိတ် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး အဟိတ် စိတ္တဇ ရုပ် အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။လ။ ပဝတ္တိကမ္မဇရုပ်။ ပစ္စနိက်၌ နဟေတု ပစ္စယာ နာဓိပတိယာ စတ္တာရိ။၏။ ။အာရမ္မဏာတွန်း သည်အတိုင်း ကောက်လေ။ အဓိပတိ တရားကိုယ်ကြည်သော

သာဓိပတိဓော ငါးဆဲ့နှစ်ခု နာမက္ခန္ဓာ သာဓိပတိ စိတ္တဇရုပ်။ ဤအနုလုံ၌ ဟေတု ပစ္စယာ အဓိပတိယာ သတ္တရသဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ (အဓိပတိအတိုင်း)

အမှာ ပဋိစ္စဝါရနှင့် ဤပစ္စယဝါရ၌ ပစ္စည်းတွန်း တရားကိုယ် အထူးမရှိ အတူတူပင်။ ။သင်္ချာနာမက္ခန္ဓာ ရလျှင်ထူးသည် ရုပ်၌ အထူးမရှိ။ ဤနည်းကိုမှီ၍ ပဋိစ္စဝါရအတိုင်း အဝိဂတတိုင်အောင်တွန်းလေ။ ။တွန်းပြီးလျှင် တွန်းသည် အတိုင်း သင်္ချာကို ဤသို့ရွတ်။

နဟေတုပစ္စယာ အာရမ္မဏေ စတ္တာရိ။ အနန္တရေ စတ္တာရိ။ သမနန္တရေ စတ္တာရိ။ သဟဇာတေ စတ္တာရိ။ အညမညေ စတ္တာရိ။ နိဿယေ စတ္တာရိ။ ဥပနိဿယေ စတ္တာရိ။ ပုရေဇာတေ စတ္တာရိ။ အာသေဝနေ စတ္တာရိ။ ကမ္မေ စတ္တာရိ။ ဝိပါကေ ဧကံ။ အာဟာရေ စတ္တာရိ။ ဣန္ဒြိယေ စတ္တာရိ။ ဈာနေ စတ္တာရိ။ မဂ္ဂေ တီဏိ။ သမ္ပယုတ္တေ စတ္တာရိ။ ဝိပ္ပယုတ္တေ စတ္တာရိ။ အတ္ထိယာ စတ္တာရိ။ နတ္ထိယာ စတ္တာရိ။ ဝိဂတေ စတ္တာရိ။ အဝိဂတေ စတ္တာရိ။

ဟေတုပစ္စယာ နအာရမ္မဏေ ပဉ္စ။ နအဓိပတိယာ သတ္တရသ။ နအနန္တရေ ပဉ္စ။ နသမနန္တရေ ပဉ္စ။ နအညမညေ ပဉ္စ။ နဥပနိဿယေ ပဉ္စ။ နပုရေဇာတေ သတ္တ။ နပစ္ဆာဇာတေ သတ္တရသ။ နအာသေဝနေ သတ္တရသ။ နကမ္မေသတ္တ။ နဝိပါကေ သတ္တရသ။ နသမ္ပယုတ္တေပဉ္စ။ နဝိပ္ပယုတ္တေ တီဏိ။ နောနတ္ထိယာ ပဉ္စ။ နောဝိဂတေ ပဉ္စ။

နကမ္မေသတ္တဟူသော်ကား ကုသလေန ကုသလံ။ အကုသလေန ကုသလံ။ အကုသလေန အကုသလံ။ အဗျာကတေန အဗျာကတံ။ အဗျာကတေန ကုသလံ။ အဗျာကတေန အကုသလံ။ ကုသလာ ဗျာကတေန ကုသလံ။ အကုသလာ ဗျာကတေန အကုသလံ ဟူသည်တည်း။ ။ကုသလပဒ အကုသလပဒ အဗျာကတပဒ ပဝတ္တိ ပဋိစ္စဝါရအတိုင်း ကောက်လေ။ ။ဝတ္ထုကံ နေရာ၌ ကတ္တားကား ဝတ္ထော မနော ဒွါရာဝဇ္ဇန်း အစရှိသော

ရှေးရှေးသော စိတ်နှင့် အံတူဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္န။လ။ ဟဒယဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်းပြု၍ဖြစ်သော သဟိတ်ကြိယာ သတ္တရသဇ္ဇ ရှိသော စေတနာ ပစ္စယုပ္ပန်။၏။ ။ ကြိယာဗျာကတေ ခန္ဓေ ပစ္စယာ ကြိယာစေတနာဟု ဟောအပ်၏။

အဗျာကတေနကုသလံ့ ကတ္တားကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း။လ။ ဟဒယဝတ္ထု။ မရဏာသန္န။လ။ ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ ကုသိုလ် ကေဝိသဉ္ဇရှိသော စေတနာ ပစ္စယုပ္ပန်။၏။ ။ ဝိဘင်းကို ဝတ္ထုံပစ္စယာ ကုသလာစေတနာဟု ဟောအပ်၏။ အဗျာကတေန အကုသလံ့လည်း ကောက်မြဲ။ အကုသိုလ်စေတနာကို ကောက်။ ဝိဘင်းကို ဝတ္ထုံပစ္စယာ အကုသလာစေတနာဟု ဟောအပ်၏။

ကုသလံဗျာကတေနကုသလံ့ ကုသလော ကတ္တားကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်ကေဝိသ စေတနာ ကြဉ်သော။ စေ။သတ္တတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ သဟဇာတနိဿယပစ္စည်း။ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း။လ။ဟဒယဝတ္ထု။ မရဏာသန္န။လ။ ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ ဖြစ်သော စေတနာ ပစ္စယုပ္ပန်။၏။ ။ဝိဘင်းကို ကုသလေခန္ဓေစ ဝတ္ထုဉ္စ ပစ္စယာ ကုသလာစေတနာဟု။၏။ ။အကုသလာဗျာကတေန အကုသလံ့ နည်းတူ ကောက်။

နဟေတုပစ္စယာ နာရမ္မဏေ ဧကံ။ နာဓိပတိယာ စတ္တာရိ။ နာနန္တရေ ဧကံ။ နသမနန္တရေ ဧကံ။ နအညမညေ ဧကံ။ နဥပနိဿယေ ဧကံ။နပုရေဇာတေ ဒွေ။နပစ္ဆာဇာတေစတ္တာရိ။နာသေဝနေ စတ္တာရိ။ နကမ္မေဧကံ။ နဝိပါကေ စတ္တာရိ။ နအာဟာရေ ဧကံ။ နဣန္ဒြိယေ ဧကံ။ နဈာနေ ဧကံ။ နမဂ္ဂေ ဧကံ။ နသမ္ပယုတ္တေ ဧကံ။ နဝိပ္ပယုတ္တေ ဒွေ။ နောနတ္ထိယာ ဧကံ။ နောဝိဂတေ ဧကံ။

ဟေတုပစ္စယာ အာရမ္မဏေ သတ္တ။ အဓိပတိယာ သတ္တရသ။ အနန္တရေ သတ္တ။ သမနန္တရေ သတ္တ။ သဟဇာတေ သတ္တရသ။

အညမညေ သတ္တ။ နိဿယေ သတ္တရသ။ ဥပနိဿယေ သတ္တ။ ပုရေဇာတေ သတ္တ။ အာသေဝနေ သတ္တ။ ကမ္မေ သတ္တရသ။ ဝိပါကေ ဧကံ။ အာဟာရေ သတ္တရသ။ ဣန္ဒြိယေ သတ္တရသ။ ဈာနေ သတ္တရသ။ မဂ္ဂေ သတ္တရသ။ သမ္ပယုတ္တေ သတ္တ။ ဝိပ္ပယုတ္တေ သတ္တရသ။ အတ္ထိယာ သတ္တရသ။ နတ္ထိယာ သတ္တ။ ဝိဂတေ သတ္တ။ အဝိဂတေသတ္တရသ။

တွန်းပြီးလျှင် ဤသို့ဝိဘင်း သင်္ချာရွတ်လေ။ ။ပစ္စည်းတွန်းမှာ ပဋိစ္စဝါရနှင့်အထူးမရှိပြီ။ နာမက္ခန္ဓာ ရရာ၌ သင်္ချာဝိဘင်းထွက်ထူးသည်ကိုသာ ဆိုပေအံ့။ ။ဟေတုအာရမ္မဏပစ္စယာ အဓိပတိယာ သတ္တ အရကား အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇောငါးဆဲ့နှစ်ခု နာမက္ခန္ဓာ။ ။ဟေတုအာရမ္မဏပစ္စယာ အနန္တရေ သတ္တ သမနန္တရေသတ္တ။ သဟဇာတေ သတ္တ။အညမညေ သတ္တ။ နိဿယေ သတ္တ။ဥပနိဿယေ သတ္တ။ အရကား မောဟမူဒွေး၌ မောဟကြဉ်သောသဟိတ်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ပုရေဇာတေသတ္တ။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ မောဟမူဒွေး၌ မောဟ။ အရူပဝိပါက်လေးခု သဟိတ်ပဝတ္တိ နာမက္ခန္ဓာလေးပါး။

အာသေဝနေ သတ္တ၏ အရကား မောဟမူဒွေး၌ မောဟကြဉ်သော အကုသိုလ်ဒွါဒသ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော။ မဟဂ္ဂုတ် ကုသိုလ် မဟဂ္ဂုတ် ကြိယာ မဂ်လေးခု နာမက္ခန္ဓာ။ ။ကမ္မေ သတ္တအရကား မောဟမူဒွေး၌ မောဟကုသိုလ် အကုသိုလ်ကြိယာ စေတနာကြဉ်သော သဟိတ်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဝိပါကေ ဧကံ။အရကား သဟိတ်ဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အာဟာရေ သတ္တ။ ဣန္ဒြိယေ သတ္တ။ ဈာနေ သတ္တ။ မဂ္ဂေ သတ္တ။ သမ္ပယုတ္တေ သတ္တ။ အရကား မောဟမူဒွေး၌ မောဟကြဉ်သော သဟိတ်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ဝိပ္ပယုတ္တေသတ္တရသ။ အရကားမောဟမူဒွေး၌ မောဟ အရူပဝိပါက်လေးခု ကြဉ်သော ပဉ္စဝေါကာရ

ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ။အတ္ထိယာ သတ္တ။ နတ္ထိယာ သတ္တ။ ဝိဂတေ သတ္တ။ အဝိဂတေ သတ္တ အရကား မောဟမူဒွေးနှင့် မောဟကြဉ်သော သဟိတ်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ။အရမှာ ပဋိစ္စဝါရနှင့်မထူးပြီ။ ။သင်္ချာသာထူးသည်။

ဟေတုအာရမ္မဏ အဓိပတိပစ္စယာ အနန္တရေ သတ္တ။ သမနန္တရေ သတ္တ၊ သဟဇာတေ သတ္တ။ အညမညေ သတ္တ။ နိဿယေ သတ္တ။ ဥပနိဿယေ သတ္တ။ အရကား အဓိပတိ တရားကိုယ်ကြဉ်သော သာဓိပတိဇောငါးဆဲ့နှစ်ခု နာမက္ခန္ဓာ။ ။ပုရေဇာတေ သတ္တ။ အရကား ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ငါးဆဲ့နှစ်ခု နာမက္ခန္ဓာ။ ။အာသေဝနေ သတ္တ။ အရကား အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော။ ကျန်ရသော မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ မဂ်လေးခု နာမက္ခန္ဓာ။ ။ကမ္မေ သတ္တ။ အရကား အဓိပတိတရားကိုယ်။ကုသိုလ် အကုသိုလ်ကြိယာ စေတနာ ကြဉ်သော သာဓိပတိဇော ငါးဆဲ့နှစ်ခု နာမက္ခန္ဓာ။

ဝိပါကေ ဧကံ။ အရကား အဓိပတိတရားကိုယ်ကြဉ်သော ဖိုလ်လေးခု နာမက္ခန္ဓာ။ ။အာဟာရေ သတ္တ။ ဣန္ဒြိယေ သတ္တ။ ဈာနေ သတ္တ။ မဂ္ဂေ သတ္တ။ သမ္ပယုတ္တေ သတ္တ။ အရကား အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ငါးဆဲ့နှစ်ခု နာမက္ခန္ဓာ။ ။ဝိပ္ပယုတ္တေ သတ္တ။ အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါအဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇောငါးဆဲ့နှစ်ခုနာမက္ခန္ဓာ။ အတ္ထိယာ သတ္တ။ နတ္ထိယာ သတ္တ။ ဝိဂတေ သတ္တ။ အဝိဂတေ သတ္တ။ အရကား အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ငါးဆဲ့နှစ်ခု နာမက္ခန္ဓာ။ ။ဟေတု အာရမ္မဏ အဓိပတိ အနန္တရ သမနန္တရ သဟဇာတ အညမညနိဿယ ဥပနိဿယ တိုင်အောင် တည်လည်း မထူးပြီ။ ။ဟေတု။လ။ဥပနိဿယ ပုရေဇာတပစ္စယာ

အာသေဝနေ တိကံ။ အရကား ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါအဓိပတိတရားကိုယ်ကြဉ်သော လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ မဂ်လေးခု နာမက္ခန္ဓာ။ ။ကမ္မေ တိကံ၊ အရကား ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်၊ ကုသိုလ် အကုသိုလ် ကြိယာ စေတနာကြဉ်သော သာဓိပတိဇောငါးဆဲ့နှစ်ခု နာမက္ခန္ဓာ။ ။ဝိပါကေ ကောံ။ အရကား ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အဓိပတိတရားကိုယ်ကြဉ်သော ဖိုလ်လေးခု နာမက္ခန္ဓာ။ အာဟာရေ သတ္တ။ ဣန္ဒြိယေ သတ္တ။ ဈာနေ သတ္တ။ မဂ္ဂေ သတ္တ။ သမ္ပယုတ္တေ သတ္တ။ ဝိပ္ပယုတ္တေ သတ္တ။ အတ္ထိယာ သတ္တ။ နတ္ထိယာ သတ္တ။ ဝိဂတေ သတ္တ။ အဝိဂတေ သတ္တ။ အရကား ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇောငါးဆဲ့နှစ်ခု နာမက္ခန္ဓာ။

ဟေတု။လ။ ပုရေဇာတ အာသေဝနပစ္စယာကမ္မေ သတ္တ။ အရကား ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်။ စေတနာကြဉ်သော လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော။ မဟဂ္ဂုတ် ကုသိုလ် မဟဂ္ဂုတ် ကြိယာ မဂ်လေးခု နာမက္ခန္ဓာ။ ။ဟေတု။လ။ပုရေဇာတ အာသေဝန ပစ္စယာ အာဟာရေ သတ္တ။ လ။ အဝိဂတေ သတ္တ။ အရကား ပဉ္စဝေါကာရဘုံ၌ အဓိပတိ ပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော။ မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ မဂ်လေးခု နာမက္ခန္ဓာ။ ။ဟေတု။လ။ ပုရေဇာတ အာသေဝန ကမ္မပစ္စယာ အာဟာရေ သတ္တ။လ။ အဝိဂတေ သတ္တ။ အရကား ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်။ စေတနာကြဉ်သော လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော။ မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ မဂ်လေးခု နာမက္ခန္ဓာ။ ။ဟေတု။လ။

နတ္ထိ ဝိဂတ ပစ္စယာ အဝိဂတေ သတ္တ။ ။အရတ္ထုပြီး ။ဟေတု။လ။ ပုရေဇာတ ကမ္မ ဝိပါက ပစ္စယာ အာဟာရေ ကော်။အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အမိပတိတရားကိုယ် ကြဉ်သော ဖိုလ်လေးခု နာမက္ခန္ဓာ။ကော်။ ။ဟေတု။လ။ ဝိပါက အာဟာရ ဈာန္ဒြိယ။လ။ ဝိဂတပစ္စယာ အဝိဂတေ ကော်။ ။ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အမိပတိ တရားကိုယ် ကြဉ်သော ဖိုလ်လေးခု နာမက္ခန္ဓာ။ ။ဟေတုမူ ပြီးပြီ။

အာရမ္မဏ အမိပတိစသော မူတို့၌လည်း ပဋိစ္စဝါရအတိုင်း တွန်း၍ ဝိဘင်္ဂဝါရ အတိုင်းမှီ၍ အကောက် ဝိဘင်းကိုထုတ်၍ ဟောလေ။ ပစ္စည်းအနုလုံ ပြီးပြီ။

---

## ပစ္စနီကနဟေတုဝိဘင်္ဂဝါရ

ပစ္စည်းအနုလုံကို ဟောတော်မူသည်၏ အခြားမဲ့၌ ပစ္စည်း ပစ္စနီက်ကို ဟောတော်မူ၏။ ထို၌တုံသော်လည်း ဝိဘင်္ဂဝါရ သင်္ချာဝါရအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ဝိဘင်္ဂဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌ တုံသော်လည်း နဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရ အစရှိသောအားဖြင့် နှစ်ဆယ်အပြားရှိ၏။ ထိုတွင် နဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ထို၌ တုံသော်လည်း အကုသလပဒ။ အဗျာကတပဒ။ အကုသလာ ဗျာကတပဒ အားဖြင့် သုံးပါးအပြားရှိ၏။ထိုတွင် အကုသလပဒကို ရှေးဦးစွာ ဟောတော်မူ၏။

ဟောဟန်ကား အကုသလံဓမ္မံ ပစ္စယာ။လ။ ဝိစိကိစ္ဆာ သဟဂတေ ဥဒ္ဓစ္စသဟဂတေ ခန္ဓေ ပစ္စယာ ဝိစိကိစ္ဆာ သဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော ဟူသည်တည်း။ ။ပဋိစ္စဝါရ အတိုင်း ကောက်။ ။အဗျာကတေန အဗျာကတံ၌ ပဝတ္တိပဋိသန္ဓေ ရုပ် သက်သက်ကို ပဋိစ္စဝါရအတိုင်းကောက်လေ။

ဝတ္ထုံကံနေရာ၌ စက္ခာယတနံပစ္စယာ စက္ခုဝိညာဏံ။လ။ဝတ္ထုံ ပစ္စယာ အဟေတုကဝိပါကာ ဗျာကတာ ကြိယာဗျာကတာ ခန္ဓာ။

ဝတ္ထုကံနေရာ၌ ကတ္တားကား မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော စက္ခုဝိညာဏ်ဒွေး။ သဗ္ဗစိတ္တသာဓာရဏ စေတသိက်ခုနစ်ခု အစိတ်အပေါင်း နာမက္ခန္ဓာ။လ။ ကာယဝိညာဏ်ဒွေး။ သဗ္ဗစိတ္တသာဓာရဏ စေတသိက်ခုနစ်ခု အစိတ်အပေါင်း နာမက္ခန္ဓာ။ ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။မရဏာသန္န။လ။ ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဒွေပဉ္စဝိညာဏ် တဆယ် ကြဉ်သော ပဌမဘဝင် အစရှိသော အဟိတ်ဝိပါက် အဟိတ်ကြိယာ ဆန္ဒကြဉ်သော အညသမာန်း ဒွါဒသ အစိတ်အပေါင်း နာမက္ခန္ဓာပစ္စယုပ္ပန်။၏။

အဗျာကတေန အကုသလံ၌ ဝတ္ထုံပစ္စယာ ဝိစိကိစ္ဆာ သဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော။ ။ကတ္တားကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့် အတူ ဥပါဒ်ပြိုင်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ။လ။ ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ်၌ရှိသော မောဟပစ္စယုပ္ပန်။၏။

အကုသလာ ဗျာကတေန အကုသလံ၌ ကတ္တားကား ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ်။စေ။စုဒ္ဒသ အစိတ်အပေါင်း နာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း။ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း။လ။ဟဒယဝတ္ထု။မရဏာသန္နအခါ။လ။ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ်၌ရှိသော မောဟ ပစ္စယုပ္ပန်။၏။ ။နဟေတု ဝိဘင်္ဂဝါရပြီး၏။ ။ နာရမ္မဏာဝိဘင်္ဂဝါရ၌ ငါးချက်လုံး ပဋိစ္စဝါရနှင့်တူပြီ။

---

## နာဓိပတိဝိဘင်္ဂဝါရ

နာဓိပတိဝိဘင်္ဂဝါရ၌။ ။ကုသလပဒ၌ သုံးချက်။ အကုသလပဒ၌သုံးချက်။ အဗျာကတပဒ၌ ပဝတ္တိရုပ်သက်သက်သည် ပဋိစ္စ

ဝါရနှင့် တူပြီ။ ။ဝတ္ထုကံနေရာ၌ စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ။လ။ ဝတ္ထုံပစ္စယာ ဝိပါကာဗျာကတာ ကြိယာဗျာကတာ ခန္ဓာ။ ကတ္တားကား မဏ္ဍမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ ဖြစ်သော စက္ခုဝိညာဏ်ဒွေး သဗ္ဗစိတ္တသာဓာရဏ စေတသိက်ခုနှစ်ခု အစိတ်အပေါင်း နာမက္ခန္ဓာ။လ။ကာယဝိညာဏ်ဒွေး။သဗ္ဗ။ခုနှစ်ခု။အစိတ်အပေါင်း နာမက္ခန္ဓာ။ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္န။လ။ ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ မဟာကြိယာရှစ်ခု ကေန်ရသော မဟဂ္ဂုတ်ကြိယာကိုးခု ဗိုလ်လေးခု၌ရှိသော အဓိပတိတရားကိုယ်။ မရသောအခါ အရူပဝိပါက်လေးခု။ ဒွေပဉ္စဝိညာဏ်တဆယ် ကြဉ်သော လောကီဝိပါက် အဋ္ဌာရသ ကာမကြိယာ တေရသ စေတသိက် ပဉ္စတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

အဗျာကတေနကုသလံ၌ ကတ္တားကား ဝုဍ္ဎော မနောဒွါရာဝဇ္ဇန်း။လ။ ဟဒယဝတ္ထု။မရဏာသန္န။လ။ ဟဒယဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်း ပြု၍ဖြစ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ မဟာကုသိုလ်ရှစ်ခု ကေန်ရသောမဟဂ္ဂုတ်ကုသိုလ်ကိုးခု မဂ်လေးခု၌ရှိသော အဓိပတိတရားကိုယ်။ မရသောအခါ မဟာကုသိုလ်ရှစ်ခု စေတသိက်အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

အဗျာကတေနအကုသလံ၌ ကတ္တားကား ဝုဍ္ဎော မနောဒွါရာဝဇ္ဇန်း။လ။ ဟဒယဝတ္ထု။ မရဏာသန္န။လ။ ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ လောဘမူရှစ်ခု ဒေါသမူဒွေး ဝိစိကိစ္ဆာကြဉ်သော။စေ။ ဆဗ္ဗီသ၌ရှိသော အဓိပတိတရားကိုယ်။ မရသော

အခါ အကုသိုလ်ဒွါဒသ စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

အဗျာကတေန ကုသလာဗျာကတံ့ဌ ကတ္တားကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း။လ။ ဟဒယဝတ္ထု။ မရဏာသန္န။လ။ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ပဥ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို မရသောအခါ မဟာကုသိုလ်ရှစ်ခု။စေ။ အဋ္ဌတိံသ အစိတ်အပေါင်းနာမက္ခန္ဓာ။ ထိုနာမက္ခန္ဓာ ပြုအပ်သော မဟာဘုတ်ကို သဟဇာတနိဿယပစ္စည်းပြု၍ဖြစ်သော နိရာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ (အဓိပတိတရားကိုယ်ကို ဤအရာ၌ မကောက်ရ။ ကောက်သော် သာဓိပတိစိတ္တဇရုပ်ဖြစ်ရာ၏။ ထို့ကြောင့် မကောက်ရသည်)။

အဗျာကတေန အကုသလာ ဗျာကတံ့ဌ ကတ္တားကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း။လ။ ဟဒယဝတ္ထု။မရဏာသန္န။လ။ဟဒယဝတ္ထုကို ပုရေဇာတ နိဿယ ပစ္စည်းပြု၍ဖြစ်သော ပဥ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုမရသောအခါ အကုသိုလ်ဒွါဒသ။စေ။သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာ။ထိုနာမက္ခန္ဓာပြုအပ်သော မဟာဘုတ်ကို သဟဇာတနိဿယပစ္စည်းပြု၍ဖြစ်သော နိရာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်။၏။

ကုသလာဗျာကတေနကုသလံ၌ ကတ္တားကား ပဥ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ မဟာကုသိုလ်ရှစ်ခု ကောက်ရသော မဟဂ္ဂုတ်ကုသိုလ်ကိုးခု မဂ်လေးခု။စေ။အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း။ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း။လ။ ဝတ္ထု။မရဏာသန္နအခါ စုတိစိတ်မှ။လ။ ဟဒယဝတ္ထုကို ပုရေဇာတ။လ။အဓိပတိတရားကိုယ်။မရသောအခါ မဟာကုသိုလ်ရှစ်ခု။စေ။အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း။ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း။လ။ဟဒယဝတ္ထု။ မရဏာသန္န။လ။ ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော မဟာကုသိုလ်ရှစ်ခု။စေ။အဋ္ဌတိံသ အစိတ်အစိတ် နာ

မက္ခန္ဓာ။ ပစ္စယုပ္ပန်။ ၏။ ။ကုသလာဗျာကတေန အကုသလာဗျာကတံ့ အဗျာကတော ကဋ္ဌားကား ပဋိစ္စဝါရ အတိုင်း ကောက်။

ကုသလောစ အဗျာကတောစ ကဋ္ဌားကား ပဉ္စဝေါကာရ ဘုံ၌ အဓိပတိပစ္စည်းကို မရသောအခါ မဟာကုသိုလ် ရှစ်ခု။ စေ။ အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတ နိဿယပစ္စည်း။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း။ လ။ ဟဒယဝတ္ထု။ မရဏာသန္န။ လ။ ဟဒယဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်း ပြ၍ဖြစ်သော မဟာကုသိုလ်ရှစ်ခု။ စေ။ အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ။ ထိုနာမက္ခန္ဓာ ပြုအပ်သော မဟာဘုတ်ကို သဟဇာတ နိဿယပစ္စည်းပြ၍ဖြစ်သော နိရာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်။ ၏။

အကုသလာဗျာကတေန အကုသလံ့ ကဋ္ဌားကား ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ လောဘမူရှစ်ခုဒေါသမူ ဒွေး ဝိစိကိစ္ဆာကြဉ်သော စေတသိက်ဆဗ္ဗီသ အစိတ်အပေါင်း နာ မက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော။ လ။ ဝတ္ထု။ မရဏာသန္န။ လ။ ဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်းပြ၍ဖြစ်သော အဓိပတိတရားကိုယ်။ အဓိပတိပစ္စည်း ကို မရသောအခါ အကုသိုလ်ဒွါဒသ။ စေ။ သတ္တဝီသ။ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း။ ဝုဋ္ဌော မနောဒွါရာ ဝဇ္ဇန်း။ လ။ ဟဒယဝတ္ထု။ မရဏာသန္န အခါ။ လ။ ဟဒယဝတ္ထုကို ပုရေဇာတ နိဿယ ပစ္စည်းပြ၍ ဖြစ်သော အကုသိုလ်ဒွါဒသ။ စေ။ သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ။ ပစ္စယုပ္ပန်။ ၏။ ။အကုသလာဗျာကတေန အဗျာကတံ့ ပဋိစ္စဝါရ အတိုင်း စိတ္တဇရုပ်ကို ကောက်။

အကုသလာဗျာကတေန အကုသလာဗျာကတံ့ ကဋ္ဌားကား ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို မရသောအခါ အကုသိုလ် ဒွါဒသ။ စေ။ သတ္တဝီသ။ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတ

နိဿယပစ္စည်း။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း။လ။ဟဒယဝတ္ထု။မရဏာသန္န။လ။ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ ဖြစ်သော အကုသိုလ်ဒွါဒသ။စေ။ သတ္တဝီသ။ အစိတ်အစိတ် နာမက္ခန္ဓာ။ ထို နာမက္ခန္ဓာပြုအပ်သော မဟာဘုတ်ကို သဟဇာတနိဿယပစ္စည်း ပြု၍ဖြစ်သောနှိရာမိယတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။နာမိပတိ ပြီး၏။

---

## နာသေဝနဝိဘင်္ဂဝါရ

နာနန္တရ နသမနန္တရ နအညမည နဥပနိဿယ ဝိဘင်္ဂဝါရ သည် ငါးချက်။ ပဋိစ္စဝါရနှင့် တူပြီ။ ။နပုရေဇာတ ဝိဘင်္ဂဝါရ လည်း ခုနစ်ချက်။ ပဋိစ္စဝါရနှင့် တူပြီ။ ။နာသေဝနဝိဘင်္ဂဝါရ၌ ကုသလပဒ၌ သုံးချက်။ အကုသလပဒ၌သုံးချက်။ ။အဗျာကတ ပဒ၌ သုံးချက်။ ပဝတ္တိပဋိသန္ဓေ ရုပ်သက်သက် ၌အလုံးစုံသည် ပဋိစ္စဝါရနှင့်တူပြီ။ ။ဝတ္ထုကံနေရာ၌ စက္ခာယတနပစ္စယာ စက္ခု ဝိညာဏံ ။လ။ ဝတ္ထုံပစ္စယာ ဝိပါကာဗျာကတာ ကြိယာဗျာ ကတာ ခန္ဓာ။ ။ကဏ္ဍ္ဍားကား မဗ္ဗိမာယုကဖြစ်၍ အတိတဘဝင် နှင့်အတူဥပါဒ်ပြိုင်သော စက္ခုဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်း ပြု၍ဖြစ်သောစက္ခုဝိညာဏ်ဒွေး သမ္ပဋိစ္ဆ သာဓာရဏ စေတသိက် ခုနစ်ခု အစိတ်အပေါင်း နာမက္ခန္ဓာ။လ။ ကာယဝိညာဏ်ဒွေး သမ္ပဋိစ္ဆ သာဓာရဏ စေတသိက် ခုနစ်ခု အစိတ်အပေါင်း နာ မက္ခန္ဓာ။ ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ် သော ဟဒယဝတ္ထု။ မရဏာသန္န။လ။ ဟဒယဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်းပြု၍ ဖြစ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဟသိတုပ္ပါဒ် မဟာကြိယာ ပဉ္စမဇောအာဝဇ္ဇန်းဒွေးအရူပဝိပါက် လေးခု ဒွေပဉ္စဝိညာဏ် တဆယ် ကြဉ်သော ဝိပါက် ဗာဝီသ။စေ။ အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာပစ္စယုပ္ပန်။ ၏။

အဗျာကတေနကုသလံ၌ ကဏ္ဍ္ဍားကား ဝုဋ္ဌော မနောဒွါရာ ဝဇ္ဇန်းနှင့် အတူဥပါဒ်သောဟဒယဝတ္ထု မရဏာသန္နအခါ စုတိ။

လ။ ဟာဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ ဖြစ်သော မဟာကုသိုလ် ပဌမဇော။ စေ။ အဋ္ဌတိံသ အစိတ်အစေပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

အဗျာကတေန အကုသလဿ ကတ္တားကား ဝတ္ထော မနောဒွါရာဝဇ္ဇန်းနှင့် အတူဥပါဒ်သော ဟာဒယဝတ္ထု။ မရဏာသန္န။ လ။ ဟာဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော အကုသိုလ်ဒွါဒသ ပဌမဇော။စေ။သတ္တဝီသ အစိတ်အစေပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

အဗျာကတေန ကုသလာဗျာကတဿ။လ။ ကား။ဝတ္ထော မနောဒွါရာဝဇ္ဇန်းနှင့် အတူဥပါဒ်သောဟာဒယဝတ္ထု။မရဏာ။လ။ဟာဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော မဟာကုသိုလ် ပဌမဇော စေတသိက်အဋ္ဌတိံသ အစိတ်အစေပေါင်း နာမက္ခန္ဓာ။ ထိုနာမက္ခန္ဓာပြုအပ်သော မဟာဘုတ်ကို သဟဇာတ ပစ္စည်းပြု၍ ဖြစ်သော စိတ္တဇရုပ်ပစ္စယုပ္ပန် တရားရ၏။

အဗျာကတေန အကုသလာဗျာကတဿ ကတ္တားကား ဝတ္ထော မနောဒွါရာဝဇ္ဇန်းနှင့် အတူဥပါဒ်သော ဟာဒယဝတ္ထု။ မရဏာသန္န။လ။ ဟာဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော အကုသိုလ်ဒွါဒသ ပဌမဇော။ စေ။ သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ။ ထိုနာမက္ခန္ဓာပြုအပ်သော မဟာကုသိုလ်။သဟဇာတ နိဿယ ပစ္စည်းပြု၍ဖြစ်သော စိတ္တဇရုပ်ပစ္စယုပ္ပန်။၏။

ကုသလာဗျာကတေန ကုသလံဿ ကတ္တားကား ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ မဟာကုသိုလ် ပဌမဇော။စေ။ အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတနိဿယ ပစ္စည်း။ ဝတ္ထော မနောဒွါရာဝဇ္ဇန်းနှင့် အတူဥပါဒ်သော ဟာဒယဝတ္ထု။ မရဏာ။ လ။ ဟာဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ ဖြစ်သော မဟာကုသိုလ် ပဌမဇော။စေ။အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စယုပ္ပန်။၏။ ။ကုသလာဗျာကတေန အဗျာကတံဿ ပဋိစ္စဝါရ အတိုင်းကောက်။

ကုသလာဗျာကတေန ကုသလာဗျာကတံ၌ ပစ္စေဝါကာရဘုံ၌ ဖြစ်သောအခါ မဟာကုသိုလ်ပဋ္ဌမစေ့ာ။စေ။ အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ။ထိုနာမက္ခန္ဓာကိုသဟဇာတနိဿယ ပစ္စည်း။ ဝတ္ထုံ မနောဒွါရာဝဇ္ဇန်းနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု။မရဏာ။လ။ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော မဟာကုသိုလ်ပဋ္ဌမစေ့ာ။စေ။အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာ။ ထိုနာမက္ခန္ဓာမဟာဘုတ်ကို သဟဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော စိတ္တဇရုပ်ပစ္စယုပ္ပန်။၏။

အကုသလာဗျာကတေန အကုသလံ၌ ကဗ္ဗားကား အကုသိုလ်ဒွါဒသ ပဋ္ဌမစေ့ာ စေတသိက် သတ္တဝီသ။ အစိတ်အစိတ် နာမက္ခန္ဓာ။ ထိုနာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း။ ဝတ္ထုံ မနောဒွါရာဝဇ္ဇန်းနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ။လ။ ဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော အကုသိုလ် ဒွါဒသ ပဋ္ဌမစေ့ာ။ စေ။ သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်။၏။ ။အကုသလာ ဗျာကတေန အဗျာကတံ ကား ပဋိစ္စဝါရနှင့် တူပြီ။

အကုသလာဗျာကတေန အကုသလာ ဗျာကတံ၌ ကဗ္ဗား ကား ပစ္စေဝါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်ဒွါဒသ ပဋ္ဌမစေ့ာ။ စေ။ သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း။ဝတ္ထုံ မနောဒွါရာဝဇ္ဇန်းနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု။မရဏာသန္န။လ။ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော အကုသိုလ်ဒွါဒသ ပဋ္ဌမစေ့ာ။စေ။ သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ။ ထိုနာမက္ခန္ဓာ မဟာဘုတ်ကို သဟဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်။၏။ ။ နာသေဝနပြီး၏။

## နုကမ္မဝိဘင်္ဂဝါရ

နုကမ္မ ဝိဘင်္ဂဝါရ၌ ကုသလပဒ အကုသလပဒ ပဋိစ္စဝါရနှင့် တူပြီ။ ။အဗျာကတပဒ၌ ပဝတ္တိရုပ်သက်သက် ပဋိစ္စဝါရနှင့် တူပြီ။ ။ဝတ္ထုကံနေရာ၌ ဝတ္ထုပစ္စယာ ကြိယာဗျာကတာ စေတနာ။ကတ္တားကား ဘဝင်္ဂုပစ္ဆေဒ အစရှိသော ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု။မရဏာသန္န။လ။ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ ဖြစ်သော ကြိယာဝီသ၌ရှိသော စေတနာပစ္စယုပ္ပန်။၏။

အဗျာကတေန ကုသလံ၌ ကတ္တားကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း။လ။ ဟဒယဝတ္ထု။ မရဏာသန္န။လ။ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ကုသိုလ် ဧကဝီသ၌ရှိသော စေတနာ ပစ္စယုပ္ပန်။၏။

အဗျာကတေန အကုသလံ၌ ကတ္တားကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း။လ။ ဟဒယဝတ္ထု။ မရဏာသန္န။လ။ ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော အကုသိုလ် ဒွါဒသ၌ရှိသော စေတနာ ပစ္စယုပ္ပန်။၏။

ကုသလာဗျာကတေန ကုသလံ၌ ကုသလေခန္ဓေစ ဝတ္ထုဉ္စ ပစ္စယာ ကုသလာ စေတနာ။ ကတ္တားကား ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်ဧကဝီသ စေတနာကြဉ်သော။ စေ။ သတ္တတိံသ အစိတ်အပေါင်း နာမက္ခန္ဓာကို သဟဇာတနိဿယ ပစ္စည်း။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော။လ။ဟဒယဝတ္ထု။ မရဏာသန္န။လ။ဝတ္ထုကိုပုရေဇာတနိဿယ ပစ္စည်းပြု၍ ဖြစ်သော ကုသိုလ်ဧကဝီသ၌ စေတနာ ပစ္စယုပ္ပန်။၏။

အကုသလာဗျာကတေန အကုသလံ၌ ကတ္တားကား ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်ဒွါဒသ စေတနာကြဉ်သော။ စေ။ ဆဗ္ဗီသ အစိတ်အပေါင်း နာမက္ခန္ဓာကို သဟဇာတနိဿယ ပစ္စည်း။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း။လ။ ဝတ္ထု။ မရဏာသန္န။ လ။

ဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ ဖြစ်သော အကုသိုလ် စေတနာ ပစ္စယုပ္ပန်။၏။ ။နကမ္မပြီး၏။

---

## နဝိပါကဝိဘင်္ဂဝါရ

နဝိပါကန္တိ ကုသလပဒသုံးချက်။ အကုသလပဒသုံးချက်။ သဟဇာတအတိုင်း။ ။အဗျာကတပဒဠ် ပဝတ္တိရုပ်သက်သက် ပဋိစ္စဝါရ အတိုင်း။ ဝတ္ထုကံနေရာ၌ ဝတ္ထုပစ္စယာ ကြိယာဗျာကတာ ခန္ဓာ။ ကတ္တားကား ဘဝင်္ဂပဉ္စဒွါရ အစရှိသော ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်ပြိုင်သော ဟဒယဝတ္ထု မရဏာသန္န။လ။ဟဒယ ဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ကြိယာဝီထိ။ စေ။ ပဉ္စတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်။၏။

**အမှာ** ဤအဗျာကတပဒါဝသာနသာ ထူးသည်။ ။ဤမှ ကြွင်းသမွေ ၁၆-ချက်လုံး သဟဇာတဝိဘင်္ဂဝါရ အနုလုံနှင့် တူ၏။ ။နအာဟာရ နဣန္ဒြိယ ဝိဘင်္ဂဝါရသည် ပဋိစ္စဝါရအတိုင်း အဗျာကတေန အဗျာကတ တချက်သာ။

---

## နဈာနဝိတင်္ဂဝါရ

နဈာနန္တိ ပဉ္စဝိညာဏသဟဂုတ်ကော်။လ။ ခွေခန္ဓာ။ဗာဟိရံ။လ။ အသညသတ္တာနံ။လ။ ရုပံ။ စက္ခာယတနံပစ္စယာ စက္ခုဝိညာဏံ။ လ။ ကာယဝိညာဏံ။လ။ ပဝတ္တိရုပ်သက်သက် ပဋိစ္စဝါရအတိုင်း။ ဝတ္ထုကံနေရာ၌ ကတ္တားကား မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင် နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ ဖြစ်သော စက္ခုဝိညာဏ်ခွေး သမ္ဗစ္ဆိတ္တသာဓာရဏ စေတသိက် ခုနစ်ခု အစိတ်အပေါင်း နာမက္ခန္ဓာ။လ။ ကာယ။ လ။ ခန္ဓာ။ ပစ္စယုပ္ပန်။၏။

**အမှာ** နမဂ္ဂ ဝိဘင်းလည်း ပဋိစ္စဝါရအတိုင်း တချက် ထွက်။ ဝတ္ထုကံနေရာ၌ ဟေတုအတိုင်းကောက်။ ဝိဘင်းရှုတ်။ ။နသမ္ပယုတ္တ ဝိဘင်းလည်း ပဋိစ္စဝါရ အတိုင်း

ငါးချက်ထွက်။ ။နဝိပ္ပယုတ္တဝိဘင်း ပဋိစ္စဝါရအတိုင်း သုံးချက်ထွက်။ ။နတ္ထိ နောဝိဂတ ပဋိစ္စဝါရအတိုင်း ငါးချက်ထွက်။ ။ဝိဘင်္ဂဝါရပြီး၏။

---

## ပစ္စနီကသုဒ္ဓသင်္ချာဝါရ

ဝိဘင်္ဂဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ သင်္ချာဝါရကို ဟောတော်မူ၏။ ထိုသင်္ချာဝါရ၌ တုံသော်လည်း သုဒ္ဓသင်္ချာဝါရ ဒုကာဒိသင်္ချာဝါရအားဖြင့် နှစ်ပါးအပြား၏။ ထိုတွင်သုဒ္ဓသင်္ချာဝါရကိုရှေးဦးစွာဟောတော်မူ၏။ ထိုသုဒ္ဓသင်္ချာဝါရ၌တုံသော်လည်း နဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ အစရှိသောအားဖြင့် နှစ်ဆယ်အပြားရှိ၏။ ထိုတွင် နဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရကို ရှေးဦးစွာဟောတော်မူ၏။ ထိုနဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ မောဟမူဒွေး၌ မောဟ အဟိတ်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး အဟိတ်စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေကမ္မဇရုပ် အသညသတ် ကမ္မဇရုပ်ပဝတ္တိကမ္မဇရုပ်ဤတရားတို့သည်နဟေတုပစ္စည်း၏ ပစ္စယုပ္ပန်ဓမ္မ ဖြစ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကိုဤပစ္စနီက်၌နယသို့လိုက်၍လည်းကောင်း။ ဝါရသို့လိုက်၍လည်းကောင်း တိက်ပုဒ်၏အရသို့ လိုက်၍လည်းကောင်း။ ကံကတ္တားနေဟန်သို့ လိုက်၍လည်းကောင်း။နဟေတုယာ စတ္တာရိဟုသင်္ချာတပ်၍ဟောအပ်ကုန်၏။ ။သုဒ္ဓ ဆိုရိုးတရားကိုယ်အရ ပဋိစ္စဝါရနှင့်အတူ တချက်တည်း သင်္ချာသာကွဲသည်။ ။နာရမ္မဏေ ပဉ္စ။ နာဓိပတိယာ သတ္တရသ။ နာနန္တရေ ပဉ္စ။ နသမနန္တရေ ပဉ္စ။ နအညမညေ ပဉ္စ။ နဥပနိဿယေ ပဉ္စ။ နပုရေဇာတေ သတ္တ။ နပစ္ဆာဇာတေ သတ္တရသ။ နာသေဝနေ သတ္တရသ။ နကမ္မေ သတ္တ။ နဝိပါကေ သတ္တရသ။ နအာဟာရေ ဧကံ။ နဣန္ဒြိယေ ဧကံ။ နဈာနေ ဧကံ။နမဂ္ဂေ ဧကံ။ နသမ္ပယုတ္တေ ပဉ္စ။ နဝိပ္ပယုတ္တေ တီဏိ။ နောနတ္ထိယာ ပဉ္စ။ နောဝိဂတေ ပဉ္စ။ ။သုဒ္ဓပြီး၏။

## ဒုကာဒိ သင်္ချာဝါရ

သုဒ္ဓကို ဟောတော်မူသည်၏ အခြားမဲ့၌ ဒုကာဒိကို ဟောတော်မူ၏။ ထို၌တုံသော်လည်း နဟေတု ပစ္စည်း၏ ဒုကာဒိ အစရှိသောအားဖြင့် နှစ်ဆယ်အပြားရှိ၏။ ထိုတွင် နဟေတု ပစ္စည်း၏ ဒုကာဒိကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌တုံသော်လည်း ဒုကတိကအစရှိသော အားဖြင့် တဆဲ့ကိုးပါး အပြားရှိ၏။ ထိုတွင် ဒုကကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌တုံသည်လည်း နဟေတုမှ နာရမ္မဏဒုက အစရှိသောအားဖြင့် တဆဲ့ကိုးပါးအပြားရှိ၏။ ထိုတွင် နဟေတုမှ နာရမ္မဏဒုက၌ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ဤတရားတို့သည် နာရမ္မဏ ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ နဟေတု ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် နဟေတု ပစ္စည်း တွင်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနိက်၌ ဟေတု ပစ္စယာနာရမ္မဏေ ပဉ္စ။ ၏။ မောဟမူဒွေး၌ မောဟ အဟိတ်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် နာရမ္မဏပစ္စည်းတွင်း၍စင်ကုန်၏။ ထို့ကြောင့် ပစ္စနီယာ နုလောမ၌ နဟေတု ပစ္စယာ အာရမ္မဏေ စတ္တာရိ။ ၏။ မောဟမူဒွေး၌ မောဟ ကြဉ်သော သဟိတ် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် နဟေတု နာရမ္မဏ ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်ကုန်။ ထို့ကြောင့် အနုလုံ၌ ဟေတု ပစ္စယာ အာရမ္မဏေ သတ္တ။ ၏။ အဟိတ်စိတ္တဇရုပ် အဟိတ် ပဋိသန္ဓေကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည် နဟေတု နာရမ္မဏ ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်ကုန်၏။ ထို့ကြောင့် ဤပစ္စနိက်၌ နဟေတုပစ္စယာ နာရမ္မဏေ။ ဧကံ။ ၏။ ပဋိစ္စဝါရနှင့် ပစ္စည်းတွင်း မထူးပြီ။ ။ပဋိစ္စဝါရအတိုင်း တွင်းလေ။

နဟေတု ပစ္စယာ နာဓိပတိယာ စတ္တာရိ။ နာနန္တရေ ဧကံ။ နသမနန္တရေ ဧကံ။ နအညမညေ ဧကံ။ နဥပနိဿယေ ဧကံ။ နပုရေ

ဇာတေ ဒွေ။ နပစ္ဆာဇာတေ စတ္တာရိ။ နာသေဝနေ စတ္တာရိ။ နကမ္မေ ဧကံ။ နဝိပါကေ စတ္တာရိ။ နအာဟာရေ ဧကံ။ နဣန္ဒြိယေ ဧကံ။ နဈာနေ ဧကံ။နမဂ္ဂေ ဧကံ။ နသမ္ပယုတ္တေ ဧကံ။ နဝိပ္ပယုတ္တေ ဒွေ။ နောနတ္ထိယာဧကံ။ နောဝိဂတေ ဧကံ။ ။ပဋိစ္စဝါရ အတိုင်း အရသို့။ ။နဟေတုနာရမ္မဏ နာဓိပတိ နာနန္တရနသမနန္တရလည်း အတူတူပင်။ နဟေတု။လ။ နအညမည နဥပနိဿယ နပုရေဇာတ ပစ္စယာ နပစ္ဆာဇာတေ ဧကံ။နာမက္ခန္ဓာမှ ထောက်သော အဟိတ် စိတ္တဇရုပ် ဟဒယဝတ္ထုမှတပါး အဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်။လ။ ဥပါဒါရုပ်။ ပဋိစ္စဝါရက အရအတိုင်း အထူးမရှိပြီ။ ။နဟေတုမူ ပြီး၏။ ။နာရမ္မဏမူလည်းပဋိစ္စဝါရအတိုင်း အရသျှာဝါရ တူပြီ။

နာဓိပတိ ပစ္စယာ နဟေတုယာ စတ္တာရိ။ နာရမ္မဏေ ပဉ္စ။ နာနန္တရေ ပဉ္စ။ နသမနန္တရေ ပဉ္စ။ နအညမညေ ပဉ္စ။ နဥပနိဿယေ ပဉ္စ။ နပုရေဇာတေ သတ္တ။ နပစ္ဆာဇာတေ သတ္တရသ။နာသေဝနေ သတ္တရသ။ နကမ္မေ သတ္တ။ နဝိပါကေ သတ္တရသ။ နအာဟာရေ ဧကံ။ နဣန္ဒြိယေ ဧကံ။ နဈာနေ ဧကံ။ နမဂ္ဂေ ဧကံ။ နသမ္ပယုတ္တေ ပဉ္စ။ နဝိပ္ပယုတ္တေ တီဏိ။ နောနတ္ထိယာ ပဉ္စ။ နောဝိဂတေ ပဉ္စ။ နာနန္တရ နသမနန္တရမူသည် နာရမ္မဏနှင့် တူပြီ။ နအညမည မူလည်း ပဋိစ္စဝါရနှင့်တူပြီ။ ။နဥပနိဿယ မူလည်း နာရမ္မဏ အတိုင်း။ နပုရေဇာတမူလည်း ပဋိစ္စဝါရအတိုင်း။

နာသေဝန ပစ္စယာ နဟေတုယာ စတ္တာရိ။ ။အရကား ပဋိစ္စဝါရအတိုင်း။ ။နာသေဝန ပစ္စယာ နာရမ္မဏေ ပဉ္စ။နာဓိပတိယာ သတ္တရသ။ အရကား အဓိပတိ ပစ္စည်းကို ရသောအခါလောဘမူ ဒေါသမူ မဟာကုသိုလ် မဟာကြိယာ ပဉ္စမဇော။ ဗိုလ်လေးခုရှိသော အဓိပတိတရားကိုယ်။မရသောအခါ အကုသိုလ်ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာ ပဉ္စမဇောအာဝဇ္ဇန်းဒွေး လောကီဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။နိရာဓိပတိ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိ ကမ္မဇရုပ်။ အရမှာ

အတူပင်။ အရကို နှလုံးသွင်း၍ ကောက်လေ။ နာသေဝန ပစ္စယာ နာနန္တရေ နသမနန္တရေ နအညမညေ နဥပနိဿယေ ပဉ္စ။ နပုရေဇာတေ သတ္တ။ နပစ္ဆာဇာတေ သတ္တရသ။ နကမ္မေ သတ္တ။ အရကား, အကုသိုလ် ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာ ပဉ္စမဇော အာဝဇ္ဇန်းဒွေး၌ရှိသော စေတနာဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ်။ ။ကမ္မပစ္စနိက် ဝိဘင်းကို ထောက်၍ ကောက်လေ။ ဝိဘင်းဟောလေ။ နာသေဝနပစ္စယာ နဝိပါကေ သတ္တရသ။ နအာဟာရေ နဣန္ဒြိယေ နဈာနေ နမဂ္ဂေ ဧကံ။ နသမ္ပယုတ္တေ ပဉ္စ။ နဝိပ္ပယုတ္တေ တီဏိ။ နောနတ္ထိယာ ပဉ္စ။ နောဝိဂတေ ပဉ္စ။ ။နကမ္မပစ္စယာ နဟေတုယာ ဧကံ။ နာရမ္မဏေ ဧကံ။ နာဓိပတိယာ သတ္တ ။လ။ နပုရေဇာတေ တီဏိ။ နပစ္ဆာဇာတေ သတ္တ။ နာသေဝနေ သတ္တ။ နဝိပါကေ သတ္တ။ နအာဟာရေ စသည်တို့ကား ပဋိစ္စဝါရနှင့် တူပြီ။ ။နဝိပါက ပစ္စယာ နဟေတုယာ စတ္တာရိ။ သုဒ္ဓသင်္ချာဝါရ အတိုင်း။ ။နအာဟာရ ပစ္စယာ နဣန္ဒြိယေစသည်တို့သည် ပဋိစ္စဝါရနှင့် တူပြီ။ ။ပစ္စည်း ပစ္စနိက်ပြီး၏။

---

## အနုလောမ ပစ္စနိက သင်္ချာဝါရ

ပစ္စည်း ပစ္စနိက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ ပစ္စည်း အနုလောမ ပစ္စနိက်ကို။မူ၏။ ။ပဋိစ္စဝါရက စစ်မြဲ အတိုင်းစစ်၍ ကောက်လေ။ ။နဟေတုမူ နာရမ္မဏဒုက၌ အဟိတ် စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။လ။ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် နာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်ဓမ္မသာဖြစ်၍ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်ဓမ္မ မဖြစ်သောကြောင့် ဟေတုပစ္စည်းဟွန်း၍ ငင်ကုန်၏။ ထို့ကြောင့် ပစ္စနိက်၌ နဟေတု ပစ္စယာ နာရမ္မဏေ ဧကံ။ ဟူ၏။ မောဟမူဒွေး၌ မောဟကြဉ်သော သဟိတ် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်ဓမ္မသာ ဖြစ်၍ နာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်ဓမ္မ မဖြစ်သောကြောင့် နာရမ္မဏ

ပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့်အနုလုံ၌ သတ္တ။ ၏။ မောဟမူဒွေး၌ မောဟ အဟိတ် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ ဤတရားတို့သည် ဟေတုနာရမ္မဏ ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်ကုန်။ ထို့ကြောင့် ပစ္စနီယာ နုလောမ၌ နဟေတု ပစ္စယာ နာရမ္မဏေ စတ္တာရိ ဟုသင်္ချာတပ်၍ ဟောအပ်ကုန်၏။ ။သဟိတ် စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ဤတရားတို့သည် ဟေတု နာရမ္မဏ ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤ အနုလောမ ပစ္စနိက်၌ ဟေတု ပစ္စယာ နာရမ္မဏေ ပဉ္စ။ ၏။ ။ပစ္စည်းတွန်းမှာ ပဋိစ္စဝါရနှင့် မထူးပြီ။ ပဋိစ္စဝါရအတိုင်း တွန်းလေ။ ။သင်္ချာမှုကား ရသင့်သည် အလျောက် ထူးသည်။

ဟေတု ပစ္စယာ နာဓိပတိယာ သတ္တရသ။ နာရမ္မဏေ ပဉ္စ။ လ။ နဥပနိဿယေ ပဉ္စ။ နပုရေဇာတေ သတ္တ။ နပစ္ဆာဇာတေ သတ္တရသ။ နာသေဝနေ သတ္တရသ။ နကမ္မေ သတ္တ။ ပဋိစ္စဝါရ နှင့်တူပြီ။

အာရမ္မဏ ပစ္စယာ နဟေတုယာ စတ္တာရိ။ နာဓိပတိယာ သတ္တ။ နပုရေဇာတေ တီဏိ။ နပစ္ဆာဇာတေ သတ္တ။ နာသေဝနေ သတ္တ။ နကမ္မေ သတ္တ။ နဝိပါကေ သတ္တ။ နဈာနေ ဧကံ။ နမဂ္ဂေ ဧကံ။ နဝိပ္ပယုတ္တေ တီဏိ။ ။ပဋိစ္စဝါရ အတူ အကောက်မှာ ဝိဘင်္ဂဝါရ ကို မှီ၍ကောက်လေ။

အဓိပတိပစ္စယာ နာရမ္မဏေ ပဉ္စ။ နာနန္တရေ ပဉ္စ။ လ။ နဥပနိဿယေ ပဉ္စ။ နပုရေဇာတေ သတ္တ။ နပစ္ဆာဇာတေ သတ္တရသ။ နာသေဝနေ သတ္တရသ။ နကမ္မေသတ္တ။ နဝိပါကေ သတ္တရသ။ နသမ္ပယုတ္တေ ပဉ္စ။ နဝိပ္ပယုတ္တေ တီဏိ။ နောနတ္ထိယာ ပဉ္စ။ နောဝိဂတေ ပဉ္စ။ ။အနန္တရ သမနန္တရ အညမညဥပနိဿယမှ အာရမ္မဏနှင့် တူပြီ။

ပုရေဇာတ ပစ္စယာ နဟေတုယာ စတ္တာရိ။ နာဓိပတိယာ သတ္တ။ နပစ္ဆာဇာတေ သတ္တ။ နာသေဝနေ သတ္တ။ နကမ္မေ သတ္တ။ နဝိပါကေ သတ္တ။ နဈာနေ ဧကံ။ နမဂ္ဂေ ဧကံ။

အာသေဝနပစ္စယာ နဟေတုယာ စတ္တာရိ။ နာဓိပတိယာ သတ္တ။နပုရေဇာတေ တီဏိ။နပစ္ဆာဇာတေ သတ္တ။နကမ္မေ သတ္တ။ နဝိပါကေ သတ္တ။ နမဂ္ဂေ ဧကံ။ နဝိပ္ပယုတ္တေ တီဏိ။

ကမ္မပစ္စယာ နဟေတုယာ စတ္တာရိ။ နာရမ္မဏေ ပဉ္စ။ နာဓိပတိယာ သတ္တရသ။လ။နောနတ္ထိယာ ပဉ္စ။နောဝိဂတေ ပဉ္စ။ ။အရမှာ ပဋိစ္စဝါရနှင့်မထူးကြပြီ။ ။သင်္ချာ စိုးစဉ်းထူးသည်ကို နှလုံးသွင်း၍ ကောက်လေ။ ။ပစ္စည်း အနုလောမပစ္စနိက် ပြီးပြီ။

---

## ပစ္စနီယာနုလောမသင်္ချာဝါရ

ပစ္စည်းအနုလောမ ပစ္စနိက်ကို ဟောတော်မူသည်၏အခြားမဲ့၌ ပစ္စည်းပစ္စနီယာနုလောမကို ဟောတော်မူ၏။ထိုပစ္စည်း ပစ္စနီယာနုလောမ၌တုံသော်လည်း ပဋိစ္စဝါရအတိုင်း စစ်လေ။ ။နဟေတုမူ အာရမ္မဏဒုက၌ မောဟမူဒွေး၌ မောဟကြဉ်သော အလုံးစုံသော သဟိတ် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး ဤတရားတို့သည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သောကြောင့် နဟေတုပစ္စည်းတွန်း၍စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ဟေတုပစ္စယာ အာရမ္မဏေ သတ္တ။ ၏။ အဟိတ်စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည် နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် အာရမ္မဏပစ္စည်းတွန်း၍စင်ကုန်၏။ထို့ကြောင့် ပစ္စနိက်၌ နဟေတုပစ္စယာ နာရမ္မဏေ ဧကံ။၏။သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ဤတရားတို့သည် နဟေတု အာရမ္မဏပစ္စည်း နှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်ကုန်။ထို့ကြောင့် အနုလောမပစ္စနိက်၌ နဟေတုပစ္စယာ နာရမ္မဏေ ပဉ္စ။ဟူ၏။ ။မောဟမူဒွေး၌ မောဟ အဟိတ် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး ဤတရားတို့သည်

နဟေတု အာရမ္မဏပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်ကုန်၏။ ထို့
ကြောင့် ပစ္စနီယာနုလောမ၌ နဟေတုပစ္စယာအာရမ္မဏေ စတ္တာရိ။
၏။ ။ဤနည်းကိုမှီ၍အကုန်တွန်းလေ။ပဋိစ္စဝါရနှင့်အတွန်းမထူးပြီ။
နဟေတုပစ္စယာ အာရမ္မဏေ စတ္တာရိ။ အနန္တရေ စတ္တာရိ။
သမနန္တရေ စတ္တာရိ။သမ္ဗုဋ္ဌစတ္တာရိ။ဝိပါကေ ဧကံ။ မဂ္ဂေတီဏိ။
တီဏိ ဟူသော်ကား အကုသလေန အကုသလံ။အဗျာကတေန
အကုသလံ။ အကုသလာ ဗျာကတေန အကုသလံ ဟူသည်တည်း။
အကုသလေန အကုသလံ၌ ပဋိစ္စဝါရအတိုင်းကောက်။
အဗျာကတေန အကုသလံ၌ ကဗ္ဗားကား ဝုဋ္ဌော မနောဒွါရာ
ဝဇ္ဇနံ။လ။ ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေ
သော် ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော
ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ်၌ရှိသော မောဟပစ္စယုပ္ပန်၏။
ဝိဘင်းကို ဝတ္ထုံပစ္စယာ ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော
မောဟော။၏။အကုသလာဗျာကတေန အကုသလံ၌ ကဗ္ဗားကား
ပစ္စနိက်၌ ကောက်မြဲအတိုင်း ကောက်လေ။
နာရမ္မဏပစ္စယာ ဟေတုယာ ပဉ္စ။ အဓိပတိယာ ပဉ္စ။ပဋိစ္စဝါရ
အတိုင်း။ နာနန္တရ နသမနန္တရ နအညမည နဥပနိဿယ နပုရေ
ဇာတ ဤမှုများသည် ပဋိစ္စဝါရနှင့်တူပြီ။ ။နပစ္ဆာဇာတ ပစ္စယာ
ဟေတုယာ သတ္တရသ။အာရမ္မဏေ သတ္တ။ အနုလုံသုဒ္ဓသံချာဝါရ
အတိုင်း။ ။နာသေဝနမှုလည်း အနုလုံသုဒ္ဓသံချာဝါရအတိုင်း။ ။
နကမ္မပစ္စယာ ဟေတုယာ သတ္တ။အာရမ္မဏေ သတ္တ။ အဓိပတိယာ
သတ္တ။ အလုံးစုံသတ္တချည်းပင်။ ။နဝိပါက ပစ္စယာ ဟေတုယာ
သတ္တရသ။ အာရမ္မဏေ သတ္တ။အနုလုံသုဒ္ဓသံချာဝါရအတိုင်း။ ။
အာဟာရပစ္စယာ သဟဇာတေ ဧကံ ပဋိစ္စဝါရ ပစ္စနီယာနုလောမ
အတိုင်း။နဣန္ဒြိယပစ္စယာ နဈာနပစ္စယာ နမဂ္ဂပစ္စယာ နသမ္ပယုတ္တ
ပစ္စယာ နဝိပ္ပယုတ္တပစ္စယာ နောနတ္ထိပစ္စယာ နောဝိဂတပစ္စယာ
ဤအလုံးစုံသည် ပဋိစ္စဝါရ ပစ္စနီယာနုလောမအတိုင်း မထူးပြီ။ ။
ပစ္စည်းပစ္စနီယာနုလောမပြီး၏။ ။ပစ္စယဝါရပြီးပြီ။

# နိဿယဝါရ

## အနုလောမဝိဘင်္ဂဝါရ

အကုသလော၊ အပြစ်နှင့်တကွ မကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာရှိသော။ ဓမ္မော၊သည်။ အကုသလဿ၊သော။ ဓမ္မဿ၊အား။ ဟေတုပစ္စယေန၊ဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊၏။ အကုသလာ၊ ကုန်သော။ ဟေတူ၊ တို့သည်။ သမ္ပယုတ္တကာနံ၊ သမ္ပယုတ် ဖြစ်ကုန်သော။ ခန္ဓာနံ၊ အကုသိုလ် ဒွါဒသ မောဟမူစွေး၌ မောဟကြဉ်သော စေတသိက် သတ္တဝိသ နာမက္ခန္ဓာတို့အား။ ဟေတုပစ္စယေန၊ဖြင့်။ ပစ္စယော ဥပကာရကော၊သည်။ ဟောတိ၊ဖြစ်၏။

အဓိပ္ပါယ်ကား အကုသိုလ် ဓမ္မသည် အကုသိုလ်ဓမ္မအား ဟေတု သတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။အဘယ်ကဲ့သို့ ကျေးဇူးပြုသနည်းဟူမူကား အကုသိုလ်ဒွါဒသ။ စေ။ သတ္တဝိသ စိတ္တက္ခဏတခုတခု၌ ရှိသော လောဘမူဖြစ်အံ့ လောဘ မောဟ။ ဒေါသမူဖြစ်အံ့ ဒေါသ မောဟ၊ မောဟမူဖြစ်အံ့ မောဟ။ ဤဟိတ်တပါး နှစ်ပါးသည် အကုသိုလ် ဒွါဒသ မောဟမူဒွေး၌ မောဟကြဉ်သော။ စေ။ သတ္တဝီသ သမ္ပယုတ္တခန္ဓာအား ဟေတု သတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဝိဓိပါဠိတော်ပါဌ်၌ အကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား သမ္ပယုတ္တခန္ဓာအား တပ်သော အကုသိုလ် ဒွါဒသ စေတသိက်သတ္တဝီသ စိတ္တက္ခဏတခုတခု၌ရှိသော လောဘမူဖြစ်အံ့ လောဘ မောဟ။ ဒေါသမူဖြစ်အံ့ ဒေါသ မောဟ။ မောဟမူဖြစ်အံ့ မောဟ။ ဤဟိတ်တပါး နှစ်ပါး ပစ္စည်းတရားရ၏။ ။အကုသလဿ ဓမ္မဿဟူသော သမ္ပဒါန်ပုဒ်၏အရကား အကုသိုလ်ဒွါဒသ မောဟမူဒွေး၌ မောဟကြဉ်သော။ စေ။ သတ္တဝီသသမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ။ဟေတု ပစ္စယေနဟူသော ကရိုဏ်းပါဌ်၏ အရကား သမ္ပယုတ္တခန္ဓာအားတပ်သော အကုသိုလ် ဟိတ်သုံးပါး ဖြစ်အံ့ တပြိုင်နက် တပ်ကောင်းသော ဟေတု သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတ ဤခုနစ်ပစ္စယ သတ္တိတို့တွင် ဟေတု သတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။ ။ထိုသုံးပါးတို့တွင် အရကား ပဓာနအားဖြင့် ကတ္တားသာတည်း။

ခန္ဓဝါရကား အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော် ပါဌ်၌ လောဘမူဖြစ်အံ့ အကုသလာဟေတူ၏အရကို လောဘယူ၍ သမ္ပယုတ္တကာနံ ခန္ဓာနံ၏ အရကို သမ္ပယုတ္တ ခန္ဓာယူ၍ တဝါရ။ ထို့အတူ မောဟ သမ္ပယုတ္တခန္ဓာယူ၍ တဝါရ။ လောဘ မောဟ သမ္ပယုတ္တခန္ဓာယူ၍ တဝါရ။ ဒေါသမူဖြစ်အံ့ အကုသလာ ဟေတူ၏ အရကို ဒေါသယူ၍ သမ္ပယုတ္တကာနံ ခန္ဓာနံ၏အရကို သမ္ပယုတ္တခန္ဓာယူ၍ တဝါရ။ ထို့အတူ မောဟသမ္ပယုတ္တခန္ဓာယူ၍ တဝါရ။ ဒေါသ မောဟ သမ္ပယုတ္တ

ခန္ဓာယူ၍ တဝါရ။မောဟမူဖြစ်အံ့ အကုသလာ ဟေတူ၏ အရကို မောဟယူ၍ သမ္ပယုတ္တကာနံ ခန္ဓာနံ၏အရကို သမ္ပယုတ္တ ခန္ဓာယူ၍ တဝါရ။ ဤသို့ လောဘမူဖြစ်အံ့ သုံးဝါရ။ဒေါသမူဖြစ်အံ့ သုံးဝါရ။ မောဟဖြစ်အံ့ တဝါရလျှင်,သမ္ပယုတ္တခန္ဓာအား ဟေတု သတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား လောကီစိတ် ဧကာသီတိ။စေ။ဒွေပညာသ ရုပ်အဋ္ဌဝီသ နိဗ္ဗာန် ပညတ် ဟုဆိုအပ်သော အာရုံခြောက်ပါးတို့တွင်တပါးပါးကို အာရုံပြု၍ အကုသိုလ်ဇောဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သော် မိမိပဋိသန္ဓေစိတ်နှင့်တူသော ဘဝင်ကျနဝီသ တို့တွင် တခုခုသည်။လ။ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် လောကီစိတ် ဧကာသီတိ။လ။ အာရုံခြောက်ပါးတို့တွင် တပါးပါး ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် အကုသိုလ်စိတ်ဒွါဒသ တို့တွင် တခုခုသည် ဇောကိစ္စခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဝိဘူတာရုံဝီထိဖြစ်အံ့ တဒါရုံဧကာဒသတို့တွင် တခုခုသည် တဒါရုံ ကိစ္စနှစ်ကြိမ်။ ထို့နောင် ကာမဘဝင်။ အဝိဘူတာရုံဝီထိဖြစ်အံ့ ဘဝင်ကျနဝီသတို့တွင် တခုခုသည် ဘဝင်ကိစ္စဖြစ်ထိုက်သန္ဓေ ဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဌ်၌ အကုသလာ ဟေတူ၏ အရဖြစ်သော အကုသိုလ်ဒွါဒသ ပဌမဇောအစရှိသော စိတ္တက္ခဏတခုတချ၌ရှိသော လောဘမူဖြစ်အံ့ လောဘ မောဟ။ ဒေါသမူဖြစ်အံ့ ဒေါသ မောဟ။မောဟမူဖြစ်အံ့ မောဟကိုပစ္စည်း အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ အကုသလောဓမ္မောဟု အနုဝါဒ ပါဠိတော်ပါဌ်၌ သမ္ပယုတ္တကာနံခန္ဓာနံ၏ အရဖြစ်သောသမ္ပယုတ္တ ခန္ဓာကို ပစ္စယုပ္ပန်အဖြစ်ဖြင့်ယူတော်မူ၍ ဝိဓိ၌လည်းကောင်း အကု သလဿဓမ္မဿဟု ဤဟိတ်တပါး နှစ်ပါးသည် သမ္ပယုတ္တခန္ဓာ အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုသောအဖြစ်ကို ဟေတုပစ္စယေန ပစ္စယောဟူ၍ ဟောတော်မူ၏။

## အကုသလော အဗျာကတဿ

အကုသလပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အဗျာကတပဒါဝသာနကို။ ၏။ ဟောဟန်ကား အကုသလော ဓမ္မော အဗျာကတဿဓမ္မဿဟေတု။ လ။ ယော ဟူသည်တည်း။ အနက်လွယ်ပြီ။

အဓိပ္ပါယ်ကား အကုသိုလ် ဓမ္မသည် အဗျာကတ ဓမ္မအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ အဘယ်သို့ ကျေးဇူးပြုသနည်း ဟူမူကား ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်ဥပါဒသ။ စေ။ သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ရှိသော လောဘမူဖြစ်အံ့ လောဘ မောဟ။ ဒေါသမူဖြစ်အံ့ ဒေါသ မောဟ။ မောဟမူဖြစ်အံ့ မောဟ။ ဤဟိတ်တပါး နှစ်ပါးသည် စိတ္တဇရုပ်အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဝိဓိပါဠိတော်ပါဠ်၌အကုသလောဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သော အခါအကုသိုလ်ဥပါဒသ။ စေ။ သတ္တဝီသစိတ္တက္ခဏတခုတခု၌ရှိသော လောဘမူဖြစ်အံ့ လောဘ မောဟ။ ဒေါသမူဖြစ်အံ့ ဒေါသ မောဟ။ မောဟမူဖြစ်အံ့ မောဟ။ ဤဟိတ်တပါး နှစ်ပါး ပစ္စည်းတရားရ၏။ အဗျာကတဿ ဓမ္မဿဟူသော သမ္ပဒါန်ပုဒ်၏ အရကား အကုသိုလ်ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ဟေတု ပစ္စယေနဟူသော ကရိုဏ်းပါဌ်၏အရကား စိတ္တဇရုပ်အားတပ်သော အကုသိုလ် ဥပါဒသ၌ရှိသော ဟိတ်သုံးပါးဖြစ်အံ့ တပြိုင်နက်တပ်ကောင်းသော ဟေတု သဟဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤခြောက်ပစ္စယ်သတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။ ထိုသုံးပါးတို့တွင်အရကား ပဓာနအားဖြင့် ကတ္တားသာတည်း။ ခန္ဓဝါရယူမြဲ။

---

## အကုသလော အကုသလာဗျာကတဿ

အဗျာကတ ပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အကုသလာဗျာကတပဒါဝသာနကို ဟောတော်မူ၏။ ဟောဟန်ကား အကုသလော ဓမ္မော အကုသလဿစ အဗျာကတဿစ ဓမ္မဿ။လ။ ယော။ ။အနက်အဓိပ္ပါယ် လွယ်ပြီ။

ဝိဓိပါဠိတော်ပါဠိ၌ အကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏အရကား သမ္ပယုတ္တခန္ဓာစိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ စေတသိက် သတ္တဝီသ စိတ္တက္ခဏတခုတခု၌ရှိသော လောဘမူဖြစ်အံ့ လောဘ မောဟ။ ဒေါသမူဖြစ်အံ့ ဒေါသ မောဟ။ မောဟမူဖြစ်အံ့ မောဟ။ ဤဟိတ်တပါး နှစ်ပါး ပစ္စည်းတရားရ၏။ သမ္ပဒါန်ပုဒ်၏အရကား အကုသိုလ်ဒွါဒသ မောဟမူဒွေး၌ မောဟကြဉ်သော။ ။ရှေ။ သတ္တဝီသ။ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်ပစ္စယုပ္ပန်။ ။၏။ ဟေတုပစ္စယေနဟူသော ကရိယာပါဠိ၏အရကား သမ္ပယုတ္တခန္ဓာစိတ္တဇရုပ်အားတပ်သော အကုသိုလ် ဟိတ်သုံးပါးဖြစ်အံ့ တပြိုင်နက် တပ်ကောင်းသော ဟေတု သဟဇာတ နိဿယ အတ္ထိ အဝိဂတ ဤငါးပစ္စယသတ္တိတို့တွင် ဟေတုပစ္စယသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။ ခန္ဓဝါရဆိုပြီ။ ဝိထိကိုလည်းချပြီ။

---

## အဗျာကတော အဗျာကတဿ

အကုသလပဒကို ဟောတော်မူသည်၏အခြားမဲ့၌ အဗျာကတပဒကိုဟောတော်မူ၏။ ထိုအဗျာကတပဒသည် အဗျာကတပဒါဝသာနအားဖြင့် တပါးသာတည်း။ ဝိဓိ အနုဝါဒအားဖြင့်ကား နှစ်ပါး အပြားရှိ၏။ ။ထိုတွင် ဝိဓိကိုရှေးဦးစွာဟောတော်မူ၏။ ဟောဟန်ကား အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေနပစ္စယော ဟူသည်တည်း။ ။ဝိဓိကိုဟောတော်မူသည်၏ အခြားမဲ့၌ အနုဝါဒကိုဟောတော်မူ၏။ ဟောဟန်

ကား ဝိပါကာဗျာကတာ ကြိယာဗျာကတာ ဟေတု သမ္ပယုတ္တ တကာနံ့ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ ဟေတုပစ္စယေနပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဟေတုသမ္ပယုတ္တကာနံခန္ဓာနံ ကဋတ္တာစ ရူပါနံ ဟေတုပစ္စယေနပစ္စယော ဟူသည်တည်း။ ။ အနက်လွယ်ပြီ။

အမိပ္ပါယ်ကား အဗျာကတမ္မသည် အဗျာကတ မ္မအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ အဘယ်သို့ ကျေးဇူးပြုသနည်း ဟူမူကား ပဝတ္တိအခါ သဟိတ်ဝိပါက် ဧကဝီသ သဟိတ်ကြိယာ သတ္တရသ စိတ္တက္ခဏတခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ။ တိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ အမောဟ သည် သမ္ပယုတ္တခန္ဓာအားရင်း သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်အား လည်းကောင်း ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပဋိသန္ဓေအခါ စတုဝေါကာရ ပဋိသန္ဓေလေးခု၌ရှိသော ဟိတ် သုံးပါးသည် သမ္ပယုတ္တခန္ဓအား။ ပဉ္စဝေါကာရ သဟိတ်ပဋိသန္ဓေ တရသ၌ရှိသော ဟိတ်နှစ်ပါး သုံးပါးသည် သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဝိဓိပါဠိတော်ပါဌ်၌ အဗျာကတသည် ပဝတ္တိ ပဋိသန္ဓေအား ဖြင့်နှစ်ပါးအပြားရှိ၏။ထိုနှစ်ပါးတို့တွင် ပဝတ္တိအခါအဗျာကတော ကတ္တားကား သမ္ပယုတ္တခန္ဓာအားလည်းကောင်း သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်အားလည်းကောင်း တပ်သော သဟိတ်ဝိပါက် ဧက ဝီသ သဟိတ်ကြိယာ သတ္တရသ စေတသိက် အဋ္ဌတိံသ စိတ္တက္ခ ဏတခုတခု၌ရှိသောဒွိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ။တိဟိတ် ဖြစ်အံ့ အလောဘ အဒေါသ အမောဟ။ဤဟိတ်နှစ်ပါး သုံးပါး ပစ္စည်းတရားရ၏။ ။အဗျာကတဿမ္မဿ ဟူသော သမ္ပဒါန် ပုဒ်၏အရကား သဟိတ်ဝိပါက် ဧကဝီသ သဟိတ်ကြိယာသတ္တ ရသ စေတသိက် အဋ္ဌတိံသ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပစ္စ ယုပ္ပန် တရားရ၏။ ။ဟေတုပစ္စယေန ဟူသော ကရိုဏ်းပါဌ်

၏အရကား သမ္ပယုတ္တခန္ဓာအားလည်းကောင်း သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် အားလည်းကောင်း တပ်သောဝိပါက်ကြိယာဟိတ်သုံးပါးဖြစ်အံ့ တပြိုင်နက် ယထာရဟတပ်ကောင်းသော ဟေတု အဓိပတိ သဟဇာတ အညမည နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤတဆဲ့နှစ် ပစ္စယ သတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။ ။ထိုသုံးပါးတို့တွင် အရကား ပမာနအားဖြင့် ကဗ္ဗားသာတည်း။ ခန္ဓဝါရကားဆိုမြံ။

ပစ္စည်းတပ်ဟန်ကား ကာမစိတ်စတုပညာသ စေတသိက်ဒွေပညာသ ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော အာရုံခြောက်ပါးတို့တွင် တပါးပါးကိုအာရုံပြု၍မဟာဝိပါက်ဘဝင်ကိစ္စ တဒါရုံကိစ္စ ဖြစ်လိုလသော် မိမိပဋိသန္ဓေစိတ်နှင့်တူသော မဟာဝိပါက်ဘဝင် ရှစ်ခုတို့တွင် တခုခုသည် ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်စလန ဘဝင်ုပစ္ဆေဒ။ ထို့နောင် ကာမစိတ်စတုပညာသ၏လ။ အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် ကာမဇော တခုယုတ်သုံးဆယ်တို့တွင် တခုခုသည် ဇောကိစ္စခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် မဟာဝိပါက်ရှစ်ခုတို့တွင် တခုခုသည် တဒါရုံကိစ္စနှစ်ကြိမ်။ ထို့နောင် မဟာဝိပါက် ရှစ်ခုတို့တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဠိ၌ ဝိပါကာဗျာကတာ ဟေတု၏အရဖြစ်သော မဟာဝိပါက်ဘဝင်တဒါရုံ စိတ္တုပ္ပါဒ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ။ တိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ အမောဟ။ ဤဟိတ်နှစ်ပါးသုံးပါးကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိမိဒ္ဓအဗျာကတော ဓမ္မောဟု အနုဝါဒပါဠိတော်ပါဠိ၌သမ္ပယုတ္တကာနံခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ၏အရဖြစ်သော သမ္ပယုတ္တခန္ဓာစိတ္တဇရုပ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ဝိမိဒ္ဓ လည်းကောင်း အဗျာကတသဓမ္မဿဟု

ဤဟိတ်နှစ်ပါး သုံးပါးသည် သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူး ပြုသောအဖြစ်ကို ဟေတုပစ္စယေန ပစ္စယောဟုဟောတော်မူ၏။

စုတိကိစ္စတစ်ဟန်ကို ရာသီစုက မရဏာသန္န ဝီထိကိုမှီ၍ချလေ။ ။မဟာကြိယာ မဟဂ္ဂုတ်ကြိယာ မဟဂ္ဂုတ်ဝိပါက် လောကုတ္တရာဝိပါက်တို့ကိုလည်း ရာသီစုကအတိုင်း ချလေ။

ပဋိသန္ဓေအခါ - အဗျာကတောကတ္တားကား သမ္ပယုတ္တခန္ဓာအားလည်းကောင်း သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ် အားလည်းကောင်း တစ်သော သဟိတ်ပဋိသန္ဓေသတ္တရသ။ဓေ။ ပဉ္စတိံသစိတ္တက္ခဏာဘခုတခုဥ္စရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ။ တိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ အမောဟ။ ဤဟိတ်နှစ်ပါး သုံးပါးပစ္စည်းတရားရ၏။ ။အဗျာကတသ ဓမ္မဿဟူသော သမ္ပဒါန်ပုဒ်၏အရကား သဟိတ်ပဋိသန္ဓေသတ္တရသ။ ဓေ။ ပဉ္စတိံသ သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားရ၏။ ။ဟေတုပစ္စယေနဟူသော ကာရိတ်ပါဌ်၏အရကား သမ္ပယုတ္တခန္ဓာအားလည်းကောင်း သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ် အားလည်းကောင်း တစ်သော သဟိတ်ပဋိသန္ဓေ သတ္တရသဥ္စရှိသော ဟိတ်သုံးပါးဖြစ်အံ့ တပြိုင်နက် ယထာရဟတစ်ကောင်းသော ဟေတုသဟဇာတ အညမည နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ သမ္ပယုတ္တ အတ္ထိအဝိဂတဤတဆဲ့တပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။ ထိုသုံးပါးတို့တွင် အရကား ပဓာန အားဖြင့် ကတ္တားသာတည်း။ ခန္ဓဝါရကား ယူမြဲ။

ပစ္စည်းတစ်ဟန်ကား ကာမတဆဲ့တဘုံမှစုတေ၍ ကာမသုဂတိ ခုနစ်ဘုံ၌ ဖြစ်လတ္တံ့သောပုဂ္ဂိုလ်အား တဒါရုံနောင်စုတိ။ ဇောနောင်စုတိ။ ဘဝင်နောင် စုတိအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် တဒါရုံနောင်စုတိဖြစ်ဟန်ကား ထင်ရှားရှိသော ဘဝမှ ရွေ့လျောသောအားဖြင့် ပစ္စုပ္ပန်ဘဝ အဆုံးစုတိဖြစ်လိုလသော်မိမိပဋိ။လ။ကာမဘာဝင်တဆယ်တို့တွင် တခုခုသည်ဘဝင်

စလန် ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် ကံ ကမ္မနိမိတ် ဂတိနိမိတ်အား ဖြင့် သုံးပါးတို့တွင် တပါးပါးကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇော ငါးကြိမ် တဒါရုံကိစ္စ နှစ်ကြိမ် ဖြစ်၍ချုပ်၏။ ထို့နောင် ကာမစုတိတဆယ်တို့တွင် တခုခုသည် ကံ ကမ္မနိမိတ် ဂတိနိမိတ်။လ။စုတိကိစ္စတကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် အဝိဇ္ဇာနုသယသည် ခြံရံအပ်သော တဏှာနုသယလျှင် မူလရှိသော သင်္ခါရဟုဆိုအပ်သော ဇနကကံသည်ဖြစ်စေအပ်သော မိမိနှင့်သမ္ပယုတ်ဖြစ်ကုန်သော တရားတို့သည် ခြံရံ၍ယူအပ်သော မိမိနှင့် တကွနက်ဖြစ်ကုန်သော တရားတို့၏ တည့်ရာဖြစ်၍ပြဋ္ဌာန်းသော ရွှေနောက်ဖြစ်သော ဘဝအထူးကို တစပ်တည်းကဲ့သို့ စပ်တတ်သော မဟာဝိပါက် ပဋိသန္ဓေရှစ်ခုတို့တွင် တခုခုသည် မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကိုအာရုံပြု၍ ပဋိသန္ဓေကိစ္စတကြိမ်သာဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်တဆဲ့ငါးကြိမ် တဆဲ့ခြောက်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝသစ်ဟု ဆိုအပ်သော် မဟာဝိပါက် ပဋိသန္ဓေနာမက္ခန္ဓာ ကဋတ္တာရုပ်ကိုအာရုံပြု၍ မနော ဒွါရာဝဇ္ဇန်း ဘဝသစ်၌ ပြင်းသွာတပ်တတ်သော ဘဝနိကန္တိ လောဘဇော ခုနစ်ကြိမ်။ ထို့နောင် မဟာဝိပါက် ရှစ်ခုတို့တွင် တခုခုသည် ဘဝင်ကိစ္စဖြစ်ထိုက်သရွေ့ဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဌ်၌ ဝိပါကာဗျာကတာ့ဟေတု၏အရဖြစ်သော မဟာဝိပါက်ပဋိသန္ဓေ စိတ္တက္ခဏတခု တခဏ၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ။ တိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ အမောဟ။ ဤဟိတ်နှစ်ပါးသုံးပါးကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိမိဿအဗျာကတောဓမ္မောဟု အနုဝါဒပါဠိတော်ပါဌ်၌ သမ္ပယုတ္တကာနံခန္ဓာနံ ကဋတ္တာစရူပါနံ၏အရဖြစ်သော သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ်တို့ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိမိဿ လည်းကောင်း အဗျာကတဿ ဓမ္မဿဟု ဤဟိတ်နှစ်ပါး သုံးပါးသည် သမ္ပယုတ္တခန္ဓာ ကဋတ္တာ

ရုပ်ဘုံအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုသော အဖြစ်ကို ဟေတုပစ္စယေန ပစ္စယောဟု ဟောတော်မူ၏။

**အမှာ** ရူပအရူပဘုံမှ စုတေ၍ ကာမသုဂတိခုနစ်ဘုံ၌ဖြစ်သော ပုဂ္ဂိုလ်၏ ဝီထိ။ ကာမသုဂတိ ခုနစ်ဘုံမှ စုတေ၍ ရူပအရူပဘုံ၌ဖြစ်သောအခါ ပုဂ္ဂိုလ်၏ ဝီထိ။ ရူပအရူပဘုံအချင်းချင်း၌ ဖြစ်သော ပုဂ္ဂိုလ်၏ဝီထိကို ရာသီစုကဆိုခဲ့ပြီးသော နည်းအတိုင်းချလေ။

ဆဝါရ၌ ပစ္စယုပ္ပန်ကိုပဓာနအားဖြင့် ဟောတော်မူသည်။ ဤပဉ္စဝါရ၌ ပစ္စည်းကိုပဓာနအားဖြင့် ဟောတော်မူသည်။ ထို့ကြောင့် ကုသလောကား ပစ္စည်းတည်း။ ကုသလဿကား ပစ္စယုပ္ပန်တည်း။ ထိုကုသလဿဟူသော သမ္ပဒါန်ပုဒ်၏အရကို ဆဝါရ၌ ပဋိစ္စဝါရ သဟဇာတဝါရ သံသဋ္ဌဝါရ သမ္ပယုတ္တဝါရဖြစ်အံ့ ကုသလေန ကုသလံ၌ ဟောအပ်၏။ ပစ္စယဝါရ နိဿယဝါရဖြစ်အံ့ ကုသလေနကုသလံ။ အဗျာကတေနကုသလံ။ အဗျာကတေနကုသလာဗျာကတံ၌ တစိတ်။ကုသလာဗျာကတေနကုသလံ။ ကုသလာဗျာကတေန ကုသလာဗျာကတံ၌ တစိတ်။ ဤငါးချက်ကိုထုတ်၍ ဟောအပ်၏။

ကုသလောအဗျာကတဿ၌ ကုသလောကားပစ္စည်း။ အဗျာကတဿကား ပစ္စယုပ္ပန်တည်း။ထိုအဗျာကတဿ၏အရဖြစ်သော ပစ္စယုပ္ပန်စိတ္တဇရုပ်ကို ဆဝါရ၌ ပဋိစ္စဝါရသဟဇာတဝါရဖြစ်အံ့ ကုသလေန အဗျာကတံ။ အကုသလာဗျာကတေန အဗျာကတံ။ ဤနှစ်ချက်ကိုထုတ်၍ ဟောအပ်၏။

ပစ္စယဝါရ နိဿယဝါရဖြစ်အံ့ ကုသလေန အဗျာကတံ။ကုသလာဗျာကတေန အဗျာကတံ။ ကုသလာဗျာကတေန ကုသလာဗျာကတံ၌ တစိတ်။ ဤသုံးချက်ကို ထုတ်၍ဟောအပ်၏။ ။ အကုသလ ပဒ အဗျာကတပဒတို့၌လည်း ဤနည်းထိုမှီ၍ ကြံလေ။ ပစ္စယနိဒ္ဒေသဝါရ၌ကဲ့သို့ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံဟု

ဟောတော်မမူဘဲ ဟေတုသမ္ပယုတ္တကာနံခန္ဓာနံဟု ခန္ဓသဒ္ဒါနှင့် ဟောတော်မူအပ်လေသနည်း။ ။ပဋိစ္စဝါရ အစရှိသော ဝါရတို့၌ ခန္ဓာ၏အစွမ်းအားဖြင့် ပစ္စယုပ္ပန္နဒေသနာကို ဟောတော်မူအပ်၏။ ထိုသို့ဟောတော်မူသောအစဉ်အားဖြင့် ဤပဉှာဝါရ၌လည်း ဒေသနာကိုဟောတော်မူအပ်၏။ ထို့ကြောင့် ဓမ္မာနံဟု ဟောတော်မမူဘဲ ခန္ဓာနံဟုဟောတော်မူအပ်၏။ပဋိစ္စအစရှိသော ဝါရတို့၌အဘယ်ကြောင့် ခန္ဓာအားဖြင့် ဟောတော်မူအပ်သနည်း ဟူမူကား မရောရှက်သောအားဖြင့် ခွဲဝေခြင်းကို ပြအံ့သောငှါ ဟောတော်မူအပ်၏။ ။ဧကံဓမ္မံပဋိစ္စ သေသဓမ္မာအစရှိသည်ဖြင့် ဟောတော်မူသည့်ရှိသော် ခွဲဝေခြင်းဝိသေသမဖြစ် ရောရှက်သည်။ ခန္ဓသဒ္ဒါနှင့် ဟောတော်မူမှ ခွဲဝေခြင်း ဝိသေသ ဖြစ်သည်ဟူလိုသည်။ ထို့ကြောင့် အဋ္ဌကထာ၌ ပဋိစ္စဝါရာဒီသုဝါခန္ဓဝသေန ပစ္စယုပ္ပန္နဒေသနာ အာရုဠှာတိ တေနေဝါနုက္ကမေန ဣဓာတိအာရုဠှာတိ။ တသ္မာ ပနေတေသု ဧဝံ အာရုဠှာတိ အသံကရတော ဝိဘာဂဒဿနတ္ထံ အစရှိသည်ကို မိန့်အပ်ပြီ။ ။ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရပြီး၏။

---

## အာရမ္မဏပစ္စည်း

ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ အာရမ္မဏပစ္စည်း၏ ဝိဘင်္ဂဝါရကို ဟောတော်မူ၏။ ထို၌တုံသော်လည်း ကုသလပဒ။ အကုသလပဒ။ အဗျာကတပဒအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင် ကုသလပဒကို ရှေးဦးစွာဟောတော်မူ၏။ ထို၌တုံသော်လည်း ကုသလပဒါဝသာန။ အကုသလပဒါ ဝသာန။ အဗျာကတပဒါ ဝသာနအားဖြင့် သုံးပါးအပြားရှိ၏။ထိုတွင် ကုသလပဒါဝသာနကို ရှေးဦးစွာဟောတော်မူ၏။ထို၌တုံသော်လည်း ဝိဓိ အနုဝါဒအားဖြင့်နှစ်ပါးအပြားရှိ၏။ ထိုတွင် ဝိဓိကို ရှေးဦးစွာဟောတော်မူ၏။

---

## ကုသလော ကုသလဿ

ဟောဟန်ကား ကုသလောဓမ္မော ကုသလဿဓမ္မဿ အာရမ္မဏပစ္စယေနပစ္စယော ဟူသည်တည်း။ဝိဓိကိုဟောတော်မူသည်၏အခြားမဲ့၌ အနုဝါဒကို ဟောတော်မူ၏။ ဟောဟန်ကား ဒါနံ ဒတွာ။လ။ ပစ္စယော ဟူသည်တည်း။

၄ဝ၄။ ကုသလော၊ ကုသိုလ်ဖြစ်သော။ ဓမ္မော၊ သည်။ကုသလဿ၊ သော။ ဓမ္မဿ၊ အား။အာရမ္မဏပစ္စယေန၊ဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဒါနံဒေယျဓမ္မံ၊ လှူအပ်သောဒါနဝတ္ထုကို။ဒတွာစေတ်တွာ၊ စွန့်၍။ တနည်းကား။ ဒါနံ၊လှူကြောင်းဖြစ်သော ဒါနစေတနာကို။ ဒတွာ ပရိယောဒါပေတွာ ဝိသုဒ္ဓိကတွာ၊ စင်ကြယ်ခြင်းကိုပြု၍။ တံ၊ ထို ပရိစ္စာဂ စေတနာဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို။ပစ္စဝေက္ခတိ၊ဆင်ခြင်၏။

သီလံ ပဉ္စင်္ဂဒသင်္ဂဝသေနနိစ္စသီလံ၊ပဉ္စင်ဒသင်္ဂသီလအစရှိသည်တို့၏ အစွမ်းအားဖြင့်ဖြစ်သော နိစ္စသီလကို။ သမာဒိယိတွာ ဂဏှိတွာ၊ ကောင်းစွာယူဦးဆောက်တည်ပြီး၍။ တံ၊ ထိုပဉ္စင်္ဂသီလ ဒသင်္ဂသီလအစရှိသည်တို့၏ အစွမ်းအားဖြင့်ဖြစ်သော နိစ္စသီလကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။

ဥပေါသထကမ္မံ၊ ဥပုသ်နေ့၌ သုံးအပ်သော အင်္ဂါဥပုသ်ကို။ ကတွာ၊ ဆောက်တည်ပြီး၍။ တံ၊ ထို အင်္ဂါဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို။ ပစ္စဝေက္ခတိ၊၏။

ပုဗ္ဗေ၊ ရှေး၌။ သုစိဏ္ဏာနိ၊ ကောင်းစွာအလေ့အကျက် ပြုအပ်ကုန်ပြီးသော ဒါနသီလ အင်္ဂါဥပေါသထ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ်တို့ကို။ ပစ္စဝေက္ခတိ၊၏။

ဈာနာ၊ ဈာန်မှ။ ဝုဋ္ဌဟိတွာ၊ ထ၍။ ဈာနံ၊ ဈာန်ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ သေက္ခာ၊ သေက္ခဟုဆိုအပ်သော သောတာပန်ပုဂ္ဂိုလ်တို့သည်။ဂေါတြဘုံ၊သောတာပတ္တိမဂ် ရှေးဂေါတြ

ဘုကို။ ပစ္စဝေက္ခန္တိ၊ ဆင်ခြင်ကုန်၏။ ဤ၌ ဖြစ်ကိုဗဟုဝုစ်ထား သည်။ သေက္ခာ၊ သေက္ခဟုဆိုအပ်ကုန်သော သကဒါဂါမိ အနာဂါမိ ပုဂ္ဂိုလ်တို့သည်။ ဝေါဒါနံ၊ သကဒါဂါမိမဂ် အနာဂါမိမဂ် ရှေးဝေါဒါန်ကို။ ပစ္စဝေက္ခန္တိ၊ ဆင်ခြင်ကုန်၏။ သေက္ခာ၊ သေက္ခဟုဆိုအပ်သော သောတာပန် သကဒါဂါမိ အနာဂါမိပုဂ္ဂိုလ်တို့သည်။ မဂ္ဂါ၊ မိမိရသောမဂ်မှ။ ဝုဋ္ဌဟိတွာ၊ ထ၍။ မဂ္ဂံ၊ မိမိရအပ်သောမဂ်တရားကို။ ပစ္စဝေက္ခန္တိ၊ ကုန်၏။ သေက္ခာဝါ၊ သေက္ခပုဂ္ဂိုလ်တို့သည်ရင်း။ ပုထုဇ္ဇနာဝါ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်ရင်း။ ကုသလံ၊ တေဘူမကကုသိုလ်ကို။ အနိစ္စတော အနိစ္စံဣတိ၊ အနိစ္စဟူ၍ရင်း။ ဒုက္ခတော ဒုက္ခံဣတိ၊ ဒုက္ခဟူ၍လည်းကောင်း။ အနတ္တတော အနတ္တံဣတိ၊ အနတ္တဟူ၍လည်းကောင်း။ တနည်းကား။ အနိစ္စတော အနိစ္စဝသေန၊ အနိစ္စအစွမ်းအားဖြင့်လည်းကောင်း။ ဒုက္ခတော ဒုက္ခဝသေန၊ ဒုက္ခအစွမ်းအားဖြင့် လည်းကောင်း။ အနတ္တတော အနတ္တဝသေန၊ အနတ္တအစွမ်းအားဖြင့်လည်းကောင်း။ ဝိပဿန္တိ၊ ကုန်၏။

သေက္ခာဝါ၊ တို့သည်လည်းကောင်း။ ပုထုဇ္ဇနာဝါ၊ တို့သည်လည်းကောင်း။ စေတောပရိယဉာဏေန၊ သူတပါးတို့၏စိတ်ကိုပိုင်းခြား၍သိသော စေတောပရိယ အဘိညာဉ်ဖြင့်။ ကုသလစိတ္တသမင်္ဂိဿ၊ ကုသိုလ် စိတ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်ကို။ ဇာနန္တိ၊ သိကုန်၏။ အာကာသာနဉ္စာယတန ကုသလံ၊ ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ဟူသော ကုသိုလ်သည်။ ဝိညာဏဉ္စာယတန ကုသလဿ၊ ဖြစ်ဆဲသော ဝိညာဏဉ္စာယတနကုသိုလ်အား။ အာရမ္မဏပစ္စယေန၊ ဖြင့်။ ပစ္စယော ဥပကာရကော၊ သည်။ ဟောတိ၊ ဖြစ်၏။ အာကိဉ္စညာယတန ကုသလံ၊ ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ်သည်။ နေဝသညာ နာသညာယတန ကုသလဿ၊ ဖြစ်ဆဲသော နေဝသညာ နာသညာယတန ကုသိုလ်အား။ အာရမ္မဏပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

ကုသလာ၊ကုသိုလ်ဖြစ်ကုန်သော။ခန္ဓာ၊တို့သည်။ဣဒ္ဓိဝိဓဉာဏဿစ၊ ဣဒ္ဓိဝိဓဉာဏ်အားလည်းကောင်း။ စေတောပရိယ ဉာဏဿစ၊ စေတော ပရိယ ဉာဏ်အား လည်းကောင်း။ ပုဗ္ဗေနိဝါသာ နုဿတိ ဉာဏဿစ၊ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်အား လည်းကောင်း။ ယထာကမ္မုပဂ ဉာဏဿစ၊ ယထာကမ္မုပဂ ဉာဏ်အား လည်းကောင်း။ အနာဂတံသ ဉာဏဿစ၊ အနာဂတံသ ဉာဏ်အား လည်းကောင်း။ အာရမ္မဏ ပစ္စယေန၊အာရမ္မဏ ပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော၊သည်။ ဟောတိ၊၏။

**အမှာ** ဒါတဗ္ဗန္တိဒါနံ၊ ဒေယျဓမ္မဒါနဝတ္ထု ရစေ။ ဒီယတိ တောယာတိဒါနံ၊ ဒါနစေတနာ ရစေ။ ။ကုသလာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ အစရှိသည်ကား ဓမ္မဓိဋ္ဌာန် ဒေသနာ။ စေတောပရိယဉာဏေန အစရှိသည်ကား ပုဂ္ဂလ ဓိဋ္ဌာန်ဒေသနာ။ ထို့ကြောင့် အဋ္ဌကထာ၌ ကုသလာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿာတိ အာဒီဟိ ပုဂ္ဂလံ အနာမသိတွာ ဓမ္မဝသေန ဒေသိတ၊တေနေဝေတ္ထ ဟေဋ္ဌာ ဂဟိတမ္ပိ စေတောပရိယဉာဏံ ပုန ဝုတ္တံတိ မိန့်အပ်ပြီ။

အဓိပ္ပါယ်ကား ကုသိုလ်ဓမ္မသည် ကုသိုလ်ဓမ္မအား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပေ၏။ အဘယ်သို့ ကျေးဇူးပြုသနည်းဟူမူကား။ အန္နပါန အစရှိသော ဒါနဝတ္ထုတို့ကိုလှူပြီး၍ ပရိစ္စာဂ စေတနာ ဝိသောဓန စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်သောအခါ ပရိစ္စာဂ စေတနာ ဝိသောဓန စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပဉ္စင်္ဂသီလ ဒသင်္ဂသီလကို ဆောက်တည် ပြီး၍ ပဉ္စင်္ဂသီလ ဒသင်္ဂသီလစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်သော အခါ ပဉ္စင်္ဂသီလဒသင်္ဂသီလစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပေ၏။ အဋ္ဌင် ဥပုသ်ကိုဆောက်တည်ပြီး၍ အဋ္ဌင် ဥပေါ

သထ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်သောအခါ အဋ္ဌက် ဥပေါသထ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပေ၏။

ရှေး၌ အလေ့အကျက် ပြုအပ်ကုန်ပြီးသော ဒါန သီလ အဋ္ဌက် ဥပေါသထ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်သောအခါ ရှေး၌ အလေ့ အကျက် ပြုအပ်ကုန်ပြီးသော ဒါန သီလ အဋ္ဌက်ဥပေါသထ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပေ၏။ မဟဂ္ဂုတ်ကုသိုလ် ဈာန်မှထ၍ မဟဂ္ဂုတ်ကုသိုလ် ဈာန်ကို ဆင်ခြင်သောအခါ မဟဂ္ဂုတ်ကုသိုလ် ဈာန်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပေ၏။

သေက္ခဟု ဆိုအပ်သော သောတာပန် ပုဂ္ဂိုလ်တို့သည် သောတာပတ္တိမဂ် ရှေးဂေါတြဘုကို ဆင်ခြင်သောအခါ ဂေါတြဘုကိစ္စတပ်သော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား ။လ။၏။ သေက္ခဟုဆိုအပ်သော သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်တို့သည် သကဒါဂါမိမဂ် အနာဂါမိမဂ် ရှေးဝေါဒါန်ကို ဆင်ခြင်သောအခါ ဝေါဒါန် ကိစ္စတပ်သော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား။လ။၏။ သေက္ခဟု ဆိုအပ်သော သောတာပန်။လ။ ပုဂ္ဂိုလ်တို့သည် မိမိတို့ရသောမဂ်မှထ၍ မိမိရသော မဂ်ကိုဆင်ခြင်သောအခါ မိမိရသော မဂ်သည်ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပေ၏။ သေက္ခပုထုဇဉ်ပုဂ္ဂိုလ်တို့သည် တေဘူမိကကုသိုလ်ကို အနိစ္စ ဒုက္ခ အနတ္တဟုဝိပဿနာပြုသောအခါ တေဘူမိက ကုသိုလ်သည် ဝိပဿနာပြုသော ကာမကုသိုလ်အား။လ။၏။

သေက္ခ ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် စေတောပရိယ အဘိညာဉ်ဖြင့် လွန်လေပြီးသော ခုနစ်ရက်မှစ၍ လာလတ္တံ့သော ခုနစ်ရက်

တိုင်အောင် ကာလသုံးပါး၌ တည်သော အရဟတ္တမဂ် ကြဉ်သော သုံတပါးတို့၏ ကုသိုလ်ဝိသကိုပိုင်းခြား၍ သိသောအခါ သုံတပါးတို့၏ ကုသိုလ်ဝိသသည် စေတောပရိယ ကုသိုလ် အဘိညာဉ်။ ထိုအဘိညာဉ်၏ နောက်၌ ဖြစ်ဘူးသော ကာမကုသိုလ်အား။လ။၏။ ဤဘဝ ရှေးဘဝ အဇ္ဈတ္တ သန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်သည် ဖြစ်ဆဲသော ဝိညာဏဉ္စာယတန ကုသိုလ်အား ဤဘဝရှေးဘဝ အဇ္ဈတ္တ သန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတနကုသိုလ်သည် ဖြစ်ဆဲသော နေဝသညာ နာသညာ ယတန ကုသိုလ်အား။လ။၏။ ပါဒက ဖြစ်သော ရူပါဝစရကုသိုလ် ပဥ္စမဈာန်သည် ဣဒ္ဓိဝိဓကုသိုလ် အဘိညာဉ်အား။ လွန်လေပြီးသော ခုနစ်ရက်မှစ၍ လာလတ္တံ့သော ခုနစ်ရက် တိုင်အောင် ကာလသုံးပါး၌ တည်သော အရဟတ္တမဂ် ကြဉ်သော သုံတပါးတို့ ကုသိုလ်ဝိသသည် စေတောပရိယကုသိုလ် အဘိညာဉ်အား။ ပုဗ္ဗေနိဝုတ္ထ ဖြစ်သော အရဟတ္တ မဂ်ကြဉ်သော ကုသိုလ်ဝိသသည် ပုဗ္ဗေနိဝါသာ နုဿတိ ကုသိုလ် အဘိညာဉ်အား။ အတိတ်ဖြစ်သော လောကီ ကုသိုလ်ကံသည် ယထာကမ္မုပဂ ကုသိုလ် အဘိညာဉ်အား။ အနာဂတ် ဖြစ်သော အရဟတ္တမဂ် ကြဉ်သော ကုသိုလ်ဝိသသည် အနာဂတံသ ကုသိုလ် အဘိညာဉ်အား အာရမ္မဏသတ္တိ။လ။၏။ ဝိဓိပါဠိတော်ပါဌ်၌ ကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝိသ။စေ။ အဋ္ဌတိံသ ပစ္စည်း။၏။

ကုသလဿဓမ္မဿ ဟူသော သမ္ပဒါန်ပုဒ်၏ အရကား မဟာကုသိုလ်ရှစ်ခု ဝိညာဏဉ္စာယတန ကုသိုလ် နေဝသညာ နာသညာယတနကုသိုလ် ဣဒ္ဓိဝိဓ စေတောပရိယ ပုဗ္ဗေနိဝါသာနုဿတိ ယထာကမ္မုပဂအနာဂတံသကုသိုလ်အဘိညာဉ် ဝိရတိ အပ္ပမညာ ကြဉ်သော။စေ။ တေတ္တိံသ နာမက္ခန္ဓာ ပစ္စယုပ္ပန်။၏။ ။ဤကား အကျဉ်းတည်း။

တနည်းကဆိုအပ်ပြီးသော ပုဒ်၏ အရကား မဟာကုသိုလ် ဉာဏဝိပ္ပယုတ် စိတ်လေးခုအားတပ်သော လောကီကုသိုလ် သတ္တရသ၊ မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခုအားတပ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ။ ဝိညာဏဉ္စာယတန ကုသိုလ်အား တပ်သော ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်။နေဝသညာ နာသညာယတန ကုသိုလ်အား တပ်သော ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ်၊ ဇုဗ္ဗိဝိစေကုသိုလ် အဘိညာဉ်အား တပ်သော ပါဒကဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်။စေတောပရိယကုသိုလ်အဘိညာဉ်အားတပ်သော လွန်လေပြီးသော ခုနစ်ရက်မှစ၍ လာလတ္တံ့သော ခုနစ်ရက်တိုင်အောင် ကာလသုံးပါး၌ တည်သော အရဟတ္တမဂ်ကြဉ်သော သူတပါးတို့၏ ကုသိုလ်ဝီသ။ ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်အား တပ်သော ပုဗ္ဗေနိဝုတ္ထဖြစ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ။ ယထာကမ္မုပဂကုသိုလ် အဘိညာဉ်အား တပ်သော အတိတ် ဖြစ်သော လောကီကုသိုလ်ကံ။ အနာဂတံသ ကုသိုလ် အဘိညာဉ်အား တပ်သော အနာဂတ်ဖြစ်သော အရဟတ္တမဂ် ကြဉ်သော ကုသိုလ်ဝီသ။ စေ။အဋ္ဌတိံသ ပစ္စည်းတရားရ၏။ သမ္ပဒါန်ပုဒ်၏ အရကား ကောက်ကြ။ ။အာရမ္မဏ ပစ္စယေနဟူသော ကရိုဏ်းပါဠ်၏ အရကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော အာရမ္မဏ အာရမ္မဏ အဓိပတိ အာရမ္မဏူပနိဿယ ဤသုံးပစ္စယ်တို့တွင် အာရမ္မဏသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။ ထိုသုံးပါးတို့တွင် အရကား ပဓာနအားဖြင့် ကဆိုအပ်သတည်း။

ဒါနံဒတွာ တံ ပစ္စဝေက္ခတိဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ ဒါန်၏ အရကို အနူပါန အစရှိသော ဒါနဝတ္ထု ဒါနစေတနာယူ၍၊ဒတွာတံ၏ အရကို ပရိစ္စာဂ စေတနာဝိသော မနစေတနာပြဌာန်းသော ကာမကုသိုလ်ယူ၍။ပစ္စဝေက္ခတိ၏အရကို ဆင်ခြင်သော ကာမကုသိုလ်ယူ၍။ ပရိစ္စာဂ စေတနာ

ဝိသောဓန စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်း တပ်ဟန်ကား အနန္တ ပါန ဃရဝတ္ထု အစရှိသော ဒါနဝတ္ထုကို လှူလိုလတ်သည်ရှိသော် ထိုဒါယကာ၏ပဋိသန္ဓေစိတ်နှင့်တူသောစိတ်သည် ကံ။ ကမ္မနိမိတ်။ ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကိုအာရုံပြု၍ ဘဝင်စလန ဘဝင်ုပစ္ဆေဒ ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် အနန္တ ပါန ဃရဝတ္ထု အစရှိသော ဒါနဝတ္ထုကို ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဝိဘူတာရုံဝီထိဖြစ်အံ့ တဒါရုံကိစ္စ နှစ်ကြိမ်။ ထို့နောင် ကာမဘဝင်ဖြစ်ထိုက်သည်သာဖြစ်၏။ အဝိဘူတာရုံ ဝီထိဖြစ်အံ့ ပဋ္ဌဝေါကာရဘဝင်တဆဲ့ငါးခုတို့တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ်ထိုက်သည်သာဖြစ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့်အနန္တပါနအစရှိသောဒါနဝတ္ထုကို လှူ၏။ ထို့နောင် ဒါနဝတ္ထုကို အာရုံပြု၍ တဒနုဝတ္တက မနောဒွါရဝီထိတို့သည် ဖြစ်ကုန်၏။

အနန္တ ပါန ဃရဝတ္ထု အစရှိသော ဒါနဝတ္ထုကို လှူပြီးသော ဒါယကာသည် ပရိစ္စာဂစေတနာ ဝိသောဓန စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်လိုလတ်သော် မိမိပဋိသန္ဓေ စိတ်နှင့်တူသောစိတ်သည် ကံ။ ကမ္မနိမိတ်။ ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်စလန ဘဝင်ုပစ္ဆေဒဟု ဘဝင်ကိစ္စဖြစ်၍ချုပ်၏။ ထို့နောင် ပရိစ္စာဂစေတနာ ဝိသောဓန စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စ ခုနစ်ကြိမ်။ ထို့နောင် ဝိဘူတာရုံ ဝီထိဖြစ်အံ့ တဒါရုံကိစ္စ နှစ်ကြိမ်။ ထို့နောင် ကာမဘဝင်။ အဝိဘူတာရုံဝီထိဖြစ်အံ့ ပဋ္ဌဝေါကာရဘဝင် ဖြစ်ထိုက်သည်သာဖြစ်၏။ ထို့နောင် ပရိစ္စာဂစေတနာ ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို အာရုံပြု၍ တဒနုဝတ္တကမနောဒွါရဝီထိတို့သည် များစွာဖြစ်ကုန်၏။

ထိုသို့ဖြစ်သောအခါ ဒတွာတံ၏ အရဖြစ်သော ပရိစ္စာဂ စေတနာ ဝိသောဓနေ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍။ ဝိမိဋ္ဌကုသလော ဓမ္မောဟု အနုဝါဒပါဠိတော်ပါဌ်၌ ပစ္စဝေက္ခတိ၏ အရဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍။ ဝိမိဋ္ဌလည်းကောင်း ကုသလဿ ဓမ္မဿ ဟု ပရိစ္စာဂစေတနာ ဝိသောဓနေ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသောအဖြစ်ကို အာရမ္မဏပစ္စယေန ပစ္စယော ဟု ဟောတော်မူ၏။

သီလံ သမာဒိယိတွာ တံ ပစ္စဝေက္ခတိဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ သီလံ၏ အရကို ပဉ္စင်္ဂသီလ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍။ ပစ္စဝေက္ခတိ၏ အရကို ဆင်ခြင်သော မဟာကုသိုလ်ယူ၍။ ပဉ္စင်္ဂသီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား ပါဏာတိပါတ အစရှိသောကံငါးပါးမှ ကြဉ်လိုလတ်သည်ရှိသော် မိမိပဋိသန္ဓေစိတ်နှင့်တူသောစိတ်သည်။ လ။ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ပါဏာတိပါတမှ ကြဉ်သည်ဖြစ်အံ့ ရုပ်ဇီဝိတိန္ဒြေကိုလည်းကောင်း ထိုရုပ်ဇီဝိတိန္ဒြေကို အာရုံပြု၍ဖြစ်သော အကုသိုလ် စေတနာ ပြဋ္ဌာန်းသော ဒေါသမူ မောဟမူ စိတ္တုပ္ပါဒ်။ ထိုစိတ္တုပ္ပါဒ်ကြောင့် ဖြစ်သော ကာယ ဝိညတ်ကိုလည်းကောင်း အာရုံပြု၍။ ။ အဒိန္နာဒါနမှကြဉ်သည်ဖြစ်အံ့ သူ့ဥစ္စာကိုလည်းကောင်း။ ထိုဥစ္စာကို အာရုံပြု၍ဖြစ်သော အကုသိုလ် စေတနာပြဋ္ဌာန်းသော အကုသိုလ်ဒွါဒသစိတ္တုပ္ပါဒ်။ ထိုစိတ္တုပ္ပါဒ်ကြောင့် ဖြစ်သော ကာယ ဝိညတ်ကို လည်းကောင်း အာရုံပြု၍။ ။ကာမေသုမိစ္ဆာစာရမှ ကြဉ်သည်ဖြစ်အံ့ မာတုရက္ခိတ အစရှိသော မိန်းမကိုသော်လည်း

ကောင်း။ ထိုမိန်းမကို အာရုံပြု၍ဖြစ်သော အကုသိုလ် စေတနာ ပြဋ္ဌာန်းသော လောဘမူ မောဟမူ စိတ္တုပ္ပါဒ်။ ထိုစိတ္တုပ္ပါဒ်ကြောင့် ဖြစ်သော ကာယဝိညတ်ကိုလည်းကောင်း အာရုံပြု၍။ ။မုသာဝါဒမှ ကြဉ်သည် ဖြစ်အံ့ မဟုတ်မမှန်သော ဝတ္ထုကိုလည်းကောင်း။ ထိုမဟုတ်မမှန်သော ဝတ္ထုကို အာရုံပြု၍ ဖြစ်သော အကုသိုလ် ဒွါဒသ စိတ္တုပ္ပါဒ်။ ထိုစိတ္တုပ္ပါဒ်ကြောင့်ဖြစ်သော ကာယဝိညတ် ဝစီဝိညတ်ကိုလည်းကောင်း အာရုံပြု၍။ ။သုရာမေရယ မဇ္ဇပမာဒဋ္ဌာနမှ ကြဉ်သည်ဖြစ်အံ့ ယစ်မျိုးကိုလည်းကောင်း။ ထိုယစ်မျိုးကို အာရုံပြု၍ဖြစ်သော အကုသိုလ်စေတနာပြဋ္ဌာန်းသော လောဘမူ မောဟမူစိတ္တုပ္ပါဒ်။ ထိုစိတ္တုပ္ပါဒ်ကြောင့် ဖြစ်သော ကာယဝိညတ်ကိုလည်းကောင်း အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဝိဘူတာရုံဖြစ်အံ့ တဒါရုံဧကာဒသ တို့တွင် တခုခုသည် တဒါရုံကိစ္စနှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်လိုက်သရွေ့ ဖြစ်၏။ ဤစိတ္တုပ္ပါဒ်ဖြင့် ပါဏာတိပါတ အစရှိသောအမှုမှကြဉ်၏။ ထို့နောင် ထိုကိုအာရုံပြု၍ ဖြစ်သော တဒနုဝတ္တက မနောဒွါရဝီထိ ဖြစ်လိုက်သရွေ့ဖြစ်၏။ ။ပါဏာတိပါတအစရှိသောအမှုမှကြဉ်ပြီးသော ပုဂ္ဂိုလ်သည် ပဋ္ဌဂ်သီလ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်လိုလတ်သော် မိမိပဋ္ဌိသန္ဓေ။ဃ။ ဘဝင်စလန ဘဝင်္ဂုပစ္ဆေဒဖြစ်၍ချုပ်၏။ ထို့နောင် ပဋ္ဌဂ်သီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စခုနစ်ကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင် ဝိဘူတာရုံဝီထိဖြစ်အံ့ တဒါရုံဧကာဒသတို့တွင် တခုခုသည် တဒါရုံကိစ္စနှစ်ကြိမ်။ ထို့နောင် ကာမဘဝင်။ အဝိဘူတာရုံဝီထိဖြစ်အံ့ ကာမဘဝင်ဖြစ်လိုက်သရွေ့ဖြစ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ပဋ္ဌဂ်သီလစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကိုဆင်ခြင်၏။ ထို့နောင် ထိုအာရုံကိုအာရုံပြု၍ တဒနုဝတ္တက မနောဒွါရဝီထိ ဖြစ်လိုက်သရွေ့ဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဠ်၌ သီလံသမာဒိယိတွာတံ၏အရဖြစ်သော ပဉ္စက်သီလစေတနာပြဋ္ဌာန်းသောကာမကုသိုလ်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍။ဝိမိဋ္ဌ ကုသလော ဓမ္မော ဟု အနုဝါဒပါဠိတော်ပါဠ်၌ ပစ္စဝေက္ခတိ၏ အရဖြစ်သော ဆင်ခြင်သောအခါ ကာမကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍။ ဝိမိဋ္ဌရင်း ကုသလဿ ဓမ္မဿဟု ပဉ္စက်သီလ စေတနာ ပြဋ္ဌာန်းသော ကာမ ကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသော အဖြစ်ကိုအာရမ္မဏ ပစ္စယေန ပစ္စယောဟု ဟောတော်မူ၏။ ။ဤဝိထိကား ပဉ္စက်သီလဘို့။

သီလံ သမာဒိယိတွာ တံ ပစ္စဝေက္ခတိဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ သီလံ သမာဒိယိတွာတံ၏အရကို ဒသက်သီလစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍။ပစ္စဝေက္ခတိ၏အရကို ဆင်ခြင်သော ကာမကုသိုလ်ယူ၍။ ဒသက်သီလစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏ။လ။၏။

ပစ္စည်းတင်ဟန်ကား ပါဏာတိပါတအစရှိသော ကံဆယ်ပါးမှ ကြဉ်လိုလတ်သော် မိမိ။လ။ဘဝင်္ဂစလနဘဝင်္ဂုပစ္ဆေဒ။ထို့နောင် ပါဏာတိပါတမှကြဉ်သည်ဖြစ်အံ့ ဆိုမြဲ။ အဒိန္နာဒါန ဆိုမြဲ။ ။ အဗြဟ္မစရိယမှကြဉ်သည်ဖြစ်အံ့ သူတော်ကောင်းတို့သည် စက်ဆုပ်အပ်သော မေထုန်အကျင့်ကို သော်ရင်း။ ထိုအကျင့်ကို အာရုံပြု၍ ဖြစ်သော အကုသိုလ်စေတနာပြဋ္ဌာန်းသော လောဘမူ မောဟမူ စိတ္တုပ္ပါဒ်ကိုလည်းကောင်း အာရုံပြု၍။ ။မုသာဝါဒါ ပိသုဏာဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပဝါစာမှ ကြဉ်သည်ဖြစ်အံ့ လောဘမူ ဒေါသမူ မောဟမူ စိတ္တုပ္ပါဒ်။ သဝိညတ္တိ က ဝစီဘေဒ သဒ္ဒဟု ဆိုအပ်သော ဝစီဝိညတ်ကို လည်းကောင်း။ ထိုဝစီဝိညတ်ကို အာရုံပြု၍ ဖြစ်သော အကုသိုလ်စေတနာပြဋ္ဌာန်းသော အကုသိုလ် ဒွါဒသ စိတ္တုပ္ပါဒ်ကို လည်းကောင်း အာရုံပြု၍။ ။သုရာမေရယ မဇ္ဇပမာဒဋ္ဌာနဆိုမြဲ။ ။ဝိကာလဘောဇနမှ ကြဉ်သည်ဖြစ်အံ့

ဘောဇဥ်၌ တည်သော ရူပါရုံအစရှိသော အစိတ်အပေါင်းရုပ်ကို လည်းကောင်း။ ထိုဘောဇဥ်၌တပ်သော လောဘမူပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကို လည်းကောင်း အာရုံပြု၍။ ။နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿနမှကြဥ်သည်ဖြစ်အံ့ ကခြင်း သီခြင်း တီးမှုတ်ခြင်း အစရှိသော ရူပါရုံ သဒ္ဒါရုံကိုလည်းကောင်း။ထိုအာရုံ၌တပ်သော လောဘပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုလည်းကောင်း အာရုံပြု၍။ ။ မာလာဂန္ဓ ဝိလေပန မာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနမှ ကြဥ်သည် ဖြစ်အံ့ နံ့သာပန်းအစရှိသည်တို့ဖြင့် ဆင်ယင်ခြင်းအစရှိသောရူပါရုံ ဂန္ဓာရုံ ဖေါဋ္ဌဗ္ဗာရုံကိုလည်းကောင်း။ထိုအာရုံ၌တပ်သော လောဘ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကို လည်းကောင်းအာရုံပြု၍။ ဥစ္စာသယန မဟာသယနမှကြဥ်သည်ဖြစ်အံ့ မြင့်သောနေရာ မြတ်သောနေရာ၌ တည်သောရူပါရုံ ဖေါဋ္ဌဗ္ဗာရုံကိုလည်းကောင်း ထိုအာရုံ၌တပ်သော လောဘပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုသော်လည်းကောင်း အာရုံပြု၍ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏမှ ကြဥ်သည်ဖြစ်အံ့ ထိုဇာတရူပ ရဇတ၌တည်သော ရူပါရုံ ဖေါဋ္ဌဗ္ဗာရုံကိုလည်းကောင်း ထိုအာရုံ၌ တပ်သော လောဘပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကို သော်လည်း ကောင်း အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။၏။ထို့နောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စခုနစ်ကြိမ်။ထို့နောင် ဝိဘူတာရုံ ဝီထိဖြစ်အံ့ တဒါရုံ ကောဒသတို့တွင် တခုခုသည် တဒါရုံကိစ္စ နှစ်ကြိမ်။ ထို့နောင် ကာမဘဝင်။အဝိဘူတာရုံဝီထိဖြစ်အံ့ ဘဝင် ဖြစ်ထိုက်သန္လေဖြစ်၏။ ဤဝီထိစိတ္တုပ္ပါဒ် တို့ဖြင့် ပါဏာတိပါတ အစရှိသော အမှုမှကြဥ်၏။ ထို့နောင် ထိုအာရုံကို အာရုံပြု၍ တဒနုဝတ္တက မနောဒွါရဝီထိ ဖြစ်ထိုက်သန္လေဖြစ်၏။

ပါဏာတိပါတအစရှိသောအမှုမှကြဥ်ပြီးသော ပုဂ္ဂိုလ်သည် ဒသက်သီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်လို လတ်သော် မိမိပဋိသန္ဓေ။ လ။ ဘဝင်စလန ဘဝင်ုပစ္ဆေဒဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ဒသက်သီလစေတနာပြဋ္ဌာန်း သော ကာမကုသိုလ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင်

မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဝိဘူတာရုံဝီထိဖြစ်အံ့ တဒါရုံကောဒသတို့တွင် တခုခုသည် တဒါရုံကိစ္စနှစ်ကြိမ်။ ထို့နောင် ကာမဘဝင်။အဝိဘူတာရုံဝီထိဖြစ်အံ့ ဘဝင်ဖြစ်ထိုက်သန္ဓေဖြစ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ဒသင်္ဂသီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကိုဆင်ခြင်၏။ ထို့နောင် ထိုအာရုံကို အာရုံပြု၍ တဒနုဝတ္တက မနောဒွါရဝီထိတို့သည် ဖြစ်ထိုက်သန္ဓေဖြစ်ကုန်၏။

ထိုသို့ဖြစ်သောအခါ အံနုဝါဒပါဠိတော်ပါဠ်၌ သီလံ သမာဒိယိတွာ တံ၏အရဖြစ်သော ဒသင်္ဂသီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကိုပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိမ်၌ ကုသလေဒမ္မောဟု။ အနုဝါဒပါဠိတော်ပါဠ်၌ ပစ္စဝေက္ခတိအရဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိမ်၌လည်းကောင်း ကုသလဿဓမ္မဿဟု ဒသင်္ဂသီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသောအဖြစ်ကို အာရမ္မဏပစ္စယေနပစ္စယောဟု ဟောတော်မူ၏။ ။ဤဝီထိကား ဒသင်္ဂသီလဘို့။

ဥပေါသထကမ္မံ ကတွာ တံ ပစ္စဝေက္ခတိဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ ဥပေါသထကမ္မံ ကတွာ တံ၏အရကို အဋ္ဌင်္ဂဥပေါသထ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍။ ပစ္စဝေက္ခတိ၏အရကို ဆင်ခြင်သော ကာမကုသိုလ်ယူ၍။ အဋ္ဌင်္ဂသီလ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတစ်ဟန်ကား ပါဏာတိပါတ်အစရှိသော ကံရှစ်ပါးမှ ကြဉ်လိုလတ်သည်ရှိသော် မိမိ။လ။ ဘဝင်စလန ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် ပါဏာတိပါတဆိုမြဲ အဒိန္နာဒါနဆိုမြဲ။ အံဖြဟ္မစရိယဆိုမြဲ။ မုသာဝါဒ။ ပိသုဏာဝါစာ။ ဖရုသဝါစာ။သမ္ဖပ္ပလာပဆိုမြဲ။

သုရာမေရယဆိုမြ။ ဝိကာလဘောဇနဆိုပြ။ ။နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနမှကြဉ်သည်ဖြစ်အံ့ ကခြင်း။လ။ကိုရှင်း။ နံ့သာပန်းစသည်ဖြင့် ဆင်ယင်ခြင်း။လ။ကိုလည်းကောင်း အာရုံပြု၍။ ဥစ္စာသယန မဟာသယန။လ။ ကိုရှင်း အာရုံပြု၍ မနော။လ။ မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စခုနစ်ကြိမ်။ ထို့နောင် ဝိဘူတာရုံဝီထိဖြစ်အံ့ တဒါရုံဘဝင်။ အဝိဘူတာရုံဝီထိဖြစ်အံ့ ဘဝင်ဖြစ်ထိုက်သည်သာဖြစ်၏။ ။ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ပါဏာတိပါတ အစရှိသောအမှုမှ ကြဉ်၏။ အကြွင်း ဒသက်ဆိုရိုးနှင့်တူပြီ။ ဒသက်သီလကို အဋ္ဌင်္ဂသီလလည်း၍ ဆိုသည်သာထူးသည်။ ။ဤဝီထိကား အဋ္ဌင်္ဂသီလဘို့။

**အမှာ** ပဉ္စင်္ဂသီလကား လူတို့၌။ ဒသက်သီလကား သာမဏေတို့၌ နိစ္စသီလတည်း။ အာဒိဝန်ကား ရဟန်းပဉ္စင်းတို့၌ စတုပါရိသုဒ္ဓိသီလဝတ္တသီလတို့ကို ယူရာ၏။ အဋ္ဌင်္ဂသီလကား ဥပုသ်နေ့၌ လူတို့ဆောက်တည်ရသော ဥပေါသထကမ္မတည်း။ စွမ်းနိုင်လျှင် နေ့တိုင်းမပြတ်ပင် ဆောက်တည်အပ်၏။

ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ ပုဗ္ဗေ သုစိဏ္ဏာနိ၏အရကို ရှေး၌အလေ့အကျက်ပြုအပ်ကုန်ပြီးသော ဒါန သီလ အဋ္ဌင်္ဂဥပေါသထစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍။ ပစ္စဝေက္ခတိ၏အရကို ဆင်ခြင်သော ကာမကုသိုလ်ယူ၍။ ရှေး၌အလေ့အကျက်ပြုအပ်ကုန်သော ဒါနသီလ အဋ္ဌင်္ဂဥပေါသထစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား။လ။ ၏။

ပစ္စည်းတပ်ဟန်ကား ရှေး၌အလေ့အကျက် ပြုအပ်ကုန်သော ဒါနသီလအဋ္ဌင်္ဂ ဥပေါသထစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကိုဆင်ခြင်လိုလတ်သော်မိမိပင့်။လ။ဘဝင်္ဂစလနဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် ရှေး၌အလေ့အကျက်ပြုအပ်ကုန်သောဒါနသီလအဋ္ဌင်္ဂဥပေါသထစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကိုအာရုံပြု၍ မနောဒွါ

ရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စခုနစ်ကြိမ်။ ထို့နောင် ဝိဘူတာရုံဝီထိဖြစ်အံ့ တဒါရုံ ကာမဘဝင်။အဝိဘူတာရုံဝီထိဖြစ်အံ့ ဘဝင်ဖြစ်ထိုက်သန္တေဖြစ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ရှေး၌အလေ့အကျက် ပြုအပ်ကုန်ပြီးသော ဒါန သီလ အင်္ဂါ ဥပေါသထ စေတနာ ပြဋ္ဌာန်းသော ကာမ ကုသိုလ်တို့ကို ဆင်ခြင်၏။ ထို့နောင် ထိုအာရုံကို အာရုံပြု၍ တဒနုဝတ္တက မနောဒွါရဝီထိ ဖြစ်ထိုက်သန္တေဖြစ်၏။

ထိုသို့ဖြစ်သောအခါအနုဝါဒပါဠိတော်ပါဠိ၌ ပုဗ္ဗေ သုစိဏ္ဏာနိ အရဖြစ်သော ရှေး၌ အလေ့အကျက် ပြုအပ်ကုန်ပြီးသော ဒါန သီလ အင်္ဂါ ဥပေါသထစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍။ ဝိမိဉ္စကုသလော ဓမ္မောဟု အနုဝါ ဒပါဠိတော်ပါဠိ၌ ပစ္စဝေက္ခတိ၏ အရဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိမိဉ္စလည်း ကောင်း ကုသလဿဓမ္မဿဟု ရှေး၌ အလေ့အကျက်ပြုအပ်ကုန် ပြီးသော ဒါန သီလ အင်္ဂါ ဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏာ သတ္တိဖြင့်။လ။၏။

**အမှာ** ဝိရတိကား တစုံတယောက်သော သူ၏အထံ၌ မဆောက်တည်မူ၍မိမိအလိုလိုပါဏာတိပါတအစ ရှိသည်မှကြဉ်ရှောင်သော သမ္ပတ္တဝိရတိ။ တစုံတယောက်သော သူအထံ၌ဆောက်တည်၍ကြဉ်ရှောင်သောသမာဒါနဝိရတိ။မဂ်ဖြင့် ကိလေသာကိုဖြတ်ခြင်းဟုဆိုအပ်သောသမုစ္ဆေဒဝိရတိဟူ၍သုံးပါး တို့တွင် သီလံ သမာဒိယိတွာတိ ပဥ္စင် ဒသင်္ဂါဒိဝသေန နိစ္စသီလံ ဂဏှိတွာ ဇူမိနာ သမာဒါနဝိရတိယောဝ ဒဿိတာ ဟုအဋ္ဌကထာ ၌ဆိုသောကြောင့် သမာဒါနဝိရတိကို ယူအပ်၏။ ။သမ္ပတ္တ ဝိရတိ သမုစ္ဆေဒဝိရတိယောပနလောကေ သီလင်္ဂ အပါကဋတ္တာ နဝုတ္တာ။ ကိဉ္စာပိ နဝုတ္တာ။ အာရမ္မဏာပစ္စယာ ပန ဟောန္တိ ယေဝ။ ။အဋ္ဌကထာပါဠိ အမိပ္ပါယ်ကား သမ္ပတ္တဝိရတိ သမုစ္ဆေဒ

ဝိရတိတို့ကို လောကုတ္တ သီလဟူ၍မထင်ရှားသောကြောင့် ဤ၌ မဟောအပ်ကုန်။ ထိုသို့ပင် မဟောအပ်သော်လည်း အာရမ္မဏ ပစ္စည်းဖြစ်ကုန်၏ ဟူလိုသည်။ ။တတ္ထ သမုစ္ဆေဒဝိရတိ သေက္ခာနံ ယေဝ ကုသလဿ အာရမ္မဏံ ဟောတိ နတ္ထုတရေသံ ဟုအဋ္ဌ ကထာပါဠိ၌ ဆိုသောကြောင့် သေက္ခပုဂ္ဂိုလ်တို့အား သမုစ္ဆေဒ ဝိရတိသည် အာရမ္မဏပစ္စည်းဖြစ်၏။

ဈာနာ ဝုဋ္ဌဟိတွာ ဈာနံပစ္စဝေက္ခတိ ဟူ၍ ဟောတော်မူအပ် သော အနုဝါဒပါဠိတော်ပါဠ်၌ ဈာနံ၏အရကို မဟဂ္ဂုတ်ကုသိုလ် ဈာန်ကိုးခုယူ၍ ပစ္စဝေက္ခတိ၏အရကိုဆင်ခြင်သော ကာမကုသိုလ် ကိုယူ၍ မဟဂ္ဂုတ်ကုသိုလ်**ဈာန်ကိုးခုသည်** ဆင်ခြင်သော ကာမ ကုသိုလ်အား **အာရမ္မဏ။ လ။**

ပစ္စည်းတစ်ပါ**န်ကား ပဉ္စမဈာန်ကိုရလတ္တံ့**သောတိဟိတ်ကာမ ပုဂ္ဂိုလ်သည် ပထဝီကသိုဏ်းအစရှိသော ပညတ် ပဋိဘာဂနိမိတ် ကို အာရုံပြု၍ ပထဝီ ပထဝီအစရှိသောအားဖြင့် စီးဖြန်းဖန်များ၍ ပဉ္စမဈာန်ကို ရလိုလတ်သော် မိမိ ပဋိ။လ။ ဘဝင်္ဂစလန ဘဝင်္ဂု ပစ္ဆေဒ။၏။ထို့နောင် ပထဝီ အစရှိသော ပညတ် ပဋိဘာဂနိမိတ် ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ပဉ္စမ ဇွေးတို့တွင် တခုခုသည် မန္ဒ တိက္ခအား လျော်စွာ ပရိကံ ဥပစာ အနုလုံဂေါ်တြဘူဟု လေးကြိမ် သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက် မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက်။ ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရူပါဝစရ ကုသိုလ် ပဉ္စမဈာန်သည် အာဒိကမ္မိကဖြစ်၍ တကြိမ်သာ၊အပ္ပနာ သမာဓိဇောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ကာမတိဟိတ် ဘဝင် လေးခုတို့တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။

ပဉ္စမဈာန်ကိုရပြီးသော တိဟိတ် ကာမရူပပုဂ္ဂိုလ်သည် ပဉ္စမ ဈာန်၌ အကျုံးဝင်သော ဝိတက်ကိုဆင်ခြင်လိုလတ်သော် မိမိပဋိ သန္ဓေ။လ။ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ။လ။ ထို့နောင် ဝိတက်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ရှစ်ခု

တို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇောကိစ္စ ခုနစ်ကြိမ် ၊လေးကြိမ် ငါးကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ဖြစ်၏။ ဤဝီထိဖြင့် ငါရသော ပဉ္စမဈာန်ကား ဝိတက်ဟူသောဈာန်အင်္ဂါ ရှိ၏ဟု သိ၏။ ထို့အတူ ဝိစာရကိုဆင်ခြင်သည့် တဝီထိ။ ပီတိကို ဆင်ခြင်သည် တဝီထိ။ သုခကို ဆင်ခြင်သည့် တဝီထိ။ ဧကဂ္ဂ တာကိုဆင်ခြင်သည့် တဝီထိ။ အပေါင်းကို ဆင်ခြင်သည့် တဝီထိ။ ဤသို့လျှင် ပဉ္စမဈာန်၌ ပစ္စဝေက္ခဏာ ခြောက်ဝီထိ ဖြစ်သတည်း။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဠိ၌ ဈာန်၏အရဖြစ်သော ပဉ္စမဈာန်ကို ပစ္စည်းအဖြစ်ဖြင့်ယူတော်မူ၍ ဝိမိ၌ ကုသလော ဓမ္မောဟု။ အနုဝါဒပါဠိတော်ပါဠိ၌ ပစ္စဝေက္ခတိ အရဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ကို ပစ္စယုပ္ပန် အဖြစ်ဖြင့် ယူတော်မူ၍ ဝိမိ၌လည်းကောင်း ကုသလဿဓမ္မဿဟု ရူပါဝစရ ပဉ္စမဈာန် ကုသိုလ်သည် ဆင်ခြင်သော ကာမ ကုသိုလ်အား အာရမ္မဏသတ္တိဖြင့်၊လ။၏။

ပဉ္စမဈာန်ကို ရပြီးသော တိဟိတ် ကာမ ရူပပုထုဇဉ် သေက္ခ ပုဂ္ဂိုလ်သည် ဝသီဘော် ငါးပါးတို့ဖြင့် အလေ့အလာပြု၍ ပဉ္စမ ဈာန်ကိုဝင်စားလိုလသော်မိမိ။လ။ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ။၏။ ထို့နောင် ပထဝီကသိုဏ်းအစရှိသော ပညတ် ပဋိဘာဂ နိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် ပဉ္စမဒွေး တို့တွင် တခုခုသည် မန္ဒတိက္ခအားလျော်စွာ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူဟု လေးကြိမ်_ သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင်တိက္ခ ပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက် မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ် မြောက် ဈာန်အင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ရူပါဝစရ ကုသိုလ် ပဉ္စမဈာန်သည် ဘဝင်အလျဉ်ကဲ့သို့ အလိုရှိသောအတိုင်း အပ္ပနာ သမာဓိ ဇောကိစ္စ များစွာဖြစ်၍ ချုပ်၏။ ထို့နောင် ကာမတိဟိတ် ဘဝင်လေးခု ရူပဘဝင်ငါးခုတို့တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ် ထိုက်သရွေ့ဖြစ်၏။

ပဌမဈာန်ကို ဝင်စားပြီးသော တိဟိတ်ကာမ ရူပ ပုဂ္ဂိုလ်သည် ပဌမဈာန်၌ အကျုံးဝင်သော ဝိတက်ကို ဆင်ခြင် လိုလတ်သော် **မိမိပဋိသန္ဓေ။လ။** ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ။၏။ ထို့နောင် **ဝိတက်ကိုအာရုံပြု၍** မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာ ဇောကိစ္စ ခုနစ်ကြိမ် လေးကြိမ် ငါးကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောင် ကာမတိဟိတ် ဘဝင်လေးခု ရူပ ဘဝင်ငါးခုတို့တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။ ဤဝီထိဖြင့် ငါဝင်စားသော ပဌမဈာန်ကား ဝိတက်ဟူသော ဈာန်အင်္ဂါရှိ၏ဟု သိသတည်း။ ။ထို့အတူ ဝိစာရကို ဆင်ခြင်သည် တဝီထိ။ ပီတိကို ဆင်ခြင်သည် တဝီထိ။ သုခကို ဆင်ခြင်သည် တဝီထိ။ ဧကဂ္ဂတာကို ဆင်ခြင်သည် တဝီထိ။ အပေါင်းကို ဆင်ခြင်သည် တဝီထိ။ ဤသို့လျှင် ပဌမဈာန်၌ ပစ္စဝေက္ခဏာ ခြောက်ဝီထိဖြစ်သတည်း။

ထိုသို့ ဖြစ်သောအခါ အနုဝါဒ ပါဠိတော်ပါဠိ၌ ဈာန်၏ အရ ဖြစ်သော ပဌမဈာန်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိမံ၌ ကုသလော ဓမ္မောဟု၊ အနုဝါဒပါဠိတော်ပါဠိ၌ ပစ္စဝေက္ခတိ၏အရ ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ကို ပစ္စယုပ္ပန် အဖြစ်ဖြင့် ယူတော်မူ၍ ဝိမံ၌လည်းကောင်း ကုသလဿဓမ္မဿဟု ရူပါဝစရ ကုသိုလ် **ပဌမဈာန်သည် ဆင်ခြင်သော** ကာမကုသိုလ်အား အာရမ္မဏ **သတ္တိဖြင့်။လ။ ၏။**

**အမှာ** ဈာနံ ဝုဋ္ဌဟိတွာ ဈာနာ ဝုဋ္ဌဟိတွာ နှစ်ချက်တွင် တချက်ချက်ရှိသင့်၏။ ထို့ကြောင့် အဋ္ဌကထာ၌ ဈာနံ ဝုဋ္ဌဟိတွာတိ ဈာနာ ဝုဋ္ဌဟိတွာ အယမေဝ ပါဠိဟု မိန့်အပ်၏။ ။ဈာနံ အရကို အာဒိကမ္မိက ယူသော် ဝုဋ္ဌဟိတွာ အရကို ဘဝင်ယူလေ။ ထို့နောင် ပစ္စဝေက္ခဏာ။ တနည်း ဈာနံ အရကို သမာပဇ္ဇနယူ၍။ ဝုဋ္ဌဟိတွာ အရကို ဘဝင်လည်းကောင်းယူ။ ထို့နောင် ပစ္စဝေက္ခဏာဝီထိ။ ဤသို့နှစ်နည်းယူလေ။

ပဌမဈာန်ကို ရပြီးသော တိဟိတ် ကာမ ရူပပုဂ္ဂိုလ်သည် ငါ ရသော ပဌမဈာန်ကား နီဝရဏာဟူသော နီးသော ရန်သူရှိ၏။ ဝိတက်ဟူသော ရုန့်ရင်းသော အင်္ဂါရှိခြင်းကြောင့် ဈာန်အင်္ဂါ၏ အားသည် နည်း၏ဟု ပဌမဈာန်၌အပြစ်ကိုမြင်၍ ပဌမဈာန်၌ တပ်ခြင်းကိုစွန့်၍ ဒုတိယဈာန်သည် ငြိမ်သက်၏ဟု နှလုံးသွင်း၍ ပထဝီကသိုဏ်းအစရှိသော ပညတ် ပဋိဘာဂ နိမိတ်ကိုအာရုံပြု၍ ပထဝီ ပထဝီအစရှိသောအားဖြင့် စီးဖြန်းဖန် များ၍ ဒုတိယဈာန်ကို ရလိုလတ်သော်-

**အမှာ** အဘိဓမ္မတ္ထ သင်္ဂြိုဟ် ရာသီစုတ်၌ ချသည့် အတိုင်း မဟဂ္ဂုတ် ကုသိုလ်ဈာန်ကို အကုန်ချ၍ ပစ္စဝေက္ခဏာ ဝီထိကိုလည်း ပဌမဈာန်ကိုမှီ၍ ဒုတိယဈာန်ဖြစ်အံ့ ဝိစာရ အစရှိသည်ကို ဆင်ခြင်၊ တတိယဈာန်ဖြစ်အံ့ ပီတိ အစရှိသည်ကို ဆင်ခြင်၊စတုတ္ထဈာန်ဖြစ်အံ့ သုခအစရှိသည်ကို ဆင်ခြင်၊ပဥ္စမဈာန်ဖြစ်အံ့ ဥပေက္ခာ အစရှိသည်ကိုဆင်ခြင်၊အရူပဈာန်ဖြစ်အံ့ ဥပေက္ခာ အစရှိသည်ကို ဆင်ခြင်၊ ဤသို့အသီးအသီးဆင်ခြင်သော ပစ္စဝေက္ခဏာ ဝီထိကို ချလေ။

သေက္ခာ ဂေါတြဘုံ ပစ္စဝေက္ခဏ်ဟူ၍ ဟောတော်မူအပ်သော အနန္တရပစ္စည်းတော်ပါဠိ၌ ဂေါတြဘု၏ အရကို သောတာပတ္တိမဂ်၏ရှေ့ဂေါတြဘူကိစ္စတပ်သောမဟာကုသိုလ်ပဌမဒွေးတတိယ ဒွေးယူ၍ သေက္ခာပစ္စဝေက္ခဏ် အရကို သောတာပန် သကဒါဂါမ်၌ ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ယူ၍ ဂေါတြဘူကိစ္စ တပ်သော မဟာကုသိုလ် ပဌမဒွေး တတိယဒွေးသည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏ။၏။

ပစ္စည်းတပ်ဟန်ကား သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်ကို ရလတ္တံ့သော တိဟိတ်ကာမ ရူပပုဂ္ဂိုလ်သည် တေဘူမက သင်္ခါရတို့ကို သဗ္ဗေ သင်္ခါရာ အနိစ္စာ ဟူ၍လည်းကောင်း သဗ္ဗေသင်္ခါရာ ဒုက္ခာဟူ၍လည်းကောင်း သဗ္ဗေဓမ္မာ အနတ္တာဟူ၍လည်းကောင်း

စီးဖြန်းဖန်များ၍ သောတာပန် အဖြစ်ကို ရလိုလတ်သော် ဤသို့ အစရှိသည်ဖြင့် ရာသီစုအတိုင်း သောတာပတ္တိ မဂ္ဂဝီထိကို ချလေ။

သောတာပန် ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်၏ ရှေးဂေါတြဘူကို ဆင်ခြင်လိုလတ်သော် မိမိပဋိသန္ဓေ စိတ်နှင့်တူသော စိတ်သည်။လ။ ဘဝင်စလနဘဝင်ပစ္ဆေဒ။၏။ ထို့နောင် သောတာပတ္တိမဂ်၏ ရှေးဂေါတြဘူကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇော ကိစ္စ ခုနစ်ကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင် ပဉ္စဝေါကာရ တိဟိတ် ဘဝင် ကိုးခုတို့တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ထိုသို့ ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဌ်၌ ဂေါတြဘုံ၏ အရ ဖြစ်သော သောတာပတ္တိ မဂ်၏ ရှေး ဂေါတြဘူ ကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး တတိယဒွေးကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိဥ္စ ကုသလော ဓမ္မောဟု၊ အနုဝါဒပါဠိတော်ပါဌ်၌ ပစ္စဝေက္ခန္တိ၏ အရဖြစ်သော ဆင်ခြင်သောကာမကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိဥ္စ လည်းကောင်း ကုသလဿဓမ္မဿဟု ဂေါတြဘူ ကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး တတိယဒွေးသည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏ။၏။

သေက္ခာ ဝေါဒါနံ ပစ္စဝေက္ခန္တိ့ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ ဝေါဒါနံ၏ အရကို သကဒါဂါမိမဂ် အနာဂါမိမဂ်၏ ရှေးဝေါဒါန် ကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး တတိယဒွေးယူ၍ သေက္ခာပစ္စဝေက္ခန္တိ အရကို သကဒါဂါမ် အနာဂါမ်သန္တာန်၌ ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ယူ၍ ဝေါဒါန်ကိစ္စတပ်သောမဟာကုသိုလ် ပဌမဒွေး တတိယဒွေးသည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏ။၏။

ပစ္စည်းတပ်ဟန်ကား သကဒါဂါမိ မဂ္ဂဝီထိ အနာဂါမိ မဂ္ဂဝီထိတို့ကို ရာသီစုက အတိုင်းချ။ ။သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ် အနာဂါမိမဂ်၏ ရှေး ဝေါဒါန်ကိစ္စ

တပ်သော မဟာကုသိုလ် ပဌမဇွေး တတိယဇွေးကို ဆင်ခြင်လို လတ်သော် မိမိ၏ဘဝင်စလနဘဝင်ုပစ္ဆေဒ၏ ထို့နောင် ဝေါဒါန် ကိစ္စတပ်သော မဟာကုသိုလ် ပဌမဇွေး တတိယဇွေးကို အာရုံ ပြု၍ မနော္ဒါရာဝဇ္ဇန်း။ ထိုနောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာ ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ချုပ်၏။ ထို့ နောင် တိဟိတ်ဘဝင်တေရသတို့တွင် တခုခုသည် ဘဝင်ဖြစ်ထိုက် သန္တေ့ဖြစ်၏။

ထိုသို့ဖြစ်သောအခါအနန္တရ ဝါဒပါဠိတော်ပါဠိ၌ဝေါဒါန်၏ အရ ဖြစ်သော ဝေါဒါန် ကိစ္စတပ်သော မဟာကုသိုလ် ပဌမဇွေး တတိယဇွေးကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ၀မိ၌ ကုသလော မမ္မောဟု၊ အနန္တရ ပါဠိတော်ပါဠိ၌သေက္ခာပစ္စဝေက္ခဏ်၏ အရ ဖြစ်သော သကဒါဂါမိ အနာဂါမိ သန္တာန်၌ ဖြစ်သော ဆင်ခြင် သော ကာမကုသိုလ်ကို ပစ္စယုပ္ပန် အဖြစ်ဖြင့် ယူတော်မူ၍ ၀မိ၌ လည်းကောင်း ကုသလဿ ဓမ္မဿဟု ဝေါဒါန် ကိစ္စတပ်သော မဟာကုသိုလ် ပဌမဇွေး တတိယဇွေးသည် ဆင်ခြင်သော ကာမ ကုသိုလ်အား အာရမ္မဏ။လ။၏။

သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခန္တိဟူ၍ ဟောတော်မူ အပ်သော အနန္တရ ပါဠိတော်ပါဠိ၌ မဂ်၏ အရကို အောက်မဂ် သုံးခုကို ယူ၍ သေက္ခာ ပစ္စဝေက္ခန္တိ အရကို သောတာပန် သကဒါဂါမိ၏ သန္တာန်၌ဖြစ်သော ဆင်ခြင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်ယူ၍ အောက်မဂ်သုံးခုသည် ဆင်ခြင်သော မဟာ ကုသိုလ်ဉာဏသမ္ပယုတ်လေးခုအား အာရမ္မဏ။၏။

ပစ္စည်းတပ်ဟန်ကား သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်ကို ရလတ္တံ့သော တိဟိတ်ကာမရူပပုဂ္ဂိုလ်သည် ဘေဘုမ္မက သင်္ခါရကို အာရုံပြု၍ သဗ္ဗေသင်္ခါရာ အနိစ္စာဟူ၍လည်းကောင်း သဗ္ဗေသင်္ခါရာ ဒုက္ခာဟူ၍လည်းကောင်း သဗ္ဗေဓမ္မာ အနတ္တာဟူ၍လည်းကောင်း စီးဖြန်းဖန်များ၍ သောတာပန်အဖြစ်ကို ရလိုလတ်သော် ဘဝင်

စလနဘာဝင်္ဂပစ္စယော (အစရှိသည်ဖြင့်ရာသီစုကအတိုင်း သောတာပတ္တိမဂ္ဂဝီထိကိုချလေ)။

သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်ကိုရပြီးသော သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ကို ဆင်ခြင်လိုလတ်သော် မိမိပဋိသန္ဓေ။လ။ ဘဝင်စလန ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် သောတာပတ္တိမဂ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ဉာဏသမ္ပယုတ်လေးခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇောကိစ္စ ခုနစ်ကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောင် ပဋ္ဌဝေါကာရ တိဟိတ်ဘဝင်ဖြစ်ထိုက်သန္တေဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဠ်၌ မဂ္ဂ၏အရ ဖြစ်သော သောတာပတ္တိမဂ်ကိုပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိမိဠ်၌ကုသလောဓမ္မောဟုအနုဝါဒပါဠိတော်ပါဠ်၌ပစ္စဝေက္ခတိအရဖြစ်သောဆင်ခြင်သောကာမကုသိုလ်ကိုပစ္စယုပ္ပန်အဖြစ်ဖြင့်ယူတော်မူ၍ ဝိမိဠ်လည်းကောင်း ကုသလဿမ္မဿ ဟု သောတာပတ္တိမဂ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏ၏။

သကဒါဂါမိမဂ် သကဒါဂါမိဖိုလ်ကို ရလတ္တံ့သော တိဟိတ်ကာမရူပအရူပပုဂ္ဂိုလ်သည် ဘောဘုမ္မက သင်္ခါရတို့ကို အာရုံပြု၍ သမ္မေသင်္ခါရာ အနိစ္စာဟူ၍ လည်းကောင်း (ဤသို့အစရှိသည်ဖြင့် ရာသီစုကအတိုင်း သကဒါဂါမိမဂ္ဂဝီထိကိုချလေ)။

သကဒါဂါမိမဂ် သကဒါဂါမိဖိုလ်ကိုရပြီးသော သကဒါဂါမိပုဂ္ဂိုလ်သည် သကဒါဂါမိ မဂ်ကို ဆင်ခြင်လိုလတ်သော် မိမိ။လ။ ဘဝင်စလန ဘဝင်္ဂုပစ္ဆေဒ၏။ ထို့နောင် သကဒါဂါမိ မဂ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာ ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင် တိဟိတ်ဘဝင် တေရသတို့တွင် တခုခုသည် ဘဝင်ဖြစ်ထိုက်သန္တေဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဠ်၌ (သောတာပတ္တိမဂ်အတိုင်း ဆိုလေ။ ။အနာဂါမိမဂ်၌လည်း မဂ္ဂဝီထိကို

ရာသီစုကအတိုင်းချပြီး၍ပစ္စဝေက္ခဏာဝိထိကိုချလေ။ ။ဝုဋ္ဌဟိတွာ အရကား ဖိုလ်နေဘင်ဘဝင်ကိုယူလေ)။

သေက္ခာဝါ ပုထုဇ္ဇနာဝါ။လ။ န္တိ ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠိ၌ ကုသလံ၏အရကို တေဘူမကကုသိုလ် ယူ၍ သေက္ခာဝါ ပုထုဇ္ဇနာဝါ ဝိပဿန္တိအရကို သေက္ခပုထုဇဉ် သန္တာန်၌ဖြစ်သော အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာ ရှုသော ကာမကုသိုလ်ယူ၍ တေဘူမကကုသိုလ်သည် အနိစ္စ ဒုက္ခ အနတ္တ ဟု ဝိပဿနာရှုသော ကာမကုသိုလ်အား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား သေက္ခ ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် တေ ဘူမကကုသိုလ်ကို အာရုံပြု၍ အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာ စီးဖြန်းလိုလတ်သော် မိမိ။လ။ ဘဝင်စလန ဘဝင်ုပစ္ဆေဒ။ ထို့ နောင် တေဘူမကသဓိရကိုအာရုံပြု၍မနောဒွါရာဝဇ္ဇန်း။ထို့နောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ဝိပဿနာ ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် တိဟိတ်ဘဝင်တေရသတို့တွင် တခုခုသည် ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ဤကဲ့သို့ များစွာသော ဝိထိစိတ္တုပ္ပါဒ်တို့ဖြင့် ဝိပဿနာ စီးဖြန်း၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒ ပါဠိတော်ပါဠိ၌ ကုသလံ၏ အရဖြစ်သော တေဘူမကကုသိုလ်ကိုပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိမိ၌ ကုသလောဓမ္မောဟု၊ အနုဝါဒပါဠိတော်ပါဠိ၌ သေက္ခာဝါ ပုထုဇ္ဇနာဝါ ဝိပဿန္တိ ၏အရ ဖြစ်သော အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာရှုသော ကာမကုသိုလ်ကို ပစ္စယုပ္ပန် အဖြစ်ဖြင့် ယူတော် မူ၍ ဝိမိကိုလည်းကောင်း ကုသလဿ မ္မေဿဟု တေဘူမက ကုသိုလ်သည် ဝိပဿနာရှုသော ကာမကုသိုလ်အား အာရမ္မဏ။ လ။၏။

သေက္ခာဝါ ပုထုဇ္ဇနာဝါ စေတော ပရိယဉာဏေန ကုသလံ။ လ။ဇာနန္တိ ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠိ ၌ ကုသလ စိတ္တ သမင်္ဂိဿစိတ္တံ၏ အရကို လွန်လေပြီးသော ခုနစ်

ရက်မှစ၍ လာလတ္တံ့သော ခုနစ်ရက်တိုင်အောင် ကာလသုံးပါး၌ တည်သော သူတပါးတို့၏ အရဟတ္တမဂ်ကြဉ်သော ကုသိလ်ဝိသယူ၍ သေက္ခာဝါ ပုထုဇ္ဇနာဝါ စေတောပရိယညာဏေန ဇာနန္တိ၏ အရကိုသေက္ခပုထုဇဉ်သန္တာန်၌ဖြစ်သော စေတောပရိယကုသိလ် အဘိညာဉ်။ ထိုအဘိညာဉ်နောက်၌ဖြစ်သော ကာမကုသိလ်ယူ၍။ အရဟတ္တမဂ်ကြဉ်သော သူတပါးတို့၏ကုသိလ်ဝိသသည်စေတောပရိယ ကုသိလ်အဘိညာဉ်။ ထိုအဘိညာဉ် နောက်၌ ဖြစ်သော ကာမကုသိလ်အား အာရမ္မဏ။၏။

ပစ္စုပ္ပန်ကား စေတောပရိယ ကုသိလ် အဘိညာဉ်နှင့် ပြည့်စုံသော သေက္ခ ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် လွန်လေပြီးသော ခုနစ်ရက်မှစ၍ လာလတ္တံ့သော ခုနစ်ရက်တိုင်အောင် ကာလ သုံးပါး၌ တည်သော အရဟတ္တမဂ် ကြဉ်သော သူတပါးတို့၏ ကုသိလ်ဝိသကို သိခြင်းငှါ အလိုရှိသည်ဖြစ်၍ ရူပါဝစရ ကုသိုလ် ပဉ္စမဈာန်ကို ဝင်စားလိုလတ်သော် မိမိ။လ။ ဘဝင်စလန ဘဝင်ုပစ္ဆေဒ။ ထို့နောင် အာလောက ကသိုဏ်းကို အာရုံပြု၍ မနော ဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိလ်တဇ်ယဒွေးတို့တွင် တခုခု သည် မန္ဒတိက္ခအားလျော်စွာ လေးကြိမ် သုံးကြိမ် ဖြစ်၍ချုပ်၏။ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက် မန္ဒပညာ ပုဂ္ဂိုလ်အားငါးကြိမ်မြောက် ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ရူပါ ဝစရ ကုသိုလ် ပဉ္စမဈာန်သည် ဘဝင်၏အလျဉ်ကဲ့သို့ အလိုရှိသည့် အတိုင်း များစွာဖြစ်၍ ချုပ်၏။

ထို့နောင် ဇ္ဈမဿ ကုသလစိတ္တံ ဇာနာမိ ဇ္ဈမဿကုသလစိတ္တံ ဇာနာမိဟု အမိဋ္ဌာန်သောအားဖြင့် အမိဋ္ဌာန်ဇောဝီထိ စိတ္တုပ္ပါဒ် ဖြစ်လိုလတ်သော် မိမိ။လ။ဘဝင်စလန ဘဝင်ုပစ္ဆေဒ။ ထို့နောင် အမိဋ္ဌာန်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ထို့နောင် မဟာကုသိလ် ရှစ်ခုတို့တွင် တခုခုသည် အမိဋ္ဌာန်ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ် ၏။ ထို့နောင်ဘဝင် ဖြစ်ထိုက်သရွေ့ဖြစ်၏။

ထို့နောင် စေတောပရိယ ကုသိုလ် အဘိညာဉ်၏ အခြေ ဖြစ်သော ရူပါဝစရ ကုသိုလ် ပဉ္စမဈာန်ကို ဝင်စားလိုလတ်သော် မိမိ၏လ။ ဘဝင်စလန ဘဝင်ုပစ္ဆေဒ။ ထို့နောင် အာလောက ကသိုဏ်းပညတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် တတိယဒွေးတို့တွင် တခုခုသည် မန္ဒတိက္ခ အားလျော်စွာ လေးကြိမ် သုံးကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက်။ မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက်. ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမဈာန်သည် ဘဝင်အလျဉ်ကွဲသို့ အလိုရှိသော အတိုင်းများစွာ ဖြစ်၍ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ဖြစ်၏။

ထို့နောင် လွန်လေပြီးသော ခုနစ်ရက်မှစ၍ လာလတ္တံ့သော ခုနစ်ရက်တိုင်အောင် ကာလသုံးပါး၌ တည်သော အရဟတ္တမဂ် ကြဉ်သော သူတပါးတို့ ကုသိုလ်ဝိသကို အာရုံပြု၍ စေတောပရိယ ကုသိုလ် အဘိညာဉ်ဇောဝီထိစိတ္တုပ္ပါဒ်ဖြစ်လိုလတ်သော် မိမိ၏လ။ ဘဝင်စလန ဘဝင်ုပစ္ဆေဒ။ ထို့နောင် အရဟတ္တမဂ် ကြဉ်သော သူတပါးတို့၏ ကုသိုလ်ဝိသကို အာရုံပြု၍ မနောဒွါရာ ဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် တတိယဒွေး တို့တွင် .တခုခုသည် မန္ဒတိက္ခအား လေးကြိမ် သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက်။ မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက် ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမဈာန်သည် စေတောပရိယ အဘိညာဉ်ဇောကိစ္စ တကြိမ်သာ ဖြစ်၍ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ဖြစ်၏။ ထို့နောင် ဘဝင်စလန ဘဝင်ုပစ္ဆေဒ ထို့နောင် စေတောပရိယ ကုသိုလ် အဘိညာဉ်၏ အာရုံဖြစ်သော အရဟတ္တမဂ်ကြဉ်သော သူတပါး တို့၏ ကုသိုလ်ဝိသကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စ ခုနစ်ကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်။ ဤဝီထိဖြင့် သူတပါးကုသိုလ်စိတ်ကို သိ၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဌ်၌ ကုသလစိတ္တသမင်္ဂိဿ စိတ္တံ၏အရ ဖြစ်သော ကာလသုံးပါး၌ တည်သော အရဟတ္တမဂ်ကြဉ်သော သုဘပါးတို့ ကုသိုလ်ဝီသကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိမိ၌ ကုသလော ဓမ္မော ဟု။ အနုဝါဒ ပါဠိတော်ပါဌ်၌ သေက္ခာဝါ ပုထုဇ္ဇနာဝါ စေတောပရိယညာဏေန ဇာနာတိ၏အရဖြစ်သော စေတောပရိယကုသိုလ်အဘိညာဉ်၊ ထိုအဘိညာဉ်နောက်၌ ဖြစ်သော ကာမကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိမိ၌လည်းကောင်း ကုသလဿဓမ္မဿဟု ကာလသုံးပါး၌ တည်သော အရဟတ္တမဂ်ကြဉ်သော သုတပါးတို့၏ကုသိုလ်ဝီသသည် စေတောပရိယကုသိုလ် အဘိညာဉ်။ ထိုအဘိညာဉ်နောက်၌ ဖြစ်သော ကာမကုသိုလ်အား အာရမ္မဏ။လ။၏။

အာကာသာနဉ္စာယတန ကုသလံ ဝိညာဏဉ္စာယတန ကုသလဿဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော် ပါဌ်၌ အာကာသာနဉ္စာယတန ကုသလံ၏ အရကို ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်ယူ၍ ဝိညာဏဉ္စာယတန ကုသလဿ၏ အရဖြစ်ဆဲသော ဝိညာဏဉ္စာယတန ကုသိုလ်ယူ၍ ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်သည် ဖြစ်ဆဲသော ဝိညာဏဉ္စာယတနကုသိုလ်အား အာရမ္မဏ။လ။၏။

ပစ္စည်းတစ်ဟန်ကား အာကာသာနဉ္စာယတနကုသိုလ်ဈာန်ကို ရပြီးသော တိဟိတ် ကာမရူပ အာကာသာနဉ္စာယတန ပုဂ္ဂိုလ်သည် ဝိညာဏဉ္စာယတနဈာန်ကို ရလို၍ ငါရသော အာကာသာနဉ္စာယတန ဈာန်သည်ကား ရူပါဝစရ ဟူသော နီးသောရန်သူရှိ၏ဟု အာကာသာနဉ္စာယတနဈာန်၌ အပြစ်ကိုမြင်၍ ထို အာကာသာနဉ္စာယတနဈာန်၌ တပ်ခြင်းကိုစွန့်၍ ဝိညာဏဉ္စာယတနဈာန်သည် ငြိမ်သက်၏ဟု နှလုံးသွင်း၍ အတိတ်ဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်ဈာန်ကို ဝိညာဏံအနန္တံ ဝိညာဏံ

အနန္တံဟု စီးဖြန်းဖန်များ၍ ဝိညာဏဉ္စာယတန ကုသိုလ်ဈာန်ကို ရလိုလတ်သော် မိမိ။လ။ ဘဝင်စလန ဘဝင်ုပစ္ဆေဒ။ ထို့နောင် ဤဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် တတိယဒွေးတို့တွင် တခုခုသည် မန္ဒပညာဖြစ်အံ့ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူဟု လေးကြိမ်။ တိက္ခပညာဖြစ်အံ့ ဥပစာ အနုလုံ ဂေါတြဘူဟု သုံးကြိမ် ဥပစာရသမာဓိဇောကိစ္စ ဖြစ်၍ချုပ်၏။ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက်။ မန္ဒပညာ ပုဂ္ဂိုလ်အား ငါးကြိမ်မြောက် ဈာန်အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံသော ဝိညာဏဉ္စာယတနကုသိုလ်ဈာန်သည် အာဒိကမ္မိကဖြစ်၍ တကြိမ်သာ အပ္ပနာ သမာဓိဇောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ပဉ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခု အာကာသာနဉ္စာယတနဘဝင်တို့တွင် တခုခုသည် ဘဝင်ဖြစ်ထိုက်သရွေ့ဖြစ်၏။

ဝိညာဏဉ္စာယတနကုသိုလ်ဈာန်ကိုရပြီးသော တိဟိတ် ကာမ ရူပ အာကာသာနဉ္စာယတန ဝိညာဏဉ္စာယတန ပုထုဇဉ် သေက္ခ ပုဂ္ဂိုလ်သည် ထိုဝိညာဏဉ္စာယတန ကုသိုလ်ဈာန်ကို ဝသီဘော်အားဖြင့် အလေ့အလာပြု၍ ဝင်စားလိုလတ်သော် မိမိ။လ။ဘဝင်စလန ဘဝင်ုပစ္ဆေဒ။၏။ ထို့နောင် ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် တတိယဒွေးတို့တွင် တခုခုသည် မန္ဒပညာဖြစ်အံ့ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူဟု လေးကြိမ်။ တိက္ခပညာဖြစ်အံ့ ဥပစာ အနုလုံ ဂေါတြဘူဟု သုံးကြိမ် ဥပစာရသမာဓိဇောကိစ္စ ဖြစ်၍ချုပ်၏။ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက်။ မန္ဒပညာ ပုဂ္ဂိုလ်အား ငါးကြိမ်မြောက် ဈာန် အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ဝိညာဏဉ္စာယတန ကုသိုလ်ဈာန်သည် ဘဝင်အလျဉ်ကဲ့သို့ အလိုရှိသည့်အတိုင်း အပ္ပနာသမာဓိဇောကိစ္စ များစွာဖြစ်၍ချုပ်၏။ ထို့

နောင် ပဉ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခု အာကာသာနဉ္စာယတန ဝိညာဏဉ္စာယတန ဘဝင်တို့တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ်ထိုက်သည်သာဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဠ်၌ အာကာသာနဉ္စာယတန ကုသလံ၏အရဖြစ်သော ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိမိဉ္ဇကုသလော ဓမ္မောဟု အနုဝါဒ ပါဠိတော်ပါဠ်၌ ဝိညာဏဉ္စာယတန ကုသလဿ၏အရဖြစ်သော ဝိညာဏဉ္စာယတန ကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိမိဉ္ဇရင်း ကုသလဿ မမ္မဿ ဟု ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်သည် ဖြစ်ဆဲသော ဝိညာဏဉ္စာယတနကုသိုလ်အား အာရမ္မဏ။လ။၏။

**အမှာ** ဤနှစ်ဝီထိတို့တွင် အာဒိကမ္မိက၌ ဝိညာဏဉ္စာယတန ပုဂ္ဂိုလ်ကို မရအပ် သမာပဇ္ဇန၌သာရအပ်သည်။ ထိုသမာပဇ္ဇနဝီထိ၌လည်းရှေးဘဝအောက်ကဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်ကိုအာရုံပြုသည်။ ဤဘဝ၌ မရအပ်။ အဘယ့်ကြောင့် နည်းဟူမူကား ဝိညာဏဉ္စာယတနဘုံ၌ အာကာသာနဉ္စာယတနကုသိုလ်မရှိသောကြောင့်တည်း။ ။အာကိဉ္စညာယတနကုသလံ နေဝသညာနာသညာယတနကုသလဿ၌ ဤနည်းကိုမှီ၍ဆိုလေ။

ကုသလာခန္ဓာ ဣဒ္ဓိဝိဓဉာဏဿဟူ၍ ဟောတော်မူသော အနုဝါဒပါဠိတော်ပါဠ်၌ ကုသလာခန္ဓာ၏ အရကို ပါဒကဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်ယူ၍ ဣဒ္ဓိဝိဓ ဉာဏဿ၏အရကို ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ်ယူ၍ ပါဒကဖြစ်သော ရူပါဝစရ ပဉ္စမဈာန်သည် ဣဒ္ဓိဝိဓကုသိုလ် အဘိညာဉ်အား အာရမ္မဏ။ ၏။

ပစ္စည်းတပ်ဟန်ကား သတ သဟဿ စသော နိမ္မိတ ရုပ်ကို ဖန်ဆင်းခြင်းငှါ အလိုရှိသည်ဖြစ်၍ ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကို ဝင်စားလိုလတ်သော် မိမိ။လ။န။ဒ။၏။ ထို့နောင် ပထဝီကသိုဏ်း

ပညတ် ပဋိဘာဂနိမိတ်ကို အာရုံပြု၍ မနော္ဒြါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် ကတိယဒွေးတို့တွင် တခုခုသည် မန္ဒတိက္ခအားလျော်စွာ လေးကြိမ် သုံးကြိမ်ဖြစ်၍ ချုပ်၏။ ။ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက်။ မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ် မြောက် ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမဈာန်သည် ဘဝင်အလျဉ်ကဲ့သို့ အလိုရှိသည့်အတိုင်း များစွာဖြစ်၍ ချုပ်၏။ ။ထို့နောင်ဘဝင်။

ထို့နောင် သတံဟောမိ သဟာသံ ဟောမိ အစရှိသည်ဖြင့် အဓိဋ္ဌာန်သောအားဖြင့် အဓိဋ္ဌာန် ဇောဝီထိစိတ္တုပ္ပါဒ်ဖြစ်လိုလတ်သော် မိမိ။လ။ ဘဝင်စလန ဘဝင်ုပစ္ဆေဒ။ ထို့နောင် အဓိဋ္ဌာန်ကို အာရုံပြု၍ မနော္ဒြါရာဝဇ္ဇန်း မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် အဓိဋ္ဌာန်ဇောကိစ္စ ခုနစ်ကြိမ်။ ထို့နောင်ဘဝင်။

ထို့နောင် ဣဒ္ဓိဝိဓကုသိုလ် အဘိညာဉ်၏အခြေဖြစ်သော ရူပါဝစရ ကုသိုလ်ပဉ္စမဈာန်ကို ဝင်စားလိုလတ်သော် မိမိ။လ။ ဘဝင်စလန ဘဝင်ုပစ္ဆေဒ။ထို့နောင် ပထဝီကသိုဏ်း ပညတ် ပဋိဘာဂနိမိတ်ကို အာရုံပြု၍ မနော္ဒြါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် တတိယဒွေးတို့တွင် တခုခုသည် မန္ဒတိက္ခအားလျော်စွာ လေးကြိမ် သုံးကြိမ်ဖြစ်၍ချုပ်၏။ ။ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက်။ မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက် ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ရူပါဝစရကုသိုလ်ပဉ္စမဈာန်သည် ဘဝင် အလျဉ်ကဲ့သို့ အလိုရှိသည့်အတိုင်း များစွာဖြစ်၍ ချုပ်၏။ ။ထို့နောင် ဘဝင်။

ထို့နောင် ပါဒကဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကို အာရုံပြု၍ ဣဒ္ဓိဝိဓ ကုသိုလ် အဘိညာဉ်ဇောဝီထိ စိတ္တုပ္ပါဒ်ဖြစ်လိုလတ်သော် မိမိ။လ။ ဘဝင်စလန ဘဝင်ုပစ္ဆေဒ။ ထို့နောင် ပါဒကဖြစ်သော ရူပါဝစရ ကုသိုလ် ပဉ္စမဈာန်ကိုအာရုံပြု၍ မနော္ဒြါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် တတိယဒွေး တို့တွင်

တခုခုသည် မနုတိက္က အားလျော်စွာ လေးကြိမ် သုံးကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညာ ပုဂ္ဂိုလ်အား လေးကြိမ်မြောက်။ မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက် ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ရူပါဝစရကုသိုလ် ပဌမဈာန်သည် ပါဒကဖြစ်သော ရူပါဝစရကုသိုလ် ပဌမဈာန်ကို အာရုံပြု၍ သတသဟဿ အစရှိသော နိမိတ္တရုပ်ကို ဖြစ်စေလျက် ရုဒ္ဓိဝိဓအဘိညာဉ် ဇောကိစ္စ တကြိမ် သာဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင် ဖြစ်ထိုက်သလွှဲဖြစ်၏။ ထို့နောင် ထိုအာရုံကိုအာရုံပြု၍ တဒနုဝတ္တကမနောဒွါရဝီထိတို့သည် ဖြ ကုန်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဌ်၌ ကုသလာဓမ္မာ၏အရဖြစ်သော ရူပါဝစရကုသိုလ် ပဌမဈာန်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိမိဌ် ကုသလောဓမ္မောဟု အနုဝါဒပါဠိတော်ပါဌ်၌ ဣဒ္ဓိဝိဓဉာဏဿ၏ အရဖြစ်သော ဣဒ္ဓိဝိဓကုသိုလ် အဘိညာဉ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍။ ဝိမိဌ်ရင်း ကုသလဿဓမ္မဿဟု ပါဒကဖြစ်သော ရူပါဝစရကုသိုလ်ပဌမဈာန်သည် ဣဒ္ဓိဝိဓကုသိုလ် အဘိညာဉ်အား အာရမ္မဏ၍။

ကုသလာဓမ္မာ စေတောပရိယ ဉာဏဿဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဌ်၌ ကုသလာဓမ္မာ၏-အရကို လွန်လေပြီးသော ခုနစ်ရက်မှစ၍ လာလတ္တံ့သော ခုနစ်ရက်တိုင်အောင် ကာလသုံးပါး၌ တည်သော အရဟတ္တမဂ် ကြဉ်သော သူတပါးတို့၏ ကုသိုလ်ဝိသကိုယူ၍။ စေတော ပရိယဉာဏဿ၏ အရကို စေတော ပရိယ ကုသိုလ် အဘိညာဉ်ကိုယူ၍။ ကာလ သုံးပါး၌ တည်သော အရဟတ္တမဂ် ကြဉ်သော သူတပါးတို့၏ ကုသိုလ်မဂ်သည် စေတောပရိယ ကုသိုလ် အဘိညာဉ်အား အာရမ္မဏ၍။ ဝီထိကိုချ၊။

ကုသလာဓမ္မာ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏဿဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဌ်၌ ကုသလာဓမ္မာ၏ အရကို ပုဗ္ဗေနိဝုတ္ထဖြစ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝိသ

ယူ၍။ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏာသ၏အရကို ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ် အဘိညာဉ်ယူ၍။ ပုဗ္ဗေနိဝုတ္ထဖြစ်သော အရဟတ္တမဂ် ကြဉ်သော ကုသိုလ်ဝိသသည် ပုဗ္ဗေနိဝါသာ နုဿတိ ကုသိုလ် အဘိညာဉ်အား. အာရမ္မဏ။ ၏။ ။ပစ္စည်းတပ်ပုံ ဝိထိကို ရာသီစုက အတိုင်းချလေ။

ကုသလာခန္ဓာ ယထာကမ္မုပဂ ဉာဏာသဟူ၍ ဟောတော်မူ အပ်သော အနုဝါဒ ပါဠိတော်ပါဠိ၌ ကုသလာခန္ဓာ၏ အရကို အတိတ်ဖြစ်သော လောကီကုသိုလ်ကံ ယူ၍။ ယထာကမ္မုပဂ ဉာဏာသအရကို ယထာကမ္မုပဂကုသိုလ်အဘိညာဉ်ယူ၍။အတိတ် ဖြစ်သော လောကီ ကုသိုလ်ကံ သည် ယထာကမ္မုပဂ ကုသိုလ် အဘိညာဉ်အား အာရမ္မဏ။၏။ ။ဝိထိရာသီစုကအတိုင်း ချလေ။

ကုသလာခန္ဓာ အနာဂတံသ ဉာဏာသ ဟူ၍ ဟောတော်မူအပ် သော အနုဝါဒပါဠိတော်ပါဠိ၌ ကုသလာခန္ဓာ၏အရကို အနာ ဂတ် ဖြစ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝိသကိုယူ၍ အနာ ဂတံသ ဉာဏာသအရကို အနာဂတံသကုသိုလ် အဘိညာဉ်ယူ၍။ အနာဂတ်ဖြစ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝိသသည် အနာဂတံသ ကုသိုလ် အဘိညာဉ်အား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။ဝိထိ ရာသီစုကအတိုင်းချလေ။

---

**ကုသလော အကုသလဿ**

ကုသလပဒါဝသာနကို ဟောတော်မူသည်၏အခြားမဲ့၌ အကု သလ ပဒါဝသာနကိုဟောတော်မူ၏။ဟောဟန်ကား ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏ။လ။ ယော ဟူသည် တည်း။

၄၀၅။ ကုသလော၊ သော။ ဓမ္မော၊ သည်။ အကုသလဿ၊ သော။ ဓမ္မဿ၊ အား။ အာရမ္မဏပစ္စယေန၊ဖြင့်။ ပစ္စယော၊သည်။ ဟောတိ၊ ၏။ ဒါနံဒေယျမ္မိ၊ လှူအပ်သောအလှူဝတ္ထုကို။ ဒတွာ

စဇိတွာ၊ စွန့်၍။ တနည်းကား။ ဒါနံ၊ လှူကြောင်းဖြစ်သော ဒါနစေတနာကို။ ဒတွာ ပရိယောဒါပေတွာ ဝိသုဒ္ဓိကတွာ၊ စင်ကြယ်ခြင်းကိုပြု၍။ တံ၊ ထိုပရိစ္စာဂစေတနာ-ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို။ အဿာဒေတိ၊ သာယာ၏။ အဘိနန္ဒတိ၊ ၏။ တံ၊ ထိုပရိစ္စာဂ စေတနာ-ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို။ အာရဗ္ဘ၊ ၍။ ရာဂေါ၊ ရာဂသည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဒိဋ္ဌိ၊ ဒိဋ္ဌိသည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဝိစိကိစ္ဆာ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဥဒ္ဓစ္စံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဒေါမနဿံ၊ ဒေါမနဿသည်။ ဥပ္ပဇ္ဇတိ၊ ၏။ သီလံ ပဉ္စင်္ဂဒသင်္ဂါဒိဝသေန နိစ္စသီလံ၊ ပဉ္စင်္ဂသီလဒသင်္ဂသီလ အစရှိသော အစွမ်းဖြင့် ဖြစ်သော နိစ္စသီလကို။ သမာဒိယိတွာ ဂဏှိတွာ၊ ကောင်းစွာယူဦး ဆောက်တည်ဦး၍။ တံ၊ ထိုပဉ္စင်္ဂသီလ ဒသင်္ဂ သီလ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို။ အဿာဒေတိ၊ ၏။လ။ ဥပ္ပဇ္ဇတိ၊ ၏။ ဥပေါသထကမ္မံ၊ ဥပုသ်နေ့၌ သုံးအပ်သော အင်္ဂါဥပုသ်ကို။ ကတွာ၊ ဆောက်တည် ပြီး၍။ တံ၊ ထိုအင်္ဂါဥပေါသထ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို။ အဿာဒေတိ။ ၏။လ။ ဥပ္ပဇ္ဇတိ၊ ၏။ ပုဗ္ဗေ၊ ရှေး၌။ သုစိဏ္ဏာနိ၊ ကောင်းစွာ အလေ့အကျက်ပြုအပ်ကုန်ပြီးသော ဒါန သီလအင်္ဂါ ဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်တို့ကို။ အဿာဒေတိ၊ သာယာ၏။ အဘိနန္ဒတိ၊ နှစ်သက်၏။ တံတာနိ၊ ထိုဒါန သီလ အင်္ဂါဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်တို့ကို။ (ဝစနဝိပလ္လာသကြံ)။ တနည်းလည်း။ တံ၊ ထိုဒါနသီလ အင်္ဂါ ဥပေါသထ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို။ (ဇာတ်ကိုင်၍ကေဝုစ်ထားသည်)။ အာရဗ္ဘ၊ ၍။ ဥပ္ပဇ္ဇတိ။ ၏။ ဈာနာ၊ ဈာန်မှ။ ဝုဋ္ဌဟိတွာ၊ ထ၍။ ဈာနံ၊ ဈာန်ကို။ အဿာဒေတိ၊ ၏။လ။ ဈာနေ၊ ဈာန်သည်။ ပရိဟီနေ၊ ယုတ်သည်ရှိသော်။ ဝိပ္ပဋိသာရိဿ၊ ငါ့အားမြတ်သောတရားသည် ပျောက်ခဲ့ပြီဟူ၍ နှလုံးမသာရှိသောသူအား။ ဒေါမနဿံ၊ ဒေါမနဿသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

အမိပ္ပါယ်ကား ကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ အဘယ်သို့ကား အန္နပါနဃရဝတ္ထု အစရှိသော ဝတ္ထုကိုလှူပြီး၍ ပရိစ္စာဂစေတနာ ဝိသောဓနစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကို သာယာသောအခါ လောဘမူသောမနဿ သဟဂုတ်အား။ နှစ်သက်သောအခါ လောဘမူဒိဋ္ဌိသဟဂုတ်အား။ တပ်သောအခါ ရာဂပြဋ္ဌာန်းသော လောဘမူရှစ်ခုအား။ အမြင်မှားသောအခါ ဒိဋ္ဌိဂတသမ္ပယုတ်လေးခုအား။ မဆုံးဖြတ်နိုင်သောအခါ ဝိစိကိစ္ဆာ သဟဂုတ်အား။ ပျံ့လွင့်သောအခါ ဥဒ္ဓစ္စသဟဂုတ်အား။ နှလုံးမသာသောအခါ ဒေါမနဿသဟဂုတ်အား အာရမ္မဏ။ လ။ ၏။

ပဉ္စင်္ဂသီလ ဒသင်္ဂသီလကို ဆောက်တည်ပြီး၍ ပဉ္စင်္ဂသီလ ဒသင်္ဂသီလစေတနာပြဋ္ဌာန်းသောကာမကုသိုလ်ကို သာယာသော အခါ လောဘမူ သောမနဿသဟဂုတ်လေးခုအား။ ဆိုမြဲ။ ။ အဋ္ဌင်္ဂဥပုသ်ကို ဆောက်တည်ပြီး၍ အဋ္ဌင်္ဂဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို သာယာသောအခါ။ ဆိုမြဲ။ ။ ရှေး၌ အလေ့အကျက် ပြုအပ်ကုန်ပြီးသော ဒါနသီလအဋ္ဌင်္ဂ ဥပေါသထ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို သာယာသောအခါ။ ဆိုမြဲ။ မဟဂ္ဂုတ်ကုသိုလ် ဈာန်မှထ၍ မဟဂ္ဂုတ်ကုသိုလ် ဈာန်ကို သာယာသောအခါ။ ဆိုမြဲ။ ။ တစုံတခု မပျောက်ပတ်သော အကြောင်းကြောင့် ပျောက်သော လောကီဈာန်ကို အာရုံပြု၍ ငါ့အားမြတ်သော တရားသည် ပျောက်ခဲ့ပြီဟု နှလုံးမသာ ရှိသောအခါ ပရိဟီနဖြစ်သော လောကီကုသိုလ်ဈာန်သည် ဒေါသမူဒွေးအား အာရမ္မဏ။ ၏။

ဝိမိပါဠိတော်ပါဌ်၌ ကုသလောဓမ္မော ကတ္တားကား လောကီကုသိုလ်သတ္တရသ စေတသိက်အဋ္ဌတိံသ ပစ္စည်းတရားရ၏။

အကုသလဿဓမ္မဿ ဟူသော သမ္ဗန္ဓပုဒ်၏အရကား အကုသိုလ်ဒွါဒသ။ စေ။ သတ္တဝီသ ပစ္စယုပ္ပန်။ ၏။

အာရမ္မဏပစ္စယေန ဟူသော ကရိုဏ်းပါဌ်၏အရကား တပြိုင်နက်ယထာရဟ တပ်ကောင်းသော အာရမ္မဏ အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ ဤသုံးပစ္စယသတ္တိတို့တွင် အာရမ္မဏသတ္တိဟု ဆိုအပ်သော သတ္တိဗိသေသရ၏။ ထိုသုံးပါးတို့တွင် အရကား ပဋ္ဌာနအားဖြင့် ကတ္တားသာတည်း။

ဒါနံ ဒတွာ တံ အဿာဒေတိ အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဌ်၌ ဒါနံ၏ အရကို ဒါနဝတ္ထု၊ ဒါန စေတနာယူ၍။ ဒတွာတံ၏အရကို ပရိစ္စာဂစေတနာ့ဝိသော မနစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍။ အဿာဒေတိ၏ အရကို လောဘမူသောမနဿသဟဂုတ်လေးခုတို့တွင် တခုခုယူ၍။ အဘိနန္ဒတိ၏ အရကို လောဘမူပီတိ သဟဂုတ်လေးခုတို့တွင် တခုခုယူ၍။ အာရဗ္ဗ ရာဂေါ ဥပ္ပဇ္ဇတိ၏အရကို ရာဂပြဋ္ဌာန်းသော လောဘမူရှစ်ခုတို့တွင် တခုခုယူ၍။ ဒိဋ္ဌိဥပ္ပဇ္ဇတိ၏ အရကို ဒိဋ္ဌိ ပြဋ္ဌာန်းသော ဒိဋ္ဌိဂတသမ္ပယုတ် လေးခုတို့တွင် တခုခုယူ၍။ ဝိစိကိစ္ဆာဥပ္ပဇ္ဇတိ၏အရကို ဝိစိကိစ္ဆာသဟဂုတ်ယူ၍။ ဥဒ္ဓစ္စံဥပ္ပဇ္ဇတိ၏ အရကို ဥဒ္ဓစ္စသဟဂုတ်ယူ၍။ ဒေါမနဿံဥပ္ပဇ္ဇတိ၏အရကို ဒေါမနဿသဟဂုတ် ယူ၍။ ပရိစ္စာဂစေတနာ ဝိသောမန စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် အကုသိုလ်ဒွါဒသအား အာရမ္မဏ။၏။

ပစ္စည်းတပ်ဟန်ကား ပရိစ္စာဂစေတနာ ဝိသောမနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကိုအာရုံပြု၍အဿာဒနအဘိနန္ဒနအစ ရှိသော အစွမ်းအားဖြင့် အကုသိုလ်ဇောဝီထိ စိတ္တုပ္ပါဒ်ဖြစ်လိုလတ်သော် မိမိ။လ။ဘဝင်စလနဘဝင်ုပစ္ဆေဒ။၏။ထို့နောင် ပရိစ္စာဂစေတနာ ဝိသောမန စေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် သာယာသည်ဖြစ်အံ့ လောဘမူ သောမနဿ သဟဂုတ် လေးခုတို့တွင် တခုခုသည်။ နှစ်သက်သည်ဖြစ်အံ့ သပ္ပီတိကတဏှာ ပြဋ္ဌာန်းသော လောဘမူ သောမနဿသဟဂုတ်လေးခုတို့တွင် တခုခုသည်။တပ်သည်ဖြစ်အံ့

ရာဂပြဋ္ဌာန်းသော လောဘမူရှစ်ခုတို့တွင် တခုခုသည်။ အမြင်မှားသည်ဖြစ်အံ့ ဒိဋ္ဌိပြဋ္ဌာန်းသော ဒိဋ္ဌိဂတသမ္ပယုတ်လေးခုတို့တွင် တခုခုသည်။ မဆုံးဖြတ်နိုင်သည်ဖြစ်အံ့ ဝိစိကိစ္ဆာသဟဂုတ်သည်။ ပျံ့လွင့်သည်ဖြစ်အံ့ ဥဒ္ဓစ္စသဟဂုတ်သည် နှလုံးမသာယာသည်ဖြစ်အံ့ ဒေါသမူနှစ်ခုတို့တွင် တခုခုသည်။ ဇောကိစ္စခုနစ်ကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင် ဝိဘူတာရုံဝီထိဖြစ်အံ့ တဒါရုံကောဇသတို့တွင် တခုခုသည် တဒါရုံကိစ္စနှစ်ကြိမ်။ ထို့နောင် ကာမဘဝင်။ အဝိဘူတာရုံ ဝီထိဖြစ်အံ့ ပဉ္စဝေါကာရဘဝင် ဖြစ်လိုက်သရွေ့ဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဠ်၌ ဒတွာတံ၏အရဖြစ်သော ပရိစ္စာဂစေတနာ ဝိသောမနေစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကိုပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိမ်၌ ကုသလော ဓမ္မောဟု။ အနုဝါဒပါဠိတော်ပါဠ်၌ အဿာဒေတိ အစရှိသည်၏အရဖြစ်သော အကုသိုလ်ဒွါဒသကိုပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိမ်၌လည်းကောင်း အကုသလဿ ဓမ္မဿဟု ပရိစ္စာဂစေတနာ ဝိသောမနေစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် အကုသိုလ်ဒွါဒသအား အာရမ္မဏသတ္တိ။ ၏။

သီလံသမာဒိယိတွာ တံအဿာဒေတိ အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ သီလံ၏အရကို ပဉ္စင်သီလဒသင်သီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ် ယူ၍။ အဿာဒေတိ၏ အရကို လောဘမူ သောမနဿသဟဂုတ်လေးခုတို့တွင် တခုခုယူ၍။ အဘိနန္ဒတိအစရှိသည်၏အရကို (နောက်ကယူပြီ) ပဉ္စင်သီလ ဒသင်သီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည်အကုသိုလ်ဒွါဒသအား အာရမ္မဏ။ ၏။ ။ (ပစ္စည်းတပ်ဟန်ကားဒါနံဒတွာတံအဿာဒေတိကို မှီ၍ဆိုလေ)။

ဥပေါသထကမ္မံကတွာတံအဿာဒေတိ အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဠ်၌ ဥပေါသထကမ္မံ

ကတ္တာတံ၏အရကို အဇ္ဈတ္တဥပေါသထ စေတနာ ဖြစ်ခြင်းသော ကာမကုသိုလ်ယူ၍ (အဿာဒေတိ အစရှိသည်၏အရကို ယူမြဲ။ ဝိထိကိုလည်း ဒါနံဒတွာကို မှီ၍ချလေ)။

ပုဗ္ဗေ သုစိဏ္ဏာနိ အဿာဒေတိ အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ ပုဗ္ဗေ သုစိဏ္ဏာနိတံ၏ အရကို ရှေး၌ အလေ့အကျက် ပြုအပ်ကုန်ပြီးသော ဒါန သီလ အဇ္ဈတ္တဥပေါသထ စေတနာ ဖြစ်ခြင်းသော ကာမကုသိုလ်ယူ၍ (အဿာဒေတိ အစရှိသည်၏အရကို နောက်က ယူမြဲ။ ၊ဝိထိ ချမြဲ)။

ဈာနာဝုဋ္ဌဟိတွာ ဈာနံအဿာဒေတိ အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ဈာနံအရကို မဟဂ္ဂုတ်ကုသိုလ်ကိုးခုယူ၍ (အဿာဒေတိအစရှိသည်၏ အရကိုယူမြဲ။ ဝိထိချမြဲ)။

ဈာနေပရိဟီနေ ဝိပ္ပဋိသာရိဿ ဒေါမနဿံဥပ္ပဇ္ဇတိဟူ၍ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ ဈာနေပရိဟီနေ၏ အရကို ပရိဟီနဖြစ်သော မဟဂ္ဂုတ်ကုသိုလ်ဈာန်ယူ၍၊ ဝိပ္ပဋိသာရိဿဒေါမနဿံဥပ္ပဇ္ဇတိ အရကို ငါ့အား မြတ်သောတရားသည် ပျောက်ခဲ့ပြီဟု နှလုံးမသာရှိသောသူအား ဒေါမနဿသဟဂုတ် ယူ၍၊ ပရိဟီနဖြစ်သော မဟဂ္ဂုတ် ကုသိုလ်ဈာန်သည် ဒေါသမူ ဒွေးအား အာရမ္မဏာ။၏။

ပစ္စည်းတစ်ပါးကား တစုံတခုမလျော်ပတ်သောအကြောင်း ကြောင့် လျော့ကျသောဈာန်ကို အာရုံပြု၍ ဒေါသမူဇော ဝီထိ စိတ္တုပ္ပါဒ်ဖြစ်လိုလတ်သော် မိမိပဋိသန္ဓေစိတ်နှင့်တူသော ကာမ တိဟိတ်ဘဝင်လေးခုတို့တွင် တခုခုသည် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ။၏။ ထို့နောင် ပရိဟီနဖြစ်သော မဟဂ္ဂုတ်ကုသိုလ်ဈာန် ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် ဒေါသမူဒွေးတို့တွင် တခုခုသည် ဒေါသဇောကိစ္စခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဥပေက္ခာသဟဂုတ်ဖြင့် ပဋိသန္ဓေနေသသူဖြစ်အံ့ ကာမတိဟိတ်

ဥပေက္ခာ ဘ၀င်နှစ်ခုတို့တွင် တခုခုသည် ဘ၀င်ကိစ္စဖြစ်၍ ချုပ်၏။ သောမနဿ သဟဂုတ်ဖြင့် ပဋိသန္ဓေ နေသည့်သူဖြစ်အံ့ ရှေး၌ လေ့ကျက်ခဲ့ဘူးသော ကာမအာရုံကို အာရုံပြု၍ ဥပေက္ခာသန္တီ ရဏသည် ဘ၀င်ကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ဥပေက္ခာသန္တီ ရဏဘ၀င်မှ အနန္တရာဒိပစ္စည်းကိုရ၍ ကာမတိဟိတ်သောမနဿ ဘ၀င်နှစ်ခုတို့တွင် တခုခုသည် ဘ၀င်ကိစ္စဖြစ်ထိုက်သန္ဓေဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဠ၌ ရှာနေပရိဟိ နေ၏အရ ပရိဟီနဖြစ်သော မဟဂ္ဂုတ် ကုသိုလ်ဈာန်ကို ပစ္စည်း အဖြစ်ဖြင့် ယူတော်မူ၍ ၀ိ၀ိ၌ ကုသလောဓမ္မောဟု အနုဝါဒပါဠိ တော်ပါဠ၌ ၀ိပ္ပဋိသာရိဿဒေါမနဿံဥပ္ပဇ္ဇတိ၏ အရဖြစ်သော ငါ့အား မြတ်သောတရားသည် ပျောက်ခဲ့ပြီဟု နှလုံးမသာရှိသော သူအား ဒေါသမူဒွေးကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ၀ိ၀ိ၌ လည်းကောင်းအကုသလဿဓမ္မဿဟုပရိဟီနဖြစ်သော မဟဂ္ဂုတ် ကုသိုလ်ဈာန်သည် ဒေါသမူဒွေးအား အာရမ္မဏ။၏။

---

## ကုသလော အဗျာကတဿ

အကုသလပဒါ၀သာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အဗျာကတ ပဒါ၀သာနကို ဟောတော်မူ၏။ ဟောဟန်ကား ကုသလောဓမ္မော အဗျာကတဿဓမ္မဿ အာရမ္မဏ။လ။ ယော။ ဟူသည်တည်း။

၄၀၆။ အရဟာ၊ ရဟန္တာပုဂ္ဂိုလ်သည်။ မဂ္ဂါ၊ အရဟတ္တ မဂ်မှ။ ဝုဋ္ဌဟိတွာ၊ ထ၍။ မဂ္ဂံ၊ အရဟတ္တမဂ်ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ပုဗ္ဗေ၊ ရှေး၌။ သုစိဏ္ဏာနိ၊ ကောင်းစွာအလေ့အကျက် ပြုအပ်ကုန်သော ဒါန သီလ အဋ္ဌင် ဥပေါသထ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်တို့ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ကုသလံ၊ တေဘူမကကုသိုလ်ကို။ အနိစ္စတော အနိစ္စံဟုတိ၊ အနိစ္စ ဟူ၍လည်းကောင်း။ ဒုက္ခတော ဒုက္ခံဟုတိ၊ ဒုက္ခဟူ၍လည်းကောင်း။

အနတ္တတော အနတ္တာဣတိ၊ အနတ္တ ဟူ၍လည်းကောင်း။ ဝိပဿတိ၊ ၏။ စေတောပရိယ ဉာဏေန၊ သူတပါးတို့၏စိတ်ကို ပိုင်းခြား၍ သိတတ်သော စေတောပရိယ အဘိညာဉ်ဖြင့်။ ကုသလစိတ္တ သမင်္ဂိဿ၊၏။စိတ္တံ၊ ကို။ဇာနာတိ၊၏။ သေက္ခာဝါ၊လည်းကောင်း။ ပုထုဇ္ဇနာဝါ၊ လည်းကောင်း။ ကုသလံ၊ တေဘူမကကုသိုလ်ကို။ အနိစ္စတော အနိစ္စံဣတိ၊ ဟူ၍လည်းကောင်း။လ။ ဝိပဿန္တိ၊ဝိပဿနာရှုကုန်၏။ ကုသလေ၊ ကုသိုလ်သည်။နိရုဒ္ဓေ၊ ချုပ်သည်ရှိသော်။ ဝိပါကော၊ ကာမာဝစရ ဝိပါက်သည်။ တဒါလမ္ဗဏတာ တဒါလမ္ဗဏတာယ၊တဒါရုံ၏အဖြစ်ဖြင့်။ ဥပ္ပဇ္ဇတိ၊၏။ ကုသလံ၊ မဟာကုသိုလ်ကို။ အဿာဒေတိ။လ။ အကုသလေ၊ သည်။ နိရုဒ္ဓေ၊ ချုပ်သည်ရှိသော်။ ဝိပါကော၊ ကာမာဝစရ ဝိပါက်သည်။ တဒါလမ္ဗဏတာ တဒါလမ္ဗဏတာယ၊ တဒါရုံ၏အဖြစ်ဖြင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

အာကာသာနဉ္စာယတန ကုသလံ၊ ရှေးဘဝအဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်သည်။ဝိညာဏဉ္စာယတန ဝိပါကဿ၊အား။ အာကာသာနဉ္စာ ယတနကုသလံ၊ ဤ ဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်သည်။ ဝိညာဏဉ္စာယတန ကြိယဿ၊အား။ (အာကိဉ္စညာယတန ကုသလံ၌ နည်းတူပေး)။ ကုသလာ၊ ကုန်သော။ ခန္ဓာ၊တို့သည်။ စေတောပရိယ ဉာဏဿ၊စေတောပရိယ ဉာဏ်အားလည်းကောင်း။ ပုဗ္ဗေနိဝါသာ နုဿတိ ဉာဏဿ၊ လည်းကောင်း။ ယထာကမ္မူပဂ ဉာဏဿ၊ လည်းကောင်း။ အနာဂတံသဉာဏဿ၊လည်းကောင်း။ အာရမ္မဏပစ္စယေန၊ဖြင့်။ ပစ္စယော၊သည်။ ဟောတိ၊၏။ အာဝဇ္ဇနာယ၊ တပါးတပါးသော မနောဒွါရဝီထိ၌ အကျုံး ဝင်သော မနောဒွါရာဝဇ္ဇန်းအား။ အာရမ္မဏပစ္စယေန၊ဖြင့်။ ပစ္စယော၊သည်။ ဟောတိ၊၏။

အဓိပ္ပါယ်ကား ကုသိုလ်သည် အဗျာကတ်ဓမ္မအား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပေ၏။ အဘယ်သို့ကား ရဟန္တာပုဂ္ဂိုလ်သည်

အရဟတ္တမဂ်မှထ၍အရဟတ္တမဂ်ကို ဆင်ခြင်သောအခါ အရဟတ္တမဂ်သည် ဆင်ခြင်သော မဟာကြိယာ ဉာဏသမ္ပယုတ်အား။ ၏။ ရှေး၌အလေ့အကျက်ပြုအပ်ကုန်သော ဒါန သီလ အင်္ဂါ ဥပေါသထ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်သောအခါ ရှေး၌ အလေ့အကျက် ပြုအပ်ကုန်သော ဒါန သီလ အင်္ဂါ ဥပေါသထ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကြိယာအား။ ၏။ ။ရဟန္တာပုဂ္ဂိုလ်သည် တေဘုမ္မက ကုသိုလ်ကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာပြုသောအခါ တေဘုမ္မက ကုသိုလ်သည် ဝိပဿနာပြုသောကာမကြိယာအား၊ရဟန္တာပုဂ္ဂိုလ်သည်စေတောပရိယ အဘိညာဉ်ဖြင့် လွန်လေပြီးသော ခုနစ်ရက်မှစ၍လာလတ္တံ့သော ခုနစ်ရက်တိုင်အောင် ကာလသုံးပါး၌ တည်သောသူတပါးတို့၏ ကုသိုလ်စေတ ဝီသကိုပိုင်းခြား၍သိသောအခါသူတပါးတို့၏ကုသိုလ် စေတသည် စေတော ပရိယကြိယာ အဘိညာဉ် ထိုအဘိညာဉ် နောက်၌ ဖြစ်သော ကာမကြိယာအား၊ သေက္ခ ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် ကာမကုသိုလ်ကို အာရုံပြု၍ အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာပြု၍ ဝိပဿနာဇောနောင် တဒါရုံ ဖြစ်သည် ရှိသော် ကာမကုသိုလ်သည် တဒါရုံကောဒသအား။၏။ သေက္ခ ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် ကာမကုသိုလ်ကို အာရုံပြု၍ အကုသိုလ် ဇောနောင် တဒါရုံ ဖြစ်သောအခါ ကာမကုသိုလ်သည် တဒါရုံ ကောဒသအား။၏။ ဝိညာဏဉ္စာယတန ပဋိသန္ဓေ ဘဝင်စုတိဖြစ်သောအခါ ရှေးဘဝ အတ္တဘာ သန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်သည် ဝိညာဏဉ္စာယတန ဝိပါက်အား၊ ဝိညာဏဉ္စာယတန ကြိယာဈာန်ကို ဝင်စားသောအခါ ဤဘဝ ရှေးဘဝအတ္တဘာသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်သည် ဝိညာဏဉ္စာယတန ကြိယာအား။ (အာကိဉ္စညာယတန ကုသလံ၌လည်း နည်းတူဆို)။ လွန်လေပြီးသော။လ။ သူတပါးတို့၏ ကုသိုလ် စေတသည် စေတောပရိယ ကြိယာ အဘိညာဉ်အား (နောက်၌ ကုသိုလ်နှင့် နည်းတူဆို)။ ကုသိုလ်

ကောဝီသသည် တပါးပါးသော မနောဒွါရဝီထိ၌ အကျုံးဝင်သော မနောဒွါရာဝဇ္ဇန်းအား။ ၏။

ကုသလော ကတ္တားပုဒ်၏ အရကား ကုသိုလ် ကောဝိသ ပစ္စည်း တရားရ၏။ သမ္မဒါနိကား တဒါရုံ ကောဒသ ပဉ္စဒွါရာဝဇ္ဇန်း ကြဉ်သော ကာမကြိယာ တဆယ် ဝိညာဏဥ္ဇာယတန ဝိပါက် ကြိယာ နေဝသညာ နာသညာ ယတန ဝိပါက် ကြိယာ စေတော ပရိယ ပုဗ္ဗေနိဝါသာ နုဿတိ ယထာကမ္မုပဂ အနာဂတံသ ကြိယာ အဘိညာဉ် ဝိရတိအပ္ပမညာ ကြဉ်သော စေတသိက် တေတ္တိံသ နာမက္ခန္ဓာ ပစ္စယုပ္ပန် တရားရ၏။ ။အာရမ္မဏ ပစ္စယေနဟူသော ကရိုဏ်းပါဠ်၏ အရကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ ဤသုံး ပစ္စယ သတ္တိတို့တွင် အာရမ္မဏ သတ္တိဟု ဆိုအပ်သော သတ္တိ ဝိသေသရ၏။ထိုသုံးပါးတို့တွင် အရကား ပဋ္ဌာနအားဖြင့် ကတ္တား သာတည်း။

အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခတိဟူ၍ ဟောတော်မူ အပ်သော အနုဝါဒ ပါဠိတော်ပါဠ်၌ မဂ္ဂ၏အရကို အရဟတ္တမဂ် ယူ၍ အရဟာ ပစ္စဝေက္ခတိ၏ အရကို ရဟန္တာသန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကြိယာယူ၍ အရဟတ္တမဂ်သည် ဆင်ခြင်သော ကာမကြိယာအား။၏။

ပစ္စည်းတပ်ဟန်ကား (အရဟတ္တ မဂ္ဂဝီထိကို ရာသီစုကအတိုင်း ချ)။ ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တမဂ်ကို ဆင်ခြင်လိုလတ်သော် မိမိ။လ။ဘဝင်စလန ဘဝင်ုပစ္ဆေဒ။ထို့နောင် မဟာကြိယာ ဉာဏ သမ္ပယုတ်လေးခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇော ကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်။

ထိုသို့ဖြစ်သောအခါ အနုဝါဒ ပါဠိတော်ပါဠ်၌ မဂ္ဂံ၏ အရ ဖြစ်သော အရဟတ္တမဂ်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိမိဿ ကုသလောဓမ္မောဟု အနုဝါဒ ပါဠိတော်ပါဠ်၌ အရဟာ ပစ္စ ဝေက္ခတိ၏အရဖြစ်သော ဆင်ခြင်သော ကာမကြိယာကို ပစ္စယုပ္ပန်

အဖြစ်ဖြင့် ယူတော်မူ၍ ဝိဘင်္ဂ လည်းကောင်း။ အဗျာကတဘာသ မမွှဿဟု အရဟတ္တမဂ်သည် ဆင်ခြင်သော ကာမကြိယာအား အာရမ္မဏ။၏။

ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိဟူ၍။လ။ယူ၍။လ။ဉ္စ။ ယူမြဲ။ ပစ္စဝေက္ခတိ အရကို ဆင်ခြင်သော ကာမကြိယာယူ၍ ဝိထိကိုချမြဲ။ ကုသလံ အနိစ္စတော အစရှိသည်၏ အရကိုလည်းယူမြဲ။ စေတော ပရိယမှာလည်း ကြိယာ အဘိညာဉ်ယူသည်သာ ထူးသည်။

သေက္ခာဝါ ပုထုဇ္ဇနာဝါ ကုသလံ အနိစ္စတော။လ။ တဒါ ရမ္မဏတာ ဥပ္ပဇ္ဇတိ ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဠ်၌ ကုသလံ၏ အရကို ကာမကုသိုလ်ယူ၍ သေက္ခာ ဝါ ပုထုဇ္ဇနာဝါ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ ကုသလေ နိရုဒ္ဓေ ဝိပါကော တဒါလမ္ဗဏတာ ဥပ္ပဇ္ဇတိ၏ အရကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာပြုသော ကာမ ကုသိုလ် ဇောနောင် တဒါရုံ ကောဒသယူ၍ ကာမကုသိုလ်သည် တဒါရုံ ကောဒသအား။လ။၏။

ပစ္စည်းတပ်ဟန်ကား ကာမကုသိုလ်ကို အာရုံပြု၍ ဝိပဿနာ ဇောနောင် တဒါရုံ ကိစ္စ ဖြစ်လိုလတ်သော် မိမိပဋိသန္ဓေ။လ။ ဘဝင်စလန ဘဝင်ုပစ္ဆေဒ။ထို့နောင် ကာမကုသိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခု သည့် ဝိပဿနာဇောကိစ္စ ခုနစ်ကြိမ်။ ထို့နောင် တဒါရုံ ကောဒသတို့တွင် တခုခုသည် တဒါရုံကိစ္စ နှစ်ကြိမ်။ထို့နောင် ကာမ ဘဝင်ဖြစ်ထိုက်သည်ရှေ့ဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဠ်၌ ကုသလံ၏ အရ ဖြစ်သော ကာမကုသိုလ်ကို ပစ္စည်း အဖြစ်ဖြင့် ယူတော်မူ၍ ဝိဘင်္ဂ ကုသလောဓမ္မောဟု အနုဝါဒ ပါဠိတော်ပါဠ်၌ ဝိပါကော တဒါ လမ္ဗဏတာ ဥပ္ပဇ္ဇတိ၏ အရဖြစ်သော တဒါရုံ ကောဒသကို ပစ္စ ယုပ္ပန် အဖြစ်ဖြင့် ယူတော်မူ၍ ဝိဘင်္ဂလည်းကောင်း အဗျာကတဘာသ မမွှဿဟု ကာမကုသိုလ်သည် တဒါရုံကောဒသအား။ လ။၏။

ကုသလံ အဿာဒေတိ။လ။ ဥပ္ပန္နတိဟူ၍ ဟောတော်မူအပ်သော အနုစ္ဆေဒပါဠိတော်ပါဌ်၌ ကုသလံ၏ အရကို ကာမကုသိုလ်ယူ၍။ အဿာဒေတိ အကုသလေ နိရုဒ္ဓေ ဝိပါကော တဒါလမ္ဗဏတာ ဥပ္ပဇ္ဇတိ၏ အရကို လောဘမူ သောမနဿ သဟဂုတ်ဇော နောင် တဒါရုံ ကောဒသယူ၍ အဘိနန္ဒတိ အကုသလေ နိရုဒ္ဓေ ဝိပါကော တဒါလမ္ဗဏတာ ဥပ္ပဇ္ဇတိကို သဒ္ဒိတိကတတျာ ပြဋ္ဌာန်းသော လောဘမူ သောမနဿ သဟဂုတ်နောင် တဒါရုံ ကောဒသယူ၍ရာဂေ ဥပ္ပဇ္ဇတိ အကုသလေ။လ။ဥပ္ပဇ္ဇတိ၏အရကို ရာဂ ပြဋ္ဌာန်းသော လောဘမူ ဇောနောင်တဒါရုံ ကောဒသယူ၍။ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။လ။ တဒါလမ္ဗဏတာ ဥပ္ပဇ္ဇတိ၏ အရကို ဒိဋ္ဌိဂတ သမ္ပယုတ်နောင် တဒါရုံ ကောဒသယူ၍။ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ။လ။ဥပ္ပဇ္ဇတိ၏ အရကို ဝိစိကိစ္ဆာ သဟဂုတ်နောင် တဒါရုံ ကောဒသယူ၍။ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ။လ။ ဝိပါကော တဒါလမ္ဗဏတာ ဥပ္ပဇ္ဇတိ၏ အရကို ဥဒ္ဓစ္စသဟဂုတ် ဇောနောင် တဒါရုံ ကောဒသယူ၍ ဒေါမနဿံ ဥပ္ပဇ္ဇတိ။လ။ ဥပ္ပဇ္ဇတိ၏ အရကို ဒေါသမူဇောနောင် ဥပေက္ခာ တဒါရုံခြောက်ခုယူ၍ ကာမကုသိုလ်သည် တဒါရုံ ကောဒသအား လ။၏။

ပစ္စည်းတပ်ဟန်ကား ကာမကုသိုလ်ကို အာရုံပြု၍ အဿာဒန အဘိနန္ဒနအစရှိသောအားဖြင့် အကုသိုလ်ဇောနောင် တဒါရုံ ကိစ္စဖြစ်လိုလတ်သော် ဘဝင်စလန ဘဝင်ုပစ္ဆေဒ။ ထို့နောင် ကာမကုသိုလ်ကိုအာရုံပြု၍ သာယာသည်ဖြစ်အံ့ လောဘမူ သောမနဿ သဟဂုတ်လေးခုတို့တွင် တခုခုသည်။ နှစ်သက်သည်ဖြစ်အံ့ သဒ္ဒိတိက တဏှာပြဋ္ဌာန်းသော လောဘမူ သောမနဿ သဟဂုတ် လေးခုတို့တွင် တခုခုသည်။ တပ်သည်ဖြစ်အံ့ ရာဂပြဋ္ဌာန်းသော လောဘမူရှစ်ခုတို့တွင် တခုခုသည်။ အမြင်မှားသည်ဖြစ်အံ့ ဒိဋ္ဌိဂတ သမ္ပယုတ် လေးခုတို့တွင် တခုခုသည်။ မဆုံးဖြတ်နိုင်သည်ဖြစ်အံ့ ဝိစိကိစ္ဆာ သဟဂုတ်သည်။ ပျံ့လွင့်သည် ဖြစ်အံ့ ဥဒ္ဓစ္စသဟဂုတ်သည်၊ နှလုံးမသာယာသည် ဖြစ်အံ့ ဒေါသမူနှစ်ခုတို့တွင် တခုခု

သည် ဇောကိစ္စခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် တဒါရုံ ကော ဒသတို့တွင် တခုခုသည် တဒါရုံကိစ္စ နှစ်ကြိမ်။ ထို့နောင် ကာမဘဝင်။

ထိုသို့ ဖြစ်သောအခါအနုဝါဒပါဠိတော်ပါဌ်၌ ကုသလံ၏ အရ ဖြစ်သော ကာမကုသိုလ်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိမိဒ္ဓ ကုသလောဓမ္မောဟုအနုဝါဒပါဠိတော် ပါဌ်၌ အဿာဒေတိ။လ။ အကုသလေ နိရုဒ္ဓေ ဝိပါကော တဒါလမ္ဗဏတာ ဥပ္ပဇ္ဇတိ၏ အရ ဖြစ်သော အကုသိုလ်ဇောနောင် တဒါရုံ ကောဒသကို ပစ္စယုပ္ပန် အဖြစ်ဖြင့် ယူတော်မူ၍ ဝိမိဒ္ဓလည်းကောင်း အဗျာကတဿ ဓမ္မဿဟု ကာမကုသိုလ်သည် ကုသိုလ်ဇောနောင် တဒါရုံ ကော ဒသအားအာရမ္မဏ။၏။

အာကာသာနဉ္စာယတန ကုသလံ ဝိညာဏဉ္စာယတန ဝိပါ ကဿဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ အာကာသာနဉ္စာယတန ကုသလံ၏ အရကို ရှေးဘဝ အဇ္ဈတ္တ သန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ယူ၍။ ဝိညာဏဉ္စာယတန ဝိပါကဿ၏ အရကို ဝိညာဏဉ္စာယတန ပဋိ သန္ဓေ ဘဝင် စုတိယူ၍။ ရှေးဘဝ အဇ္ဈတ္တ သန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်သည် ဝိညာဏဉ္စာယတန ဝိပါက် အား။၏။

ပစ္စည်း တပ်ဟန်ကား ကာမသုဂတိ ခုနစ်ဘုံ ဝေဟပ္ဖိုလ် တိုင် အောင်သော ရူပါဝစရဆယ်ဘုံ အာကာသာနဉ္စာယတန ဘုံမှ စုတေ၍ ဝိညာဏဉ္စာယတနဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား ဇောနောင်စုတိ ဘဝင်နောင်စုတိအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ဇောနောင် စုတိဖြစ်ဟန်ကား ထင်ရှားရှိသော ဘဝမှရွေ့ လျောသောအားဖြင့် ပစ္စယုပ္ပန် ဘဝ အဆုံးစုတိဖြစ်လိုလတ်သော် မိမိပဋိသန္ဓေ စိတ်နှင့်တူသော ပဉ္စဝေါကာရ တိဟိတ် ဘဝင်ကိုးခု အာကာသာနဉ္စာယတန ဘဝင်တို့တွင် တခုခုသည် ကံ ကမ္မနိမိတ်

ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်စလန ဘဝင်ပစ္ဆေဒ။ ထို့နောင် ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ဟူသောကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ထို့နောင်ကာမာဝစရ မရဏာသန္နဇောငါးကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင် ပဉ္စဝေါကာရတိဟိတ်စုတိကိုးခု အာကာသာနဉ္စာယတနစုတိတို့တွင် တခုခုသည် ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ စုတိ ကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဆိုအပ်ပြီးသော အခြင်းအရာရှိသော ဝိညာဏဉ္စာယတန ဝိပါက်သည် မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော ရှေးဘဝ အဇ္ဈတ္တ သန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ဟူသော ကမ္မနိမိတ်တို့ကို အာရုံပြု၍ ပဋိသန္ဓေကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် မိမိပဋိသန္ဓေ။လ။ ဝိညာဏဉ္စာယတန ဝိပါက်သည် ဘဝင်ကိစ္စ တဆဲ့ငါးကြိမ် တဆဲ့ခြောက်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝသစ်ဟု ဆိုအပ်သော ဝိညာဏဉ္စာယတန ပဋိသန္ဓေ နာမက္ခန္ဓာကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် ဘဝသစ်၌ ပြင်းစွာတပ်သော ဘဝ နိကန္တိလောဘဇော ခုနစ်ကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင် ဝိညာဏဉ္စာယတန ဘဝင် ဖြစ်ထိုက်သရွေ့ဖြစ်၏။

**အမှာ** ဤဝိထိကား ပဋိသန္ဓေ ဘဝင်နှစ်ပါးရသည်။ဝိညာဏဉ္စာယတနဘုံ အချင်းချင်း မရဏာသန္နဝိထိကို ချသော် ပဋိသန္ဓေ ဘဝင် စုတိသုံးပါးကိုရ၏။ ဤနည်းကိုမှီ၍ချလေ။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဌ်၌ အာကာသာနဉ္စာယတန ကုသိုလ်အရဖြစ်သော ရှေးဘဝ အဇ္ဈတ္တ သန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိမိဉ္စ ကုသလောဓမ္မောဟု အနုဝါဒပါဠိတော်ပါဌ်၌ ဝိညာဏဉ္စာယတန ဝိပါကသ၏ အရဖြစ်သော ဝိညာဏဉ္စာယတန ပဋိသန္ဓေ ဘဝင် စုတိတို့ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍

ဝိမ္ဗိလည်းကောင်း အဗျာကတဿ ဓမ္မဿဟု ရှေးဘဝ အဇ္ဈတ္တ သန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်သည် ဝိညာဏဉ္စာယတန ဝိပါက်အား အာရမ္မဏ၏။

အာကာသာနဉ္စာ ယတန ကုသလံ ဝိညာဏဉ္စာယတန ကြိယဿ ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ အာကာသာနဉ္စာယတန ကုသလ၏ အရကို ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ် ယူ၍၊ ဝိညာဏဉ္စာယတန ကြိယဿ၏ အရကိုဖြစ်ဆဲသော ဝိညာဏဉ္စာယတန ကြိယာယူ၍ ဤဘဝ ရှေးဘဝ အဇ္ဈတ္တ သန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်သည် ဝိညာဏဉ္စာယတန ကြိယာအား အာရမ္မဏ၏။

ပစ္စည်းတပ်ဟန်ကား တိဟိတ် ကာမ ရူပ အာကာသာနဉ္စာယတန အနာဂါမ် ပုဂ္ဂိုလ်သည် ရဟန္တာ အဖြစ်သို့ ရောက်၍ အာကာသာနဉ္စာယတန ကြိယာဈာန်ကို မဝင်စားမီ ပဋိလောမအားဖြင့် နေဝသညာ နာသညာယတနကြိယာဈာန် အာကိဉ္စညာယတန ကြိယာဈာန်ကို ဝင်စားပြီး၍ ဝိညာဏဉ္စာယတန ကြိယာဈာန်ကို ဝင်စားလိုလတ်သော်လည်းကောင်း ဧကန္တရိကအားဖြင့် ရူပါဝစရကြိယာ ပဉ္စမဈာန် တတိယဈာန် ပဌမဈာန်ကို ဝင်စားပြီး၍ ဝိညာဏဉ္စာယတန ကြိယာဈာန်ကို ဝင်စားလိုလတ်သော်လည်းကောင်း မိမိ၏လဲ။ ဘဝင်စလန် ဘဝင်ပစ္ဆေဒ။ ထို့နောင် ဤဘဝ အဇ္ဈတ္တ သန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကြိယာ တတိယဒွေးတို့တွင် တခုခုသည် မန္ဒပညာဖြစ်အံ့ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူဟု လေးကြိမ်၊ တိက္ခပညာဖြစ်အံ့ ဥပစာ အနုလုံ ဂေါတြဘူဟု သုံးကြိမ် ဥပစာရသမာဓိဇော ကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက် မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက် ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ဝိညာဏဉ္စာယတန ကြိယာသည် ဘဝင် အလျဉ်ကဲ့သို့ အလိုရှိသည့်

အတိုင်း များစွာဖြစ်၍ ချုပ်၏။ ။ထို့နောင် ဘဝင်ဖြစ်ထိုက် သန္တေ့ဖြစ်၏။ ။(ပြည့်စုံသောပုဂ္ဂိုလ်ကိုရည်၍ချသောဝီထိတည်း)။

ပုထုဇဉ် သေက္ခသန္တာန်၌ အာကာသာနဉ္စာယတန ဈာန်ကို မရသော ကာမာဝစရ ရဟန္တာ ပုဂ္ဂိုလ်သည် ရဟန္တာအဖြစ်သို့ ရောက်မှ ရ၍ ပဋိလောမ အားဖြင့် နေဝသညာ နာသညာ ယတန အာကိဉ္စညာ ယတန ကြိယာ ဈာန်ကို ဝင်စားပြီး၍ ဝိညာဏဉ္စာယတန ကြိယာ ဈာန်ကို ဝင်စားလို လတ်သော် ၄င်း (ကေန္တရိက ဆိုမြဲ)။ မိမိပဋ္ဌိ။လ။ ဘဝင်္ဂစလန ဘဝင်္ဂု ပစ္ဆေဒ။ ထို့နောင် ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ကို အာရုံပြု၍ မနောဒွါရာ ဝဇ္ဇန်း။ ထို့နောင် မဟာကြိယာ တတိယဒွေးတို့တွင် တခုခုသည် မန္ဒတိက္ခအားလျော်စွာ လေးကြိမ် သုံးကြိမ်ဖြစ်၍ ချုပ်၏။ ။ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက် မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက် ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ဝိညာဏဉ္စာယတန ကြိယာဈာန်သည် ဘဝင်အလျဉ်ကဲ့သို့ အလိုရှိသည့် အတိုင်း။လ။၏။ ထို့နောင်။လ။

**အမှာ** ဤဝီထိကား ပုထုဇဉ်သေက္ခသန္တာန်၌ သမာပတ်ကိုမရဘူး။ ရဟန္တာဖြစ်မှ ရသော ပုဂ္ဂိုလ်ကို ရည်၍ ချသော ဝီထိတည်း။ ။ထို့ကြောင့် ရှေးဘဝက ဖြစ်ဘူးသော အာကာသာနဉ္စာယတနီ ကုသိုလ်ကို အာရုံပြုရသည်။ ပဋိလောမ ကေန္တရိကအားဖြင့် ဝင်စားမှုလည်း ကုသိုလ်ကို အာရုံပြုနိုင်မှအနု လောမအားဖြင့် ဝင်စားသော မိမိသန္တာန်၌ အာကာသာနဉ္စာ ယတနကြိယာဈာန် ဥပါဒ် ဖြစ်ဘူးပြီးဖြစ်သောကြောင့် အာကာ သာနဉ္စာယတန ကြိယာကို အာရုံပြုရသည်။

ဝိညာဏဉ္စာယတနရဟန္တာ ပုဂ္ဂိုလ်သည် ဝိညာဏဉ္စာယတန ကြိယာဈာန်ကို ဝင်စားလိုလတ်သော် မိမိ။လ။ဘဝင်္ဂစလန ဘဝင်္ဂု ပစ္ဆေဒ။ ထို့နောင် ရှေးဘဝ အဇ္ဈတ္တ သန္တာန်၌ ဖြစ်ဘူးသော

အာကာသာနဉ္စာယတန ကုသိုလ်ကို အာရုံပြု၍မနေသာဒုါရာဝဇ္ဇန်း။ မဟာကြိယာ တတိယဒွေးတို့တွင် တခုခုသည် မနန္တရကွအား လျော်စွာ လေးကြိမ် သုံးကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင် တိက္ခပညာ ပုဂ္ဂိုလ်အား လေးကြိမ်မြောက် မန္ဒပညာ ပုဂ္ဂိုလ်အား ငါးကြိမ် မြောက် ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ဝိညာဏဉ္စာယတန ကြိယာဈာန်သည် ဘဝင်အလျဉ်ကဲ့သို့ အလိုရှိသည့်အတိုင်းများစွာ ဖြစ်၍ချုပ်၏။ ထို့နောင်ဘဝင်။

အမှာ ဤဝီထိ၌လည်း မိမိဘုံ၌ အာကာသာနဉ္စာယတန ကြိယာ မရှိသောကြောင့် အောက်ဘုံ၌ ဖြစ်ဘူး သောအာကာသာနဉ္စာယတနကုသိုလ်ကို အာရုံပြုရသည်။

ထိုသို့ဖြစ်သောအခါ အနန္တရပါဠိတော်ပါဌ်၌ အာကာသာ နဉ္စာယတန ကုသလံ၏ အရဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်ကို ပစ္စည်း အဖြစ်ဖြင့် ယူတော်မူ၍။ ဝိမိဉ္စ ကုသလော ဓမ္မောဟု။အနန္တရပါဠိတော်ပါဌ်၌ ဝိညာဏဉ္စာယတနကြိယာသ ၏ အရဖြစ်သောဝိညာဏဉ္စာယတနကြိယာကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍။ ဝီထိ၌ရင်း အဗျာကတသ ဓမ္မဿဟု ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်သည် ဝိညာဏဉ္စာယတနကြိယာအား။ လ။ ၏။ ။(အာ ကိဉ္စညာယတနကုသလံ နေဝသညာနာသညာယတန ဝိပါကဿ ကြိယ်ဿစ၌လည်း ဤနည်းကိုမှီ၍ ဆိုလေ)။

အမှာ ကြိယဿာတိ အရဟတ္တံပတ္တာ အသမာပန္နပုဗ္ဗေ အာကာသာနဉ္စာ ယတနေ ပဋိလောမတောဝါ ကေနစိကဝသေနဝါ သမာပန္နကြိယာယ။ ။အဋ္ဌကထာ။ ။ ကြိယဿာတိပဒဿ၏။အရဟတ္တံပတ္တာ။လ။သမာပန္နကြိယာယ။ ဟူသောအနက်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ အရဟတ္တံ၊ရဟန္တာ အဖြစ်သို့။ ပတ္တာ၊ ရောက်ပြီး၍။ အသမာပန္နပုဗ္ဗေ၊ ပုထုဇဉ်သေက္ခ ဖြစ်၍ ရှေးဘဝ၌ မဝင်စားဘူးသော (ဤကား ပုထုဇဉ်သေက္ခ သန္တာန်၌ သမာပတ်မရသည်ကိုရည်သည်)။ တနည်းကား။အသ

မာပန္နပုဗ္ဗေ၊ ရဟန္တာသန္တာန်၌ မဝင်စားဘူးသော။ အာကာသာ နဉ္စာယတနေ၊ အာကာသာ နဉ္စာယတန ဈာန်၌၊ ပဋိလောမတော ဝါ၊ ပဋိလောမအားဖြင့်ရင်း။ ဧကန္တရိကဝသေန ဝါ၊ တခုခြားဝင်စားသောအားဖြင့်လည်းကောင်း။ သမာပန္နကြိယာယ၊ ရဟန္တာသန္တာန်၌ဝင်စားသော ဝိညာဏဉ္စာယတနကြိယာအား။ အာရမ္မဏပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ။ပဋိလောမတော ဝါ ဧကန္တရိကဝသေန ဝါတိ ဝဒန္တေန အနုလောမတော သမာပဇ္ဇနေ ယေဘုယျေန အာသန္နသမာပတ္တိယာ အာရမ္မဏဘာဝေါ ဒဿိတောတိ ဒဋ္ဌဗ္ဗော။ ယထာပန ပဋိလောမတော ဧကန္တရိကဝသေန စ သမာပဇ္ဇန္တဿ အနာသန္နာပိ သမာပတ္တိ အာရမ္မဏံ ဟောတိ။ ဧဝံ အနုလောမတော သမာပဇ္ဇန္တဿာပိ ဘဝေယျာတိ။ဋီကာ။

ပဋိလောမတော ဝါ ဧကန္တရိကဝသေန ဝါတိ၊ ဟူ၍။ ဝဒန္တေန၊ ဆိုသော အဋ္ဌကထာဆရာသည်။ အနုလောမတော၊ အနုလောမ အားဖြင့်။ သမာပဇ္ဇနေ၊ ဝင်စားသည်ရှိသော်။ ယေဘုယျေန၊ အားဖြင့်။ အာသန္နသမာပတ္တိယာ၊ နီးသောသမာပတ်၏။ အာရမ္မဏဘာဝေါ၊ အာရုံ၏အဖြစ်ကို။ ဒဿိတော၊ ၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗော၊ ၏။ ။ပန ဝိသေသော၊ အထူးကား။ ပဋိလောမတော စ၊ ရင်း။ ဧကန္တရိကဝသေန စ၊ ရင်း။ သမာပဇ္ဇန္တဿ၊ ၏။ အနာသန္နာ၊ မနီးသော။ သမာပတ္တိပိ၊ သည်လည်း။ အာရမ္မဏံ၊ သည်။ ဟောတိ ယထာ၊ သို့။ ဧဝံ တထာ။ တူ။ အနုလောမတော၊ ဖြင့်။ သမာ ပဇ္ဇန္တဿာပိ၊ အားလည်း။ ဘဝေယျ၊ ၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗော၊ ၏။

ကုသလာခန္ဓာ စေတောပရိယ ဉာဏဿဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ ကုသလာခန္ဓာ၏အရကို လွန်လေပြီးသော။လ။ ကာလသုံးပါး၌တည်သော သူတပါးတို့၏ ကုသိုလ်ကေဝိသယူ၍။စေတောပရိယဉာဏဿ၏အရကို စေတော ပရိယ ကြိယာ အဘိညာဉ်ယူ၍။ ကာလသုံးပါး၌ တည်သော

သူတပါးတို့ ကုသိုလ် ဧကဝီသသည် စေတောပရိယ ကြိယာ အဘိညာဉ်အား အာရမ္မဏ။၏။ ။(ကုသိုလ် အဘိညာဉ်က အတိုင်း ကြိယာအဘိညာဉ်ကိုလည်း ချလေ)။

ကုသလာခန္ဓာ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏဿဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ ကုသလာခန္ဓာ၏ အရကို ပုဗ္ဗေနိဝုတ္ထဖြစ်သော ကုသိုလ်ဧကဝီသယူ၍။ပုဗ္ဗေနိဝါသာနုဿတိ ဉာဏဿ၏အရကို ပုဗ္ဗေ နိဝါသာနုဿတိ ကြိယာ အဘိညာဉ်ယူ၍။ ပုဗ္ဗေနိဝုတ္ထဖြစ်သော ကုသိုလ်ဧကဝီသသည် ပုဗ္ဗေ နိဝါသာနုဿတိ ကြိယာအဘိညာဉ်အား။၏။

ကုသလာခန္ဓာ ယထာကမ္မူပဂ ဉာဏဿဟူ၍ ဟောတော်မူအပ်သော။လ။ ၌။ ကုသလာခန္ဓာ၏အရကို အတိတ်ဖြစ်သော လောကီကုသိုလ်ကံယူ၍။ ယထာ။လ။ အရကို ယထာကမ္မူပဂ ကြိယာ အဘိညာဉ်ယူ၍။ အတိတ်ဖြစ်သော လောကီကုသိုလ်ကံသည် ယထာကမ္မူပဂကြိယာ အဘိညာဉ်အား။၏။

ကုသလာခန္ဓာ အနာဂတံသ ဉာဏဿဟူ၍။လ။၌ ကုသလာခန္ဓာ၏အရကို အနာဂတ်ဖြစ်သော ကုသိုလ်ဧကဝီသယူ၍။အနာဂတံသဉာဏဿ၏ အရကို အနာဂတံသ ကြိယာအဘိညာဉ်ယူ၍ အနာဂတ်ဖြစ်သော ကုသိုလ်ဧကဝီသသည်။အနာ။လ။ဉာဏ်အား။၏။ (ဝီထိကို ရာသီစုကအတိုင်း ချလေ)။

ကုသလာခန္ဓာ အာဝဇ္ဇနာယ၌ ကုသလာ ခန္ဓာ၏ အရကို ကုသိုလ်ဧကဝီသယူ၍ အာဝဇ္ဇနာယ၏ အရကို အမှတ်မဲ့တပါးပါးသော မနောဒွါရဝီထိ၌ အကျုံးဝင်သော မနောဒွါရာဝဇ္ဇန်း ယူ၍ ကုသိုလ်ဧကဝီသသည် မနောဒွါရာဝဇ္ဇန်းအား။၏။

ပစ္စည်းတပ်ဟန်ကား အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ ကိုအာရုံပြု၍ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သော်။မိမိ။လ။ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခုတို့တွင်

တခုခုသည် ဇောကိစ္စခုနစ်ကြိမ်။ ထို့နောင် ဘဝင်ဖြစ်ထိုက်သန္တေ ဖြစ်၏။ ထိုသို့ဖြစ်သောအခါ အနုဝါဒ။လ။ ဆိုမြဲ။

**အမှာ** ဤနည်းအတူ အကုသိုလ်ဇော ဉာဏဝိပ္ပယုတ်မဟာ ကုသိုလ် ကြိယာဇောတို့ကို ချလေ။ ။မဟာ ကြိယာ ဉာဏသမ္ပယုတ်မှာ ကုသိုလ်ဇကဝိသကို အာရုံယူ။

---

**အကုသလော အကုသလဿ**

ကုသလပဒကို ဟောတော်မူသည်၏ အခြားမဲ့၌ အကုသလ ပဒကို ဟောတော်မူ၏။ ထို၌တုံသော်လည်း အကုသလပဒါ ဝသာန ကုသလပဒါဝသာန အဗျာကတပဒါဝသာန အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင် အကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောဟန်ကား အကုသလောဓမ္မော အကုသ လဿ။လ။ယော ဟူသည်တည်း။

၄၀၇။ အကုသလော။လ။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ရာဂံ၊ ရာဂပြဌာန်းသော လောဘမူ စိတ္တုပ္ပါဒ်ကို။ အဿာဒေတိ၊ ၏။ အဘိနန္ဒတိ၊၏။တံ၊ ထိုရာဂပြဌာန်းသော လောဘမူ စိတ္တုပ္ပါဒ် ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ရာဂေါ၊ ရာဂသည်။ ဥပ္ပဇ္ဇတိ၊၏။ ဒိဋ္ဌိ၊ သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ဝိစိကိစ္ဆာ၊ သည်။ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဥဒ္ဓစ္စံ၊သည်။ ဥပ္ပဇ္ဇတိ၊၏။ ဒေါမနဿံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒိဋ္ဌိံ၊ ဒိဋ္ဌိပြဌာန်းသော ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ်ကို။ အဿာ ဒေတိ၊၏။လ။ ဒေါမနဿံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဝိစိကိစ္ဆံ၊ ဝိစိ ကိစ္ဆာသဟဂုတ် စိတ္တုပ္ပါဒ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ လ။ ဒေါမနဿံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ် ကို။လ။ ဒေါမနဿံ၊သည်။ ဥပ္ပဇ္ဇတိ၊၏။ ဒေါမနဿံ၊ ဒေါမနဿ သဟဂုတ်စိတ္တုပ္ပါဒ်ကို။လ။ ဥဒ္ဓစ္စံ၊ သည်။ ဟောတိ၊ဖြစ်၏။

အဓိပ္ပါယ်ကား အကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား။၏။ အဘယ်သို့။လ။ကား။ ရာဂပြဌာန်းသော လောဘမူ စိတ္တုပ္ပါဒ်ကို

အာရုံပြု၍ သာယာသောအခါ လောဘမူ သောမနဿသဟဂုတ် လေးခုအား။ နှစ်သက်သောအခါ လောဘမူ ပီတိသဟဂုတ်လေးခု အား။ တပ်သောအခါ ရာဂပြင်းထန်သော လောဘမူရှစ်ခုအား။ အမြင်မှားသောအခါ ဒိဋ္ဌိဂတသမ္ပယုတ်လေးခုအား။ မဆုံးဖြတ် နိုင်သောအခါ ဝိစိကိစ္ဆာသဟဂုတ်အား။ ပျံ့လွင့်သောအခါ ဥဒ္ဓစ္စ သဟဂုတ်အား။ နှလုံးမသာယာသောအခါ ဒေါသမူနှစ်ခုအား အာရမ္မဏ။ပ။ (ဒိဋ္ဌိံ အဿာဒေတိ စသောပါဠိ၏ အဓိပ္ပါယ်ကို ယခင်နည်းကို မှီ၍ဆိုလေ)။

ဝိမိပါဠိတော်ပါဠ်၌ ကဏ္ဍားကား အကုသိုလ် ဓမ္မံဒသ။ပေ။ သတ္တဝီသ ပစ္စည်း တရားရ၏။ သမ္ပဒါန်ကား အကုသိုလ်ဓမ္မဒသ။ ပေ။ သတ္တဝီသ ပစ္စယုပ္ပန်။ပ။ ကရိုဏ်းကား အာရမ္မဏ အာရမ္မဏာ ဓိပတိ အာရမ္မဏူပနိဿယ သုံးပစ္စယ သတ္တိတို့တွင် အာရမ္မဏ။ လ။ သတ္တိ။ပ။

ရာဂံအဿာဒေတိ အစရှိသည်ဖြင့် ဟောတော် မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ ရာဂံ၏ အရကို ရာဂ ပြင်းထန်သော လောဘမူ စိတ္တုပ္ပါဒ်ယူ၍။ အဿာဒေတိ၏အရကို သာယာသော အခါ လောဘမူ သောမနဿ သဟဂုတ်ယူ၍။ အဘိနန္ဒတိ၏ အရ ကို သပ္ပီတိက တဏှာပြင်းထန်သော လောဘမူ သောမနဿသဟ ဂုတ်ယူ၍။ (ရာဂေါ ဥပ္ပဇ္ဇတိ အစရှိသည်၏ အရကိုယူမြဲ)။ ရာဂ ပြင်းထန်သော လောဘမူစိတ္တုပ္ပါဒ်သည် အကုသိုလ်ဓမ္မဒသအား။ပ။ (ပစ္စည်းတစ်ဟန် ဝီထိကို ကုသလော အကုသလဿကို မှီ၍ ဆိုလေ)။

ဒိဋ္ဌိံအဿာဒေတိ အစရှိသည်ဖြင့် ဟောတော် မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ ဒိဋ္ဌိံ၏အရကိုဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ် ယူ၍။ အဿာဒေတိ အစရှိသည်၏ အရကိုယူမြဲ။ ဝိစိကိစ္ဆံ အာရဗ္ဘ ။လ။ ပါဠ်၌ ဝိစိကိစ္ဆံ၏ အရကို ဝိစိကိစ္ဆာသဟဂုတ်ယူ၍။လ။ယူမြဲ။ ဥဒ္ဓစ္စံ၏ အရကိုဥဒ္ဓစ္စသဟဂုတ်ယူ၍။ (အာရဗ္ဘ ဥဒ္ဓစ္စံဥပ္ပဇ္ဇတိ စသည်

ကိုယူမြဲ။ ။ဒေါမနဿံ၏ အရကို ဒေါသမူဒွေး စိတ္တုပ္ပါဒ်ယူ၍။ နောက်ကိုယူမြဲ။ ။ဝိထိကို ကုသလော အကုသလဿကိုမှီ၍ ချလေ)။

---

### အကုသလော ကုသလဿ

အကုသလ ပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ ကုသလ ပဒါဝသာနကို ဟောတော်မူ၏။ ဟောဟန်ကားအကုသလောဓမ္မော အကုသလဿဓမ္မဿ။လ။ ယောဟူသည်တည်း။

၄၀၈။ အကုသလော၊ သော။ ဓမ္မော၊သည်။ ကုသလဿ၊ သော။ ဓမ္မဿ၊အား။ အာရမ္မဏ ပစ္စယေန၊ဖြင့်။ ပစ္စယော၊သည်။ ဟောတိ၊ဖြစ်၏။ သေက္ခာ၊သေက္ခဟု ဆိုအပ်ကုန်သော သောတာပန် သကဒါဂါမိ အနာဂါမိ ပုဂ္ဂိုလ်တို့သည်။ ပဟီနေ၊ မိမိမဂ်ဖြင့် ပယ်အပ်ကုန်ပြီးသော။ ကိလေသေ၊ကိလေသာတို့ကို။ ပစ္စဝေက္ခန္တိ၊ ကုန်၏။ ဝိက္ခမ္ဘိတေ၊ မိမိမဂ်ဖြင့် ပယ်အပ် ခွါအပ်ကုန်သော။ ကိလေသေ၊တို့ကို။ ပစ္စဝေက္ခန္တိ၊ ဆင်ခြင်ကုန်၏။ (ပဟီန ကိလေသေ ဝိက္ခမ္ဘိတ ကိလေသေဟု တသမာသ်ထည်းလည်းရှိ၏)။ သေက္ခာ၊တို့သည်။ ပုဗ္ဗေ၊၌။ သမုဒါစိဏ္ဏေ၊ အလေ့အကျက် ပြုအပ်ကုန်ပြီးသော။ ကိလေသေ၊တို့ကို။ ဇာနန္တိ၊ကုန်၏။ သေက္ခာဝါ၊ လည်းကောင်း။ ပုထုဇ္ဇနာဝါ၊ လည်းကောင်း။ အကုသလံ၊ကို။လ။ ဝိပဿန္တိ၊ကုန်၏။ သေက္ခာဝါ၊ လည်းကောင်း။ ပုထုဇ္ဇနာဝါ၊ လည်းကောင်း။ စေတောပရိယ ဉာဏေန၊ဖြင့်။ ဇာနန္တိ၊ကုန်၏။ အကုသလာ၊သော။ ခန္ဓာ၊ခန္ဓာသည်။ စေတောပရိယဉာဏဿစ၊ အားလည်းကောင်း။ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏဿစ၊ အားလည်းကောင်း။ ယထာကမ္မုပဂဉာဏဿစ၊ အားလည်းကောင်း။ အနာဂတံသ ဉာဏဿစ၊ အားလည်းကောင်း။ အာရမ္မဏ ပစ္စယေန၊ အာရမ္မဏပစ္စည်းဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ဖြစ်၏။

အဓိပ္ပါယ်ကား အကုသိုလ် ဓမ္မသည် ကုသိုလ် ဓမ္မအား၏။ အဘယ်သို့ကား သောတာပန် ပုဂ္ဂိုလ်သည် ဓသာတာ ပတ္တိမဂ်

သည့် ပယ်အပ်သော ဒိဋ္ဌိဝိစိကိစ္ဆာဟူသော ကိလေသာနှစ်ပါးကို ဆင်ခြင်သောအခါ ပယ်အပ်သော ကိလေသာသည် ဆင်ခြင်သော ကာမကုသိုလ်အား။ သကဒါဂါမိပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်သည် ခေါင်းပါးစေအပ်သော ရုန့်ရင်းသော ရာဂ ဒေါသ မောဟ ဟူသော ကိလေသာ သုံးပါးကိုဆင်ခြင်သောအခါ ပယ်အပ်သော ကိလေသာသည် ဆင်ခြင်သော ကာမကုသိုလ်အား။ အနာဂါမိပုဂ္ဂိုလ်သည် အနာဂါမိမဂ်သည် ပယ်အပ်သော ကာမရာဂဟု ဆိုအပ်သော လောဘတစိတ်။ ဗျာပါဒဟု ဆိုအပ်သော ဒေါသကို ဆင်ခြင်သောအခါ ပယ်အပ်သော ကိလေသာသည် ဆင်ခြင်သော ကာမကုသိုလ်အား။ ၆။

သောတာပန် ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်သည် မပယ်အပ်သော လောဘ ဒေါသ မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပ ဟူသော ကိလေသာ ရှစ်ပါးကို ဆင်ခြင်သောအခါ ကြွင်းသော ကိလေသာသည် ဆင်ခြင်သော ကာမ ကုသိုလ်အား။ သကဒါဂါမိ ပုဂ္ဂိုလ်သည် သကဒါဂါမိ မဂ်သည် မခေါင်းပါးစေ အပ်သောသိမ်မွေ့သော ရာဂ ဒေါသ မောဟ မာန ထိန ဥဒ္ဓစ္စအဟိရိက အနောတ္တပ္ပဟူသော ကိလေသာရှစ်ပါးကိုဆင်ခြင်သောအခါ ကြွင်းသော ကိလေသာသည် ဆင်ခြင်သော ကာမကုသိုလ်အား။ အနာဂါမိပုဂ္ဂိုလ်သည် အနာဂါမိမဂ်သည် မပယ်အပ်သော ရူပရာဂ အရူပရာဂဟုဆိုအပ်သောလောဘတစိတ်။ မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပဟူသော ကိလေသာ ခုနစ်ပါးကို ဆင်ခြင်သောအခါ ကြွင်းသော ကိလေသာသည် ဆင်ခြင်သော ကာမကုသိုလ်အား။ သေက္ခပုထုဇဉ်ပုဂ္ဂိုလ်တို့သည်အကုသိုလ်ကို အာရုံပြု အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာပြုသောအခါ အကုသိုလ်သည် ဝိပဿနာပြုသော ကာမကုသိုလ်အား။ သေက္ခပုထုဇဉ် ပုဂ္ဂိုလ်တို့သည် စေတောပရိယ ကုသိုလ်အဘိညာဉ်ဖြင့် လွန်လေပြီးသော ။လ။ အကုသိုလ်ကို သိသောအခါ သူတပါးတို့ အကုသိုလ်သည် စေတောပရိယ ကုသိုလ်အဘိညာဉ် ထိုအဘိညာဉ် နောက်၌ ဖြစ်

သော ကာမကုသိုလ်အား။ လွန်လေပြီးသော။လ။ သူတပါးတို့၏ အကုသိုလ်သည် စေတောပရိယ ကုသိုလ်အဘိညာဉ်အား ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ် အဘိညာဉ်အား အတိတ်ဖြစ်သော အကုသိုလ်ကံသည် ယထာကမ္မုပဂကုသိုလ် အဘိညာဉ်အား။ အနာဂတ်ဖြစ်သောအကုသိုလ်သည် အနာဂတံသ ကုသိုလ် အဘိညာဉ်အား အာရမ္မဏ။၏။

ကတ္တားကား အကုသိုလ် ဌါဒသ။စေ။ သတ္တဝီသ ပစ္စည်းတရားရ၏။ သမ္ဗန္ဓါန်ကား မဟာကုသိုလ်ရှစ်ခု စေတော ပရိယ ပုဗ္ဗေနိဝါသာနုဿတိ ယထာ ကမ္မုပဂ အနာဂတံသ ကုသိုလ် အဘိညာဉ်အပ္ပမညာကြဉ်သော။ စေ၊ဆတ္တိံသ ပစ္စယုပ္ပန်။၏။ ။ ကရိုဏ်းပါဠိ၏ အရကား အာရမ္မဏ သတ္တိရ၏။

သေက္ခာ ပဟီနေ ကိလေသေ ပစ္စဝေက္ခန္တိဟူ၍ ဟောတော်မူအပ်သော။လ။ပါဠိ၌ သောတာပန်ဖြစ်အံ့ ပဟီနေ ကိလေသေ၏ အရကို ဒိဋ္ဌိဝိစိကိစ္ဆာဟူသော ကိလေသာ နှစ်ပါးယူ၍။ သေက္ခာ ပစ္စဝေက္ခန္တိ၏ အရကို သောတာပန် သန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ယူ၍။ပယ်အပ်သော ကိလေသာသည် သောတာပန် သန္တာန်၌ ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏ။၏။

ပစ္စည်းတပ်ဟန်ကား သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်သည် ပယ်အပ်သောကိလေသာကို ဆင်ခြင်လိုလတ်သော် မိမိ။လ။နု။ဒ။ ထို့နောင် ဒိဋ္ဌိဝိစိကိစ္ဆာဟူသော ကိလေသာ နှစ်ပါးကို အာရုံပြု၍ မနော်ဒွါရာဝဇ္ဇန်း။ထို့နောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ဖြစ်၏။ထို့နောင် တဒနုဝတ္တက ဝီထိဖြင့် ငါရသော သောတာပတ္တိမဂ်သည် ပယ်အပ်သော ကိလေသာကား ဤမျှ ဤမျှဟု သိသတည်း။ ထိုသို့ဖြစ်သောအခါ ဆိုမြဲ။

သကဒါဂါမိဖြစ်အံ့ သကဒါဂါမိမဂ်သည် ခေါင်းပါးစေအပ်သော ရုန့်ရင်းသော ရာဂဒေါသ မောဟယူ၍။သေက္ခာပစ္စဝေက္ခန္တိ

၏ အရကို သကဒါဂါမိသန္တာန်၌ ဖြစ်သော ဆင်ခြင်သောကာမကုသိုလ်ယူ၍ ပယ်အပ်သော ကိလေသာသည် ဆင်ခြင်သော ကာမကုသိုလ်အား။၏။

ပစ္စည်းတစ်ဟန်ကား သကဒါဂါမိ ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်သည် ခေါင်းပါးစေအပ်သော ကိလေသာကို ဆင်ခြင်လိုလတ်သော် (ယခင်နည်းကိုမှီ၍ ဝိထိချ)။ ။အနာဂါမိဖြစ်အံ့ ပဟီနေကိလေသေ၏ အရကို အနာဂါမိမဂ်သည် ပယ်အပ်သော ကာမရာဂဟု ဆိုအပ်သော လောဘတစိတ်။ ဗျာပါဒဟု ဆိုအပ်သော ဒေါသယူ၍။သေက္ခာပစ္စဝေက္ခန္တိ၏ အရကို အနာဂါမိ သန္တာန်၌ ဆင်ခြင်သော ကာမကုသိုလ်ယူ၍။ပယ်အပ်သော ကိလေသာသည် ဆင်ခြင်သော ကာမကုသိုလ်အား။လ။၏။ ။(ဤ၌လည်း ဝိထိကို ယခင်နည်းကိုမှီ၍ ချလေ)။

သေက္ခာ ဝိက္ခမ္ဘိတေ ကိလေသေ ပစ္စဝေက္ခန္တိ ဟူ၍။လ။ပါဠ်၌ သောတာပန်ဖြစ်အံ့ ဝိက္ခမ္ဘိတေ ကိလေသေ၏ အရကို သောတာပတ္တိမဂ်သည် မပယ်အပ်သော လောဘ ဒေါသ မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပ ဟူသော ကိလေသာရှစ်ပါးယူ၍။ သေက္ခာပစ္စဝေက္ခန္တိ၏ အရကို သောတာပန် သန္တာန်၌ ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ယူ၍။ ကြွင်းသော ကိလေသာသည် ဆင်ခြင်သော ကာမကုသိုလ်အား။၏။

ပစ္စည်းတစ်ဟန်ကား သောတာပန် ပုဂ္ဂိုလ်သည် ကြွင်းသော ကိလေသာကို ဆင်ခြင်လိုလတ်သော် ဘဝင်စလန ဘဝင်ုပစ္ဆေဒ။ ထို့နောင် သောတာပတ္တိမဂ်သည် မပယ်အပ်သော ကိလေသာရှစ်ပါးကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇောကိစ္စ ခုနစ်ကြိမ် ထို့နောင် ဘဝင်။ ထို့နောင် တဒနုဝတ္တကဈဝိထိဖြင့် ကြွင်းသော ကိလေသာကား ဤမျှဟု သိသတည်း။ ထိုသို့ဖြစ်သောအခါ။ ဆိုမြဲ။

သကဒါဂါမိဖြစ်အံ့ ဝိက္ခမ္ဘိတေ ကိလေသေ၏ အရကို သကဒါဂါမိမဂ်သည် မခေါင်းပါးစေအပ်သော သိမ်မွေ့သော ရာဂ

ဒေါသ မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပ ဟူသော ကိလေသာရှစ်ပါးယှဉ်၏ သေက္ခာပစ္စဝေက္ခနတို့၏ အရကို သက္ကာဒါဂါမိ သန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ယှဉ်၏ (ဝိထိ ရှေးနည်းကိုမှီ၍ချ)။

အနာဂါမိဖြစ်အံ့ ဝိက္ခမ္ဘိတ ကိလေသော၏ အရကို အနာဂါမိ မဂ်သည် မပယ်အပ်သော ရူပရာဂ အရူပရာဂဟု ဆိုအပ်သော လောဘတစိတ်။ မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပ ဟူသော ကိလေသာ ခုနစ်ပါးယှဉ် သေက္ခာပစ္စဝေက္ခနတို့၏ အရကို အနာဂါမိသန္တာန်၌ ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ယှဉ်၏။ (၍၌လည်း ဝိထိရှေးနည်းကိုမှီ၍ချ)။

ပုဗ္ဗေ သမုဒါစိဏ္ဏော ကိလေသေ ဇာနန္တိ။လ။၌။ ပုဗ္ဗေ သမုဒါစိဏ္ဏကိလေသော၏ အရကို ရှေး၌ အလေ့အကျက် ပြုအပ်ကုန်သော ကိလေသာဆယ်ပါးယှဉ်၏။ဇာနန္တိ၏ အရကိုသိသော ကာမကုသိုလ်ယှဉ်၏။ ရှေး၌ အလေ့အကျက်ပြုအပ်ကုန်သော ကိလေသာ တို့သည် သိသော ကာမကုသိုလ်အား ၂၏။ဝိထိချ။

သေက္ခာဝါပုထုဇ္ဇနာဝါ အကုသလံ။လ။ ဝိပဿန္တိဟူ၍ ဟောတော်။လ။၌ အကုသလ်၏အရကို အကုသိုလ်ဒွါဒသယှဉ်၏ သေက္ခာ ဝါ။လ။ ဝိပဿန္တိ၏ အရကို ဝိပဿနာပြုသော ကာမကုသိုလ်ယှဉ်၏ အကုသိုလ်သည် ဝိပဿနာပြုသော ကာမကုသိုလ်အား။၏။

သေက္ခာဝါ။လ။ ဇာနန္တိဟူ၍။လ။ ပါဠိ၌ အကုသလ စိတ္တ သမင်္ဂိဿစိတ္တံ၏ အရကို လွန်လေပြီးသော ခုနစ်ရက်။လ။သူတပါး တို့၏ အကုသိုလ် ဒွါဒသယှဉ်၏။သေက္ခာဝါ။လ။ ဇာနန္တိ၏ အရကို စေတောပရိယ ကုသိုလ်အဘိညာဉ်။ထိုအဘိညာဉ် နောက်၌ ဖြစ် သော ကာမကုသိုလ်ယှဉ်၏။ ကာလသုံးပါး၌ တည်သော သူတပါး တို့၏အကုသိုလ်ဒွါဒသသည် စေတောပရိယ ကုသိုလ် အဘိညာဉ် ထိုအဘိညာဉ်နောက်၌ဖြစ်သော ကာမကုသိုလ်အား။၏။ (ဝိထိကို ကုသလော ကုသလဿကို မှီ၍ချလေ)။

အကုသလာခန္ဓာ စေတော ပရိယ ဉာဏဿဟူ၍။လ။ ပါဠိ၌ အကုသလာခန္ဓာ၏အရကို လွန်လေပြီးသော။လ။ ကာလသုံးပါး၌ တည်သော သူတပါးတို့ အကုသိုလ် ဓမ္မဒိသယူ၍။ စေတောပရိယ ဉာဏဿ၏ အရကို စေတောပရိယ ကုသိုလ် အဘိညာဉ် ယူ၍။ ၊လ။၏။ အကုသလာ ခန္ဓာ၏ အရကို ပုဗ္ဗေနိဝုတ္ထ ဖြစ်သော အကုသိုလ် ဓမ္မဒိသယူ၍။ ပုဗ္ဗေနိဝါသာ နုဿတိ ဉာဏဿ အရကို ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ် ယူ၍။လ။၏။ အကုသလာ ခန္ဓာ၏ အရကို အတိတ်ဖြစ်သော အကုသိုလ်ကံယူ၍။ ယထာ။လ။ အရကို ယထာကမ္မုပဂ ကုသိုလ် အဘိညာဉ် ယူ၍။ အတိတ်ဖြစ်သော အကုသိုလ်ကံသည်၊လ။အား။၏။ ။အကုသလာ ခန္ဓာ၏အရကို အနာဂတ်ဖြစ်သော အကုသိုလ် ဓမ္မဒိသယူ၍။ အနာဂတံ၊လ။ အနာဂတံသ ကုသိုလ်အဘိညာဉ်ယူ၍။လ။၏။ ဝိထိချပြ။

---

### အကုသလော အဗျာကတဿ

ကုသလပဒါဝသာနကို ဟောတော်မူသည်၏အခြားမဲ့၌ အဗျာ။လ။၏။ဟန်ကား အကုသလော။လ။ယောဟူသည်တည်း။

၄၀၉။ အကုသလော၊သော။ ဓမ္မော၊သည်။ အဗျာကတဿ၊သော။ ဓမ္မဿ၊အား။ အာရမ္မဏ ပစ္စယေန၊ဖြင့်။ ပစ္စယော၊သည်။ ဟောတိ၊၏။ အရဟာ၊ရဟန္တာပုဂ္ဂိုလ်သည်။ ပဟီနေ၊ပယ်အပ်ကုန်သော။ ကိလေသေ၊တို့ကို။ ပစ္စဝေက္ခတိ၊၏။ ပုဗ္ဗေ၊ရှေး၌။ သမုဒါစိဏ္ဏေ၊အလေ့အကျက် ပြုအပ်ကုန်သော။ ကိလေသေ၊ ကိလေသာတို့ကို။ဇာနာတိ၊၏။အကုသလံ၊ကို။အနိစ္စတော။လ။ ဝိပဿတိ၊၏။ စေတော ပရိယ ဉာဏေန။လ။ ဇာနာတိ။၏။ သေက္ခာဝါ၊ လည်းကောင်း။ ပုထုဇ္ဇနာဝါ၊ လည်းကောင်း။ အကုသလံ၊ကို။ အနိစ္စတော။လ။ ကုသလေ၊သည်။ နိရုဒ္ဓေ၊ချုပ်ပြီးသည်ရှိသော်။ ဝိပါကော၊ ဝိပါက်သည်။ တဒါလမ္ဗဏတာ တဒါလမ္ဗဏတာယ၊ဖြင့်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ အကုသလံ၊ကို။ အဿာဒေတိ၊၏။လ။ တဒါလမ္ဗ

ဏာတာ တဒါလမ္ဗဏာတာယ၊ ဖြင့်။ ဥပ္ပဇ္ဇတိ၊ ၏။ (အကုသလာ ခန္ဓာ အစရှိသည်ကိုပေးမြဲ)။

အမိပ္ပါယ်ကား အကုသိုလ် ဇမ္မသည် အဗျာကတဓမ္မအား အာရမ္မဏ၏။ အဘယ်သို့ကား ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တ မဂ်သည် ပယ်အပ်သော ရူပရာဂ အရူပရာဂဟု ဆိုအပ်သော လောဘတစိတ်။ မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပ ဟူသော ကိလေသာခုနစ်ပါးကိုဆင်ခြင်သောအခါ ပယ်အပ်သော ကိလေသာသည် ဆင်ခြင်သောကာမကြိယာအား အာရမ္မဏ။၏။ ရှေး၌ အလေ့ အကျက် ပြုအပ်ကုန်ပြီးသော ကိလေသာတို့ကို သိ သောအခါ ရှေး၌ အလေ့အကျက် ပြုအပ်ကုန်ပြီးသော ကိလေသာ တို့သည် သိသော ကာမကြိယာအား (ကြွင်းသော အမိပ္ပါယ် လွယ်ပြီ။ ရှေးနည်းကိုမှီ၍ဆို)။

အကုသလော ဓမ္မော အရကား အကုသိုလ်ဓမ္မသည် စေ တသိက် သတ္တဝီသ မှစ၍ ညီး တရား ရ၏။ အဗျာကတဿ ဟူသော သမ္ဗန္ဓနှိပ်၏ အရကား တဒါရုံ ကောဒသ ပဉ္စဝိညာဝဇ္ဇန်း ကြဉ် သော ကာမကြိယာ တဆယ် စေတောပရိယပုဗ္ဗေနိဝါသာနုဿတိ ယထာကမ္မုပဂ အနာဂတံသ ကြိယာအဘိညာဉ် ဝိရတီအပ္ပမညာ ကြဉ်သော စေတသိက် ခုတ္တိံ သနာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ဂုရုရိုက်းပါဌ်၏ အရကား အာရမ္မဏာသတ္တိရ၏။

အရဟာဖဟိနေ ကိလေသေ ပစ္စဝေက္ခတိ။ဟူ၍။လ။ ပါဌ်၌ ပဟီနေ ကိလေသေ၏ အရကို အရဟတ္တ မဂ်သည် ပယ် အပ်သော ရူပရာဂ အရူပရာဂဟု ဆိုအပ်သော လောဘတစိတ်။ မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပဟုဆိုအပ်သော ကိလေသာ ခုနစ်ပါးယူ၍ အရဟာပစ္စဝေက္ခတိ၏ အရကို ရဟန္တာ သန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကြိယာယူ၍။ ပယ်အပ် သော ကိလေသာသည် ဆင်ခြင်သော ကာမ ကြိယာအား အာရမ္မဏ။၏။

ပစ္စည်းတပ်ဟန်ကား ရဟန္တာ ပုဂ္ဂိုလ်သည် ပယ်အပ်သော ကိလေသာကို ဆင်ခြင်လိုလတ်သော် (နောက်နည်းကို မှီ၍ချလေ။ ပုဗ္ဗေသမုဒါစိဏ္ဏေသွလည်း ယူမြဲ။ အကုသလံ အနိစ္စတော စသည် တို့၌လည်း လွယ်ပြီ နောက်ကနည်းနှင့်တူပြီ)။

**အဗျာကတော အဗျာကတဿ**

အကုသလပဒကို ဟောတော်မူသည်၏ အခြားမဲ့၌ အဗျာကတ ပဒကို ဟောတော်မူ၏။ ထို၌ တုံသော်လည်း အဗျာကတပဒါဝ သာန အစရှိသောအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင် အဗျာ ကတ ပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောဟန် ကား အဗျာကတော။လ။ အဗျာကတဿ။လ။ အာရမ္မဏ။လ။ ယောဟူသည်တည်း။

၄၁၀။ အရဟာ၊ ရဟန္တာပုဂ္ဂိုလ်သည်။ ဖလံ၊အရဟတ္တဖိုလ် ကို။ ပစ္စဝေက္ခတိ၊၏။ နိဗ္ဗာနံ၊ကို။ ပစ္စဝေက္ခတိ၊၏။ နိဗ္ဗာနံ၊ နိဗ္ဗာန် သည်။ ဖလဿ၊ ဖိုလ်လေးခုအား။ အာဝဇ္ဇနာယ၊ မနောဒွါရာ ဝဇ္ဇန်းအား။ အာရမ္မဏ။လ။၏။ အရဟာ၊ ရဟန္တာပုဂ္ဂိုလ်သည်။ စက္ခုံ၊စက္ခုပသာဒကို။လ။ ရူပေ၊ရူပါရုံတို့ကို။လ။ ဓာတုဗ္ဗေ၊တို့ကို။ ဝတ္ထုံ၊ဟဒယဝတ္ထုကို။ ဝိပဿတိ၊၏။ ဝိပါကာဗျာကတေ၊ဝိပါက် အဗျာကတ ဖြစ်ကုန်သော။ ကြိယာဗျာကတေ၊ကြိယာ အဗျာကတ ဖြစ်ကုန်သော။ ခန္ဓေ၊ခန္ဓာတို့ကို။လ။ ဝိပဿတိ၊၏။ ။ဒိဗ္ဗေန၊ နတ်၌ဖြစ်သော။ စက္ခုနာ၊ အဘိညာဉ်ဟူသော မျက်စိဖြင့်။ ရူပံ၊ ရုပ်ကို။ ပဿတိ၊၏။ ဒိဗ္ဗာယ၊ နတ်၌ဖြစ်သော။ သောတဓာတုယာ၊ သောတဓာတ်ဟူသော အဘိညာဉ်ဖြင့်။ သဒ္ဒံ၊ကို။ သုဏာတိ၊၏။ စေတောပရိယဉာဏေန၊ဖြင့်။ ဝိပါကာဗျာကတ ကြိယာ ဗျာကတ စိတ္တသမင်္ဂိဿ၊ ဝိပါက်အဗျာကတ ကြိယာအဗျာကတစိတ်နှင့်ပြည့် စုံသောသူ၏။ စိတ္တံ၊ကို။ဇာနာတိ၊၏။ (နောက်၌အနက်လွယ်ပြီ)။

အဓိပ္ပါယ်ကား အဗျာကတဓမ္မသည် အဗျာကတဓမ္မအား အာ ရမ္မဏ။၏။အဘယ်သို့ကား ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကို

ဆင်ခြင်သောအခါအရဟတ္တဖိုလ်သည် ဆင်ခြင်သောမဟာကြိယာ ဉာဏသမ္ပယုတ်အား။ ၏။ ရဟန္တာ ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို ဆင်ခြင်သောအခါ နိဗ္ဗာန်သည် ဆင်ခြင်သော မဟာကြိယာ ဉာဏ သမ္ပယုတ်အား။ မဂ္ဂဝီထိ ဖလသမာပတ္တိ ဝီထိ ဖြစ်သောအခါ နိဗ္ဗာန်သည် ဖိုလ်လေးခုအား။ ပစ္စဝေက္ခဏာဝီထိဖြစ်သောအခါ နိဗ္ဗာန်သည် မနောဒွါရာဝဇ္ဇန်းအား။ ရဟန္တာပုဂ္ဂိုလ်သည် စက္ခုပသာဒကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာ ပွါးသောအခါ စက္ခုပသာဒသည် ဝိပဿနာ ပွါးသော ကာမကြိယာအား။ သောတ ဃာန။လ။ ရူပါရုံ။လ။ ဖေါဋ္ဌဗ္ဗာရုံ ဟဒယဝတ္ထုလောကီ ဝိပါက် ကြိယာခန္ဓာတို့ကို။လ။ ဝိပဿနာ ပွါးသောအခါ သောတ ဃာန။လ။ ခန္ဓာတို့သည် ဝိပဿနာ ပွါးသော မဟာကြိယာအား။ ရဟန္တာ ပုဂ္ဂိုလ်သည် ဒိဗ္ဗစက္ခု ကြိယာ အဘိညာဉ်ဖြင့် ဒူရ ပဋိစ္ဆန္န သဏှ သုခုမ ပစ္စုပ္ပန် ရူပါရုံကို မြင်သောအခါ ဒူရ ပဋိစ္ဆန္န သဏှ သုခုမ ပစ္စုပ္ပန် ရူပါရုံသည် ဒိဗ္ဗစက္ခု ကြိယာ အဘိညာဉ်အား။ ရဟန္တာ ပုဂ္ဂိုလ်သည် ဒိဗ္ဗသောတကြိယာ အဘိညာဉ်ဖြင့် ဒူရ ပဋိစ္ဆန္နသဏှ သုခုမ ပစ္စုပ္ပန်သဒ္ဒါရုံကို ကြားသောအခါ ဒူရပဋိစ္ဆန္န သဏှသုခုမ ပစ္စုပ္ပန် သဒ္ဒါရုံသည် ဒိဗ္ဗသောတ ကြိယာအဘိညာဉ်အား။ ၏။ ရဟန္တာပုဂ္ဂိုလ်သည် စေတောပရိယ ကြိယာအဘိညာဉ်ဖြင့် လွန်လေပြီးသော ခုနစ်ရက်မှစ၍လာလတ္တံ့သော ခုနစ်ရက်တိုင်အောင် ။လ။သူတပါးတို့၏ ဝိပါက်ကြိယာစိတ်ကိုပိုင်းခြား၍ သိသောအခါ သူတပါးတို့၏ ဝိပါက်ကြိယာ စိတ်သည် စေတောပရိယ ကြိယာ အဘိညာဉ်။ ထိုအဘိညာဉ်နောက်၌ဖြစ်သော ကာမကြိယာအား။ ဝိညာဏဉ္စာယတနကြိယာဈာန်ကိုရသောအခါဝင်စားသောအခါ ဤဘဝအဖို့တွင်သန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာ ယတန ကြိယာသည် ဝိညာဏဉ္စာယတန ကြိယာအား။ (အာကိဉ္စညာ။ ဆိုမြဲ။ ရူပါယတနစသည်၏ အမိပ္ပါယ်လွယ်ပြီ)။

အဗျာကတဓာ ကတ္တားပုဒ်၏ အရကား ဝိပါက် ဆတ္တိံသ ကြိယာဝီသရုပ်အဋ္ဌဝီသ နိဗ္ဗာန်ပစ္စည်းတရားရ၏။ ။သမ္ဗန္ဓနိကား

ကာမဝိပါက်တေဝီသ ကာမကြိယာ ဧကာဒသ ဝိညာဏဉ္စာယတနကြိယာ နေဝသညာ နာသညာ ယတနကြိယာ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ ဣဒ္ဓိဝိဓ စေတောပရိယ ပုဗ္ဗေနိဝါသာနုဿတိ အနာဂတံသကြိယာအဘိညာဉ် ဖိုလ်လေးခု အပ္ပမညာကြဉ်သော။စေ။ ဆတ္တိံသ နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

တနည်းကား။ ကတ္တားကား စက္ခုဝိညာဉ်ဒွေးအားတပ်သော ပစ္စုပ္ပန်ရူပါရုံ။ သောတဝိညာဉ်ဒွေးအားတပ်သော ပစ္စုပ္ပန်သဒ္ဒါရုံ။ လ။ မနောဓာတ်သုံးခုအား တပ်သော ပစ္စုပ္ပန်ပဉ္စာရုံ။ တဒါရုံ ဧကာဒသ ဟသိတုပ္ပါဒ် အားတပ်သော ကာမဝိပါက် တေဝီသ ကာမကြိယာဧကာဒသ ရုပ်အဋ္ဌဝီသ မဟာကြိယာ ဉာဏဝိပ္ပယုတ် လေးခုအားတပ်သော လောကီဝိပါက် ဗာတ္တိံသကြိယာဝီသ ရုပ်အဋ္ဌဝီသ။ မဟာကြိယာ ဉာဏသမ္ပယုတ်လေးခု မနောဒွါရာဝဇ္ဇန်း အားတပ်သော ဝိပါက်ဆတ္တိံသကြိယာဝီသ ရုပ်အဋ္ဌဝီသနိဗ္ဗာန်။ ဝိညာဏဉ္စာယတနကြိယာအားတပ်သော ဤဘဝအဗ္ဘန္တရသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကြိယာ။ နေဝသညာနာသညာယတန ကြိယာအားတပ်သော ဤဘဝ အဗ္ဘန္တရသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာ ယတနကြိယာ။ ဒိဗ္ဗစက္ခုကြိယာ အဘိညာဉ်အားတပ်သော ဒူရပဋိစ္ဆန္န သဏှသုခုမ ပစ္စုပ္ပန်ရူပါရုံ။ ဒိဗ္ဗသောတ ကြိယာ အဘိညာဉ်အားတပ်သော ဒူရ ပဋိစ္ဆန္န သဏှသုခုမ ပစ္စုပ္ပန်သဒ္ဒါရုံ။ စေတောပရိယ ကြိယာ အဘိညာဉ်အား တပ်သော လွန်လေပြီးသော။လ။ သူတပါးတို့၏ ဝိပါက်ဆတ္တိံသ ကြိယာဝီသဟုဆိုအပ်သော ဓမ္မာရုံ။ ဣဒ္ဓိဝိဓကြိယာအဘိညာဉ်အား တပ်သော ပါဒကဖြစ်သော ရူပါဝစရကြိယာ ပဉ္စမဈာန် သတသဟဿ စသော နိမ္မိတရုပ်ဟု ဆိုအပ်သော အာရုံခြောက်ပါး။ ပုဗ္ဗေနိဝါသာနုဿတိကြိယာအဘိညာဉ်အားတပ်သောပုဗ္ဗေနိဝုတ္ထဖြစ်သော ဝိပါက်ဆတ္တိံသကြိယာဝီသရုပ်အဋ္ဌဝီသဟုဆိုအပ်သော ခန္ဓာငါးပါး။ထိုခန္ဓာငါးပါးမှ လျောက်၍ သိအပ်သော နိဗ္ဗာန်ဟု ဆိုအပ်သော အာရုံခြောက်ပါး။ အနာဂတံသကြိယာ အဘိညာဉ်

အားတပ်သော အနာဂတ်ဖြစ်သော ဝိပါက်ဆတ္တိံသ ကြိယာဝီသ ရုပ်အဋ္ဌဝီသ ဟုဆိုအပ်သော ခန္ဓာငါးပါး ထိုခန္ဓာငါးပါးမှ လျောက်၍သိသောနိဗ္ဗာန်ဟုဆိုအပ်သော အာရုံခြောက်ပါး။ ဖိုလ်လေးခုအား တပ်သော နိဗ္ဗာန်ပစ္စည်းတရားရ၏။ ။ (သမ္ပဒါန်ကောက်မြဲ)။

ကရိယ်ာပါဌ်၏ အရကား အာရမ္မဏ အာရမ္မဏာဓိပတိ ဝတ္ထာရမ္မဏနိဿယ အာရမ္မဏူပနိဿယ အာရမ္မဏပုရေဇာတ ဝတ္ထာရမ္မဏဝိပ္ပယုတ္တ အာရမ္မဏပုရေဇာတတ္ထိ အာရမ္မဏပုရေဇာတအဝိဂတ။ ဤရှစ်ပစ္စယသတ္တိတို့တွင် အာရမ္မဏသတ္တိဟု။ လ။ ၏။ (ဤရှစ်ပစ္စည်းကား အာရမ္မဏမျိုးတည်း)။

အရဟာဖလံပစ္စဝေက္ခတိဟူ၍။လ။ ဦဖလံ၏အရကို အရဟတ္တဖိုလ်ယူ၍ အရဟာပစ္စဝေက္ခတိ၏ အရကို ရဟန္တာသန္တာန်၌ ဖြစ်သော ဆင်ခြင်သော မဟာကြိယာ ဉာဏသမ္ပယုတ်လေးခုတို့တွင် တခုခုကိုယူ၍ အရဟတ္တဖိုလ်သည် ဆင်ခြင်သော မဟာကြိယာ ဉာဏသမ္ပယုတ်လေးခုအား။၏။

ပစ္စည်းတပ်ဟန်ကား ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကို ဆင်ခြင်လိုလတ်သော် ဘဝင်စလန ဘဝင်ုပစ္ဆေဒ။ ထို့နောင် အရဟတ္တ ဖိုလ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကြိယာ ဉာဏသမ္ပယုတ်လေးခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇောခုနစ်ကြိမ်။ ထို့နောင် ဘဝင်။ ထို့နောင် တဒနုဝတ္တက။ ထိုသို့ဖြစ်သောအခါ။ ဆိုဩ။

နိဗ္ဗာနံပစ္စဝေက္ခတိ။ လ။ ပါဌ်၌ နိဗ္ဗာနံ၏အရကို နိဗ္ဗာန်ယူ၍ အရဟာပစ္စဝေက္ခတိ၏အရကို ဆင်ခြင်သော-မဟာကြိယာ ဉာဏသမ္ပယုတ်လေးခုတို့တွင် တခုခုယူ၍ နိဗ္ဗာန်သည် ဆင်ခြင်သော မဟာကြိယာ ဉာဏသမ္ပယုတ်အား။၏။ (ပစ္စည်းတပ်ဟန် ဝီထိကို ယခင်နည်းကိုမှီ၍ ချလေ)။

နိဗ္ဗာနံ ဖလဿဟူ၍။ လ၊၃၂။ နိဗ္ဗာနံ၏ အရကို နိဗ္ဗာန်ယူ၍ ဖလဿ၏ အရကို ဖိုလ်ခလေးခုယူ၍ နိဗ္ဗာန်သည် ဖိုလ်လေးခု အား။ ၏။

ပစ္စည်းတပ်ဟန်ကား သောတာပတ္တိဖိုလ်ကို ဝင်စားလိုလတ်သော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေ။ ထို့နောင် တေဘူမကသင်္ခါရကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ပဌမဇွေး တို့တွင် တခုခုသည် တေဘူမကသင်္ခါရကိုအာရုံပြု၍။ မန္ဒပညာဖြစ်အံ့ အနုလုံအနုလုံဟု လေးကြိမ်။ တိက္ခပညာဖြစ်အံ့ အနုလုံအနုလုံ ဟု သုံးကြိမ် ဇောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညာအား လေးကြိမ်မြောက် မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက် ဈာန်အင်္ဂါငါးပါးနှင့်ပြည့်စုံသော သောတာပတ္တိဖိုလ် ပဌမဈာန်သည် လည်းကောင်း။ လေးပါးသုံးပါးနှစ်ပါးနှင့်ပြည့်စုံသောသောတာပတ္တိဖိုလ် ဒုတိယ တတိယ စတုတ္ထဈာန် စိတ်သည်လည်းကောင်း။ အနုလုံသည် မဟာကုသိုလ် တတိယ ဇွေးတို့တွင် တခုခုဖြစ်၍ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသောသောတာပတ္တိဖိုလ်ပဉ္စမဈာန်စိတ်သည်လည်းကောင်း ဘဝင်အလျဉ်ကဲ့သို့ အလိုရှိသော အတိုင်း နိဗ္ဗာန်ကို အာရုံပြု၍ များစွာဖြစ်၍ချုပ်၏။ ထို့နောင် ဘဝင်။ ထိုသို့ဖြစ်သောအခါ။ ဆိုမြဲ။ ။(သကဒါဂါမိဖိုလ် အနာဂါမိဖိုလ်၌လည်း နည်းတူချ။ ။အရဟတ္တဖိုလ်၌ မဟာကြိယာ ဉာဏသမ္ပယုတ်ကို အနုလုံချသည်သာထူးသည်)။

နိဗ္ဗာနံအာဝဇ္ဇနာယဟူ၍ ဟောတော်မူအပ်သောအနုဝါဒပါဠိတော်ပါဌ်၌နိဗ္ဗာနံ၏အရကိုနိဗ္ဗာန်ယူ၍။ အာဝဇ္ဇနာယ၏ အရကို မနောဒွါရာဝဇ္ဇန်းယူ၍ နိဗ္ဗာန်သည် မနောဒွါရာဝဇ္ဇန်းအား။ ၏။

ပစ္စည်းတပ်ဟန်ကား ရဟန္တာပုဂ္ဂိုလ်သည် နိဗ္ဗာန်ကိုဆင်ခြင်လိုလတ်သော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် နိဗ္ဗာန်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကြိယာ ဉာဏသမ္ပယုတ်လေးခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာ ဇောကိစ္စ

ခုနစ်ကြိမ်။ ထို့နောင်ဘဝင်။ ထိုသို့ ဖြစ်သောအခါ။ ဆိုမြဲ။ ။ (အောက်ဖလဋ္ဌာန်ဝီထိ နည်းတူချ)။

အရဟာစက္ခုံ။လ။ တိဟူ၍။လ။ပါဌ်၌ စက္ခုံ၏အရကို စက္ခု ပသာဒဟူ၍။အရဟာ။လ။ ဝိပဿတိ၏ အရကို ဝိပဿနာပြုသော မဟာကြိယာ ဇောဟူ၍။ စက္ခုပသာဒသည် ဝိပဿနာပြုသော မဟာကြိယာအား (သောတံအစရှိသည်ကို နည်းတူယူ)။ ။ ရူပေ၏အရကို စတုသမုဋ္ဌာနိကရုပ်၌ အကျုံးဝင်သော ရူပါရုံဟူ၍ သဒ္ဒေ၏ အရကိုဒွိသမုဋ္ဌာနိကရုပ်၌ အကျုံးဝင်သော သဒ္ဒါရုံဟူ၍။ ဂန္ဓေရသေဖောဋ္ဌဗ္ဗေ၏အရကို စတုသမုဋ္ဌာနိကရုပ်၌ အကျုံးဝင်သော ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဟူ၍။ဝတ္ထုံ၏အရကို ကမ္မဇရုပ်၌ အကျုံးဝင်သော ဟဒယဝတ္ထုဟူ၍။ ဝိပါကာ ဗျာကတော၏ အရကို လောကီဝိပါက်ဗာတွိ သယူ၍။ ကြိယာဗျာကတော၏အရကို ကြိယာဝိသယူ၍။ အနိစ္စတောစသည်ကို ဆိုမြဲ။

အမှာ။ စက္ခုအစရှိသည်ကို ကမ္မဇသာ ဖြစ်သောကြောင့် ဧကဝုစ်ထားသည်။ရူပအစရှိသည်ကို စတုသမုဋ္ဌာနိက ဒွိသမုဋ္ဌာနိကဖြစ်သောကြောင့် ဗဟုဝုစ်ထားသည်။ ဤမျှသော ပါဠိဖြင့် ရုပ်သည် မကုန်တကားဟူမူကား နိဒဿနနည်း နာနန္တရိကနည်းအားဖြင့် ဟောတော်မူသည်။ ထို့ကြောင့် ဗဟုဝုစ်ထားသည်ဟူ၍လည်း ယူရမည်။

ဒိဗ္ဗေနစက္ခုနာရူပံပဿတိ။လ။ပါဌ်၌ ရူပံ၏အရကို ဒူရပဋိစ္ဆန္န သဏှ သုခုမ ပစ္စုပ္ပန် ရူပါရုံဟူ၍။ ဒိဗ္ဗေနစက္ခုနာ ပဿတိ၏ အရကိုဒိဗ္ဗစက္ခုကြိယာ အဘိညာဉ်ဟူ၍။လ။၏။ (ဝီထိကိုရာသီစုက ချခဲ့ပြီ)။

ဒိဗ္ဗာယ။လ။ တိပါဌ်၌သဒ္ဒံ၏အရကို ဒူရ ပဋိစ္ဆန္န သဏှ သုခုမ ပစ္စုပ္ပန်သဒ္ဒါရုံဟူ၍ ဒိဗ္ဗာယ။လ။ တိ၏အရကို ဒိဗ္ဗသောတကြိယာ အဘိညာဉ်ဟူ၍ ဒူရ ပဋိစ္ဆန္န သဏှ သုခုမ ပစ္စုပ္ပန်သဒ္ဒါရုံသည် ဒိဗ္ဗသောတ ကြိယာအဘိညာဉ်အား။၏။ ။ (စေတော ပရိယ

ဉာဏေန စသည့်နှင့်ယှဉ်ပြီ)။ ။ရူပါယတနံ၏အရကို ပစ္စုပ္ပန်ရူပါရုံ ယူ၍။ စက္ခုဝိညာဏဿ၏အရကို စက္ခုဝိညာဉ်ဒွေးယူ၍။ (စက္ခုဒွါရဝီထိချလေ။ သဒ္ဒါယတနံစသည်ကို နည်းတူယူ)။

အဗျာကတာခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ ဟူ၍။လ။၌ အဗျာကတာခန္ဓာ၏အရကို ပါဒကဖြစ်သော ရူပါဝစရကြိယာ ပဉ္စမဈာန် သတာသဟာဿ စသော နိမ္မိတရုပ်ယူ၍။ ဣဒ္ဓိဝိဓဉာဏဿ၏အရကို ဣဒ္ဓိဝိဓကြိယာ အဘိညာဉ်ယူ၍။ ဆိုပြီ။ အဗျာကတာခန္ဓာ၏အရကို လွန်လေပြီးသော ခုနစ်ရက်။လ။ သူတပါးတို့၏ ဝိပါက်ဆတ္တိံသ ကြိယာဝီသယူ၍။လ။၏။ စေတော။လ။ကို စေတောပရိယကြိယာ အဘိညာဉ်ယူ၍။လ။၏။ အဗျာကတာခန္ဓာ၏အရကို ပုဗ္ဗေနိဝုတ္ထ ဖြစ်သော ဝိပါက်ဆတ္တိံသ ကြိယာဝီသ။ဓေ။ အဋ္ဌတိံသ ရုပ် အဋ္ဌဝီသဟု ဆိုအပ်သောခန္ဓာငါးပါး။ ထိုငါးပါးမှလျှောက်၍ သိသော နိဗ္ဗာန်ယူ၍။ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏဿ၏ အရကို ပုဗ္ဗေနိဝါသာနုဿတိ ကြိယာ အဘိညာဉ်ယူ၍။လ။၆ ။ (အနာဂတံသမှာလည်း နည်းတူယူ။ အနာဂတ်ဆိုသည်သာ ထူးသည်)။ ။အဗျာကတာခန္ဓာ အာဝဇ္ဇနာယ။လ။ပါ၌ အဗျာကတာခန္ဓာ၏အရကို ဝိပါက်ဆတ္တိံသကြိယာဝီသ ရုပ်အဋ္ဌဝီသနိဗ္ဗာန်ယူ၍။အာဝဇ္ဇနာယ၏ အရကို မနောဒွါရာဝဇ္ဇန်းယူ၍။ လ။၏။ ။ဝီထိချပြီ။ ။ ပုထုဇဉ် သေက္ခအသေက္ခသန္တာန်၌ ဝီထိကိုချလေ။

## အဗျာကတောကုသလဿ

အဗျာကတ ပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ ကုသလပဒါဝသာနကို ဟောတော်မူ၏။ ဟောဟန်ကား အဗျာကတောဓမ္မော ကုသလဿ။လ။ယော ဟူသည်တည်း။ သေက္ခာ၊ သေက္ခဟု ဆိုအပ်သော သော်တာပန် သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တို့သည်။ ဖလံ၊ အောက်ဖိုလ်သုံးခုကို။ ပစ္စဝေက္ခန္တိ၊ ကုန်၏။ (အနက်လွယ်ပြီ)။

အဓိပ္ပါယ်ကား အဖျာက်တမ္မေသည်၌ ကုသိုလ်ဓမ္မအား အာရမ္မဏ။လ။၏။ အဘယ်။လ။ကား သေက္ခဟု ဆိုအပ်သော သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို။ သကဒါဂါမိပုဂ္ဂိုလ်သည် သကဒါဂါမိဖိုလ်ကို။ အနာဂါမိပုဂ္ဂိုလ်သည် အနာဂါမိဖိုလ်ကို ဆင်ခြင်သောအခါ အောက်ဖိုလ် သုံးခုသည် ဆင်ခြင်သော ကာမကုသိုလ်အား။ သေက္ခဟု ဆိုအပ်သော သောတာပန် သကဒါဂါမိ အနာဂါမိ ပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်ကိုဆင်ခြင်သောအခါ နိဗ္ဗာန်သည် ဆင်ခြင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်အား။ နိဗ္ဗာန်သည် ဂေါတြဘူ ဝေါဒါန် ကိစ္စတပ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် မဂ်လေးခုအား (သေက္ခာဝါ စသည်တို့၌ အဓိပ္ပါယ်လွယ်ပြီ။ အောက်ကနည်းကိုမှီ၍ ဆိုလေ)။

ဝိဓိပါဠိတော်ပါဌ်၌ ကတ္တားကား အရဟတ္တဖိုလ် ကြဉ်သော ဝိပါက်ပဉ္စတိံသ ကြိယာဝီသ။စေ။ အဋ္ဌတိံသ ရုပ်အဋ္ဌဝီသ နိဗ္ဗာန် ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား မဟာကုသိုလ်ရှစ်ခု ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ ဣဒ္ဓိဝိဓ စေတောပရိယ ပုဗ္ဗေနိဝါသာနုဿတိ အနာဂတံသ ကုသိုလ်အဘိညာဉ် မဂ်လေးခု အပ္ပမညာကြဉ်သော။စေ။ ဆတ္တိံသ။ပစ္စယုပ္ပန်။၏။

တနည်း အကျယ်ကား မဟာကုသိုလ်' ဉာဏဝိပ္ပယုတ် လေးခုအား တပ်သော လောကီဝိပါက် ဗာတ္တိံသ ကြိယာဝီသ ရုပ်အဋ္ဌဝီသ မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခုအားတပ်သော အရဟတ္တဖိုလ် ကြဉ်သော ဝိပါက် ပဉ္စတိံသ ကြိယာဝီသ ရုပ်အဋ္ဌဝီသ နိဗ္ဗာန်။ ဒိဗ္ဗစက္ခုကုသိုလ် အဘိညာဉ်အား တပ်သော ဒူရ ပဋိစ္ဆန္န သဏှ သုခုမ ပစ္စုပ္ပန်ရူပါရုံ။ ဒိဗ္ဗသောတကုသိုလ် အဘိညာဉ်အား တပ်သော ဒူရ ပဋိစ္ဆန္န သဏှ သုခုမ ပစ္စုပ္ပန်သဒ္ဒါရုံ။ ဣဒ္ဓိဝိဓ ကုသိုလ်အဘိညာဉ်အားတပ်သော သတ္တသဟဿ စသော နိမ္မိတ ရုပ်ဟု ဆိုအပ်သော အာရုံခြောက်ပါး။ စေတောပရိယကုသိုလ် အဘိညာဉ်အားတပ်သော လွန်လေပြီးသော။လ။ အရဟတ္တဖိုလ်

ကြဉ်သော ဝိပါကပဉ္စတ္တိံသ ကြိယာဝီသဟု ဆိုအပ်သော ဓမ္မာရုံ။ ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ် အဘိညာဉ်အား တပ်သော ပုဗ္ဗေနိဝုတ္ထမြစ်သော အရဟတ္တဖိုလ် ကြဉ်သော ဝိပါက် ပဉ္စတ္တိံသ ကြိယာဝီသ ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော ခန္ဓာငါးပါး ထိုခန္ဓာငါးပါးမှ လျှောက်၍ သိသော နိဗ္ဗာန်ဟု ဆိုအပ်သော အာရုံခြောက်ပါး။ (အနာဂတံသမှာ အနာဂတ် ဖြစ်သော ထိုပစ္စည်းတရားရ၏။ သမ္ဗန္ဓကား ကောက်မြဲ)။

ကရိုဏ်းပါဠိ၏အရကား တပြိုင်နက် ယထာရဟတပ်ကောင်းသော အာရမ္မဏမျိုး ရှစ်ပစ္စယတို့တွင် အာရမ္မဏသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

သေက္ခာဖလံပစ္စဝေက္ခန္တိဟူ၍။လ။ ပါဠ်၌ သောတာပန်ဖြစ်အံ့ ဖလံ၏အရကိုသောတာပတ္တိဖိုလ်ယူ၍ သေက္ခာပစ္စဝေက္ခန္တိ၏ အရကို သောတာပန်သန္တာန်၌ဆင်ခြင်သောမဟာကုသိုလ်ဉာဏ သမ္ပယုတ် လေးခုတို့တွင် တခုခုယူ၍ သောတာပတ္တိဖိုလ်သည်။လ။၏။ သကဒါဂါမိဖြစ်အံ့။ဖလံ၏အရကိုသကဒါဂါမိဖိုလ်ယူ၍ (သေက္ခာပစ္စဝေက္ခန္တိ၏အရကို သကဒါဂါမိ သန္တာန်၌ ဆင်ခြင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခုတို့တွင် တခုခုယူ၍။လ။၏။ အနာဂါမိဖြစ်အံ့ ဖလံ၏အရကို အနာဂါမိဖိုလ်ယူ၍၊ သေက္ခာပစ္စဝေက္ခန္တိ၏အရကိုယူမြဲ။ဝိထိကို ပစ္စဝေက္ခဏာဝိထိကို ချလေ)။ နိဗ္ဗာနံ၏အရကို နိဗ္ဗာန်ယူ၍ သေက္ခာပစ္စဝေက္ခန္တိ၏အရကို သေက္ခသန္တာန်၌ဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် ယူ၍။ လ။၏။ (ဤ၌လည်း ပစ္စဝေက္ခဏာဝိထိကို ချလေ)။ နိဗ္ဗာနံ၏အရကို နိဗ္ဗာန်ယူ၍ ဂေါတြဘုံသ၏ အရကို ဂေါတြဘူကိစ္စ တပ်သော မဟာကုသိုလ် ပဌမဒွေး ဒုတိယဒွေးယူ၍ ဝေါဒါနဿ၏အရကို ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေးတတိယဒွေးယူ၍။ မဂ္ဂဿ၏အရကို မဂ်လေးခုယူ၍။ နိဗ္ဗာန်သည် ဂေါတြဘူဝေါဒါန် မဂ်အား အာရမ္မဏ။ ၏။ ။(ပစ္စည်းတပ်ဟန် ဝိထိကို မဂ္ဂဝိထိ

ချလေ။ သေက္ခာဝါ ပုထုဇ္ဇနာဝါ စက္ခုံ အစရှိသည့်ကို အဗျာကတော အဗျာကတနှင့်နည်းတူချလေ။ ကုသိုလ်ဇော ချသည်သာ ထူးသည်)။

---

အဗျာကတော အကုသလဿ

ကုသလပဒါဝသာနကို ဟောတော်မူသည်၏အခြားမဲ့၌ အကုသလပဒါဝသာနကို ဟောတော်မူ၏။ ဟောဟန်ကား အဗျာကတော ဓမ္မော အကုသလဿ။ လ။ ယော ဟူသည်တည်း။ ။ (အနက်လွယ်ပြီ)။

အဓိပ္ပါယ်ကား အဗျာကတဓမ္မသည် အကုသိုလ်ဓမ္မအား အာရမ္မဏ၏။ အဘယ်သို့ကား စက္ခုပသာဒကို အာရုံပြု၍ သာယာသောအခါ လောဘမူသောမနဿသဟဂုတ်အား။ နှစ်သက်သောအခါ သပ္ပိတိကတဏှာ ပြဋ္ဌာန်းသော လောဘမူ သောမနဿသဟဂုတ်လေးခုအား။ တပ်သောအခါ ရာဂပြဋ္ဌာန်းသောလောဘမူရှစ်ခုအား။ အမြင်မှားသောအခါ ဒိဋ္ဌိဂတသမ္ပယုတ်လေးခုအား။ မဆုံးဖြတ်နိုင်သောအခါ ဝိစိကိစ္ဆာသဟဂုတ်အား။ ပျံ့လွင့်သောအခါ ဥဒ္ဓစ္စသဟဂုတ်အား။ နှလုံးမသာသောအခါ ဒေါသမူနှစ်ခုအား အာရမ္မဏ၏။ (အကြွင်းလွယ်ပြီ)။

ကတ္တား၏အရကား လောကီဝိပါက်မာတ္တိံသကြိယာဝီသ။ စေ။ ပဥ္စတိံသ ရူပ်အဋ္ဌဝီသ ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား အကုသိုလ် ဒွါဒသ စေတသိက်သတ္တဝီသ ပစ္စယုပ္ပန်တရားရ၏။ ကရိုဏ်းပါဌ်ကား ရှစ်ပစ္စယသတ္တိတို့တွင် အာရမ္မဏသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

စက္ခုံအဿာဒေတိ အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဌ်၌ စက္ခု၏ အရကို စက္ခုပသာဒယူ၍ (အဿာဒေတိ အစရှိသည်၏အရကိုအောက်ကယူမြဲတိုင်းယူလေ။ ဝီထိလည်းချမြဲ)။ ။အာရမ္မဏ ဝိဘင်္ဂဝါရပြီး၏။

---

## အဓိပတိ ပစ္စည်း

### ကုသလော ကုသလဿ

အာရမ္မဏပစ္စည်း၏ ဝိဘင်္ဂဝါရကိုဟောတော်မူသည့်၏အခြား မဲ့၌ အဓိပတိပစ္စည်း၏ ဝိဘင်္ဂဝါရကိုဟောတော်မူ၏။ ထို၌တုံသော် လည်း ကုသလပဒ။ အကုသလပဒ။ အဗျာကတပဒအားဖြင့် သုံးပါး အပြားရှိ၏။ ထိုတွင် ကုသလပဒကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌တုံသော်လည်း ကုသလပဒါဝသာန အစရှိသော အားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင် ကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောဟန်ကား ကုသလော ဓမ္မော။ လ။ ယော ဟူသည်တည်း။

၄၁၃။ ကုသလော၊ သော။ ဓမ္မော၊ သည်။ ကုသလဿ၊ အား။ အဓိပတိပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ အဓိပတိ၊ သည်။ အာရမ္မဏာဓိပတိ၊ အာရမ္မဏာဓိပတိလည်းကောင်း။ သဟဇာတာဓိပတိ၊ သဟဇာတာဓိပတိလည်းကောင်း။ ဣတိ၊ ဤသို့။ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏။ တေသု၊ ထိုနှစ်ပါးတို့တွင်။ အာရမ္မဏာဓိပတိ၊ အာရမ္မဏာဓိပတိကို။ ဧဝံ၊ ဤသို့။ ဒဋ္ဌဗ္ဗော၊ ရှုအပ်၏။ ဒါနံ ဒေယျဓမ္မံ၊ လှူအပ်သော ဒါနဝတ္ထုကို။ ဒတွာ စဇိတွာ၊ စွန့်၍။ တနည်းကား။ ဒါနံ၊ လှူကြောင်းဖြစ်သော ဒါနစေတနာကို။ ဒတွာ ပရိယောဒါပေတွာ ဝိသုဒ္ဓံကတွာ။ ၍။ တံ၊ ထိုပရိစ္စာဂ စေတနာ- ဝိသောဓန စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို။ ဂရုံကတွာ၊ အလေးအမြတ်ပြု၍။ ပစ္စဝေက္ခန္တိ၊ ကုန်၏။ (အကြောင်းအနက်လွယ် ပြီ)။ သဟဇာတာဓိပတိ၊ ကို။ ဧဝံ၊ သို့။ ဒဋ္ဌဗ္ဗော၊ ၏။ ကုသလာဓိပတိ၊ ကုသိုလ် ဟု ဆိုအပ်သော အဓိပတိသည်။ သမ္ပယုတ္တကာနံ၊ ကုန် သော။ ခန္ဓာနံ၊ တို့အား။ အဓိပတိပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ (အဓိပ္ပါယ်လွယ်ပြီ)။

## အာရမ္မဏာ ဓိပတိ

ကုသလော။လ။ ပါဠိ၌ အာရမ္မဏာဓိပတိ ဖြစ်အံ့ ကုသလော ဓမ္မော ဟူသော ကဏ္ဍာ:ပုဒ်၏ အရကား အလေးအမြတ် ပြုအပ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝိသ။စေ။ အဋ္ဌတိံသ ပစ္စည်းတရားရ၏။

တနည်းကား အလေးအမြတ် ပြုတတ်သော မဟာကုသိုလ် ဉာဏ ဝိပ္ပယုတ်လေးခုအား တပ်သော အလေးအမြတ် ပြုအပ်သော လောကီကုသိုလ် သတ္တရသ။ အလေးအမြတ်ပြုတတ်သော မဟာကုသိုလ် ဉာဏ သမ္ပယုတ်လေးခုအား တပ်သော အရဟတ္တ မဂ်ကြဉ်သော ကုသိုလ်ဂိသ။စေ။ အဋ္ဌတိံသ ပစ္စည်းတရားရ၏။

သမ္ပဒါန်ကား အလေးအမြတ်ပြုတတ်သောမဟာကုသိုလ်ရှစ်ခု ဝိရတိ အပ္ပမညာကြဉ်သော။စေ။တေတ္တိံသ ပစ္စယုပ္ပန်၏။ ကရိယာ: ပါဌ်၏ အရကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော အာရမ္မဏာ ဓိပတိ အာရမ္မဏ အာရမ္မဏူပ နိဿယ ,၌သုံးပစ္စယ သတ္တိတို့တွင် အာရမ္မဏာဓိပတိ သတ္တိဟု ဆိုအပ်သော သတ္တိ ဝိသေသ ရ၏။

ဒါနံဒတွာ တံဂရုံကတွာ ပစ္စဝေက္ခန္တိဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဌ်၌ ဒါန်၏ အရကို အန္နပါနဆရ ဝတ္ထု အစရှိသော ဒါနဝတ္ထု စေတနာယူ၍။ဒတွာတံ၏ အရကို ပရိစ္စာဂ စေတနာ ဝိသောခနစေတနာ ပြဋ္ဌာန်းသော ကာမ ကုသိုလ်ယူ၍။ ဂရုံကတွာ ပစ္စဝေက္ခန္တိ၏ အရကိုအလေးအမြတ်ပြု၍ ဆင်ခြင်သော. ကာမကုသိုလ်ယူ၍။ ပရိစ္စာဂစေတနာ ဝိသောခန စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် အလေး အမြတ်ပြု၍ ဆင်ခြင်သော ကာမကုသိုလ်အား။လ။၏။ (ပစ္စည်းတပ်ဟန်ဝိထိကို အာရမ္မဏက အတိုင်းချလေ)။

သီလံ သမာဒိယိတွာ တံ ဂရုံကတွာ ပစ္စဝေက္ခန္တိဟူ၍ ဟော တော်မူအပ်သော။လ။ ပါဠိ၌ သီလံ သမာဒိယိတွာတံ၏ အရကို

ပဋ္ဌဂ်သီလ ဒသဂ်သီလ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍။ ဂရုံကတွာ ပစ္စဝေက္ခန္တို့၏ အရကို အလေးအမြတ်ပြု၍ ဆင်ခြင်သော ကာမကုသိုလ်ယူ၍။ ပဋ္ဌဂ်သီလ ဒသဂ်သီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် အလေးအမြတ်ပြု၍ ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏာ ဓိပတိ။လ။၏။ (ဝီထိကို အာရမ္မဏနှင့် နည်းတူချလေ။ သီလံသမာဒိယိတွာ တံဂရုံကတွာ အစရှိသည့်တို့၏ အရကို အာရမ္မဏအတိုင်းကိုမှီ၍ ဆိုလေ)။

**အမှာ** မဟဂ္ဂုတ်ကုသိုလ်သည် မိမိသည် မြတ်သောတရားဖြစ်သောကြောင့် တစုံ တခုသော တရားကိုမျှ အလေးမပြု၊ ထို့ကြောင့်အဋ္ဌသာလိနီ၌ အတ္တနောမဟဂ္ဂတတာယန ဂရုံကရောတိဟု မိန့်အပ်၏။ ဥပမာကား အထွတ်အမြတ် မင်းအဖြစ်သို့ ရောက်လေပြီးသော သူသည် တစုံတယောက်သော သူကိုမျှ အလေးအမြတ်မပြုသကဲ့သို့တည်း။

---

## သဟဇာတာ ဓိပတိ

သဟဇာတာဓိပတိ ဖြစ်အံ့ ကတ္တားကား သမ္ပယုတ္တခန္ဓာအားတပ်သော အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ်ရှစ်ခုကေန်ရသော မဟဂ္ဂုတ်ကုသိုလ်ကိုးခု မဂ်လေးခုးစေ။ အဋ္ဌတိံသစိတ္တက္ခဏတခုတခု၌ရှိသော အဓိပတိတရားကိုယ်သုံးပါး လေးပါးတို့တွင် တပါးပါး ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား အဓိပတိတရားကိုယ် ကြဉ်သော သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန် တရားရ၏။ ကရိုဏ်းကား သဟဇာတာ ဓိပတိ သတ္တိရ၏။ ထိုသုံးပါးတို့တွင် အရကား ပဋ္ဌာနအားဖြင့် ကတ္တားသာတည်း။

ခန္ဓဝါရကား သဟဇာတာ ဓိပတိ ကုသလာ ဓိပတိ သမ္ပ။လ။ နံဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော် ပါဠ်၌ ကုသလာဓိပတိ၏ အရကို အဓိပတိတရားကိုယ် သုံးပါး လေးပါးတို့တွင် တပါးပါးယူ၍။သမ္ပယုတ္တကာနံ ခန္ဓာနံ အရကို သမ္ပယုတ္တ

ခန္ဓာယူ၍ တဝါရလျှင် သမ္ပယုတ္တခန္ဓာအား သဟဇာတာ ဓိပတိသတ္တိဖြင့် ကျေးဇူးပြုသော အဖြစ်ကို အဓိပတိ ပစ္စယေန ပစ္စယော ဟုဟောတော်မူ၏။

ကုသလော အကုသလဿ

ကုသလပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အကုသလ။၏။ ဟန်ကား ကုသလော အကုသလဿ။လ။ အဓိပတိ ပစ္စယေန ပစ္စယော ဟူသည်တည်း။ (အနက်လွယ်ပြီ)။

အဓိပ္ပါယ်ကား ကုသိုလ် ဓမ္မသည် အကုသိုလ် ဓမ္မအား အာရမ္မဏာ ဓိပတိ သတ္တိ။၏။ အဘယ်သို့ကား အနုပါန အစ ရှိသော ဒါနဝတ္ထုကို လှူပြီး၍ ပရိစ္စာဂ စေတနာ ဝိသေသမနေ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို အလေးအမြတ်ပြု၍ သာယာသောအခါ ပရိစ္စာဂ စေတနာ ဝိသေသမနေ စေတနာ ပြဋ္ဌာန်းသောကာမကုသိုလ်သည်လောဘမူသောမနဿသဟဂုတ် လေးခုအား။ နှစ်သက်သောအခါ သပ္ပီတိက တဏှာပြဋ္ဌာန်း သော လောဘမူ သောမနဿ သဟဂုတ်လေးခုအား။တပ်သော အခါ ရာဂပြဋ္ဌာန်းသော လောဘမူရှစ်ခုအား။ အမြင်မှားသော အခါ ဒိဋ္ဌိဂုတသမ္ပယုတ် လေးခုအား။ (ဤနည်းကိုမှီ၍ဆိုလေ)။

ကတ္တွာကား အလေးအမြတ်ပြုအပ်သော လောကီ ကုသိုလ် သတ္တရသ ပစ္စည်းတရားရ၏။သမ္ပဒါန်ကား အလေးအမြတ်ပြုတတ် သော လောဘမူရှစ်ခု ပစ္စယုပ္ပန်တရားရ၏။ ကရိုဏ်းကား တပြိုင် နက် ယထာရဟတပ်ကောင်းသော အာရမ္မဏ အာရမ္မဏာ ဓိပတိ အာရမ္မဏူပ နိဿယ သုံးပစ္စယ သတ္တိတို့တွင် အာရမ္မဏာဓိပတိ သတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

ဒါနံဒတွာ တံအဿာဒေတိ အစရှိသည်ဖြင့် ဟောတော်မူအပ် သော။လ။ပါဠ်၌ ဒါနံ၏ အရကို ယူမြဲ၊ဒတွာတံ၏ အရကို ပရိစ္စာဂ စေတနာ ဝိသေသမနေ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍။

ဂရုံကတွာအဿာဒေတိအရကို အလေးအမြတ်ပြု၍ သာယာသော လောဘမူ သောမနဿ သဟဂုတ်ယှဉ်၊ အဘိနန္ဒတိ၏ အရကို အလေးအမြတ်ပြု၍ နှစ်သက်သော လောဘမူ ဝိတိသဟဂုတ်ယှဉ်။ (အထက်ကိုယူမြဲ)။ ပရိစ္စာဂ စေတနာ ဝိသောဓန စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် အလေးအမြတ် ပြုတတ်သော လောဘမူ ရှစ်ခုအားဟူ၏။ ၊ဝိလိချမြဲ။ ။သီလံသမာဒိယိတွာ အစရှိသည်၏ အရကို အာရမ္မဏာက ကုသလော ၊ အကုသလဿကိုမှီ၍ ဆိုလေ။

---

## ကုသလော အဗျာကတဿ

အကုသလပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အဗျာကတ။၏။ ဟန်ကား ကုသလော။လ။ ယော ဟူသည်တည်း။ ကုသလော၊သော။ ဓမ္မော၊ တရားသည်။ အဗျာကတဿ၊ သော။ ဓမ္မဿ၊အား။ (အနက်လွယ်ပြီ)။

အဓိပ္ပါယ်ကား ကုသိုလ် ဓမ္မသည် အဗျာကတ ဓမ္မအား အာရမ္မဏာ ဓိပတိ။၏။ အဘယ်သို့ကား ရဟန္တာ ပုဂ္ဂိုလ်သည် အရဟတ္တမဂ်မှထ၍ အရဟတ္တမဂ်ကို အလေးအမြတ်ပြု၍ ဆင်ခြင်သောအခါ အရဟတ္တ မဂ်သည် အလေးအမြတ်ပြု၍ ဆင်ခြင်သော မဟာကြိယာ ဉာဏသမ္ပယုတ်လေးခုအား အာရမ္မဏာ ဓိပတိ။၏။ သဟဇာတာ ဓိပတိ၌ ပဉ္စဝေါကာရဘုံ၌ အဓိပတိ ပစ္စည်းကို ရသောအခါ မဟာကုသိုလ်ရှစ်ခု ကြန်ရသော မဟဂ္ဂုတ် ကုသိုလ် ကိုးခု မဂ်လေးခု၌ရှိသော အဓိပတိတရားကိုယ် သုံးပါး လေးပါး တို့တွင် တပါးပါးသည် သာဓိပတိ စိတ္တဇရုပ်အား သဟဇာတာ ဓိပတိသတ္တိ။၏။

---

## အာရမ္မဏာ ဓိပတိ

အာရမ္မဏာဓိပတိဖြစ်အံ့ ကုသလော ကတ္တားကား အလေး အမြတ်ပြုတတ်သော မဟာကြိယာ ဉာဏ သမ္ပယုတ်လေးခုအား

တပ်သောအရဟတ္တမဂ်ပစ္စည်းတရားရ၏။ ။သမ္ပဒါနိကား အလေး အမြတ်ပြုတတ်သော မဟာကြိယာ ဉာဏ သမ္ပယုတ်လေးခု ဝိရတိ အပ္ပမညာ ကြဉ်သော။ စေ။ တေတ္တိံသ၊ ပေ။ ၏။ ကရိုဏ်းကား အာရမ္မဏ အာရမ္မဏာ ဓိပတိ အာရမ္မဏူပ နိဿယ သုံးပစ္စယ သတ္တိတို့တွင် အာရမ္မဏာ ဓိပတိ သတ္တိဟုဆိုအပ်သော သတ္တိ ဝိသေသ ရ၏။

အမှာ — အရဟာ မဂ္ဂါဝုဋ္ဌဟိတွာ အစရှိသော အနုဝါဒ္ဒ ယူမြဲ ဝိထိကိုချမြဲ။ ရဟန္တာ ပုဂ္ဂိုလ်သည် အရဟတ္တ မဂ်ကို အလေးအမြတ် ဆင်ခြင်သော ဝိထိကိုချလေ။

---

## သဟဇာတာ ဓိပတိ

သဟဇာတာ ဓိပတိ ဖြစ်အံ့ ကတ္တားကား သာဓိပတိ စိတ္တဇ ရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိ ပစ္စည်းကို ရသော အခါ မဟာကုသိုလ်ရှစ်ခု ဧကန်ရသော မဟဂ္ဂုတ် ကုသိုလ်ကိုးခု မဂ်လေးခု။ စေ။ အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ ရှိသော အဓိပတိ တရားကိုယ် သုံးပါး လေးပါးတို့တွင် တပါးပါးပစ္စည်း တရားရ၏။ သမ္ပဒါနိကား သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိုဏ်းကား အပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိဟေတု သဟဇာတ နိဿယ အာဟာရ ဣန္ဒြိယမဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ။ ဤဆယ်ပစ္စယ သတ္တိတို့တွင် သဟဇာတာတာ ဓိပတိ သတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

အမှာ — မဟာကြိယာ ဉာဏဝိပ္ပယုတ် လေးခုသည် ဉာဏ် ကင်းသောကြောင့် လောကုတ္တရာတရားကို အာရုံ မပြုနိုင်သည်ဖြစ်၍ အာရမ္မဏာဓိပတိ ပစ္စယုပ္ပန်မဖြစ်။ လောကီ တရားကို အဘယ့်ကြောင့် အလေးအမြတ်မပြုသနည်းဟူမူကား အထွတ်အမြတ်သို့ ရောက်လေပြီးသော ရဟန္တာသည် လောကီ တရားကို အလေးအမြတ်မပြု။ လောကုတ္တရာကိုသာ အလေးအမြတ် ပြုသည်။ ။ဒေါသမူလည်း အလေးအမြတ်မပြု။ အဘယ့်ကြောင့်

နည်း ဟူမူကား ပြစ်မှားတတ်သော အမျက်ထွက်တတ်သော သူသည် တစုံတခုသော တရားကိုမျှ အလေးမပြုသောကြောင့် တည်း။ ထို့ကြောင့် နဟိဒုဋ္ဌာကိဉ္စိဂရုံကရောတိဟု အဋ္ဌကထာ၌ မိန့်အပ်၏။ ။မောဟမူလည်း အလေးအမြတ်မပြု၊ အဘယ့်ကြောင့် နည်းဟူမူကား မိုက်မဲတွေဝေလေသောသူသည်လည်း တစုံတခု သော တရားကိုမျှ အလေးမပြုသောကြောင့်တည်း။

## ကုသလော ကုသလဿ ဇာတဿ

ကုသလောကုသလဿ ဇာတဿ၌ ကဏ္ဍားကား သမ္ပယုတ္တ ခန္ဓာ သဟဇာတ စိတ္တဇရုပ်အား တင်သော ပဋ္ဌဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ မဟာကုသိုလ်ရှစ်ခု ဈာန်ရသော မဟဂ္ဂုတ် ကုသိုလ်ကိုးခု မဂ်လေးခု၌ရှိသော အဓိပတိတရားကိုယ် သုံးပါး လေးပါးတို့တွင် တပါးပါး ပစ္စည်းတရားရ၏။ ။သမ္ပဒါန် ကား အဓိပတိတရားကိုယ်ကြဉ်သော သမ္ပယုတ္တခန္ဓာ သဟဇာတ စိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏။ ကရိုဏ်းကား တပြိုင်နက် ယသာ ရဟ တပ်ကောင်းသော အဓိပတိ ဟေတု သဟဇာတ နိဿယ အာဟာရ ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတ ဤကိုးပစ္စယ သတ္တိတို့တွင် သဟဇာတာဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။ ။ (အနုဝါဒဆိုမြဲ)။

## အကုသလော အကုသလဿ

ကုသလပဒကို ဟောတော်မူသည်၏အခြားမဲ့၌ အကုသလပဒ ကို ဟောတော်မူ၏။ ထို၌တုံသော်လည်း အကုသလပဒါဝသာန အစရှိသောအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင် အကုသလ ပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောဟန်ကား အကုသလော၊လ၊ယော၊ဟူသည်တည်း။ (အနက်လွယ်ပြီ)။

အဓိပ္ပါယ်ကား အကုသိုလ်မွေသည်၊လ။ ရာဂပြင်းသန်းသော လောဘမူ စိတ်ပုပ္ပါဒ်ကို အလေးအမြတ်ပြု၍ သာယာသောအခါ

ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်သည် အလေးအမြတ်ပြု၍ သာယာသော လောဘမူ သောမနဿ သဟဂုတ် လေးခုအား နှစ်သက်သောအခါ သပ္ပိတိကတဏှာ ပြဋ္ဌာန်းသော လောဘမူ သောမနဿသဟဂုတ်လေးခုအား အလေးအမြတ်ပြု၍တပ်သော အခါ ရာဂပြဋ္ဌာန်းသော လောဘမူအား။ အမြင်မှားသော အခါ ဒိဋ္ဌိဂတ သမ္ပယုတ်လေးခုအား အာရမ္မဏာဓိပတိ၊လ။ ၏။ သဟဇာတာဓိပတိ၌ အဓိပတိပစ္စည်းကိုရသောအခါ လောဘမူရှစ်ခု ဒေါသမူနွေး ဝိစိကိစ္ဆာကြဉ်သော။ စေ။ ဆဗ္ဗိသစိတ္တုပ္ပါဒတခုတခု၌ရှိသော အဓိပတိတရားကိုယ် သုံးပါး တို့တွင် တပါးပါးသည် သမ္ပယုတ္တခန္ဓာအား သဟဇာတာဓိပတိ။ ၏။

## အာရမ္မဏာဓိပတိ

အာရမ္မဏာဓိပတိဖြစ်အံ့ အကုသလောကဏ္ဍားကား အလေးအမြတ်ပြုတတ်သော လောဘမူရှစ်ခုအား တပ်သော အလေးအမြတ်ပြုအပ်သော လောဘမူရှစ်ခု ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား အလေးအမြတ်ပြုတတ်သော လောဘမူရှစ်ခု။ စေ။ ဗာဝီသ ပစ္စယုပ္ပန်။ ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟတပ်ကောင်းသော အာရမ္မဏ အာရမ္မဏာဓိပတိ အာရမ္မဏူပ နိဿယ ၌ သုံးပစ္စယသတ္တိတို့တွင် အာရမ္မဏာဓိပတိ သတ္တိဟု ဆိုအပ်သော သတ္တိ။ ၏။

**အမှာ** ရာဂံ ဂရုံကတွာ အဿာဒေတိ အစရှိသည်ဖြင့် ဟောတော်မူအပ်သော။ လ၊ ၌ (အာရမ္မဏာနည်းကို မှီ၍ အနုဝါဒကို ဆိုလေ။ ဝိယိချလေ)။

## သဟဇာတာဓိပတိ

သဟဇာတာ ဓိပတိ ဖြစ်အံ့ အကုသလော ကဏ္ဍားကား သမ္ပယုတ္တခန္ဓာအား တပ်သော အဓိပတိပစ္စည်းကို ရသောအခါ လောဘမူရှစ်ခု ဒေါသမူနွေး ဝိစိကိစ္ဆာကြဉ်သော။ စေ။ ဆဗ္ဗိသ

စိတ္တက္ခဏ်တခုတခု၌ ရှိသော အဓိပတိတရားကိုယ် သုံးပါးတို့တွင် တပါးပါးပစ္စည်းတရားရ၏။ သမ္ပဒါန်ကား အဓိပတိတရားကိုယ် ကြဉ်သော သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ။ကရိုဏ်းပါဒ်ကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ သဟဇာတ အညမည နိဿယ အာဟာရ ဣန္ဒြိယ မဂ္ဂ သမ္ပယုတ္တ အတ္ထိ အဝိဂတ ဤဆယ်ပစ္စယသတ္တိတို့တွင် သဟဇာတာဓိပတိ သတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။ (အနုဝါဒဆိုမြဲ)။

---

## အကုသလော အဗျာကတဿ

အကုသလော အဗျာကတဿ ကတ္တားကား သာဓိပတိ စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ လောဘမူရှစ်ခု ဒေါသမူဒွေး ဝိစိကိစ္ဆာကြဉ်သော။ စေ။ ဆဗ္ဗီသ စိတ္တက္ခဏ တခုတခု၌ရှိသော အဓိပတိတရားကိုယ် သုံးပါးတို့တွင် တပါးပါး ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်ရ၏။ ကရိုဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ သဟဇာတ နိဿယ အာဟာရ ဣန္ဒြိယ မဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤကိုးပစ္စယ သတ္တိတို့တွင် သဟဇာတာဓိပတိသတ္တိ ဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏။ (အနုဝါဒဆိုမြဲ)။

---

## အကုသလော အကုသလာဗျာကတဿ

အကုသလော အကုသလာဗျာကတဿ ကတ္တားကား သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ လောဘမူရှစ်ခု ဒေါသမူဒွေး ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဆဗ္ဗီသ။ စိတ္တက္ခဏ တခုတခု၌ ရှိသော အဓိပတိတရားကိုယ် သုံးပါးတို့တွင် တပါးပါး ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ကရိုဏ်းကား တပြိုင်နက် ယထာရဟ တပ်

ကောင်းသော အဓိပတိ သဟဇာတ နိဿယ အာဟာရ ဣန္ဒြိယ မဂ္ဂ အတ္ထိအဝိဂတ ဤရှစ်ပစ္စယသတ္တိတို့တွင် သဟဇာတာဓိပတိ သတ္တိရ၏။ (အနုဝါဒ ဆိုပြီ)။

---

### အဇ္ဈတ္တ ဧတာ အဇ္ဈတ္တ က တ သ

အကုသလပဒကို ဟောတော်မူသည်၏အခြားမဲ့၌ အဇ္ဈတ္တ ပဒကိုဟောတော်မူ၏။ လ။ကား အဇ္ဈာကတော အဇ္ဈာကတဿ။ လ။ယော ဟူသည်တည်း။ (အနက်လွယ်ပြီ)။

အဓိပ္ပါယ်ကား အဇ္ဈာကတဓမ္မသည် အဇ္ဈာကတဓမ္မအား။လ။ ကား ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်နိဗ္ဗာန်ကို အလေးအမြတ် ပြု၍ ဆင်ခြင်သောအခါ အရဟတ္တဖိုလ်နိဗ္ဗာန်သည် အလေးအမြတ် ပြု၍ဆင်ခြင်သော မဟာကြိယာ ဉာဏသမ္ပယုတ် လေးခုအား။ နိဗ္ဗာန်သည် ဖိုလ်လေးခုအား အာရမ္မဏာဓိပတိ။၏။သဟဇာတာ ဓိပတိ၌ အဓိပတိပစ္စည်းကိုရသောအခါ မဟာကြိယာရှစ်ခု ကျန် ရသော မဟဂ္ဂုတ်ကြိယာကိုးခု ဖိုလ်လေးခု စိတ္တုပ္ပါဒတခုတခု၌ ရှိသော အဓိပတိတရားကိုယ် သုံးပါးလေးပါးတို့တွင် တပါးပါး သည် သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်တို့အား။၏။

---

### အာရမ္မဏာဓိပတိ

အာရမ္မဏာဓိပတိဖြစ်အံ့ အဇ္ဈာကတောကတ္တားကား အလေး အမြတ်ပြုတတ်သော မဟာကြိယာ ဉာဏသမ္ပယုတ် လေးခုအား တပ်သော အလေးအမြတ်ပြုအပ်သော အရဟတ္တဖိုလ် နိဗ္ဗာန်။ ဖိုလ် လေးခုအား တပ်သော နိဗ္ဗာန်ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား မဟာကြိယာ ဉာဏသမ္ပယုတ်လေးခု ဖိုလ်လေးခု။စေ။ ဆက္ကိ သ ပစ္စယုပ္ပန်။၏။ (အပ္ပမညာကြဉ်သည်)။ ။ကရိုဏ်းကားအာရမ္မဏ အာရမ္မဏာဓိပတိ အာရမ္မဏူပ နိဿယ သုံးပစ္စယ သတ္တိတို့တွင် အာရမ္မဏာဓိပတိသတ္တိ။လ။၏။

အမှာ — အရဟာ၊ ဖလံ။လ။တိ ဟူ၍။လ။ပါဠိ၌- ဖလံ၏အရကို အရဟတ္တဖိုလ်ယူ၍။ အရဟာ ပစ္စဝေက္ခတိ၏ အရကို ရဟန္တာ သန္တာန်၌ ဆင်ခြင်သော မဟာကြိယာ ဉာဏသမ္ပယုတ်ယူ၍။ (အာရမ္မဏနည်းကိုမှီ၍ဆိုလေ။ ဝီထိချလေ)။

---

### သဟဇာတာဓိပတိ

သဟဇာတာဓိပတိဖြစ်အံ့ ကဏ္ဍားကား သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အားတပ်သော အဓိပတိပစ္စည်းကို ရသောအခါ မဟာကြိယာရှစ်ခု ဧကန်ရသော မဟဂ္ဂုတ်ကြိယာကိုးခု ဖိုလ်လေးခု။ စေ။ အဋ္ဌတိံသ စိတ္တက္ခဏတခုတခု၌ ရှိသော အဓိပတိတရားကိုယ် သုံးပါးလေးပါးတို့တွင် တပါးပါးပစ္စည်း။၏။ သမ္ပဒါန်ကား သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ကရိုဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ ဟေတုသဟဇာတ အညမည နိဿယ ဝိပါက အာဟာရ ဣန္ဒြိယ မဂ္ဂ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤတဆဲ့သုံးပစ္စယ သတ္တိတို့တွင် သဟဇာတာဓိပတိ သတ္တိရ၏။ ။(အနုဝါဒဆိုမြဲ)။

---

### အဗျာကတော ကုသလဿ

အဗျာကတော ကုသလဿ ကဏ္ဍားကား အလေးအမြတ်ပြုတတ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်လေးခုအားတပ်သော အောက်ဖိုလ်သုံးခု နိဗ္ဗာန်။ မဂ်လေးခုအား တပ်သော နိဗ္ဗာန် ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခု မဂ်လေးခု ပစ္စယုပ္ပန်။၏။ ကရိုဏ်းကား အာရမ္မဏ အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ သုံးပစ္စယ။လ။ အာရမ္မဏာဓိပတိသတ္တိ။၏။

သေက္ခာ ဖလံ- ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။လ။ ပါဠိ၌ ဖလံ၏ အရကို အောက်ဖိုလ်သုံးခုယူ၍ သေက္ခာ ဂရုံကတွာ ပစ္စဝေက္ခန္တိ

၏အရကို အလေးအမြတ်ပြု၍ ဆင်ခြင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခုယူ၍။ လ။ ၏။ ပစ္စည်း တပ်ဟန်ကား သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို အလေးအမြတ် ပြု၍ဆင်ခြင်လိုလတ်သော် (ဤသို့အစရှိသည်ဖြင့်ပစ္စဝေက္ခဏာ ဝီထိကို အာရမ္မဏာ အတိုင်းချလေ။ ။နိဗ္ဗာန်အရကို နိဗ္ဗာန်ယူ၍။ ဂေါတြဘုသအရကို ဂေါတြဘုကိစ္စ တပ်သော မဟာကုသိုလ် ပဌမဒွေး တတိယဒွေးယူ၍။ ဝေါဒါနသယူမြဲ။ မဂ္ဂသ၏အရကို မဂ်လေးခုယူ၍ဆိုမြဲ။ ဝီထိကို မဂ္ဂဝီထိချလေ)။

---

### အဗျာကတော အကုသလဿ

(အဗျာကတော အကုသလဿနှ အနက်လွယ်ပြီ။ ။အဓိပ္ပါယ် ကိုလည်း ဆိုမြဲ)။ ကဏ္ဍားကား အလေးအမြတ် ပြုတတ်သော လောဘမူရှစ်ခုအားတပ်သော အလေးအမြတ် ပြုအပ်သော ဇုန္ဓ ဖြစ်သော နိပ္ဖန္နရုပ် အဌာရသ ဗုက္ခသဟဂုတ် ကာယဝိညာဉ် ကြဉ်သော လောကီဝိပါက် ကေတိံသ ကြိယာဝီသ။စေ။ပဌတိံသ ပစ္စည်းတရား ရ၏။ သမ္ဗဒါန်ကား လောဘမူရှစ်ခု။စေ။ ဗာဝီသ ပစ္စ။လ။၏။ကရိုက်းကား အာရမ္မဏာ အာရမ္မဏာဓိပတိ နိဿယ ဥပနိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤရှစ်ပစ္စယ သတ္တိတို့တွင် အာရမ္မဏာဓိပတိသတ္တိ။လ။ရ၏။

စက္ခုံ ဂရုံကတွာ အဿာဒေတိ အစရှိသည်ဖြင့်၊ ဟောတော် ။လ။ပါဠိ၌ စက္ခု၏အရကို အလေးအမြတ်ပြုအပ်သော ဇုန္ဓ ဖြစ်သော စက္ခုပသာဒယူ၍။ ဂရုံကတွာ အဿာဒေတိ၏ အရကို အလေးအမြတ်ပြုတတ်သော လောဘမူ သောမနဿ သဟဂုတ် ယူ၍။အဘိနန္ဒတိ၏အရကို အလေးအမြတ်ပြုတတ်သော သပ္ပီတိက တဏှာပြဋ္ဌာန်းသော သောမနဿသဟဂုတ်ယူ၍။ရာဂေါ ဥပ္ပဇ္ဇတိ ၏အရကို အလေးအမြတ် ပြုတတ်သော ရာဂ ပြဋ္ဌာန်းသော လောဘမူယူ၍။ ဒိဋ္ဌိဥပ္ပဇ္ဇတိအရကို အလေးအမြတ် ပြုတတ်သော ဒိဋ္ဌိဂတသမ္ပယုတ်လေးခုယူ၍။ အလေးအမြတ်ပြုအပ်သော ဇုန္ဓဖြစ်

သော စက္ခုပသာဒသည် အလေးအမြတ်ပြုတတ်သော လောဘမူ အား။လ။၏။ (သောတံအစရှိသည်၌လည်း နည်းတူယူလေ။ ။ အရကောက်ကို နှလုံးသွင်း၍ အနုဝါဒဆို)။ ။အဓိပတိပြီး၏။

---

## အနန္တရပစ္စည်း

### ကုသလော ကုသလဿ

အဓိပတိပစ္စည်း၏ ဝိဘင်္ဂဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ အနန္တရပစ္စည်း၏ ဝိဘင်္ဂဝါရကို ဟောတော်မူ၏။ စစ်ဖြေ။ ။ ဟောဟန်ကား ကုသလော။ လ၊ အနန္တရ ပစ္စယေန ပစ္စယော ဟူသည်တည်း။

၄၁၇။ ကုသလော သော။ မေ့ွာ၊သည်။ ကုသလဿ၊သော။ ဓမ္မဿ၊အား။ အနန္တရပစ္စယေန၊ဖြင့်။ ပစ္စယော၊၏။ ပုရိမာပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ ကုသလာ၊ကုန်သော။ ခန္ဓာ၊အဆုံးဇော ကြဉ်သော လောကီကုသိုလ် သတ္တရသ နာမက္ခန္ဓာ တို့သည်။ ပစ္ဆိမာနံပစ္ဆိမာနံ၊ကုန်သော။ ကုသလာနံ၊ ကုန်သော။ ခန္ဓာနံ၊ ပဌမဇောကြဉ်သော ကုသိုလ်ကောဝီသနာမက္ခန္ဓာတို့အား။ အနန္တရ ပစ္စယေန၊ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊၏။ ။အနုလောမံ၊ သခ်ိါရတရားလျှင် အာရုံရှိသော အနုလုံ ကိစ္စတပ်သော မဟာကုသိုလ် ပဌမဇွေး တတိယဇွေးသည်။ ဂေါတြဘုဿ၊ နိဗ္ဗာန်လျှင် အာရုံရှိသော ဂေါတြဘူ ကိစ္စတပ်သော မဟာကုသိုလ် ပဌမဇွေး တတိယဇွေးအား။ အနုလောမံ၊ သင်္ခါရတရားလျှင် အာရုံရှိသော အနုလုံကိစ္စတပ်သော မဟာကုသိုလ်ပဌမဇွေး တတိယဇွေးသည်။ ဝေါဒါနဿ၊ နိဗ္ဗာန်လျှင် အာရုံရှိသော ဝေါဒါန် ကိစ္စတပ်သော မဟာကုသိုလ် ပဌမဇွေး တတိယဇွေးအား။ ဂေါတြဘု၊ နိဗ္ဗာန်လျှင် အာရုံရှိသော ဂေါတြဘူ ကိစ္စတပ်သော မဟာကုသိုလ် ပဌမဇွေး တတိယဇွေးသည်။ မဂ္ဂဿ၊ သောတာပတ္တိမဂ်အား။ ဝေါဒါနံ၊ နိဗ္ဗာန်လျှင် အာရုံရှိသော ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ်

ပဌမဇွေး တတိယဇွေးသည်။ မဂ္ဂသော၊ အထက်မဂ် သုံးခုအား။ အနန္တရပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား ကုသိုလ်မှုသည် အကုသိုလ်မှုအား အနန္တရ။ ၏။ အဘယ်ကား အဆုံးဇော ကြဉ်သော ရှေးရှေးသော လောကီ ကုသိုလ် သဏ္ဍရသသည် ပဌမဇော ကြဉ်သော နောက်နောက် သော ကုသိုလ် ဇကဝိသအား အနန္တရ။လ။၏။

ကဏ္ဍားကား အဆုံးဇော်ကြဉ်သော ရှေးရှေးသော လောကီ ကုသိုလ် သဏ္ဍရသပစ္စည်း။၏။ သမ္ဗဒါန်ကား ပဌမဇော်ကြဉ်သော နောက်နောက်သော ကုသိုလ် ဇကဝိသ ပစ္စယုပ္ပန်။၏။

တနည်း ကဏ္ဍားကား မဟာကုသိုလ် ဒုတိယဇောအား တပ်သော ပဌမဇော။လ။ သဏ္ဍမဇောအား တပ်သော ဆဋ္ဌဇော။ မဟဂ္ဂုတ်ကုသိုလ် ဒေဘမနဿ သဟဂုတ်လေးခု မဂ်သောမနဿ သဟဂုတ် တဆွဲခြောက်ခုအား တပ်သော ဂေါတြဘူ ဝေါဒါန် ကိစ္စတပ်သော မဟာကုသိုလ် ပဌမဇွေး။ မဟဂ္ဂုတ် ကုသိုလ် ဥပေက္ခာသဟဂုတ်ငါးခု မဂ်ဥပေက္ခာ သဟဂုတ် လေးခုအား တပ် သော ဂေါတြဘူ ဝေါဒါန် ကိစ္စတပ်သော မဟာကုသိုလ် တတိယ ဇွေး။သမာပဋ္ဌနဝီထိ၌ နောက်နောက်သောမဟဂ္ဂုတ်ကုသိုလ်အား တပ်သော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ် ကုသိုလ် ပစ္စည်း တရုံးရ၏။ သမ္ဗဒါန်ကား မဟာ ကုသိုလ် ဒုတိယာဒိဇော မဟဂ္ဂုတ် ကုသိုလ်ကိုးခု မဂ်လေးခု ပစ္စယုပ္ပန်။၏။

ကရိုဏ်းကားတပြိုင်နက်ယထာရဟာတပ်ကောင်းသောအနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတ ဤခြောက်ပစ္စယ သတ္တိတို့တွင် အနန္တရ သတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

-ပုရိမာ ပုရိမာ ကုသလာမ္မော ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ။ လ။ပါဠ်၌ ပုရိမာ ပုရိမာ့ကုသလာမ္မော ဟူသောပါဠ်၏ အရကို မဟာကုသိုလ်, ဒုတိယဇောအား တပ်သော ပဌမဇော။ လ။ သဏ္ဍမဇောအား တပ်သော ဆဋ္ဌဇော။ မဟဂ္ဂုတ် ကုသိုလ်

သောမနဿ သဟဂုတ်လေးခု မဂ်သောမနဿသဟဂုတ် ဓာဆဲ့ ခြောက်ခုအား တပ်သော ဂေါတြဘူ ဝေါဒါန် ကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး။ မဟဂ္ဂုတ် ကုသိုလ် ဥပေက္ခာသဟဂုတ် ငါးခု မဂ်ဥပေက္ခာ သဟဂုတ် လေးခုအားတပ်သော ဂေါတြဘူ ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ် တတိယဒွေး။ သမာပဇ္ဇနဝီထိ၌ နောက်နောက်သော မဟဂ္ဂုတ် ကုသိုလ်အား တပ်သော ရှေးရှေးသော ဇောတူမဟဂ္ဂုတ် ကုသိုလ်ယူ၍။ ပစ္ဆိမာနံ။လ။ ပါဠိ၌ အရကို မဟာကုသိုလ် ဒုတိယာဒိဇော မဟဂ္ဂုတ် ကုသိုလ် ကိုးခု မဂ်လေးခုယူ၍ အဆုံးဇော ကြဉ်သော ရှေးရှေးသော လောကီကုသိုလ် သတ္တရသသည် ပဌမဇော ကြဉ်သော နောက်နောက်သော ကုသိုလ် ကေဝိသအား အနန္တရ။၏။

အနုလောမံ ဂေါတြဘုဿ။လ။ ပါဠိ၌ အနုလောမံ၏ အရကို သင်္ခါရတရားလျှင် အာရုံရှိသော အနုလုံကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး တတိယဒွေးယူ၍။ ဂေါတြဘုဿ၏ အရကို နိဗ္ဗာန်လျှင် အာရုံရှိသော ဂေါတြဘူ ကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး တတိယဒွေးယူ၍။ အနုလုံကိစ္စ။လ။၏။

အနုလောမံ ဝေါဒါနဿ ဟူ၍။လ။ ပါဠိ၌ အနုလောမံ၏ အရကို သင်္ခါရလျှင် အာရုံရှိသော အနုလုံ ကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး တတိယဒွေးယူ၍။ ဝေါဒါနံ၏အရကို နိဗ္ဗာန်လျှင် အာရုံရှိသော ဝေါဒါန် ကိစ္စတပ်သော ဟောကုသိုလ် ပဌမဒွေး တတိယဒွေးယူ၍။ အနုလုံ ကိစ္စတပ်သော။လ။အား။ အနန္တရသတ္တိဖြင့် ကျေးဇူးပြုပေ၏၊ ။ဂေါတြဘုမဂ္ဂဿ ဟူ၍ ဟော။လ။ပါဠိ၌ ဂေါတြဘူ၏ အရကို နိဗ္ဗာန်လျှင် အာရုံရှိသော ဂေါတြဘူ ကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး တတိယဒွေးယူ၍။ မဂ္ဂဿ၏ အရကို သောတာပတ္တိ မဂ်ယူ၍။လ။၏။

ဝေါဒါနံ မဂ္ဂဿဟူ၍။လ။ပါဠိ၌ ဝေါဒါနံ၏အရကို နိဗ္ဗာန်လျှင် အာရုံရှိသော ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး

တတိယဒွေးယူ၍။ မဂ္ဂသဏ်၏အရကို အထက်မဂ်သုံးခုယူ၍ ဝေါဒါန်
ကိစ္စတစ်သော။ လ။ ၏။

အဖွင့် ဤကုသလော ကုသလဿ ပုရိမာ ပုရိမာ အစ
ရှိသော ပါဠိကိုကား ဘုံတူဘုံပြား ဖြစ်ကုန်သော
ကုသိုလ်နာမက္ခန္ဓာတို့ကို တပေါင်းတည်းပြု၍ ဟောတော်မူသည်။
ထိုသို့ ဟောတော်မူလျှင် ကုသိုလ်သည် ကုသိုလ်ချင်းအား အနန္တရ
သတ္တိဖြင့် ကျေးဇူးပြုသော တရားသည် ကုန်ပြီးလျက် အနုလောမံ
ဂေါတြဘုဿ အနုလောမံ ဝေါဒါနဿဟုဟောတော်မူပြန်သည်
ကား ဘုံတူချင်းပင် ဖြစ်သော်လည်း နာနာရမ္မဏ ဖြစ်သော
တရားသည် နာနာရမ္မဏအား ကျေးဇူးပြုသလော မပြုသလောဟု
ယုံမှားသက်ာကို နစ်စေခြင်းငှါ ဟောတော်မူသည်။ ။ဂေါတြဘု
မဂ္ဂဿ ဝေါဒါနံ မဂ္ဂဿကိုကား နာနာဘုမ္မိအားဖြင့် ဟောတော်
မူသည်။

---

### ကုသလော အဗျာကတဿ

ကုသလော အဗျာကတဿ ကုသလံ၊ လောကီ ကုသိုလ်
သတ္တရသ အဆုံးဇောသည်။ ဝုဋ္ဌာနဿ၊ တဒါရုံဘဝင်အား။
မဂ္ဂေါ၊ မဂ်လေးခုသည်။ ဖလဿ၊ ဖိုလ်လေးခုအား။ အနုလောမံ၊
သဒ္ဒါရတရားလျှင် အာရုံရှိသော အနုလုံကိစ္စတစ်သော မဟာ
ကုသိုလ် ပဌမဒွေး တတိယဒွေးသည်။ သေက္ခာယ၊ သေက္ခဖြစ်
သော။ ဖလသမာပတ္တိယာ၊ ဖလ သမာပတ်အား။ နိရောဓာ၊
နိရောဓ သမာပတ်မှ။ ဝုဋ္ဌဟန္တဿ၊ ထသော အနာဂါမိပုဂ္ဂိုလ်၏။
နေဝသညာ နာသညာ ယတန ကုသလံ၊ သည်။ ဖလသမာပတ္တိ
ယာ၊ အနာဂါမိ ဖိုလ်ဟု ဆိုအပ်သော ဖလသမာပတ်အား။

အဓိပ္ပါယ်ကား ကုသိုလ်မှုသည် အဗျာကတမှုအား အနန္တရ။
၏။ ကား လောကီကုသိုလ် သတ္တရသ အဆုံးဇောသည် တဒါရုံ
ဘဝင်အား။ မဂ်လေးခုသည် ဖိုလ်လေးခုအား။ နိရောဓသမာပတ်မှ

ထသောအခါ နေဝသညာ နာသညာယတန ကုသိုလ်သည် အနာဂါမိဖိုလ်အား အနန္တရ။လ၊၏။

ကတ္တားပုဒ်၏ အရကား လောကီကုသိုလ် သတ္တရသ အဆုံး ဇော မဂ်လေးခု ပစ္စည်းတရားရ၏။ သမ္ဗဒါန်ကား သန္တီရဏသုံးခု မဟာဝိပါက်ရှစ်ခု မဟဂ္ဂုတ် ဝိပါက်ကိုးခု ဖိုလ်လေးခု ပစ္စယုပ္ပန်တရားရ၏။

တနည်းကား မဟာကုသိုလ် ဇောနောင် တဒါရုံကျသည်ဖြစ်အံ့ တဒါရုံကောဒသ။ မကျသည်ဖြစ်အံ့ ဘဝင်ကျေနုပီသ အားတပ်သော မဟာကုသိုလ် အဆုံးဇော။ အောက်ဖိုလ် သောမနဿ သဟဂုတ် တဆဲ့နှစ်ခုအား တပ်သော အနုလုံ ကိစ္စတပ်သော ကာမကုသိုလ် ပဌမဒွေး။ အောက်ဖိုလ် ဥပေက္ခာသဟဂုတ် သုံးခု အားတပ်သော အနုလုံကိစ္စတပ်သော မဟာကုသိုလ် တတိယဒွေး ပဉ္စဝေါကာရ တိဟိတ် ဘဝင်ကိုးခုအား တပ်သော ရူပါဝစရ ကုသိုလ်အဆုံးဇော။ ပဉ္စဝေါကာရ တိဟိတ် ဘဝင်ကိုးခု အာကာ သာနဉ္စာယတန ဘဝင်အား တပ်သော အာကာသာနဉ္စာယတန ကုသိုလ် အဆုံးဇော။လ။ တိဟိတ်ဘဝင် တေရသ နိရောဓ သမာပတ်မှ ထသောအခါ အနာဂါမိ ဖိုလ်အားတပ်သော နေဝ သညာ နာသညာယတန ကုသိုလ်အဆုံးဇော။ သောတာပတ္တိ ဖိုလ်အားတပ်သော သောတာပတ္တိမဂ်။လ။ အရဟတ္တဖိုလ်အား တပ်သောအရဟတ္တမဂ် ပစ္စည်းတရားရ၏။ (သမ္ဗဒါန်ကောက်မြဲ။)

ကရိုဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော အနန္တရ သမနန္တရ ဥပနိဿယ ကမ္မ နတ္ထိ ဝိဂတ။ ဤခြောက် ပစ္စယ သတ္တိတို့တွင် အနန္တရ သတ္တိရ၏။

ကုသလံဝုဋ္ဌာနဿ။လ။ ပါဠိ၌ ကုသလံ၏အရကို လောကီ ကုသိုလ်သတ္တရသ အဆုံးဇောယူ၍ ဝုဋ္ဌာနဿအရကို သန္တီရဏ သုံးခု မဟာဝိပါက်ရှစ်ခု မဟဂ္ဂုတ်ဝိပါက်ကိုးခုယူ၍ လောကီ ကုသိုလ်သတ္တရသ အဆုံးဇောသည် တဒါရုံဘဝင်အားအနန္တရ။ ၏။ ။မဂ္ဂေါဖလဿ ဟူ၍။လ။၌။မဂ္ဂေါ၏အရကို မဂ်လေးခုယူ၍

ဖလဿ၏အရကို ဖိုလ်လေးခုယှဉ်၍ မဂ်လေးခုသည် ဖိုလ်လေးခုအား။၏။ ။အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ။လ။၌။ အနုလောမံ၏အရကို သဒ္ဓါရတုရားလျှင်အာရုံရှိသော အနုလုံကိစ္စတပ်သော မဟာကုသိုလ်ပဌမဇွေး တတိယဇွေးယှဉ်၍ ဖလသမာပတ္တိယာ၏အရကို အောက်ဖိုလ်သုံးခုယှဉ်၍။အနုလုံကိစ္စတပ်သော။လ။ အောက်ဖိုလ်သုံးခုအား အနန္တရ။၏။ ။နိရောဓာဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ။ လ။၌။ နေဝသညာ နာသညာယတန ကုသလံ၏အရကို နိရောဓသမာပတ်မှ ထသောအခါ နေဝသညာနာသညာယတန ကုသိုလ်ယှဉ်၍ ဖလသမာပတ္တိယာ၏ အရကို အနာဂါမိဖိုလ်ဟု ဆိုအပ်သော ဖလသမာပတ်ယှဉ်၍ နေဝသညာနာသညာယတန ကုသိုလ်သည် အနာဂါမိဖိုလ်အား။၏။

---

## အကုသလော အကုသလဿ

အကုသလော ဓမ္မော အကုသလဿ၊ လ။ ယော။ (အနက်လွယ်ပြီ)။

အမိပ္ပါယ်ကား အကုသိုလ် ဓမ္မသည် အကုသိုလ် ဓမ္မအား အနန္တရ။လ။၏။ကား အကုသိုလ်ဒွါဒသ ပဌမဇောသည် ဒုတိယ ဇောအား။ လ။ ဆဋ္ဌဇောသည် သတ္တမ ဇောအား။ အနန္တရ။ လ။၏။

ကတ္တားကား အဆုံးဇောကြဉ်သော ရှေးရှေးသောအကုသိုလ် ဒွါဒသ ပစ္စည်းတရားရ၏။ သမ္ဗန်ကား ပဌမဇောကြဉ်သော နောက်နောက်သော အကုသိုလ်ဒွါဒသ ပစ္စယုပ္ပန်တရားရ၏။

တနည်းကား အကုသိုလ် ဒုတိယဇောအားတပ်သော ပဌမ ဇော။လ။ သတ္တမဇောအားတပ်သော ဆဋ္ဌဇော ပစ္စည်းတရား ရ၏။ သမ္ဗန်ကား အကုသိုလ်ဒွါဒသ ဒုတိယာဒိဇော ပစ္စယုပ္ပန် တရားရ၏။ ။ကရိုဏ်းပါဠ်ဖြင့်တပြိုင်နက် ယထာရဟတပ်ကောင်း သော အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတား

ဤခြောက်ပစ္စယ သတ္တိတို့ဟွင် အနန္တရသတ္တိဝိသေသရ၏။ ။ အနုဝါဒပါဠိတော်ပါဠိ၌ ပုရိမာ ပုရိမာအကုသလာဓမ္မာဟူသော ပါဠိ၏အရကို အဆုံးဇောကြဉ်သော ရှေးရှေးသော အကုသိုလ်ဋ္ဌါဒသကိုယူ၍။ ပစ္ဆိမာနံ။လ။ ဓမ္မာနံ၏အရကို ပဌမဇောကြဉ်သော နောက်နောက်သော အကုသိုလ်ဋ္ဌါဒသယူ၍။ ရှေးရှေးသော။လ။၏။

---

## အကုသလော-အဗျာကတဿ

အကုသလော အဗျာကတဿ၌ အကုသလံ၊ အကုသိုလ်ဋ္ဌါဒသအဆုံးဇောသည်။ ဝုဋ္ဌာနဿ၊ တဒါရုံဘဝင်အား။

အဓိပ္ပါယ်ကား အကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား။လ။၏။ကား လောဘမူ မောဟမူ ဇောနောင် တဒါရုံကျသည်ဖြစ်အံ့ အဆုံးဇောသည် တဒါရုံကောဒသအား။ မကျသည်ဖြစ်အံ့ ဘဝင်ကေ့နဝိသအား။ဒေါသမူဇော နောင်တဒါရုံကျသည်ဖြစ်အံ့ အဆုံးဇောသည် ဥပေက္ခာတဒါရုံ ခြောက်ခုအား။ မကျသည်ဖြစ်အံ့ ကာမဥပေက္ခာဘဝင်ခြောက်ခုအား အနန္တရ။၏။

ကဏ္ဍားကား အကုသိုလ်ဋ္ဌါဒသ အဆုံးဇော ပစ္စည်းတရားရ၏။ သမ္မဒါန်ကား သန္တီရဏသုံးခု မဟာဝိပါက်ရှစ်ခု မဟဂ္ဂုတ်ဝိပါက်ကိုးခု ပစ္စယုပ္ပန်။၏။

တနည်း ကဏ္ဍားကား လောဘမူ မောဟမူ ဇောနောင် တဒါရုံကျသည်ဖြစ်အံ့ တဒါရုံကောဒသ။ မကျသည်ဖြစ်အံ့ ဘဝင်ကေ့နဝိသအား တပ်သော လောဘမူ မောဟမူ အဆုံးဇော။ ဒေါသမူဇောနောင် တဒါရုံ ကျသည်ဖြစ်အံ့ ဥပေက္ခာတဒါရုံ ခြောက်ခု။ မကျသည်ဖြစ်အံ့ ကာမဥပေက္ခာ ဘဝင်ခြောက်ခုအား တပ်သော ဒေါသမူအဆုံးဇော ပစ္စည်းတရား။၏။ (သမ္ပဒါန် ကောက်မြဲ)။

ကရိဏ်းကား အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ဤငါးပစ္စယသတ္တိတို့တွင်။လ။၏။

### အဇ္ဈတ္တ ကဘေတ္တ အဇ္ဈတ္တ ကတ္တ သ

အဇ္ဈတ္တကတော အဇ္ဈတ္တကတ္တသ္မ ဘဝင်္ဂံ၊ သည်။ အာဝဇ္ဇနာ ယ၊ အာဝဇ္ဇန်းခြင်းအား။ ကြိယံ၊ ကြိယာအဗ္ဗာရသ အဆုံးဇော ဒုတိယဝုဋ္ဌောသည်။ ဝုဋ္ဌာနဿ၊ တဒါရုံဘဝင်အား။အရဟတော၊ ရဟန္တာပုဂ္ဂိုလ်၏။ အနုလောမံ၊ သည်။ ဖလသမာပတ္တိယာ၊ဖလ သမာပတ်အား။ နိရောဓ၊ နိရောဓသမာပတ်မှ။ ဝုဋ္ဌဟန္တဿ၊ ထသောပုဂ္ဂိုလ်၏။ နေဝသညာ နာသညာယတနကြိယံ၊ နေဝ သညာ နာသညာယတန ကြိယာသည်။ ဖလသမာပတ္တိယာ၊ အရဟတ္တဖိုလ်အား။ အနန္တရပစ္စယေန၊ ပစ္စည်းဖြင့်။ ပစ္စယော၊ ပစ္စည်းသည်။ ဟောတိ၊ဖြစ်၏။

အဓိပ္ပါယ်ကား အဇ္ဈတ္တကတ္တမ္မသည် အဇ္ဈတ္တကတ္တမ္မအား။လ။ ၏။ကား ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသော ဝိပါက်ကြိယာ နာမက္ခန္ဓာတို့သည် ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော ဝိပါက်ကြိယာ နာမက္ခန္ဓာအား ပဉ္စဒွါရ ဘဝင်္ဂုပစ္ဆေဒ တဆဲ့ငါးခုသည် အာဝဇ္ဇန်းခြင်းအား။ အရူပဘဝင်္ဂုပစ္ဆေဒလေးခုသည် မနောဒွါရာဝဇ္ဇန်းအား။ ကြိယာ အဗ္ဗာရသ အဆုံးဇော ဒုတိယ ဝုဋ္ဌောသည် တဒါရုံဘဝင်အား။ အနုလုံကိစ္စတပ်သော မဟာ ကြိယာပဌမဒွေး တတိယဒွေးသည် အရဟတ္တဖိုလ်အား။နိရောဓ သမာပတ်မှထသောအခါ နေဝသညာနာသညာယတန ကြိယာ အဆုံးဇောသည် အရဟတ္တဖိုလ်အား။၏။

ကတ္တားကား ရဟန္တာတို့ စုတိကြဉ်သော ရှေးရှေးသော ဝိပါက်ဆတ္တိံသ ကြိယာဝီသ ပစ္စည်းတရားရ၏။ ။သမ္ပဒါန်ကား ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သော ဝိပါက်ဆတ္တိံသ ကြိယာဝီသ ပစ္စယုပ္ပန်တရားရ၏။

တနည်း ကတ္တားကား ပဌမဘဝင် နာမက္ခန္ဓာအားတပ်သော ပဋိသန္ဓေနာမက္ခန္ဓာ။ ဒုတိယ အစရှိသော နောက်နောက်သော ဘဝင်နာမက္ခန္ဓာအားတပ်သော ပဌမအစရှိသော ရှေးရှေးသော

နာမက္ခန္ဓာ။ အာဝဇ္ဇန်းဒွေးအားတပ်သော ပဋ္ဌဝေါကာရ ဘဝင်ကို
ပစ္ဆေဒတဆဲ့ငါးခု။ မနောဒွါရာဝဇ္ဇန်းအား တပ်သော ဒုရူပ
ဘဝဂ်ပစ္ဆေဒလေးခု။ ပဋ္ဌဝိညာဏ်တဆယ်အားတပ်သော ပဋ္ဌဒွါ
ရာဝဇ္ဇန်း။ သမ္ပဋိစ္ဆိုင်းအားတပ်သောပဋ္ဌဝိညာဏ်။သန္တီရဏအား
တပ်သော သမ္ပဋိစ္ဆိုင်း၊ဝုဋ္ဌောအား တပ်သောသန္တီရဏ။ပရိတ္တာရုံ
ဝိထိဖြစ်အံ့ ဒုတိယဝုဋ္ဌောအားတပ်သော ပဌမဝုဋ္ဌော။ ပဋ္ဌဝေါ
ကာရဘဝင်တဆဲ့ငါးခုအားတပ်သောပဌမဝုဋ္ဌော။အတိမဟန္တာရုံ
မဟန္တာရုံ ဝိဘူတာရုံဝိထိဖြစ်အံ့ ဟသိတုပ္ပါဒ် မဟာကြိယာပဌမ
ဇောအား တပ်သော ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း။ ဒုတိယဇော
အားတပ်သော ပဌမဇော၊လ။ သတ္တမဇောအားတပ်သော ဆဋ္ဌ
ဇော။ဟသိတုပ္ပါဒ်ဇောနောင် တဒါရုံကျသည်ဖြစ်အံ့ သောမနဿ
တဒါရုံငါးခု။ မကျသည်ဖြစ်အံ့ ပဋ္ဌဝေါကာရတိဟိတ်ဘဝင် ကိုးခု
အားတပ်သော ဟသိတုပ္ပါဒ်အဆုံးဇော။ မဟာကြိယာ သော
မနဿသဟဂုတ်ဇောနောင် တဒါရုံကျသည်ဖြစ်အံ့ သောမနဿ
တဒါရုံငါးခု။ မကျသည်ဖြစ်အံ့ တိဟိတ်ဘဝင် တေရသအားတပ်
သော မဟာကြိယာ သောမနဿသဟဂုတ် အဆုံးဇော။ မဟာ
ကြိယာ ဥပေက္ခာသဟဂုတ်ဇောနောင် တဒါရုံကျသည် ဖြစ်အံ့
ဥပေက္ခာတဒါရုံခြောက်ခု။ မကျသည်ဖြစ်အံ့ တိဟိတ်ဘဝင်တေရ
သအားတပ်သော မဟာကြိယာ ဥပေက္ခာသဟဂုတ်အဆုံးဇော။
ဒုတိယတဒါရုံအား တပ်သော ပဌမတဒါရုံ၊ ကာမဘဝင်တဆယ်
အားတပ်သော ဒုတိယတဒါရုံ။ မဟဂ္ဂုတ်ကြိယာ သောမနဿ
သဟဂုတ်လေးခု အရဟတ္တဖိုလ် သောမနဿသဟဂုတ် လေးခု
အားတပ်သော ဂေါတြဘူ အနုလုံကိစ္စတပ်သော မဟာကြိယာ
ပဌမဒွေး။ မဟဂ္ဂုတ်ကြိယာ ဥပေက္ခာသဟဂုတ်ငါးခု။ အရဟတ္တ
ဖိုလ် ဥပေက္ခာသဟဂုတ်တခုအား တပ်သော ဂေါတြဘူ အနုလုံ
ကိစ္စတပ်သောမဟာကြိယာတတိယဒွေး။ သမာပဇ္ဇနဝိထိ၌နောက်
နောက်သော မဟဂ္ဂုတ်ကြိယာအား တပ်သော ရှေးရှေးသော
ဇောတူမဟဂ္ဂုတ်ကြိယာ ပဋ္ဌဝေါကာရ တိဟိတ်ဘဝင်ကိုးခုအား

တပ်သော ရူပါဝစရကြိယာအဆုံးဇော။ ပဉ္စဝေါကာရတိဟိတ်ဘဝင် ကိုးခု အာကာသာနဉ္စာယတန ဘဝင်အား တပ်သော အာကာသာနဉ္စာယတနကြိယာ အဆုံးဇောလေ။ တိဟိတ်ဘဝင်တေရသ နိရောဓသမာပတ်မှထသောအခါ အရဟတ္တဖိုလ်အား တပ်သော နေဝသညာ နာသညာယတန ကြိယာအဆုံးဇော။ နောက်နောက်သော ဖိုလ်လေးခုအားတပ်သော ရှေးရှေးသော ဇောတူ ဖိုလ်လေးခု။ တိဟိတ်ဘဝင်တေရသအား တပ်သော ဖိုလ်လေးခု အဆုံးဇော။ မရဏာသန္န အခါ တဒါရုံနောင် စုတိဖြစ်အံ့ ကာမစုတိ တဆယ်အားတပ်သော ဒုတိယတဒါရုံ။ ဇောနောင်စုတိ ဖြစ်အံ့ တိဟိတ်စုတိ တေရသအားတပ်သော မဟာကြိယာပဉ္စမဇော။ (မရဏာသန္နအခါ မဟဂ္ဂုတ်ဇောဟူသိတ္တုပ္ပါဒ်ဇောတို့ကို မရသင့်) ဘဝင်နောင် စုတိဖြစ်အံ့ စုတိကျေနပီသအား တပ်သော ဘဝင်ကျေနပီသ။ ကာမပဋိသန္ဓေတဆယ်အား တပ်သော ဒွိဟိတ်အဟိတ် စုတိ။ပဋိသန္ဓေ ကျေနပီသအား တပ်သော ကာမတိဟိတ်စုတိလေးခု။ သဟိတ်ပဋိသန္ဓေ သတ္တရသ အားတပ်သော ရူပစုတိငါးခု။ ကာမတိဟိတ် ပဋိသန္ဓေလေးခု အရူပ ပဋိသန္ဓေလေးခုအားတပ်သော အာကာသာနဉ္စာယတနစုတိ၊ ကာမတိဟိတ် ပဋိသန္ဓေလေးခု အာကာသာနဉ္စာယတန ကြဉ်သော အရူပ ပဋိသန္ဓေသုံးခုအား တပ်သော ဝိညာဏဉ္စာယတနစုတိ။ ကာမတိဟိတ် ပဋိသန္ဓေလေးခု အာကိဉ္စညာယတန နေဝသညာ နာသညာယတန ပဋိသန္ဓေအား တပ်သော အာကိဉ္စညာယတန စုတိ၊ ကာမတိဟိတ် ပဋိသန္ဓေလေးခု နေဝသညာနာသညာယတန ပဋိသန္ဓေအားတပ်သော နေဝသညာ နာသညာယတန စုတိ ပစ္စည်းတရားရ၏။ ။သမ္မဒါနိကား ရဟန္တာတို့စုတိနှင့်တကွနောက်နောက်သော ဝိပါက်ဆတ္တိံသ ကြိယာဝီသ ပစ္စယုပ္ပန်တရားရ၏။

ကရိုဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတ ၅ ခြောက်ပစ္စယ သတ္တိတို့တွင် အနန္တရသတ္တိ။၏။

ပုရိမာ ပုရိမာ ဝိပါကာ ဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာ ဗျာကတာနံ။လ။ပါဠိ၌ ပုရိမာပုရိမာ ဝိပါကာဗျာကတာ ခန္ဓာ၏ အရကို ရဟန္တာတို့စုတိ ဘဝင်္ဂုပစ္ဆေဒ ကြဉ်သော ရှေးရှေးသော ဝိပါက်ဆတ္တိံသ နာမက္ခန္ဓာယူ၍။ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာ ဗျာကတာနံ၏ အရကို ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော ဝိပါက်ဆတ္တိံသ နာမက္ခန္ဓာယူ၍ ရှေးရှေးသော ဝိပါက်ဆတ္တိံသ နာမက္ခန္ဓာသည်။လ။၏။

ပုရိမာ ပုရိမာ ကြိယာ ဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ။လ။ပါဠိ၌ ပုရိမာ ပုရိမာ ကြိယာ ဗျာကတာ ခန္ဓာ၏ အရကို အဆုံးဇော ဒုတိယဝုဋ္ဌော ပဉ္စဒွါရာဝဇ္ဇန်းကြဉ်သော ကြိယာ ကျေနုဝိသယူ၍။ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာ ဗျာကတာနံ ခန္ဓာနံ၏ အရကို ပဌမဇော ပဌမဝုဋ္ဌော ပဉ္စဒွါရာဝဇ္ဇန်း ကြဉ်သော ကြိယာ ကျေနုဝိသယူ၍ ရှေးရှေးသော ကြိယာသည် နောက်နောက်သော ကြိယာ။လ။၏။

ဘဝင်္ဂံ အာဝဇ္ဇနာယပါဠိ၌ ဘဝင်္ဂံ အရကို ဘဝင်္ဂုပစ္ဆေဒ တဆဲ့ကိုးခုယူ၍။ အာဝဇ္ဇနာယ၏ အရကို အာဝဇ္ဇန်းနှစ်ပါးယူ၍။လ။၏။ ကြိယံ ဝုဋ္ဌာနဿ။လ။ ပါဠိ၌ ကြိယံ အရကို ကြိယာ အဋ္ဌာရသ အဆုံးဇော ဒုတိယဝုဋ္ဌော ပဉ္စဒွါရာဝဇ္ဇန်းယူ၍။ ဝုဋ္ဌာနဿ၏ အရကို သန္တီရဏသုံးခု မဟာဝိပါက်ရှစ်ခု မဟဂ္ဂုတ်ဝိပါက်ကိုးခု ဒွေပဉ္စဝိညာဉ်တဆယ်ယူ၍။လ။၏။ ။အရဟတော အနုလောမံ ဖလသမာပတ္တိယာ။လ။ပါဠိ၌ အနုလောမံ၏ အရကို အနုလုံကိစ္စတင်သော မဟာကြိယာ ပဌမဇွေး တတိယဇွေးယူ၍။ ဖလသမာပတ္တိယာ၏ အရကို အရဟတ္တဖိုလ် ဖလသမာပတ် ယူ၍။လ။၏။ နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာ နာသညာယတနံ ကြိယံ ဖလသမာပတ္တိယာ။လ။၌ နိရောဓာ။လ။ ကြိယံ၏ အရကို နိရောဓသမာပတ်မှထသောအခါ နေဝသညာ နာသညာ ယတနကြိယာ ယူ၍။ ဖလသမာပတ္တိယာ၏အရကိုအရဟတ္တဖိုလ် သမာပတ်ယူ၍။ ။လ၏။

အဖွာ ဤအဗျာကတော အဗျာကတဿ၌ ဝိပါက်သည် ဝိပါက်ချင်းအား။ ကြိယာသည် ကြိယာချင်းအား။ ဝိပါက်သည် ကြိယာအား၊ ကြိယာသည် ဝိပါက်အား ကျေးဇူးပြု ဟန်ကို ပြတော်မူ၏။ ။ထို့ကြောင့် အဋ္ဌကထာ၌ ဝိပါကာ ဗျာကတာ ကြိယာ ဗျာကတာတိ ဧတ္ထ ဝိပါကာဗျာကတာ ဝိပါကာ ဗျာကတာနညေဝ ကြိယာဗျာကတာ ကြိယာ ဗျာကတာနညေဝ ဝေဒိတဗ္ဗာ။ ဘဝင်္ဂ အာဝဇ္ဇနာယာတိ အာဒိ ဝေါမိဿကဝသေန ဝုတ္တံဟု မိန့်အပ်ပြီ။

---

## အဗျာကတော ကုသလဿ

အဗျာကတော ကုသလဿ၌ အာဝဇ္ဇနာ၊ ဝုဋ္ဌာနမနောဒွါရာဝဇ္ဇန်းသည်။ ကုသလာနံ၊သော။ ခန္ဓာနံ၊မဟာကုသိုလ် ပဌမဇော နာမက္ခန္ဓာတို့အား။လ။၏။

အဓိပ္ပါယ်ကား အဗျာကတဓမ္မသည် ကုသိုလ် ဓမ္မအား။၏။ ဂါး ဝုဋ္ဌာမနောဒွါရာဝဇ္ဇန်းသည် မဟာကုသိုလ် ပဌမဇော အား။၏။

ကတ္တားကား ဝုဋ္ဌာမနောဒွါရာဝဇ္ဇန်း ပစ္စည်းတရားရှ၏။ သမ္ပဒါန်ကား ကာမကုသိုလ် ပဌမဇော ပစ္စယုပ္ပန်။၏။ ။ကရိုက်း ကား တပြိုင်နက်တပ်ကောင်းသော အနန္တရ သမနန္တရဥပနိဿယ နတ္ထိ ဝိဂတ ဤငါးပစ္စယ။လ။ အနန္တရ သတ္တိဝိသေသရှ၏။ ။ အာဝဇ္ဇနာ ကုသလာနံ ခန္ဓာနံ အစရှိသော ပါဠိ၌ အာဝဇ္ဇနာ ဟူသောပါဠိ၏အရကို ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းယူ၍။ကုသလာနံ။ လ။ကိုမဟာကုသိုလ် ပဌမဇော ယူ၍။လ။၏။

အဖွာ အဗျာကတော အကုသလဿ၌ အနက်အဓိပ္ပါယ် အရကောက် အနုဝါဒအတူတူ။ အကုသိုလ်ဒွါဒသ ပဌမဇော နာမက္ခန္ဓာယူသည်သာ ထူးသည်။ သမနန္တရတူပြီ။ သမနန္တရပြီးပြီ။

---

## သဟဇာတပစ္စည်း

### ကုသလော ကုသလဿ

သမနန္တရ ပစ္စည်း၏ဝိဘင်္ဂပါဠိကိုဟောတော်မူသည့်၏အခြားမဲ့၌ သဟဇာတပစ္စည်း၏ ဝိဘင်္ဂပါဠိကို ဟောတော်မူမည်။ ဝင်ပြီ၊ ကုသလော ကုသလဿ၌ အနက်လွယ်ပြီ။

အမိပ္ပါယ်ကား ကုသိုလ်မှုသည်။လ။၏။ကား ကုသိုလ် ကေ ဝိသ။စေ။ အင်္ဂတိ°သ နာမက္ခန္ဓာလေးပါးတို့တွင် တပါးတပါး သော နာမက္ခန္ဓာသည် သုံးပါး သုံးပါးသော နာမက္ခန္ဓာအား သုံးပါးသုံးပါးသောနာမက္ခန္ဓာသည်တပါးတပါးသောနာမက္ခန္ဓာ အား။ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာသည် နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာအား။လ။သဟဇာတ။၏။

ကုသလော ကတ္တားကား အချင်းချင်းအားတပ်သော ကုသိုလ် ကေဝိသ။စေ။ အင်္ဂတိ°သ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်း။၏။ သမ္ဗန်ကား ကုသိုလ်ကေဝိသ၊စေ။ အင်္ဂတိ°သ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်၊၏။ ကရိုဏ်းကား သဟဇာတ နိဿယ အညမည သမ္ပယုတ္တ အတ္ထိ အဝိဂတ။ ဤခြောက်။လ။တွင်။သ။ ရ၏။ ။ထိုသုံးပါးတို့တွင် အရကား ပဌာနအားဖြင့် ကတ္တားသာ တည်း။ ခန္ဓဝါရကား တဆဲ့လေးဝါရ ဖြစ်သတည်း။ ပဋိစ္စဝါရက လှည့်သည်အတိုင်း လှည့်လေ။ ပဋိစ္စဝါရမှာ ကံကတ္တား ဤ၌ ကတ္တားသမ္ဗန်။ ဤမျှသာထူးသည်။

---

### ကုသလော အဗျာကတဿ

ကုသလော အဗျာကတဿ၌ ကုသလာ၊ ကုန်သော။ ခန္ဓာ၊ အစိတ်အပေါင်း နာမက္ခန္ဓာတို့သည်။ စိတ္တသမုဋ္ဌာနာနံ၊ စိတ်လျှင် ဖြစ်ကြောင်းရှိကုန်သော။ ရူပါနံ၊တို့အား။

အမိပ္ပါယ်ကား ကုသိုလ်မှုသည် အဗျာကတမှုအားလေး၏။ ကား ကုသိုလ်ကေဝိသ၊စေ။အင်္ဂတိ°သ နာမက္ခန္ဓာလေးပါးတို့တွင် တပါးတပါးသော နာမက္ခန္ဓာသည် စိတ္တဇရုပ်တို့အား။သုံးပါး သုံး

ပါးသော နာမက္ခန္ဓာသည် စိတ္တဇရုပ်တို့အား။ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာသည် စိတ္တဇရုပ်တို့အား လေးပါး လေးပါးသော နာမက္ခန္ဓာသည် စိတ္တဇရုပ်တို့အား သဟဇာတ။၏။

ကုသလော ကဏ္ဍားကား စိတ္တဇရုပ်အား တပ်သော ပစ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်ဒ်ကဝိသ။ေ။ အင္ဂတိံသအစိတ် အပေါင်း နာမက္ခန္ဓာပစ္စည်းတရားရ၏။ ။သမ္ပဒါန်ကား စိတ္တဇရုပ် ပစ္စယုပ္ပန် တရားရ၏။ ကရိုဏ်းကား တပြိုင်နက် တပ်ကောင်းသော သဟဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ။ဤငါးပစ္စယ သတ္တိ တို့တွင် သဟဇာတ သတ္တိ။၏၊ ။ခန္ဓပါရကား နှစ်ရာ့ နှစ်ဆဲ့ငါး ဝါရ။ ပဋိစ္စဝါရအတိုင်းလှည့်လေ။

---

### ကုသလော ကုသလာဗျာကတဿ

ကုသလော ကုသလာ ဗျာကတဿ၌ အမိပ္ပါယ် လွယ်ပြီ။ ကဏ္ဍားကား အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အား တပ်သော ပစ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် ကေဝိသ။ေ။ အင္ဂတိံသ အစိတ်အစိတ် အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ကုသိုလ် ကေဝိသ။ေ။ အင္ဂတိံသ အစိတ် အစိတ် နာမက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန် တရားရ၏။ ။ကရိုဏ်းကား သဟဇာတ နိဿယ အတ္ထိ အဝိဂတ။ဤလေးပစ္စယ သတ္တိတို့တွင် ။လ။သ။၏။ ။(အကုသလပဒသို့ချက်လည်းနည်းတူပြီ။ ။ကုသလ ပဒကိုမှီ၍ကောက်)။

---

### အဗျာကတော အဗျာကတဿ

အဗျာကတော အဗျာကတဿ၌ အနက်အမိပ္ပါယ် လွယ်ပြီ။ ပဝတ္တိအခါ ကဏ္ဍားကား အချင်းချင်းအားလည်းကောင်း အချင်း ချင်း နာမက္ခန္ဓာစိတ္တဇရုပ်တို့အားလည်းကောင်းတပ်သော ဝိပါက် ဆတ္တိံသ ကြိယာဝီသ။ ေ။ အင္ဂတိံသ အစိတ်အစိတ် အစိတ် အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား ဝိပါက်

ဆတ္တိံသ ကြိယာဝီသး စေ။ အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ကရိုဏ်းကား တပြိုင်နက် ယထာရဟ တစ်ကောင်းသော သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ။ ဤရှစ်ပစ္စယ သတ္တိတို့တွင် သဟဇာတ သတ္တိရ၏။ ။ခန္ဓဝါရနှစ်ရာ့တဆယ်။

ပဋိသန္ဓေအခါကတ္တားကားအချင်းချင်းအားလည်းကောင်း အချင်းချင်း နာမက္ခန္ဓာကဋတ္တာရုပ်တို့အားလည်းကောင်း တပ်ခဲ့သော ပဋိသန္ဓေစိတ် ဧကူနဝီသ စေတသိက်ပဉ္စတိံသ အစိတ်အစိတ် အစိတ်အပေါင်းနာမက္ခန္ဓာဟဒယဝတ္ထုပစ္စည်း။၏။ သမ္ပဒါန်ကား ပဋိသန္ဓေစိတ် ဧကူနဝီသ စေတသိက်ပဉ္စတိံသ အစိတ်အစိတ် အစိတ်အပေါင်း နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန် တရားရ၏။ ကရိုဏ်းကား တပြိုင်နက် ယထာရဟ တစ်ကောင်းသော သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတ ဤရှစ်ပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိ ဝိသေသရ၏။ ။ ခန္ဓဝါရကား နှစ်ရာ့လေးဆယ်ဖြစ်သတည်း။

ရုပ်သက်သက်၌ ကတ္တားကား အချင်းချင်းအားလည်းကောင်း ဥပါဒါရုပ်အားလည်းကောင်း တပ်သော စိတ္တဇမဟာဘုတ် ပဋိသန္ဓေကမ္မဇမဟာဘုတ် ဗာဟိရမဟာဘုတ် အာဟာရဇမဟာဘုတ် ဥတုဇမဟာဘုတ် အသညသတ် ကမ္မဇမဟာဘုတ် ပဝတ္တိကမ္မဇမဟာဘုတ် ပစ္စည်းတရားရ၏။ ။သမ္ပဒါန်ကား ဘုတ်နှင့်တကွသော စိတ္တဇဥပါဒါ ပဋိသန္ဓေ ကမ္မဇဥပါဒါ ဗာဟိရဥပါဒါ အာဟာရဇဥပါဒါ ဥတုဇဥပါဒါ အသညသတ် ကမ္မဇဥပါဒါ ပဝတ္တိကမ္မဇ ဥပါဒါရုပ် ပစ္စယုပ္ပန် တရားရ၏။ ကရိုဏ်းကား တပြိုင်နက်ယထာရဟတစ်ကောင်းသော သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတ။ ဤငါးပစ္စယသတ္တိတို့တွင်လ။သ။ ၏။ ခန္ဓဝါရကား တရာ့ငါးဝါရဖြစ်သတည်း။ ။ပဋိစ္စဝါရကအတိုင်း လှည့်လေ။

### ကုသလာဗျာကတော အဗျာကတဿ

...ကုသလာဗျာကတော အဗျာကတဿ ကုသလော၊ သော။ ဓမ္မောစ၊ လည်းကောင်း။ အဗျာကတော၊ သော၊ ဓမ္မောစ၊လည်းကောင်း။ စေတေဓမ္မာ၊ တို့သည်။ လ။ ကုသလာ၊ ကုန်သော။ ခန္ဓာစ၊ အစိတ်အပေါင်း နာမက္ခန္ဓာတို့သည်လည်းကောင်း။မဟာဘူတာစ၊ အစိတ်အပေါင်း မဟာဘုတ်တို့သည် လည်းကောင်း။ (အဓိပ္ပါယ်လွယ်ပြီ)။

ကဏ္ဍားကား စိတ္တဇရုပ် အားတပ်သော ပစ္စေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်ဇောဝီသ။စေ။အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ အစိတ်အပေါင်း မဟာဘုတ် ပစ္စည်းတရားရ၏။ သမ္ပယုတ်ကား စိတ္တဇရုပ် ပစ္စယုပ္ပန်။၏။ ကရိုဏ်းကား တပြိုင်နက်တစ်ကောင်းသော သဟဇာတ နိဿယ အတ္ထိ အဝိဂတ။ ဤလေးပစ္စယသတ္တိတို့တွင် သဟဇာတ သတ္တိဝိသေသရ၏။ ။ခန္ဓဝါရကား နှစ်ရှာနှစ်ဆဲ့ငါးဝါရတည်း။ ။အကုသလာ ဗျာကတော အဗျာကတဿလည်း နည်းတူ။ ။သဟဇာတပြီးပြီ။

---

### အညမညပစ္စည်း
#### အဗျာကတော အဗျာကတဿ

အညမည၌ ကုသလပဒ အကုသလပဒ၌ အနက်အဓိပ္ပါယ် အကောက် ခန္ဓဝါရအားလုံးပင် သဟဇာတနှင့်တူပြီ။

အဗျာကတ၌ ပဝတ္တိအခါ ကဏ္ဍားကား အချင်းချင်းအားတပ်သောဝိပါက်ဆတ္တိံသကြိယာဝီသ။ စေ။ အဋ္ဌတိံသ အစိတ်အစိတ် အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားရ၏။ သမ္ပယုတ်ကား ဝိပါက် ဆတ္တိံသ ကြိယာဝီသ။စေ။ အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာပစ္စယုပ္ပန်တရားရ၏။ကရိုဏ်းကားအချင်းချင်းအားတပ်သော ဝိပါက်ဆတ္တိံသကြိယာဝီသ။.စေ။ အဋ္ဌတိံသအစိတ်အစိတ် နာမက္ခန္ဓာဖြစ်အံ့ တပြိုင်နက် ယထာရဟတစ်ကောင်းသော သဟ

ဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတ။ ဤခုနစ်ပစ္စယသတ္တိတို့တွင် အညမညသတ္တိ။ပါ၊ရ၏။ ။ခန္ဓဝါရကား တဆဲ့လေးဝါရဖြစ်သတည်း။

ပဋိသန္ဓေအခါ ကတ္တားကား အချင်းချင်း နာမက္ခန္ဓာ ဟဒယဝတ္ထု အားတပ်သော ပဋိသန္ဓေ ကေ္ခနုဝိသ။စေ။ ပဉ္စတိံသ အစိတ် အစိတ် အစိတ်အပေါင်း နာမက္ခန္ဓာ ဟဒယဝတ္ထု ပစ္စည်းတရားရ၏။ ။သမ္ပဒါန်ကား ပဋိသန္ဓေစိတ် ကေ္ခနုဝိသ။စေ။ ပဉ္စတိံသ အစိတ်အစိတ် အစိတ်အပေါင်း နာမက္ခန္ဓာ ဟဒယဝတ္ထု ပစ္စယုပ္ပန်တရားရ၏။ ။ကရိုဏ်းကား တပြိုင်နက် ယထာရဟတပ်ကောင်းသော သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤရှစ်ပစ္စယသတ္တိတို့တွင် အညမညသတ္တိ ဝိသေသရ၏။

အမှာ ။ ဤ၌ဝိပါက သမ္ပယုတ္တ ဝိပ္ပယုတ္တ ဤသုံးပစ္စည်းကို အကုန်မရ။ အစိတ်မျှသာဝင်သောကြောင့် ယထာရဟတပ်ကောင်းသောဟူ၍ ဝိသေသန လောင်းရသည်။ ။ဤနည်းကိုမှီ၍ ယထာရဟာ ဝိသေသနရသင့် မရသင့်ကို နှလုံးသွင်း၍ ဆိုလေ။

ရုပ်သက်သက်၌ ကတ္တားကား အချင်းချင်း အားတပ်သော စိတ္တဇမဟာဘုတ် ပဋိသန္ဓေကမ္မဇမဟာဘုတ် ဗာဟိရမဟာဘုတ် အာဟာရဇမဟာဘုတ် ဥတုဇမဟာဘုတ် အသညသတ်ကမ္မဇ မဟာဘုတ်ပဝတ္တိကမ္မဇမဟာဘုတ် ပစ္စည်းတရားရ၏။ ။သမ္ပဒါန်ကား ခုနစ်ခုသော မဟာဘုတ်လည်းကောင်း ပစ္စယုပ္ပန်တရားရ၏။ ကရိုဏ်းကား တပြိုင်နက်တပ်ကောင်းသော သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတ။ ဤငါးပစ္စယ သတ္တိတို့တွင် အညမညသတ္တိဝိသေသရ၏။ ။ခန္ဓဝါရကားကိုးဆဲ့ရှစ်ဝါရဖြစ်သတည်း။ ပဋိစ္စဝါရအတိုင်းလှည့်လေ။ ။အညမညပြီး၏။

---

## နိဿယဖွင့်ညွှန်း

### အဇ္ဈတ္တ‌ ဝါရ အဇ္ဈတ္တ‌ ဝါရ

နိဿယ၌ ကုသလပဒသုံးချက်။ အကုသလပဒသုံးချက်။သဟဇာတအတိုင်းဟော်လော။ ။(အဇ္ဈတ္တဝါရ၌ အနက်လွယ်ပြီ)။ နိဿယသည် သဟဇာတနိဿယ ပုရေဇာတနိဿယအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် သဟဇာတနိဿယသည် သဟဇာတနှင့်တူပြီ။

ပုရေဇာတနိဿယဖြစ်အံ့ ကတ္တားကား စက္ခုဝိညာဉ်ဓွေးအား တပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု။လ။ ကာယဝိညာဉ်ဓွေးအားတပ်သော မဇ္ဈိမာယုက ဖြစ်၍ အတီတဘဝင်နှင့်ဥပါဒ်ပြိုင်သော ကာယဝတ္ထု။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ဓွေပဉ္စဝိညာဉ်တဆယ်ကြဉ်သော ပဋိသန္ဓေအစရှိသော နောက်နောက်သော ဝိပါက်ဗာဝီသ ကြိယာဝီသအားတပ်သော ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု။ နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်အားတပ်သော ရှေးစိတ္တက္ခဏတချက်ခန့် ကာလ၌ဖြစ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ ပဉ္စဝေါကာရဘဝင်တဆဲ့ငါးခု အာဝဇ္ဇန်းဓွေး သမ္ပဋိစ္ဆိုင်းဓွေး သန္တီရဏသုံးခု ဝုဋ္ဌောမရဏာသန္နဇောငါးချက် တဒါရုံစုတိအားတပ်သော စုတိစိတ်မှပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်း၊ ၏။ ။သမ္ပဒါန်ကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခုကြဉ်သော ပဋိသန္ဓေအစရှိသော နောက်နောက်သော ဝိပါက်ဗာတ္တိံသ ကြိယာဝီသ ပစ္စယုပ္ပန်။၏။ ။ကရိုက်ကား တပြိုင်နက် ယထာရဟတပ်ကောင်းသော နိဿယ အာရမ္မဏ ပုရေဇာတ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤခုနစ်ပစ္စယ နည်းတို့တွင် နိဿယသတ္တိဝိသေသရ၏။

ခန္ဓဝါရကား ကိုးဆယ်ဖြစ်သတည်း။ ကိုးဆယ်ဟူသော်ကား စက္ခာယတန တဆဲ့ငါးဝါရ။လ။ ဟဒယဝတ္ထု၌ တဆဲ့ငါးဝါရ။ ဤသို့အားဖြင့် ကိုးဆယ်ဖြစ်သတည်း။

---

### အဗျာကတော ကုသလဿ

အဗျာကတော ကုသလဿ၌ အနက်အဓိပ္ပါယ်လွယ်ပြီ။ ။ ကတ္တားကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သောကုသိုလ်ကောဝိသအားတပ်သော ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သောဟဒယဝတ္ထု။ မရဏာသန္န ကုသိုလ်ဇော ငါးချက် အားတပ်သော စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားရ၏။ ။သမ္ပဒါန်ကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သော ကုသိုလ်ကောဝိသ ပစ္စယုပ္ပန်။၏။ ။ကရိုဏ်းကား တပြိုင်နက် ယထာရဟတပ်ကောင်းသော နိဿယ အာရမ္မဏ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ခြောက်ပစ္စယသတ္တိတို့တွင် နိဿယသတ္တိဝိသေသရ၏။ ခန္ဓဝါရကား တဆဲ့ငါးဝါရဖြစ်သတည်း။

---

### အဗျာကတော အကုသလဿ

အဗျာကတော အကုသလဿ၌ ကတ္တားကား ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ နောက်နောက်သော အကုသိုလ်ဒွါဒသအား တပ်သော ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်သောဟဒယဝတ္ထု။မရဏာသန္နအခါအကုသိုလ်ဇောငါးချက် အားတပ်သော စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်း။၏။ ။သမ္ပဒါန်ကား နောက်နောက်သော အကုသိုလ်ဒွါဒသ ပစ္စယုပ္ပန်။၏။ ကရိုဏ်းကား တပြိုင်နက် ယထာရဟ။ လ။

နိဿယ အာရမ္မဏ အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ။ ဤရှစ်ပစ္စယသတ္တိတို့တွင် နိဿယသတ္တိဝိသေသရ၏။

---

## ကုသလာဗျာကတော ကုသလဿ

ကုသလာဗျာကတော ကုသလဿ အနက်အဓိပ္ပါယ်လွှယ်ပြီ။ ကတ္တားကား အချင်းချင်းအား တဝ်သော ပဉ္စဝေါကာရဘုံ၌ ကုသိုလ်စေတသိက။ စေ။ အင္ဂတိံသ အစိတ်အစိတ် နာမက္ခန္ဓာ။ ဝုတ္တော မနောဒ္ဓါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်း။၏။ ။သမ္ပဒါန်ကား ကုသိုလ်စေတသိက။စေ။ အင္ဂတိံသ အစိတ်အစိတ် နာမက္ခန္ဓာပစ္စယုပ္ပန်။၏။ ဂုဏ်ကား တပြိုင်နက်ယထာရဟတပ်ကောင်းသော နိဿယ အတ္ထိ အဝိဂတ ဤသုံးပစ္စယသတ္တိတို့တွင် နိဿယ။လ။ ၏။ ။အကုသလာဗျာကတော အကုသလဿ၌လည်း နည်းတူ ဟောလေ။ ။နိဿယပြီး၏။

---

## ဥပနိဿယပစ္စည်း

### ကုသလော ကုသလဿ

ဥပနိဿယ၌အာရမ္မဏူပနိဿယောစ၊လည်းကောင်း။ အနန္တရူပနိဿယောစ၊ လည်းကောင်း။ ပကတူပနိဿယောစ၊ လည်းကောင်း။ဣတိ၊ ဤသို့။ ဥပနိဿယော၊ဥပနိဿယသည်။တိဝိဓော၊ ၏။ ။တေသု၊ထိုသုံးပါးတို့တွင်။အာရမ္မဏူပနိဿယော၊ ကို။ဝေံ၊ ဤသို့။ ဒဋ္ဌဗ္ဗော၊ ၏။ ဒါနံဒေယျမ္မံ၊ ကို။ အာရမ္မဏာ မိပတိ အတိုင်းအနက်ပေးလေ။ ။အနန္တရူပနိဿယော၊ကို။ ဝေံ၊ ဤသို့။ ဒဋ္ဌဗ္ဗော၊၏။ ။အနန္တရအတိုင်းပေးလေ။

၄၂၃။ ပကတူပနိဿယော၊ကို။ဝေံ၊သို့။ ဒဋ္ဌဗ္ဗော၊မှတ်အပ်၏။ သန္ဓိ၊ သဒ္ဓါခြင်းကို။ တနည်းကား။ ကံ ကံ၏အကျိုး ဤပစ္စုပ္ပန်

လောက တမလွန်လောကစသည်တို့၌ ယုံကြည်ခြင်းကို။ဥပနိဿာ
ယ-ဥပနိဿယ၏ကတွာ၊ အမှီပြု၍။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေး၏။
သီလံ၊သီလကို။ သမာဒိယတိ၊ ဆောက်တည်၏။ ဥပေါသထကမ္မံ၊
ဥပုသ်နေ့၌ ဆောက်တည်အပ်သော အင်္ဂါရှိဥပုသ်ကို။ ကရောတိ၊
ဆောက်တည်၏။ ဈာနံ၊ ဈာန်ကို။ ဥပ္ပါဒေတိ၊ ၏။ ဝိပဿနံ၊ကို။
ဥပ္ပါဒေတိ၊ ဖြစ်စေ၏၊ မဂ္ဂံ၊ မဂ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။အဘိညံ၊
အဘိညာဉ်ကို၊ ဥပ္ပါဒေတိ ဖြစ်စေ၏။ သမာပတ္တိံ၊ကို။ ဥပ္ပါဒေတိ၊
၏။ - ။သီလံ၊ သီလကို။ ဥပနိဿာယ၊ ၍။ လ။ သမာပတ္တိံ၊ ကို။
ဥပ္ပါဒေတိ၊ ၏။ ။သုတံ၊ အကြားအမြင်ကို။ ဥပနိဿာယ၊ ၍။လ။
သမာပတ္တိံ၊ကို။ ဥပ္ပါဒေတိ၊၏။ ။စာဂံ၊ စွန့်ကြဲခြင်းကို။ ဥပနိဿာ
ယ၊ ၍။ လ၊သမာပတ္တိံ၊ကို။ ဥပ္ပါဒေတိ၊၏။ ။သဒ္ဓါယ၊သဒ္ဓါအား။
သုတဿ၊ ဗဟုဿုတ ပညာအား။ စာဂဿ၊ စွန့်ကြဲခြင်းအား။
ပညာယ၊ ပညာအား။ ဥပနိဿယပစ္စယေန၊ ဥပနိဿယပစ္စည်း
ဖြင့်။-ပစ္စယော၊သည်။ ဟောတိ၊ ဖြစ်၏။ သီလံ၊ သည်။လ။ သုတံ၊
သည်။လ၊ စာဂေါ၊ သည်။လ။ ပညာ၊သည်။လ။ ပညာယ၊ အား။
ဥပနိဿယပစ္စယေန၊ ဥပနိဿယပစ္စည်းဖြင့်။လ။၏၊ပဌမဈာနဿ၊
၏။ ပရိကမ္မံ၊ ပုဗ္ဗဘာဂပရိကံသည်။ ပဌမဿ၊ သော။ ဈာနဿ၊
အား။လ၊ ပဌမံ သော။ဈာနံ၊သည်။ ဒုတိယဿ၊ ဒုတိယဖြစ်သော။
ဈာနဿ၊ အား။လ။ဒိဗ္ဗဿ၊နတ်၌ဖြစ်သော။ စက္ခုဿ၊ပညာစက္ခု
၏။ ပရိကမ္မံ၊ ပုဗ္ဗဘာဂပရိကံသည်။ ဒိဗ္ဗဿ၊ သော။ စက္ခုဿ၊
အား။ (အကြွင်းလွယ်ပြီ)။ သေက္ခာ၊သေက္ခဟုဆိုအပ်ကုန်သော
သောတာပန် သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တို့သည်။ မဂ္ဂံ၊ မိမိ
ရသော မဂ်ကို။ ဥပနိဿာယ၊ ၍။ အနုပ္ပန္နံ၊ မဖြစ်သေးသော။
တနည်းကား။ ခဏတ္တယသို့မရောက်သေးသော။ သမာပတ္တိံ၊ ကို။
ဥပ္ပါဒေန္တိ၊ကုန်၏။ တနည်းကား။ ခဏတ္တယသို့ ရောက်စေကုန်၏။
ဥပ္ပန္နံ၊ ဖြစ်ပြီးသော သမာပတ်ကို။ သမာပဇ္ဇန္တိ၊ ဝင်စားကုန်၏။
သင်္ခါရေ၊ သင်္ခါရတရားတို့ကို။လ။ဝိပဿန္တိ၊ကုန်၏။ မဂ္ဂေါ၊အောက်
မဂ်သုံးခုသည်။ သေက္ခာနံ၊ တို့အား။ အတ္ထပဋိသမ္ဘိဒါယ၊ ပါဠိ

တော်၏အနက်ကိုသိသော အတ္ထပဋိသမ္ဘိဒါဉာဏ်အား။ ဓမ္မ ပဋိသမ္ဘိဒါယ၊ မာဂဓဘာသာပါဠိဟူသောသဒ္ဒါကိုသိသော ဓမ္မ ပဋိသမ္ဘိဒါဉာဏ်အား။ နိရုတ္တိပဋိသမ္ဘိဒါယ၊ အရပ်သူတို့၏ ဘာသာဟူသော သဒ္ဒါကိုသိသော နိရုတ္တိပဋိသမ္ဘိဒါဉာဏ်အား။ ပဋိဘာန ပဋိသမ္ဘိဒါယ၊ အနက်သဒ္ဒါဘာသာသုံးပါးကို သိသော ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်အား။ဌာနာဌာနကောသလ္လဿ၊အရာဟုတ်သည် မဟုတ်သည်၌ လိမ္မာသော ဌာနာဌာန ကောသလ္လဉာဏ်အား။ လ။ အမိပ္ပါယ်ကား။ (ပါဠိလျောက်ဆို)။

ပကတူပနိဿယဖြစ်အံ့ ကတ္တားကား ဗလဝဖြစ်သော အရ ဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီထိ၊ စေ၊ အဋ္ဌတိံသပဉ္စသည်း၊ ၏။ သမ္မ ဒါနကားကုသိုလ်ကောဝီထိ၊စေ၊အဋ္ဌတိံသ၊ပဉ္စယုပ္ပန်၊၏။ ကရိုဏ်း ကား ပကတူပနိဿယသတ္တိရ၏။

အနုဝါဒ၌ သဒ္ဓံ၏အရကို ကံ ကံ၏အကျိုး ပစ္စုပ္ပန်ဘဝ တမလွန်ဘဝအစရှိသည်တို့၌ ယုံကြည်သော သဒ္ဓါပြဋ္ဌာန်းသော မဟာကုသိုလ် ရှစ်ခု စိတ္တုပ္ပါဒ်ယူ၍၊ ဒါနံ၏အရကို အန္နပါန ဿရဝတ္ထုအစရှိသော ဒါနဝတ္ထု၊ ဒါနစေတနာယူ၍။ ဥပနိဿာယ ဒါနံ ဒေတိအရကို ဒါန စေတနာပြဋ္ဌာန်းသော နောက်ဖြစ်သော မဟာကုသိုလ် စိတ္တုပ္ပါဒ်ယူ၍။သဒ္ဓါပြဋ္ဌာန်းသော ကာမကုသိုလ် သည် ဒါနစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်အား ပကတူပ။ လ။၏။

ပစ္စည်းတပ်ဟန်ကား ရေကိုအလိုရှိသော ယောကျာ်းသည် ဤမြေထဲ၌ ရေသည် စင်စစ်လျှင်ရှိ၏ဟု ယုံကြည်သည်ဖြစ်၍ မြေကို တူးသကဲ့သို့ ဇူဌာရုံကို ခံစားခြင်းကို အလိုရှိသောသူသည် ဇူဌာရုံ သည်ကား အလှူပေးခြင်း စေတနာ၏ အကျိုးလျှင် တည်းဟု အကျိုးရင်း အကျိုးဆက်ကို ယုံကြည်သည်ဖြစ်၍ အလှူပေးလိုလ သော် ဘဝင်စလန ဘဝင်ုပစ္ဆေဒ။ထို့နောင် အန္န ပါန ဿရဝတ္ထု အစရှိသော ဒါန ဝတ္ထုကို အာရုံပြု၍မနောဒွါရာဝဇ္ဇန်း၊ ထို့နောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စခုနစ်ကြိမ်၊ ထို့

နောင် ဝိဘူတာရုံဝိထိဖြစ်အံ့ တဒါရုံ နှစ်ကြိမ်။ ထို့နောင် ကာမဘဝင်။ အဝိဘူတာရုံဖြစ်အံ့ ပဋ္ဌဝေါကာရဘဝင်။ (ဃင်္ဂိကာရ ဖြဟ္မာ သဟမ္ပတိ ဖြဟ္မာတို့ကို ယောက်၍ ရူပါဝစရ ရသင့်၍ ပဋ္ဌဝေါကာရ ဘဝင်ချသည်)။ ထို့နောင် ပစ္စဝေက္ခဏာချမြဲ ထိုသို ဖြစ်သောအခါ ဆိုမြဲ။

သဒ္ဓိဥပနိဿာယ သီလံသမာဒိယတိ အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဠ်၌ သဒ္ဓံ၏အရကို ကံကံ၏အကျိုး ပစ္စုပ္ပန်ဘဝ တမလွန်ဘဝ အစရှိသည်တို့၌ ယုံကြည်သော သဒ္ဓါပြဋ္ဌာန်းသော ကာမကုသိုလ်ရှစ်ခု စိတ္တုပ္ပါဒ်ယူ၍။ ဥပနိဿာယ သီလံ သမာဒိယတိ၏အရကို ပဋ္ဌင်္ဂသီလ-ဒသင်္ဂသီလ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ် ယူ၍။ ဥပေါသထ ကမ္မံ ကရောတိ၏အရကို အဋ္ဌင်္ဂ ဥပေါသထ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍။ ဈာနံ ဥပ္ပါဒေတိ၏အရကို မဟဂ္ဂုတ် ကုသိုလ် ဈာန် ကိုးခုယူ၍။ ဝိပဿနံဥပ္ပါဒေတိ၏အရကို ဝိပဿနာပြုသော ကာမကုသိုလ်ယူ၍။ မဂ္ဂံဥပ္ပါဒေတိ၏အရကို မဂ်လေးခု စိတ္တုပ္ပါဒ် ယူ၍။ အဘိညံဥပ္ပါဒေတိ၏အရကို ကုသိုလ်အဘိညာဉ်ငါးပါးယူ၍။ သမာပတ္တိံ ဥပ္ပါဒေတိ၏အရကို ကုသိုလ်သမာပတ် ရှစ်ပါးယူ၍။ သဒ္ဓါပြဋ္ဌာန်းသော ကာမကုသိုလ်သည် သီလအဋ္ဌင်္ဂ ဥပေါသထ ဈာန်ဝိပဿနာမဂ် အဘိညာဉ်သမာပတ်အား ပကတူပနိဿယ ။လ။၏။ ဒါနံ ဒေတိကဲ့သို့ အသီးအသီးသော်လည်း ထိုဝိထိကိုလည်း ရှေးနည်းကိုမှီ၍ချလေ။

သီလံ ဥပနိဿာယ ဒါနံ ဒေတိ အစရှိသည်ဖြင့်။လ။ ပါဠ်၌ သီလံ၏အရကို ပဋ္ဌင်္ဂသီလ ဒသင်္ဂသီလ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍။ ဒါနံဒေတိ၏အရကို ဒါန စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍။ သီလံသမာဒိယတိ အစရှိသည်တို့၌ ယူမြဲ။ သုတံ၏အရကို သုတမယဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ်ယူ၍။ စာဂံ၏ အရကို အလောဘ ပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍။ ပညံ၏အရကို ပညာပြဋ္ဌာန်းသော မဟာ

ကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ယူ၍။ (ဒါန်ဒေတိအစရှိသည် တို့၏ အရကို ယူမြဲ။ ။သဒ္ဓါသီလံသုတံ အစရှိသည်တို့၌လည်း စက် လှည့်၍ ဆိုမြဲ)။

ပဌမဿ ဈာနဿ ပရိကမ္မံ။ လ။ ပါဠ်၌ ပဌမဿ ဈာနဿ ပရိ ကမ္မ၏အရကို ပဌမဈာန်ကို ရစိမ့်သောငှါ ပထဝီပထဝီ အစရှိ သည်ဖြင့် စီးဖြန်းသော ပရိကံဇောကိစ္စတပ်သော ကာမကုသိုလ် ယူ၍။

**အမှာ** ထို့ကြောင့် အဋ္ဌကထာ၌ ပရိကမ္မန္တိ အနန္တရံ အဂ္ဂ ဟေတွာ ပုဗ္ဗဘာဂေပရိကမ္မံ ဂဟေတဗ္ဗံဟု မိန့်အပ် ၏။ ပရိကံဥပစာ အနုလုံ ဂေါတြဘူတို့တွင် ပရိကံကို မယူလင့် ဆိုလိုသည်။

ပဌမဿ ဈာနဿ၏အရကို ပဌမဈာန်ယူ၍။ ပဌမဈာန်၏ ပရိကံဇောကိစ္စတပ်သော ကာမကုသိုလ်သည် ပဌမဈာန်အား။ လ။ ၏။ (အကြွင်းလွယ်ပြီ။ နည်းတူဆို)။ ။ပဌမမဂ္ဂေါ၏အရကို သောတာပတ္တိမဂ်ယူ၍ ဒုတိယဿ၏အရကို သကဒါဂါမိမဂ်ယူ၍။ (အကြွင်းနည်းတူ)။

သေက္ခာမဂ္ဂံ။ လ။ ပါဠ်၌မဂ္ဂံ၏အရကို အောက်မဂ် သုံးခုယူ၍။ သေက္ခာ၏အရကို အောက်ဖလဋ္ဌာန်သုံးယောက်ယူ၍။ ဥပနိဿာ ယ အနုပ္ပန္နံသမာပတ္တိံ ဥပ္ပါဒေန္တိ၏အရကို အနုပ္ပန္နသမာပတ် ရှစ်ပါး ယူ၍။ ဥပ္ပန္နံသမာပဇ္ဇန္တိ၏အရကို ဥပ္ပန္နသမာပတ်ရှစ်ပါးယူ၍၊ အောက် မဂ်သုံးခုသည် သမာပတ်အား (သေက္ခာမဂ္ဂံယူမြဲ)။ ။သင်္ခါရေ အနိစ္စ တော ဒုက္ခတော အနတ္တတော ဝိပဿတိ၏အရကို သင်္ခါရတရား တို့ကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာ ရှုသော ကာမကုသိုလ် ယူ၍။ ။မဂ္ဂေါသေက္ခာနံ အတ္ထပဋိသမ္ဘိဒါယ အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒပါဠ်၌ မဂ္ဂေါ၏အရကို အောက် မဂ်သုံးခုယူ၍၊ သေက္ခာနံ အတ္ထပဋိသမ္ဘိဒါယ၏အရကို အောက် ဖလဋ္ဌာန် ပုဂ္ဂိုလ် သုံးယောက်တို့အား ပါဠိတော်၏အနက်ကို သိသော အတ္ထပဋိသမ္ဘိဒါ ဉာဏ်ယူ၍။ ဓမ္မပဋိသမ္ဘိဒါ၏ အရကို

မာဂဓဘာသာ ပါဠိဟူသော သဒ္ဒါကိုသိသော ဓမ္မပဋိသမ္ဘိဒါ ဉာဏ်ယူ၍။ နိရုတ္တိပဋိသမ္ဘိဒါယ၏အရကို အရပ်သူတို့၏ ဘာသာဟူသော သဒ္ဒါကို သိသော နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ယူ၍။ပဋိဘာန ပဋိသမ္ဘိဒါယ၏အရကို အနက်သဒ္ဒါဘာသာသုံးပါးကို သိသော ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်ယူ၍။ ဌာနာဋ္ဌာန ကောသလ္လသ၏ အရကို အရာဟုတ်သည် မဟုတ်သည်၌ လိမ္မာသော ဌာနာဋ္ဌာန-ကောသလ္လဉာဏ်ယူ၍။ အောက်မဂ်သုံးခုသည် ပဋိသမ္ဘိဒါလေးပါး ဌာနာဋ္ဌာနကောသလ္လဉာဏ်အား။လ။ ၏။ ။ပဋိသမ္ဘိဒါဉာဏ်၏ အရကား မဂ်ဉာဏ် ကာမာဝစရကုသိုလ်ဉာဏ်တည်း။

---

## ကုသလော အကုသလဿ

ကုသလော အကုသလဿ၌။ မာနံ၊ မာန်ကို။ ဇပ္ပေတိ ပဝတ္တေတိ၊ ဖြစ်စေ၏။ ဒိဋ္ဌိံ၊မှားသောအယူကို။ ဂဏှာတိ၊ ယူ၏။ လ။သဒ္ဒါ၊သည်။ ရာဂဿ၊ အား။ လ။ ပစ္စနော ယ၊ ဘဝသမ္ပတ္တိ-ဘောဂသမ္ပတ္တိကို တောင့်တသော လောဘအား။လ။

အဓိပ္ပါယ်ကား ကုသိုလ်မှုသည် အကုသိုလ်မှုအား။လ။၏။ ကား သဒ္ဒါခြင်းကိုအမှီပြု၍ငါသာလျှင် သဒ္ဒါတရားနှင့်ပြည့်စုံသော သူတည်းဟု မိမိကိုယ်ကို ထောင်လွှားသောသူအား မာနဖြစ်၏။ ထိုသို့သော စကားတို့၌ ယုံကြည်သောအားဖြင့် အနက်အဓိပ္ပါယ်ကို မစုံစမ်း မဆင်ခြင်မူ၍ မှားသောအယူရှိသောသူအားဒိဋ္ဌိဖြစ်၏။ သီလ သုတ စာဂ ပညာတရားကို အမှီပြု၍ ငါသာလျှင် သီလ သုတ ပညာ စာဂနှင့် ပြည့်စုံသော သူသာတည်းဟု မိမိကိုယ်ကို ထောင်လွှားသောသူအား မာနဖြစ်၏။မှားသောအယူရှိသောသူ အား ဒိဋ္ဌိဖြစ်၏။ သဒ္ဒါ သီလ သုတ စာဂ ပညာ ဤတရား ငါးပါးတို့သည် ငါ၌ ပြည့်စုံပေသည်ဟူ၍ မိမိကိုယ်ကို ချီးမြှောက်သောအခါ၌ ရာဂအား။ သူတပါးကိုနှိပ်စက်သောအခါ၌ ဒေါသအား။ ရာဂ ဒေါသ နှင့် ယှဉ်သောအခါ၌ မောဟအား။ သဒ္ဒါ

အစရှိသည်ဟူ၍နှင့် ပြည့်စုံခြင်းကို အမှီပြု၍ ဘဝသမ္ပတ္တိ—ဘောဂ သမ္ပတ္တိကို တောင့်တသောအခါ၌ ပဋ္ဌနာအား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုပေ၏။

ကံတွားပုဒ်၏အရကား ဗလဝဖြစ်သော လောကီ ကုသိုလ် သတ္တရသ ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား အကုသိုလ်ဒွါဒသ။ စေ။ သတ္တဝီသ ပစ္စယုပ္ပန် တရားရ၏။ ကရိယာကား ပကတူပ နိဿယသတ္တိရ၏။

**အမှာ** သန္တ ပဏီတ ဥတ္တမ ဖြစ်သော လောကုတ္တရာ တရားသည် အကုသိုလ်ကိုဖျက်ဆီးသည် အကုသိုလ် ကို မဖြစ်စေ။ ။ထို့ကြောင့် အဋ္ဌကထာ၌ ဝေမတ္တ လောကိယ ကုသလဒွေဝ ဒဿိတံ၊ လောကုတ္တရံ ပန သန္တံပဏီတံဥတ္တမံ အကု သလ ဝိဒ္ဓံသနံ။ တသ္မာ စန္ဒေ့ာဝိယ အန္ဓကာရ တမာနံ နအကု သလဿ ဥပနိဿယော ဟောတီတိ နဂဟိတံဟု မိန့်အပ်၏။

သဒ္ဓံဥပနိဿာယမာနံ ဇပ္ပေတိ အစရှိသည်ဖြင့်။ လ။ ပါဠ်၌ သဒ္ဓံ၏အရကို သဒ္ဓါပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍။ မာနံဇပ္ပေ တိအရကိုငါသာလျှင် သဒ္ဓါတရားနှင့် ပြည့်စုံသောသူတည်းဟု မိမိ ကိုယ်ကို ထောင်လွှားသော အခါ ဒိဋ္ဌိဂတ ဝိပ္ပယုတ် လေးခု စိတ္တုပ္ပါဒ်ယူ၍။ ဒိဋ္ဌိံဂဏှာတိအရကို ထိုထိုသိုသော စကားတို့၌ ယုံကြည်တတ်သောအားဖြင့် အနက်အဓိပ္ပါယ်ကိုမစုံစမ်း မဆင်ခြင် မူ၍ မှားသောအယူရှိသော အခါဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်ယူ၍။ သဒ္ဓါပြဋ္ဌာန်းသော ကာမကုသိုလ်သည် လောဘမူအား။ လ။၏။ (သီလ သုတစာဂ ပညာ အရကိုယူမြဲ။ မာနံဇပ္ပေတိဒိဋ္ဌိံဂဏှာတိ ယူမြဲ) ။သဒ္ဓါသီလ သုတ စာဂ ပညာ ရာဂဿ။ လ။ပါဠ်၌ သဒ္ဓါ သီလ။လ။ပညာအရကို သဒ္ဓါ သီလ သုတ စာဂ ပညာ ပြဋ္ဌာန်း သော လောကီကုသိုလ်ယူ၍။ ရာဂဿ၏အရကို ဤတရားငါးပါး နှင့် ပြည့်စုံသည် ဟူ၍ မိမိကိုယ်ကို ချီးမြှောက်သောအခါ ရာဂ ပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ်ယူ၍။ ဒေါသဿ အရကို သူတပါးတို့ နှိပ်စက်သောအခါ ဒေါသမူစိတ္တုပ္ပါဒ်ယူ၍။မောဟဿ

ဓါ်အရကို အတ္တုက္ကံသန ပရဝမ္ဘန မိမိကိုယ်ကို ချီးမြှောက်ခြင်း သွ့ဘပါးကို နှိပ်စက်ခြင်း နှစ်ပါးဖြစ်သော်အခါ မောဟပြဋ္ဌာန်း သော အကုသိုလ်ဒွါဒသ စိတ္တုပ္ပါဒ်ယူ၍ လောကီကုသိုလ်သည် အကုသိုလ်အား။ပကတူပ။လ။ဓါ်။

---

## ကုသလော အဗျာကတဿ

ကုသလော အဗျာကတဿ္ဌ။ အတ္တ ာနံ၊မိမိကိုယ်ကို။အာတာပေတိ၊ ပူပန်စေ၏။ ပရိတာပေတိ၊ ယက်ဝန်းကျင်မှ ပူပန်စေ၏။ ပရိယေဋ္ဌိမူလကံ၊ ရှာမှီးခြင်းလျှင်အရင်းရှိသော။ ဒုက္ခံ၊ ဆင်းရဲကို။ ပစ္စနုဘောတိ၊ ခံစား၏။လ။ ကာယိကဿ၊ ကာယကိုမှီသော။ သုခဿ၊ သုခဝေဒနာအား။ ကာယိကဿ၊သော။ ဒုက္ခဿ၊ဒုက္ခဝေဒနာအား။ ဖလသမာပတ္တိယာ၊ အား။လ။ ကုသလံ၊ သော။ ကမ္မံ၊ ကံသည်။ ဝိပါကဿ၊ ကုသလဝိပါက် ခန္ဓာတို့သအား ။လ။ပစ္စယော။ဓါ်။

အမိပ္ပါယ်ကား ကုသိုလ် မှုသည် အဗျာ။လ။ဓါ်။ ကား သဒ္ဓါတရားနှင့် ပြည့်စုံသောသူသည် သဒ္ဓါခြင်းကိုအမှီပြု၍ အလွန်ချမ်းသည် အလွန်ပူသည်ဟု မဆုတ်မူ၍ အထူးထူးအပြားပြားသော အမှုသစ်အမှုကြီးငယ် အစရှိသည်တို့ကို ပြုသည်ရှိသော် မိမိကိုယ်ကို ပူပန်စေသည်ဖြစ်၏။ ဥစ္စာစည်းစိမ်တို့ကိုဖြစ်စေ၍ အလှူကောင်းမှုတို့ကိုပြုအံ့ဟု ဥစ္စာစည်းစိမ်တို့ကို ရှာမှီးခြင်းအရင်းရှိသော ဆင်းရဲကို ခံစား၏။ ။သီလနှင့် ပြည့်စုံသောသူ သည်လည်း သီလကို စောင့်ရှောက်အံ့သောငှါ လွင်တီးခေါင်၌နေခြင်း အစရှိသော အစွမ်းဖြင့် မိမိကိုယ်ကို ပူပန်စေ၏။ ပိဏ္ဍပါတ် ဆောက်တည်သောအစွမ်းဖြင့် ဆွမ်းကို ရှာမှီးခြင်း အရင်းရှိသော ဆင်းရဲကို ခံစား၏။ အကြားအမြင်နှင့် ပြည့်စုံသောသူသည်လည်း အကြားအမြင်များသည်နှင့် လျော်စွာ ကျင့်အံ့ဟူ၍ အလွန်ချမ်းသည် အလွန် ပူသည်ဟူ၍ မဆုတ်မူ၍ အထူးထူးအပြားပြားသော

(၃) အလေးအမြတ် မပြုတတ်သောကာမစိတ် စတုပညာသ ဝိညာဏဉ္စာယတန စိတ်သုံးခု နေဝသညာ နာသညာယတနစိတ် သုံးခု အဘိညာဉ်ဒွေးအားတစ်သော အလေးအမြတ် မပြုအပ်သော စိတ်တခု ယုတ်ကိုးဆယ်။ ခေ။ ဒွေပညာသ ရုပ်အင်္ဂဝိသ နိဗ္ဗာန်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်း။ (လောကုတ္တရာစိတ် အာရမ္မဏာ ဓိပတိ ကေန် ပစ္စယုပ္ပန်)။ အချင်းချင်းအား လည်းကောင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် အားလည်းကောင်း တစ်သော ဟိတ်ခြောက်ပါး။ အဓိပတိတရားကိုယ် လေးပါးမှ တပါး အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအား လည်းကောင်း။ ဥပါဒါ ရုပ်အားလည်းကောင်း တစ်သော မဟာဘုတ်လေးပါး။ အချင်းချင်းအား တစ်သော ပဋိသန္ဓေ ဟိတ်သုံးခုမှတပါး ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတပစ္စည်း။ ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်ဖြစ်သော နာမက္ခန္ဓာအားတစ်သော ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသောစိတ် စေတသိက် နာမက္ခန္ဓာဟု ဆိုအပ်သော အနန္တရူပ နိဿယပစ္စည်း။ စိတ်တခု ယုတ်ကိုးဆယ် စေတသိက် ဒွေပညာသအား တစ်သော ဗလဝဖြစ်သော စိတ်တခု ယုတ်ကိုးဆယ် စေတသိက် ဒွေပညာသ ရုပ်အင်္ဂဝိသဟု ဆိုအပ်သော ပကတူပနိဿယပစ္စည်း။ ။(ဤနှစ်ပါးကို တပေါင်းတည်း ဥပနိဿယပစ္စည်းယူ)။ ။ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက် လေးခုကြဉ်သော သတ္တဝိညာဏဓာတ်အားတစ်သော ဆဝတ္ထုဟု ဆိုအပ်သော ဝတ္ထုပုရေဇာတ ပစ္စည်း။ ။ပဋိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ရုပ်၏ဌီသို့ရောက်သော ဧကဇ ဒွိဇ တိဇ စတုဇကာယ အားတစ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခုကြဉ်သော ပဌမဘဝင်အစရှိသော နောက်ဖြစ်သော နာမက္ခန္ဓာလေးပါးဟုဆိုအပ်သော ပစ္ဆာဇာတ

ပစ္စည်း။ဝိပါက်ဆတ္တိံသ။စေတသိက်အဋ္ဌတိံသနာမက္ခန္ဓာကဋတ္တာ ရုပ်ဘို့အားတပ်သော နာနာက္ခဏိက စေတနာဟု ဆိုအပ်သော ကမ္မပစ္စည်း။ ကလာပ်တူ ကလာပ်ပြား ဖြစ်သော အဇ္ဈတ္တ စတု သမုဋ္ဌာနိကရုပ်အားတပ်သော အဇ္ဈတ္တဗဟိဒ္ဓ ဩဇာ ဟု ဆိုအပ် သော ရုပ်အာဟာရပစ္စည်း။ ။ကလာပ်တူ ကမ္မဇရုပ် ကိုးခုအား တပ်သော ရုပ်ဇီဝိတိန္ဒြေဟု ဆိုအပ်သော ရူပဇီဝိတိန္ဒြိယပစ္စည်း။ ။ ဤပစ္စည်းရှစ်ပါးတို့သည် ဟေတုအဓိပတိပစ္စည်း နှစ်ပါး မကပ် ကုန်။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ နဟေတုပစ္စယာ နာဓိပတိယာပန္နရသဟု သင်္ချာတပ်၍ဟောအပ်ကုန်၏။ ။(ပန္နရသ သရုပ်အရကောက်ကို ပစ္စယုဒ္ဒါရ ပစ္စနိက်ကို ဟောသောအခါမှ မြင်နိုင်မည်။ ပစ္စယုဒ္ဒါရပစ္စနိက်မှာမှ ဆိုလတ္တံ့)။

(၄) သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ်အားတပ်သော-ဝိမံ သာဓိပတိပစ္စည်း။ ဤတရားတို့သည် ဟေတုအဓိပတိပစ္စည်း တပ် သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ နယသို့လိုက်၍လည်းကောင်း။ဝါရသို့လိုက်၍လည်းကောင်း။တိက် ပုဒ်၏အရသို့ လိုက်၍လည်းကောင်း။ ကဏ္ဍား သမ္ဗန္ဓ နေဟန်သို့ လိုက်၍လည်းကောင်း ဟေတုပစ္စယာ အဓိပတိယာ. စတ္တာရိဟု သင်္ချာတပ်၍ဟောအပ်ကုန်၏။ ။စတ္တာရိဟူသော်ကား ကုသလော ကုသလဿ။ ကုသလော အဗျာကတဿ။ ကုသလော ကုသလာ ဗျာကတဿ။ အဗျာကတော အဗျာကတဿဟူသည်တည်း။

ကုသလော ကုသလဿ၌ ကဏ္ဍားကား သမ္ပယုတ္တခန္ဓာအား တပ်သော အဓိပတိပစ္စည်းကိုရသောအခါ မဟာကုသိုလ် ဉာဏ သမ္ပယုတ်လေးခု ဈာန်ရသောမဟဂ္ဂုတ်ကုသိုလ်ကိုးခု မဂ်လေးခု၌ ရှိသော ဝီမံသာဓိပတိပစ္စည်းတရားရ၏။ သမ္ဗန္ဓကား အဓိပတိ တရားကိုယ်ကြဉ်ခဲ့သော သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန် တရားရ၏။ ။ ထို့ကြောင့် ထိုတရားတို့၏ ဝိဓိဝိဘင်းကို ကုသလော ဓမ္မော ကုသလဿဓမ္မဿ ဟေတုပစ္စယေနပစ္စယော။ အဓိပတိ ပစ္စယေန ပစ္စယော။ ကုသလာ ဝီမံသာ သမ္ပယုတ္တကာနံခန္ဓာနံ ဟေတုပစ္စ

ယေန ပစ္စယော။ အဓိပတိပစ္စယေန ပစ္စယောဟု ဟောအပ်၏။ ။ (အဋ္ဌကထာ၌ ဤဝိဘင်းထုတ်နည်းကိုဆို၏)။

ကုသလော အဗျာကတဿ၌ ကတ္တားကား သာဓိပတိ စိတ္တဇ ရုပ်အားတပ်သော ပဋ္ဌဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသော အခါ မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခု ကြေန် ရသော မဟဂ္ဂုတ်ကုသိုလ်ကိုးခု မဂ်လေးခု၌ရှိသော ဝီမံသာဓိပတိ ပစ္စည်း တရားရ၏။ သမ္ပဒါန်ကား သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန် တရားရ၏။ ။ထို့ကြောင့် ထိုတရားတို့၏ ဝိဓိဝိဘင်းကို ကုသလော ဓမ္မော အဗျာကတဿဓမ္မဿ ဟေတုပစ္စယေနပစ္စယော။ အဓိပတိ ပစ္စယေနပစ္စယော။ ကုသလာဝီမံသာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတု ပစ္စယေနပစ္စယော။ အဓိပတိ ပစ္စယေန ပစ္စယောဟု ဟော အပ်၏။

ကုသလော ကုသလာဗျာကတဿ၌ ကတ္တားကား သမ္ပယုတ္တ ခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တပ်သော ပဋ္ဌဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ ကောက်မြဲ။ ။ကုသလာဝီမံသာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေ နပစ္စယော။ အဓိပတိပစ္စယေန ပစ္စယောဟု ဟောအပ်၏။

အဗျာကတော အဗျာကတဿ၌ ကတ္တားကား သမ္ပယုတ္တခန္ဓာ အားလည်းကောင်း သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား လည်းကောင်း တပ်သော အဓိပတိပစ္စည်းကိုရသောအခါ မဟာ ကြိယာ ဉာဏသမ္ပယုတ်လေးခု ကြေန်ရသော မဟဂ္ဂုတ် ကြိယာ ကိုးခု ဖိုလ်လေးခု၌ရှိသော ဝီမံသာဓိပတိပစ္စည်းတရားရ၏။ သမ္ပ ဒါန်ကား သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။ထို့ကြောင့် အဗျာ။လ။ ဝိပါကာ ဗျာကတာ ကြိယာ ဗျာကတာဝီမံသာဓိပတိ သမ္ပယုတ္တကာနံခန္ဓာနံ စိတ္တသမုဋ္ဌာနာ နဉ္စ ရူပါနံ ဟေတုပစ္စယေနပစ္စယော။အဓိပတိပစ္စယေနပစ္စယောဟု ဟောအပ်၏။

---

## ဟေတုမူလသဟဇာတသဘာဂ

(၁) ဟေတုမူ သဟဇာတ သဘာဂ၌ အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်ပဋိသန္ဓေ ကမ္မဇ ရုပ်အား လည်းကောင်း တပ်သော ဟိတ်ခြောက်ပါးမှ တပါး အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်း အားလည်းကောင်း ဥပါဒါရုပ်အား လည်းကောင်း တပ်သော မဟာဘုတ်လေးပါး။ အချင်းချင်းအားတပ်သော ပဋိသန္ဓေဟိတ်မှ တပါး ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ် သော သဟဇာတပစ္စည်း။ ဤတရားကိုသည် သဟဇာတပစ္စည်း သာ တပ်၍ ဟေတုပစ္စည်း မတပ်သောကြောင့် ဟေတုပစ္စည်း တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ နဟေတု ပစ္စယာ သဟဇာတေနဝ။ ၏။ (နဝ ဒရကို ကောက်။ ဝိဘင်းကို သဟဇာတ္တအတိုင်း ဟိတ်ခြောက်ပါးကိုကြည့်၍ ကောက် လေ)။

(၂) ဟေတုပစ္စည်းသာတပ်၍ သဟဇာတပစ္စည်းမတပ်သော တရားကား မရှိ။ ထို့ကြောင့် အနုလောမပစ္စနီက်၌ ဟေတုပစ္စယာ နသဟဇာတေ အစရှိသည်ဖြင့် မဟောရသတည်း။

(၃) ကာမစိတ် စတုပညာသ အဘိညာဉ်ဒွေး ဝိညာဏဥ္စာ ယတနစိတ်သုံးခု နေဝသညာနာသညာယတန စိတ်သုံးခု လော ကုတ္တရာစိတ်ရှစ်ခု အားတပ်သော စိတ်တခုယုတ် ကိုးဆယ် ဓေတသိက် ဒွေပညာသ ရုပ်အဋ္ဌဝီသနိဗ္ဗာန်ဟုဆိုအပ်သော အာရမ္မဏ ပစ္စည်း။ ။အနန္တရူပ ပကတူပနိဿယပစ္စည်း။ ဝတ္ထုပုရေဇာတ ပစ္စည်း။ ။ပစ္ဆာဇာတပစ္စည်း။ ။နာနာက္ခဏိက ကမ္မပစ္စည်း။ ရုပ်အာဟာရပစ္စည်း။ ။ရူပဇီဝိတိန္ဒြိယ ပစ္စည်း။ ။ဤပစ္စည်း တရား ခုနစ်ပါးတို့သည် ဟေတုသဟဇာတပစ္စည်းတရား နှစ်ပါး မတပ်ကုန်။ ထို့ကြောင့်ပစ္စနီက်၌ နဟေတုပစ္စယာနသဟဇာတေ ကောဒသ။၏။ ။(ကောဒသအရကောက်ကို ပစ္စယုဒ္ဒါရ်ပစ္စနီက်ကို ဟောမှ သိနိုင်မည်)။

(၄) သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဟိတ်ခြောက်ပါး။ ဤတရားတို့သည် ဟေတုသဟဇာတပစ္စည်းနှစ်ပါးတပ်သောတရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ ဟေတုပစ္စယာ သဟဇာတေသတ္တ။၏။သတ္တ ဟူသော်ကား (ဟေတုအကိုင်းပင် ကောက်၍ဟောလေ)။

---

## ဟေတုမူအညမညသဘာဂ

(၁) ဟေတုမူအညမည သဘာဂ၌ အချင်းချင်းအား တပ်သော ဟိတ်ခြောက်ပါးမှတပါး အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ အချင်းချင်းအား တပ်သော မဟာဘုတ်လေးပါး။ အချင်းချင်းအားတပ်သော ပဋိသန္ဓေ ဟိတ်မှတပါး ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ ဤတရားတို့သည် အညမည ပစ္စည်းသာတပ်၍ ဟေတုပစ္စည်း မတပ်သောကြောင့် ဟေတုပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာ နူလောမ၌ နဟေတု ပစ္စယာ အညမညေတိက။၏။ ။(အညမညအကောက်အတိုင်းတွင် ဟိတ်ခြောက်ပါးကို နုတ်)။

(၂) သဟိတ် စိတ္တဇရုပ် ဟဒယဝတ္ထုမှတပါး သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဟိတ်ခြောက်ပါး။ ဤတရားတို့သည် ဟေတုပစ္စည်းသာတပ်၍ အညမညပစ္စည်း မတပ်သောကြောင့် အညမညပစ္စည်းတွန်း၍စင်ကုန်၏။ထို့ကြောင့်အနုလောမပစ္စနိက်၌ ဟေတုပစ္စယာ နအညမညေတိက ဟု သင်္ချာတပ်၍ဟောအပ်ကုန်၏။ ။တိက ဟူသော်ကား ကုသလော အဗျာကတဿ။ အကုသလောအဗျာကတဿ။ အဗျာကတော အဗျာကတဿ ဟူသည်တည်း။ (အကြွင်းဆိုမြဲ)။

(၃) အလုံးစုံသော အာရမ္မဏပစ္စည်း စိတ္တဇရုပ် ဟဒယဝတ္ထုမှတပါး ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဟိတ်ခြောက်

ပါးမှတပါး အလုံးစုံသော ပဋ္ဌဝေါကာရပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဥပါဒါရုပ်အားတပ်သော မဟာဘုတ်လေးပါး ဟု ဆိုအပ်သော သဟဇာတ ပစ္စည်း။ ။အနန္တရရူပ ပကတူပနိဿယပစ္စည်း။ ဝတ္ထုပုရေဇာတပစ္စည်း။ ပစ္ဆာဇာတပစ္စည်း။ ။နာနာက္ခဏိက ကမ္မပစ္စည်း။ ။ရုပ်အာဟာရ ပစ္စည်း။ ။ရူပဇီဝိတိန္ဒြိယပစ္စည်း။ ။ဤပစ္စည်းတရားရှစ်ပါးတို့သည် ဟေတုအညမည နှစ်ပါး မတပ်ကုန်။ ။ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ နဟေတုပစ္စယာ နအညမညေ ကောဒသဟု သချာတပ်၍ ဟော အပ်ကုန်၏။

(၄) သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တပ်သော ဟိတ်ခြောက်ပါး။ ဤတရားတို့သည် ဟေတုအညမည ပစ္စည်းနှစ်ပါး တပ်သော တရားမည်ကုန်၏။ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ ဟေတုပစ္စယာ အညမညေ တိက်။၏။ ။တိက်ို ဟူသော်ကား ကုသလော့ကုသလဿ။ အကုသလော အကုသလဿ။ အဗျာကတော အဗျာကတဿဟူသည်တည်း။။ (ကုသလော ကုသလဿ။ အကုသလော အကုသလဿ။ဟေတုဝိဘင်္ဂဝါရက အတိုင်း)။ ။ အဗျာကတော အဗျာကတဿ (ပဝတ္တိအခါ သမ္ပယုတ္တခန္ဓာ အားတပ်သော ဝိပါက်ကြိယာ ဟိတ်သုံးပါးကို ကောက်)။ ။ ပဋိသန္ဓေအခါ သမ္ပယုံတ္တခန္ဓာဟဒယဝတ္ထုအားတပ်သော သဟိတ်ပဋိသန္ဓေသတ္တရသ၌ရှိသော ဟိတ်သုံးပါးပစ္စည်း။၏။သမ္ဗဒါန်ကား သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထု ပစ္စယုပ္ပန်။ ၏။ ။ထို့ကြောင့်။လ။ ဝိပါကာ ဗျာကတာ ကြိယာဗျာကတာ ဟေတု သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။ အညမညပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဟေတူသမ္ပယုတ္တကာနံခန္ဓာနံ ဝတ္ထုဿစ ဟေတုပစ္စယေနပစ္စယော။အညမညပစ္စယေနပစ္စယော ဟု ဟောအပ်၏။

## ဟေတုမူလနိဿယသဘာဂ

(၁) ဟေတုမူလနိဿယ သဘာဂ၌ ဟိတ်ခြောက်ပါးမှတပါး သဟဇာတ နိဿယပစ္စည်း၊ အရူပဝိပါက်လေးခုကြဉ်သော သဗ္ဗဝိညာဏဓာတ်အားတပ်သော ဆဝတ္ထုဟု ဆိုအပ်သော ပုရေဇာတနိဿယ ပစ္စည်း။ ဤတရားတို့သည်။ လ။ ဟေတုပစ္စည်းတွင်း၌ စင်ကုန်၏။ ထို့ကြောင့် ပစ္စနီယာနုလောမ၌ နဟေတုပစ္စယာ နိဿယေ တေရသ။ ၏။

(၂) ဟေတုပစ္စည်းသာတပ်၍ နိဿယပစ္စည်း မတပ်သော တရားကားမရှိ။ ထို့ကြောင့် အနုလောမပစ္စနိက်၌ ဟေတုပစ္စယာ နနိဿယေ အစရှိသည်ဖြင့် မဟောရသတည်း။

(၃) ဝတ္ထာရမ္မဏမှတပါး အလုံးစုံသော အာရမ္မဏပစ္စည်း။ အနန္တရူပကတူပနိဿယပစ္စည်း။ ပစ္ဆာဇာတပစ္စည်း။ နာနာက္ခဏိကကမ္မပစ္စည်း။ ရုပ်အာဟာရပစ္စည်း။ ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဤပစ္စည်းတရား ခြောက်ပါးတို့သည် ဟေတုနိဿယ ပစ္စည်း နှစ်ပါးမတပ်ကုန်။ ထို့ကြောင့် ပစ္စနိက်၌ နဟေတုပစ္စယာ နနိဿယေ ကောဒသဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

(၄) သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ဟိတ်ခြောက်ပါး။ ဤတရားတို့သည် ဟေတုနိဿယ ပစ္စည်းနှစ်ပါးတပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို၍အနုလုံ၌ ဟေတုပစ္စယာနိဿယေသတ္တ။ ၏။ ။(ဟေတုအတိုင်း)။

---

## ဟေတုမူလဝိပါကသဘာဂ

(၁) ဟေတုမူလ ဝိပါကသဘာဂ၌ အချင်းချင်း အားလည်းကောင်း အချင်းချင်းနာမက္ခန္ဓာ ဝိပါက်ဖြစ်အပ်သော စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားလည်းကောင်းတပ်သော ဝိပါက်ဟိတ်သုံးခုမှတပါး အလုံးစုံသော ဝိပါက်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေး

ပါး။ ဟဒယ ဝတ္ထုအား တပ်သော ပဋိသန္ဓေ ဟိတ်သုံးပါးမှ တပါး ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် ဝိပါကပစ္စည်းသာတပ်၍ ဟေတုပစ္စည်းမတပ်သောကြောင့် ဟေတုပစ္စည်းတွန်း၍ ငင်ကုန်၏။ ထို့ကြောင့် ပစ္စနီယာ နုလောမ၌ နဟေတုပစ္စယာ ဝိပါကေကော်။၏။

(၂) သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် အားတပ်သော ကုသိုလ် အကုသိုလ် ကြိယာ ဟိတ်ခြောက်ပါး။ ဤတရားတို့သည် ဟေတုပစ္စည်းသာတပ်၍ ဝိပါကပစ္စည်းမတပ်သောကြောင့် ဝိပါကပစ္စည်း တွန်း၍ငင်ကုန်၏။ ထို့ကြောင့် အနုလောမပစ္စနိက်၌ ဟေတုပစ္စယာ နဝိပါကေသတ္တ။၏။

(၃) အလုံးစုံသော အာရမ္မဏပစ္စည်းအချင်းချင်းအားလည်းကောင်း အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် အားလည်းကောင်း တပ်သော ဟိတ်ခြောက်ပါးမှတပါး ကုသိုလ် အကုသိုလ်ကြိယာ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအားလည်းကောင်း ဥပါဒါရုပ် အားလည်းကောင်း တပ်သော မဟာဘုတ်လေးပါး။ ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ အားတပ်သော ဟဒယဝတ္ထုဟူဆိုအပ်သော သဟဇာတပစ္စည်း။ ။(သဟဇာတတွင် ဟေတုနှင့်ဝိပါက နှစ်ပစ္စည်းကို နုတ်သည်)။ ။အနန္တရရူပ ပကတူပနိဿယ ပစ္စည်း။ ပစ္ဆာဇာတပစ္စည်း။ ပစ္ဆာဇာတပစ္စည်း။ နာနာက္ခဏိက ကမ္မပစ္စည်း။ ရုပ်အာဟာရပစ္စည်း။ ရူပဇီဝိတိန္ဒြိယ ပစ္စည်း။ ဤပစ္စည်းတရား ရှစ်ပါးတို့သည် ဟေတုဝိပါက ပစ္စည်းနှစ်ပါးမတပ်ကုန်။ ထို့ကြောင့် ပစ္စနိက်၌ နဟေတုပစ္စယာ နဝိပါကေ ပန္နရသ။၏။

(၄) သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဝိပါက်ဟိတ် သုံးပါး။ ဤတရားတို့သည် ဟေတုဝိပါက ပစ္စည်းနှစ်ပါးတပ်ကုန်၏။ ထို့ကြောင့်။ လ။ ကော်။ ဟု။၏။ ။ကော်ဟူသော်ကား အဖျားကတော အဖျားကတသ ဟူသည်တည်း။ ။ပဝတ္တိအခါ ကတ္တားကား သမ္ပယုတ္တခန္ဓာ

သဟိတ်စိတ္တဇရုပ် အားဘယ်သော သဟိတ်ဝိပါက် ဧကဝိသဇ္ဈရှိသော ဟိတ်သုံးပါး ပစ္စည်းတရားရ၏။ ။သမ္ပဒါန်ကား သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် ပစ္စယုပ္ပန်း၏။ ။ပဋိသန္ဓေအခါ ကတ္တားကား သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ်အားတပ်သောသဟိတ် ပဋိသန္ဓေသတ္တရသဉ္စရှိသော ဟိတ်သုံးပါး ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်း၏။ ။ထို့ကြောင့် ထိုတရားတို့၏ ဝိဓိဝိဘင်းကို အဗျာကတော ဓမ္မော အဗျာကတဿဓမ္မဿ ဟေတုပစ္စယေနပစ္စယော ဝိပါကပစ္စယေန ပစ္စယော။ ဝိပါကာ ဗျာကတာဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ ဟေတုပစ္စယေန ပစ္စယော။ ဝိပါကပစ္စယေနပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာစရူပါနံ ဟေတုပစ္စယေန ပစ္စယော။ ဝိပါကပစ္စယေနပစ္စယောဟု ဟောအပ်၏။

---

## ဟေတုမူဣန္ဒြိယသဘာဂ

(၁) ဟေတုမူဣန္ဒြိယသဘာဂ၌ သမ္ပယုတ္တခန္ဓာစိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ပညာမှတပါး နာမ်ဇီဝိတိန္ဒြေ ခုနစ်ပါးဟုဆိုအပ်သော သဟဇာတိန္ဒြိယပစ္စည်း။ ပဉ္စဝိညာဏ် ဓာတ်အားတပ်သော ပဉ္စဝတ္ထုဟု ဆိုအပ်သော ပုရေဇာတိန္ဒြိယ ပစ္စည်း။ ကလာပ်တူ ကမ္မဇရုပ်ကိုးခုအားတပ်သောရုပ်ဇီဝိတိန္ဒြေဟု ဆိုအပ်သော ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဤတရားတို့သည် ဣန္ဒြိယပစ္စည်းသာတပ်၍ ဟေတုပစ္စည်းမတပ်သောကြောင့် ဟေတုပစ္စည်း ထွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာ နုလောမ၌ နဟေတုပစ္စယာ ဣန္ဒြိယေ သတ္တ။၏။

(၂) သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော အမောဟမှတပါး ဟိတ်ငါးပါးတရားတို့သည်ဟေတုပစ္စည်းသာတပ်၍ဣန္ဒြိယပစ္စည်းမတပ်သောကြောင့်

ဣန္ဒြိယပစ္စည်းတွင်း၌ ဝင်ကုန်၏။ ထို့ကြောင့် အနုလောမပစ္စနိက်၌ ဟေတုပစ္စယာ နဣန္ဒြိယေ သတ္တ။ ၏။

(၃) အလုံးစုံသော အာရမ္မဏပစ္စည်း အချင်းချင်းအားလည်းကောင်း အချင်းချင်း နာမက္ခန္ဓာစိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် အားလည်းကောင်း တပ်သောဟိတ်ခြောက်ပါး။ နာမ်ဣန္ဒြေ ရှစ်ပါးမှတပါးသော အလုံးစုံသောပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်း အားလည်းကောင်း ဥပါဒါရုပ်အားလည်း ကောင်း တပ်သော မဟာဘုတ်လေးပါး။ အချင်းချင်းအားတပ် သော ဟိတ်သုံးပါး နာမ်ဣန္ဒြေရှစ်ပါးမှတပါး ပဉ္စဝေါကာရ ပဋိ သန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ်သောသဟဇာတပစ္စည်း။ အနန္တရူပ ပကတူပနိဿယ ပစ္စည်း။ ဝတ္ထုပုရေဇာတ ပစ္စည်း။ ပစ္ဆာဇာတပစ္စည်း။ နာနက္ခဏိက ကမ္မပစ္စည်း။ ရုပ်အာဟာရ ပစ္စည်း။ ဤပစ္စည်းတရား ခုနစ်ပါးတို့သည် ဟေတုဣန္ဒြိယပစ္စည်း နှစ်ပါး မတပ်ကုန်။ ။ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနိက်၌ နဟေတုပစ္စယာ နဣန္ဒြိယေ ပန္နရသ။ ၏။

(၄) သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော အမောဟ။ ဤတရားတို့သည် ဟေတု ဣန္ဒြိယပစ္စည်းနှစ်ပါးတပ်သော တရားမည်ကုန်၏။ ထို့ကြောင့်ဤ အနုလုံ၌ဟေတုပစ္စယာဣန္ဒြိယေစတ္တာရိ ၏။ ။စတ္တာရိဟူသော်ကား ကုသလော ကုသလဿ။ ကုသလော အဗျာကတဿ။ ကုသလော ကုသလာ ဗျာကတဿ။ အဗျာကတော အဗျာကတဿဟူသည် တည်း။

ကုသလော ကုသလဿ၌ ကတ္တားကား သမ္ပယုတ္တခန္ဓာအား တပ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခု မဟဂ္ဂုတ် ကုသိုလ်ကိုးခု မဂ်လေးခုစိတ္တက္ခဏ တခုတခု၌ရှိသော အမောဟ ပစ္စည်း။ ၏။ ။သမ္ပဒါန်ကား သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်။ ၏။ ။ ထို့ကြောင့် ထိုတရားတို့၏ ဝိဘင်းကို ကုသလော။ လ။ ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။

ဣန္ဒြိယပစ္စယေန ပစ္စယောတိ ဟောတော်မူအပ်၏။ ။(အံကြွင်း သုံးချက်ကိုလည်း နည်းတူကောက်၍ ဟောလေ)။

---

## ဟေတုမူမဂ္ဂသဘာဂ

(၁) ဟေတုမူမဂ္ဂသဘာဂ၌ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ် အားတပ်သော အမောဟမှ တပါး မဂ္ဂင်ရှစ်ပါး။ ဤတရား တို့သည် မဂ္ဂပစ္စည်းသာတပ်၍ ဟေတုပစ္စည်း မတပ်သောကြောင့် ဟေတုပစ္စည်း ကွန်း၍စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ နဟေတု ပစ္စယာ မဂ္ဂေသတ္တ။၏။

(၂) သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော အမောဟမှတပါးဟိတ်ငါးပါး။ဤတရား တို့သည် ဟေတုပစ္စည်းသာတပ်၍ မဂ္ဂပစ္စည်းမတပ်သောကြောင့် မဂ္ဂပစ္စည်းကွန်း၍ စင်ကုန်၏။ ။ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနီက၌ ဟေတုပစ္စယာ နမဂ္ဂေသတ္တ။၏။

(၃) အလုံးစုံသော အာရမ္မဏပစ္စည်း အချင်းချင်းအားလည်း ကောင်း။ အချင်းချင်း နာမက္ခန္ဓာစိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် အားလည်းကောင်း တပ်သော ဟိတ်ခြောက်ပါး။ မဂ္ဂင်ကိုးပါးမှ တပါး အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်း ချင်းအားလည်းကောင်း။ ဥပါဒါရုပ်အားလည်းကောင်းတပ်သော မဟာဘုတ် လေးပါး။ အချင်းချင်း အားတပ်သော ပဋိသန္ဓေ ဟိတ်သုံးပါး မဂ္ဂင်ငါးပါးမှ တပါး ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟုဆိုအပ်သော သဟဇာတပစ္စည်း။ ။ အနန္တရူပ ပကတူပနိဿယပစ္စည်း။ ဝတ္ထုပုရေဇာတပစ္စည်း။ပစ္ဆာ ဇာတပစ္စည်း။ နာနာက္ခဏိက ကမ္မပစ္စည်း။ရုပ်အာဟာရ ပစ္စည်း။ ရုပဇီဝိတိန္ဒြိယပစ္စည်း။ ဤပစ္စည်းတရားရှစ်ပါးတို့သည် ဟေတုမဂ္ဂ ပစ္စည်းတရားနှစ်ပါး မတပ်ကုန်။ ထို့ကြောင့် ထိုတရားတို့ကို ဤ ပစ္စနီက၌ နဟေတုပစ္စယာ နမဂ္ဂေပန္နရသ။၏။

(၄) သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော အဓော၊ဟာ၊ဤတရားတို့သည်၊လ၊ ဟေတုပစ္စယာမဂ္ဂေစတ္တာရိ၊၊ ၏၊ (စတ္တာရိကား ဆိုပြီ)၊

---

ဟေတုမူ သမ္ပယုတ္တ သဘာဂ

(၁) ဟေတုမူ သမ္ပယုတ္တ သဘာဂ၌ အချင်းချင်းအား တပ်သော ဟိတ်ခြောက်ပါးမှတပါး အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ ဤတရားတို့သည်၊လ၊ ဟေတုပစ္စည်းတွန်း၍ စင်ကုန်၏၊လ၊ နဟေတုပစ္စယာ သမ္ပယုတ္တေတိကား ၏၊

(၂) သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဟိတ်ခြောက်ပါး၊ ဤတရားတို့သည် ဟေတုပစ္စည်းသာ တပ်၍ သမ္ပယုတ္တပစ္စည်းမတပ်ကုန် ၊လ၊ ဟေတု ပစ္စယာ နသမ္ပယုတ္တေတိကား၊၏၊

(၃) အလုံးစုံသော အာရမ္မဏပစ္စည်း၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဟိတ်ခြောက်ပါးမှတပါး ပဉ္စဝေါကာရ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ အချင်းချင်းအား လည်းကောင်း ဥပါဒါရုပ်အား လည်းကောင်းတပ်သော မဟာဘုတ်လေးပါး၊ အချင်းချင်းအား တပ်သော ပဋိသန္ဓေဟိတ်သုံးခုမှ တပါး ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတပစ္စည်း၊ အနန္တရူပ ပကတူပနိဿယပစ္စည်း၊ ဝတ္ထုပုရေဇာတပစ္စည်း၊ ပစ္ဆာဇာတပစ္စည်း၊ နာနာက္ခဏိက ကမ္မပစ္စည်း၊ ရုပ်အာဟာရပစ္စည်း၊ ရူပဇီဝိတိန္ဒြိယပစ္စည်း၊ ဤပစ္စည်းတရား ရှစ်ပါးတို့သည် ဟေတုသမ္ပယုတ္တပစ္စည်း နှစ်ပါးမတပ်ကုန်၊ ထို့ကြောင့် ပစ္စနိက်၌ နဟေတုပစ္စယာ နသမ္ပယုတ္တေ ကောဒသ၊၏၊

(၄) သမ္ပယုတ္တခန္ဓာအား တပ်သော ဟိတ်ခြောက်ပါး၊ ထို့ကြောင့် အနုလုံ၌ ဟေတုပစ္စယာ သမ္ပယုတ္တေတိကား၊၏၊ ၊

တိကံ ကိုက်ပါး ကုသလော ကုသလဿ။ အကုသလော အကု သလဿ။ အဗျာကတော အဗျာကတဿ ဟူသည်တည်း။ (ကောက်မြဲ)။

---

## ဟေတုမူ ဝိပ္ပယုတ္တ သဘာဂ

(၁) ဟေတုမူ ဝိပ္ပယုတ္တ သဘာဂ၌ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားဘပ်သော ဟိတ်ခြောက်ပါးမှတပါး ပဉ္စဝေါကာရ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ အချင်းချင်းအားတပ်သော ပဋိသန္ဓေ ဟိတ်သုံးပါးမှတပါး ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတ ဝိပ္ပယုတ္တပစ္စည်း အရူပ ဝိပါက်လေးခု ကြဉ်သော သတ္တဝိညာဏ ဓာတ်အား တပ်သော ဆဝတ္ထုဟု ဆိုအပ်သော ပုရေဇာတ ဝိပ္ပယုတ္တပစ္စည်း ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဤတရားတို့သည်။လ။ နဟေတု ပစ္စယာ ဝိပ္ပ ယုတ္တေ ပဉ္စ၊၏။

(၂) သမ္ပယုတ္တခန္ဓာအား တပ်သော ဟိတ်ခြောက်ပါး၊လ။ ဟေတုပစ္စယာ နဝိပ္ပယုတ္တေ တိကံ၊၏။

(၃) ဝတ္ထာရမ္မဏမှတပါး အလုံးစုံသော အာရမ္မဏပစ္စည်း။ အချင်းချင်းအား တပ်သော ဟိတ်ခြောက်ပါးမှတပါး အလုံးစုံ သော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအား လည်းကောင်း။ ဥပါဒါရုပ်အားလည်းကောင်း တပ်သော မဟာ ဘုတ်လေးပါးဟု ဆိုအပ်သောသဟဇာတပစ္စည်း။ ။အနန္တရူပ ပကတူပနိဿယပစ္စည်း။ နာနာက္ခဏိက ကမ္မပစ္စည်း။ရုပ်အာဟာရ ပစ္စည်း။ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဤပစ္စည်းတရားခြောက်ပါးတို့သည် ဟေတုဝိပ္ပယုတ္တပစ္စည်း နှစ်ပါး မတပ်ကုန်။ ထို့ကြောင့် ပစ္စနိက်၌ နဟေတု ပစ္စယာနဝိပ္ပယုတ္တေ နဝ၊၏။

(၄) သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဟိတ်ခြောက်ပါး။ ဤတရားတို့သည် ဟေတုဝိပ္ပယုတ္တ ပစ္စည်း နှစ်ပါးတပ်ကုန်၏။ ထို့ကြောင့် ဤအနုလုံ၌ ဟေတုပစ္စယာ

ဝိပ္ပယုတ္တေတီတိ။ ပ။ ။တီတိကား ကုသလော အဗျာကတဿ။ အကုသလော အဗျာကတဿ။ အဗျာကတော အဗျာကတဿ ဟူသည်တည်း။ ။(ကောက်မြဲ)။

---

## ဟေတုမူ အတ္ထိသဘာဂ

(၁) ဟေတုမူ အတ္ထိသဘာဂ၌ ဟိတ်ခြောက်ပါးမှ တပါး သဟဇာတတ္ထိ ပစ္စည်း။ ပုရေဇာတတ္ထိ ပစ္စည်း။ ပစ္ဆာဇာတတ္ထိ ပစ္စည်း။ အာဟာရတ္ထိပစ္စည်း။ ဣန္ဒြိယတ္ထိပစ္စည်း။ ဤတရားတို့သည်။ လ။ နဟေတု ပစ္စယာ အတ္ထိယာ တေရသ။ ပ။

(၂) အတ္ထိတွန်းမရှိ။

(၃) အာရမ္မဏပုရေဇာတမှတပါးအလုံးစုံသော အာရမ္မဏ ပစ္စည်း။ အနန္တရူပပကတူပ နိဿယပစ္စည်း။ နာနာက္ခဏိက ကမ္မ ပစ္စည်း။ ဤပစ္စည်းတရားသုံးပါးတို့သည် ဟေတု အတ္ထိပစ္စည်း နှစ်ပါးမတပ်ကုန်။ ထို့ကြောင့် ပစ္စနိက်၌ နဟေတုပစ္စယာ နော အတ္ထိယာနဝ။ ပ။

(၄) သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဟိတ်ခြောက်ပါး။ လ။ ထို့ကြောင့် အနုလုံ၌ ဟေတုပစ္စယာ အတ္ထိယာ သတ္တ။ ပ။ (ဟေတုအတိုင်း။ အဝိဂတလည်း အတ္ထိသဘာဂနှင့်တူပြီ)။

---

## ဟေတုဃဋနာ (၂၄)
## သာမည အဝိပါက (၄) ချက်

သဘာဂကို **ဟောတော်မူသည်**၏ အခြားမဲ့၌ ဃဋနာကိုဟော တော်မူ**၏။ ထိုဃဋနာ၌တုံ**သော်လည်း သာမညဃဋနာ သဈာန္ဒြိယ မဂ္ဂဃဋနာ သာဓိပတိ ဈာန္ဒြိယမဂ္ဂဃဋနာ အားဖြင့် သုံးပါးအပြား ရှိ၏။ ထိုတွင် သာမညဃဋနာကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌ တုံသော်လည်း အဝိပါက ဃဋနာ သဝိပါက ဃဋနာအားဖြင့်

နှစ်ပါးအပြားရှိ၏။ ထိုတွင် အဝိပါက ဈာနကို ရှေးဦးစွာ ဟောတော်မူ၏။ ထို့အတူသော်လည်း သဗ္ဗဋ္ဌာနိကဈာန သအညမညဈာန သအညမည သမ္ပယုတ္တ ဈာန သဝိပ္ပယုတ္တ ဈာနအားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင် သဗ္ဗဋ္ဌာနိက ဈာနကို ရှေးဦးစွာ ဟောတော်မူ၏။

(၁) ထိုသဗ္ဗဋ္ဌာနိက ဈာနသည် သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တစ်သော ဟိတ်ခြောက်ပါး၊ ဤတရားတို့သည် ဟေတု သဟဇာတ နိဿယ အတ္ထိ အဝိဂတ။ ဤငါးပစ္စည်းတစ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ ဟေတု သဟဇာတ နိဿယ အတ္ထိ အဝိဂတန္တိ သတ္တဟု သင်္ချာတစ်၌ ဟောအပ်ကုန်၏။ ဟေတု သဟဇာတနိဿယ အတ္ထိ အဝိဂတန္တိ။လ။ဟူ၍။ တေသု၊ ထိုငါးပစ္စည်းတို့ကို။ ဃဋိတေသု၊ ပေါင်းအပ်ကုန်သည်ရှိသော်။ ဟေတုပစ္စယေ၊ ၌။ ဝုတ္တာနိ၊ ကုန်သော။ သတ္တဝေ၊ ကုန်သော။ ဝိသဇ္ဇနာနိ၊ တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ ။(သတ္တ ဟူသော်ကား ဟေတုက အတိုင်း ကောက်လေ)။

(၂) သဗ္ဗဋ္ဌာနိကဈာနကို ဟောတော်မူသည်၏ အခြားမဲ့၌ သအညမည ဈာနကို။၏။ ထိုသအညမည ဈာနသည် သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တစ်သော ဟိတ်ခြောက်ပါး။ ဤတရားတို့သည် ဟေတု သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတ ဤခြောက်ပစ္စည်း တစ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ ဟေတု သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတန္တိ တီဏိဟု သင်္ချာတစ်၌ ဟောအပ် ကုန်၏။ (သအညမညမှာ အညမဇညဟု အာဓာရထည့်လေ)။ တီဏိ ဟူသော်ကား (အညမညသဘာဂ အတိုင်း)။

(၃) ထို့နောင် သအညမည သမ္ပယုတ္တ ဈာနကို။မူ၏။ ထို သအညမည သမ္ပယုတ္တ ဈာနသည် သမ္ပယုတ္တခန္ဓာအား တစ်သော ဟိတ်ခြောက်ပါး။ ဤတရားတို့သည် ဟေတု သဟဇာတ အညာ

မည့ နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတ၊ ဤခုနစ်ပစ္စည်းတပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ ဟေတု သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတာနိ တီဏိ ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ ။(တီဏိ ဟူသော်ကား သမ္ပယုတ္တ သဘာဂအတိုင်း ဟောလေ)။

(၄) ထို့နောင် သဝိပ္ပယုတ္တ ဃဋနာကို ဟောတော်မူ၏။ ထို သဝိပ္ပယုတ္တ ဃဋနာ၌ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဟိတ်ခြောက်ပါး။ ဤ တရားတို့သည် ဟေတု သဟဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ။ ဤခြောက်ပစ္စည်းတပ်သော တရားမည်ကုန်၏။ ။ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ ဟေတု သဟဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ တီဏိ၊ ၏။ ။(တီဏိဟူသော်ကား ဝိပ္ပယုတ္တသဘာဂ အတိုင်း ဟောလေ)။ ။အဝိပါက်လေးချက်။

## သာမည သဝိပါက (၅)ချက်

(၁) အဝိပါက ဃဋနာကို ဟောတော်မူသည်၏ အခြားမဲ့၌ သဝိပါက ဃဋနာကို ဟောတော်မူ၏။ ထို၌တိုသော်လည်း သမ္ဗန္ဓာနိက ဃဋနာ သအညမည ဃဋနာ သအညမည သမ္ပယုတ္တ ဃဋနာ သဝိပ္ပယုတ္တ ဃဋနာ သအညမည ဝိပ္ပယုတ္တ ဃဋနာ အားဖြင့် ငါးပါး အပြားရှိ၏။ ထိုတွင် သမ္ဗန္ဓာနိက ဃဋနာကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသမ္ဗန္ဓာနိက ဃဋနာ၌ သမ္ပယုတ္တ ခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဝိပါက်ဟိတ်သုံးပါး။ ဤတရားတို့သည် ဟေတုသဟဇာတ နိဿယ ဝိပါက အတ္ထိ အဝိဂတ ဤခြောက်ပစ္စည်းတပ်သော တရားမည်ကုန်၏။ ထို့ကြောင့်ထိုတရားတို့ကို ဤအနုလုံ၌ ဟေတု သဟဇာတ နိဿယ ဝိပါက အတ္ထိ အဝိဂတန္တိ ဧကံဟု သင်္ချာ တပ်၍ ဟောအပ်ကုန်၏။ ။(ဧကံဟူသော်ကား ဝိပါကသဟဇာတ အတိုင်း)။

(၂) ထို့နောင် သအညမညဃဋနာကိုး၏။ ထိုသအညမည ဃဋနာ၌ တုံသော်လည်း သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တပ်သော ဝိပါက်ဟိတ်သုံးပါး။ ဤတရားတို့သည် ဟေတုသဟဇာတ အညမည နိဿယ ဝိပါက အတ္ထိ အဝိဂတ ဤခုနစ်ပစ္စည်း တပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ ဟေတု သဟဇာတ အညမည နိဿယ ဝိပါက အတ္ထိ အဝိဂတန္တိ ကော် ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ ကော် ဟူသော်ကား အဗျာကတော အဗျာကတဿဟူသည်တည်း။

(၃) ထို့နောင် သအညမည သမ္ပယုတ္တ ဃဋနာကို၏။ ထိုသအညမည သမ္ပယုတ္တဃဋနာ၌ သမ္ပယုတ္တခန္ဓာအား တပ်သော ဝိပါက်ဟိတ်သုံးပါး။ ဤတရားတို့သည် ဟေတု သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတ ဤရှစ်ပစ္စည်း တပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ ဟေတု သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ကော်၏။

(၄) ထို့နောင် သဝိပ္ပယုတ္တ ဃဋနာကို ဟောတော်မူ၏။ ထိုသဝိပ္ပယုတ္တဃဋနာ၌ သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ဝိပါက်ဟိတ်သုံးပါး။ ဤတရားတို့သည် ဟေတု သဟဇာတ နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤခုနစ်ပစ္စည်း တပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ ဟေတု သဟဇာတ နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ကော်၏။

(၅) ထို့နောင် သအညမညဝိပ္ပယုတ္တဃဋနာ၌ ဟဒယဝတ္ထုအား တပ်သော ပဋိသန္ဓေ ဟိတ်သုံးပါး။ ဤတရားတို့သည် ဟေတု သဟဇာတ အညမည နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤရှစ်ပစ္စည်း တပ်သောတရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ ဟေတုသဟဇာတ အညမည နိဿယ ဝိပါက

ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ကော်။ ။(ပဋိသန္ဓိက္ခဏေ ဝိပါကာ ဗျာကတာ ဟေတုဝတ္ထုံသာ။လ။ အဝိဂတ ပစ္စယေန ပစ္စယောဟု ဟောအပ်၏)။ ။သာမညဈာနကိုးချက်ပြီး၏။

---

## သဣန္ဒြိယမဂ္ဂဈာန (၉)
## အဝိပါက (၄) ချက်

သာမညဈာနကို ဟောတော်မူသည်၏အခြားမဲ့၌ သဣန္ဒြိယမဂ္ဂဈာနကို ဟောတော်မူ၏။ ထိုသဣန္ဒြိယမဂ္ဂဈာန၌ တုံသော်လည်း အဂိပါကဈာန သဝိပါကဈာနအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် အဝိပါကဈာနကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုအဝိပါက ဈာန၌တုံသော်လည်း သမ္ဗန္ဓာနိကဈာန သအညမည ဈာန သအညမညသမ္ပယုတ္တဈာန သဝိပ္ပယုတ္တဈာနအားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင် သမ္ဗန္ဓာနိက ဈာနကို ရှေးဦးစွာ ဟောတော်မူ၏။

(၁) ထို၌ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော အမောဟ။ ဤတရားတို့သည် ဟေတု သဟဇာတ နိဿယ ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတ ဤခုနစ်ပစ္စည်း တပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ ဟေတု သဟဇာတ နိဿယ ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတန္တိ စတ္တာရိဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ (စတ္တာရိဟူသော်ကား ဣန္ဒြိယသဘာဂအတိုင်း)။

(၂) ထို့နောင်သအညမညဈာနကို ဟောတော်မူ၏။ ထိုသအညမညဈာန၌ သမ္ပယုတ္တခန္ဓာဟဒယဝတ္ထုအားတပ်သော အမောဟ။ ဤတရားတို့သည် ဟေတု သဟဇာတ အညမည နိဿယ ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတ ဤရှစ်ပစ္စည်း တပ်သော တရားမည်ကုန်၏။ ထို့ကြောင့်ထိုတရားတို့ကို ဤအနုလုံ၌ ဟေတု သဟဇာတ အညမည နိဿယ ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတန္တိ

ဒွေဟု။၍။ ။ဒွေ ဟူသော်ကား ကုသလေ၁ကုသလဿ၊ အဗျာ ကတော အဗျာကတဿ ဟူသည်တည်း။

(၃) ထို့နောင် သအညမည သမ္ပယုတ္တဃဋနာကို။မူ၍။ထို၌ သမ္ပယုတ္တခန္ဓာအားတပ်သော အမေ၁ဟ။ ဤတရားတို့သည်။လ။ ဟေတု သဟဇာတ အညမည နိဿယ ဣန္ဒြိယ မဂ္ဂ သမ္ပယုတ္တ အတ္ထိ အဝိဂတန္တိဒွေ။၍။

(၄) ထို့နောင် သဝိပ္ပယုတ္တဃဋနာကို ဟောတော်မူ၍။ ထိုသဝိပ္ပယုတ္တဃဋနာ၌ သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော အမေ၁ဟ။ ဤတရားတို့သည်။ လ။ ဟေတု သဟဇာတ နိဿယ ဣန္ဒြိယ မဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိဒွေ။၍။ ။ဒွေဟူသော်ကား ကုသလေ၁အဗျာကတဿ။ အဗျာကတော အဗျာကတဿဟူသည်တည်း။

## သဝိပါက (၅) ချက်

(၁) ထို့နောင် သဝိပါက ဃဋနာကို ဟောတော်မူ၍။ ထိုသဝိပါကဃဋနာ၌ တုံသော်လည်း သမ္ဗန္ဓ၁နိက ဃဋနာ သအည မည ဃဋနာ သအညမညသမ္ပယုတ္တ ဃဋနာ သဝိပ္ပယုတ္တ ဃဋနာ သအညမည ဝိပ္ပယုတ္တဃဋနာအားဖြင့် ငါးပါးအပြားရှိ၍။ထိုတွင် သမ္ဗန္ဓ၁နိကဃဋနာကို။မူ။၍။ ထိုသမ္ဗန္ဓ၁နိကဃဋနာ၌ သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ်သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ဝိပါက်၌ရှိသော အမေ၁ဟ။ ဤတရားတို့သည်။လ။ ဟေတု သဟ ဇာတနိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတန္တိဧကံ။၍။ ။ အဗျာကတောအဗျာကတဿ ဟူသည်တည်း။.

(၂) ထို့နောင် သအညမညဃဋနာကို။မူ၍။ ထို၌ သမ္ပယုတ္တ ခန္ဓာ ဟဒယဝတ္ထုအားတပ်သော ဝိပါက်၌ ရှိသော အမေ၁ဟ။ လ။ ဟေတု သဟဇာတ အညမည နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတန္တိဧကံ။၍။

(၃) ထို့နောင် သအညမညသမ္ပယုတ္တ ဃဋနာကို ဟော တော်မူ၏၊ ထို၌ သမ္ပယုတ္တခန္ဓာ ဟဒယ ဝတ္ထုအား တပ်သော ဝိပါက်၌ရှိသော အမောဟ။လ။ ဟေတု သဟဇာတ အညမည နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ သမ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ကောံ။၏။

(၄) ထို့နောင် သဝိပ္ပယုတ္တဃဋနာကို ဟောတော်မူ၏။ ထို သဝိပ္ပယုတ္တဃဋနာ၌ သဟိတ် စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇ ရုပ်အား တပ်သော ဝိပါက်၌ရှိသောအမောဟ။လ။ဟေတု သဟ ဇာတ နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ကောံ။၏။

(၅) ထို့နောင် သအညမည ဝိပ္ပယုတ္တဃဋနာကို။၏။ ထို သအညမည ဝိပ္ပယုတ္တဃဋနာ၌ ဟဒယဝတ္ထုအားတပ်သော ပဋိ သန္ဓေ၌ရှိသော အမောဟ။ ဤတရားတို့သည်။လ။ ဟေတု သဟ ဇာတ အညမည နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ကောံ။ ၏။ ။ကောံ ဟူသော်ကား အဗျာကတော အဗျာကတဿ ဟူသည်တည်း။ ကတ္တားကား ဟဒယဝတ္ထုအား တပ်သောတိဟိတ်ပဉ္စဝေါကာရပဋိသန္ဓေကိုးခု၌ရှိသောအမောဟ ပစ္စည်း။၏။ ။သမ္ပဒါန်ကား ဟဒယဝတ္ထု။၏။ ထို့ကြောင့်။လ။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဟေတု ဝတ္ထုဿ ဟေတုပစ္စ ယေန ပစ္စယော၊လ။ အဝိဂတပစ္စယေန ပစ္စယော။၏။ သဣန္ဒြိယမဂ္ဂ ဃဋနာ ပြီး၏။

---

## သာဓိပတိဣန္ဒြိယမဂ္ဂဃဋနာ (၆)

သဣန္ဒြိယမဂ္ဂ ဃဋနာကို ဟောတော်မူသည်၏အခြားမဲ့၌ သာ ဓိပတိ ဣန္ဒြိယမဂ္ဂ ဃဋနာကိုဟောတော်မူ၏။ ထို၌ တုံသော်လည်း အဝိပါက ဃဋနာ သဝိပါက ဃဋနာအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် အဝိပါက ဃဋနာကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌ တုံသော်လည်း သမ္ဗန္ဓာနိကဃဋနာ သအညမညသမ္ပယုတ္တဃဋနာ

သဝိပ္ပယုတ္တဃဋနာအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင် သမ္ဘင်္ဂါ နိက-ဃဋနာကို ရှေးဦးစွာ ဟောတော်မူ၏။

(၁) ထို၌ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တပ်အပ်သော ဝိမံသာဓိပတိ။ ဤတရားတို့သည်။လ။ ဟေတု အဓိပတိ သဟဇာတနိဿယ ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတန္တိ စတ္တာရိ။၏။

(၂) တို့နောင် သအညမညသမ္ပယုတ္တဃဋနာကို ဟောတော်မူ၏။ ထို၌ သမ္ပယုတ္တ ခန္ဓာအား တပ်သော ဝိမံသာဓိပတိ။ ဤတရားတို့သည် ဟေတု အဓိပတိ သဟဇာတ အညမည နိဿယ ဣန္ဒြိယ မဂ္ဂ သမ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ဒွေ။၏။

(၃) တို့နောင် သဝိပ္ပယုတ္တဃဋနာကို ဟောတော်မူ၏။ထို၌ သာဓိပတိစိတ္တဇရုပ်အားတပ်သော ဝိမံသာဓိပတိ။ ဤတရားတို့သည် ဟေတု အဓိပတိ သဟဇာတ နိဿယ ဣန္ဒြိယ မဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ဒွေ။ ၏။

(၄) တို့နောင် သဝိပါကဃဋနာကို ဟောတော်မူ၏။ထို၌တုံသော်လည်း သမ္ဘင်္ဂါနိကဃဋနာ၊ သအညမည သမ္ပယုတ္တ ဃဋနာ သဝိပ္ပယုတ္တဃဋနာအားဖြင့်သုံးပါးအပြားရှိ၏။ထိုတွင်သမ္ဘင်္ဂါနိက ဃဋနာကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌ သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ်အားတပ်သော ဖိုလ်လေးခု၌ရှိသောဝိမံသာဓိပတိ။ ဤတရားတို့သည် ဟေတု အဓိပတိ သဟဇာတ နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတ ဤကိုးပစ္စည်းတပ်သော တရားမည်ကုန်၏။ ။ထို့ကြောင့် ထိုတရားတို့ကို။လ။ဟေတု အဓိပတိ သဟဇာတ နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတန္တိ ကေ။၏။

(၅) တို့နောင် သအညမည သမ္ပယုတ္တ ဃဋနာကို ဟောတော်မူ၏။ ထို၌ သမ္ပယုတ္တ ခန္ဓာအားတပ်သော ဖိုလ်လေးခု၌ရှိသော ဝိမံသာဓိပတိ။လ။ ဟေတု အဓိပတိ သဟဇာတ အညမည နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ သမ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ကေ။၏။

(၆) ထို့နောင် သပ္ပိယုတ္တ ဃဋနာကို ဟောတော်မူ၏။ ထို၌ သာဓိပတိစိတ္တဇရုပ်အားတပ်သော ဖိုလ်လေးခု၌ရှိသော ဝိမံ သာဓိပတိ၊ ဤတရားတို့သည်။ လ။ ဟေတု အဓိပတိ သဟဇာတ နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတဝန္တဲ့ကော်။၏။ ဝိပါကာဗျာကတာ ဝိမံသာစိတ္တသမုဋ္ဌာနာနံရူပါနံဟေတုပစ္စယေန ပစ္စယော။ လ။ အဝိဂတ ပစ္စယေန ပစ္စယောဟု။ မူ၏။ (ဟေတု သဘာဂတဆဲ့တပါး။ဃဋနာနှစ်ဆဲ့လေးပါး)။ ဟေတုပြီး၏။

---

## အာရမ္မဏသဘာဂ (၇)

ဟေတုမိဿကကို ဟောတော်မူသည်၏ အခြားမဲ့၌ အာရမ္မဏ မိဿကကို ဟောတော်မူ၏။ထိုအာရမ္မဏမိဿက၌တံသော်လည်း သဘာဂ ဃဋနာအားဖြင့် နှစ်ပါးအပြားရှိ၏။ထိုတွင် သဘာဂကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသဘာဂ၌ တံသော်လည်း အာရမ္မဏမူ အဓိပတိသဘာဂ နိဿယသဘာဂ ပုရေဇာတသဘာဂ ဝိပ္ပယုတ္တသဘာဂ အတ္ထိသဘာဂ အဝိဂတ သဘာဂ အားဖြင့် ခုနစ်ပါးအပြားရှိ၏။ထိုတွင် အဓိပတိသဘာဂကို ရှေးဦးစွာ ဟော တော်မူ၏။

(၁) ထို၌ အလေးအမြတ်ပြုတတ်သော လောဘမူ ရှစ်ခု မဟာကုသိုလ်ရှစ်ခု မဟာကြိယာ ဉာဏသမ္ပယုတ်လေးခု လော ကုတ္တရာစိတ်ရှစ်ခုအားတပ်ခသော အလေးအမြတ်ပြုအပ်သော ဝတ္ထု ဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာရသ ဒေါသမူနှစ်ခွေး မောဟမူနှစ်ခွေး ဒုက္ခသ ဟဂုတ် ကာယဝိညာဏ်ကြဉ်သော စိတ်ရှစ်ဆဲ့လေးခု ဒေါသ ဇူသော မဇ္ဈရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက်လေးဆဲ့ ခုနစ်ခု နိဗ္ဗာန်ဟု ဆိုအပ်သော အာရမ္မဏ အဓိပတိပစ္စည်း။ ၏။ ဤတရားတို့သည် အာရမ္မဏ အာရမ္မဏာ ဓိပတိပစ္စည်း နှစ်ပါး တပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနု လုံ၌ အာရမ္မဏပစ္စယာ အဓိပတိယာသတ္တ။၏။. ။သတ္တဟူသော်

ကား ကုသလော ကုသလဿ အစရှိသည်တည်း။ (ဝိဘင်္ဂပါဠိ မှာ အာရမ္မဏအဓိပတိပစ္စည်းကိုကြည့်၍ ဟောလေ)။

(၂) နိဿယသဘာဝ၌ မနောဒွါရာဝဇ္ဇန်း, မရဏာသန္န ဇောငါးချက် တဒါရုံအား တပ်သော စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယ ဝတ္ထုဟုဆိုအပ်သော ဝတ္ထာရမ္မဏ ပစ္စည်း။ ဤတရားတို့သည် အာရမ္မဏနိဿယပစ္စည်းနှစ်ပါး တပ်ကုန်၏။ ထို့ကြောင့်။ လ။ အာရမ္မဏပစ္စယာ နိဿယေတိဏ်။၏။ ပိဏ်ဟူသော်ကား အဗျာကတော အဗျာကတဿ။ အဗျာကတော ကုသလဿ။ အဗျာကတော အကုသလဿ ဟူသည်တည်း။ အဗျာကတော အဗျာကတဿ၌ ကတ္တားကား မနောဒွါရာဝဇ္ဇန်း မရဏာသန္န ကြိယာဇောငါးချက် တဒါရုံအားတပ်သော စုတိစိတ်မှ ပြန်၍ ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုပစ္စည်း။၏။ သမ္ဗန္ဓကား မနောဒွါရာဝဇ္ဇန်းမရဏာ သန္နကြိယာဇောငါးချက် တဒါရုံပစ္စယုပ္ပန်တရားရ၏။ ထို့ကြောင့် ထိုတရားတို့၏ဝိဝိဘင်းကိုအဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အာရမ္မဏပစ္စယေနပစ္စယော။ နိဿယပစ္စယေန ပစ္စယော။ ဝတ္ထုဝိပါကာဗျာကတာနံ ကြိယာဗျာကတာနံ ခန္ဓာနံ အာရမ္မဏ။လ။ ယောဟုဟောအပ်၏။ ။အဗျာကတော ကုသလဿ၌ မရဏာသန္နကုသိုလ်ဇော ငါးချက်အားတပ်သော စုတိ။လ။ဝတ္ထု။ ၏။အဗျာကတော အကုသလဿ၌လည်း မရဏာသန္နအကုသိုလ် ဇောငါးချက်အားတပ်သော။ လ။ဝတ္ထုကိုကောက်။ ။(ဝိဘင်းကို ဝတ္ထုကုသလာနံ ဝတ္ထုအကုသလာနံ ခန္ဓာနံဟု ဟောလေ)။

(၃) (ဥပနိဿယ သဘာဝသည် အဓိပတိ သဘာဝနှင့် အလုံး တူပြီ)။

(၄) ပုရေဇာတသဘာဝ၌ ကာမစိတ် စတုပညာသ ဒိဗ္ဗ စက္ခု ဒိဗ္ဗသောတ အဘိညာဉ်ဒွေးအားတပ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသဟု ဆိုအပ်သော အာရမ္မဏ ပုရေဇာတ ပစ္စည်း။ ဤ

တရားတို့သည် အာရမ္မဏ ပုရေဇာတပစ္စည်း နှစ်ပါးတပ်သော တရားမည်ကုန်၏။ ထို့ကြောင့်။လ။ အာရမ္မဏပစ္စယာ ပုရေဇာတေတိကာ။၈။ ။တိကာပြီးဟူသော်ကား အဗျာကတော အဗျာကတဿ။ အဗျာကတော ကုသလဿ။ အဗျာကတော အကုသလဿဟူသည်တည်း။ (**အရေကောက်**ဝိဘင်းကို ပုရေဇာတမှာ အာရမ္မဏ ပုရေဇာတအကောက် ဝိဘင်းအတိုင်းဟောလေ)။

(၅) အာရမ္မဏဝိပ္ပယုတ္တသဘာဂ၌ မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇောငါးချက် တဒါရုံအားတပ်သော စုတိစိတ်မှပြန်၍ ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏ ဝိပ္ပယုတ္တပစ္စည်း။ ဤပစ္စည်းတရားတို့သည် အာရမ္မဏဝိပ္ပယုတ္တပစ္စည်း နှစ်ပါးတပ်ကုန်၏။ ထို့ကြောင့်။လ။ အာရမ္မဏပစ္စယာ ဝိပ္ပယုတ္တေတိကာ။၈။ ။ (နိဿယသဘာဂနှင့် အတူကောက်လေ)။

(၆-၇) (အတ္ထိသဘာဂ အဝိဂတသဘာဂ။ ဤနှစ်ပါးသည် ပုရေဇာတသဘာဂနှင့်တူပြီ)။

**အမှာ** ပစ္စည်းတွန်းကို **ဟေတုသ**ဘာဂပစ္စည်း တွန်းနည်းကိုမှီ၍ **ရသင့်သည်အလျောက်** တွန်းလေ။ ။ သဟဇာတမျိုးဖြစ်လျှင် **သဟဇာတအလျောက်**။ အာရမ္မဏမျိုးဖြစ်လျှင် အာရမ္မဏမျိုး **အလျောက် အနုလုံကို** နှလုံးသွင်း၍ တွန်းလေ။

---

## အာရမ္မဏဃဋနာ (၅)

သဘာဂကိုဟောတော်မူသည်၏ အခြားမဲ့၌ဃဋနာကိုဟောတော်မူ၏။ထိုဃဋနာ၌တုံသော်လည်းအဓိပတိဥပနိဿယဃဋနာ ပုရေဇာတ အတ္ထိအဝိဂတဃဋနာ သနိဿယ ဝိပ္ပယုတ္တဃဋနာ သာဓိပတိဥပနိဿယဃဋနာ သာဓိပတိ နိဿယ ဥပနိဿယ ဝိပ္ပယုတ္တ ဃဋနာအားဖြင့် ငါးပါးအပြားရှိ၏။ထိုတွင် ‘အဓိပတိ ဥပနိဿယ ဃဋနာကိုရှေးဦးစွာဟောတော်မူ၏။

(၁) ထိုအဓိပတိ ဥပနိဿယ ဿဋ္ဌနာ၌ အလေးအမြတ် ပြုတတ်သော လေ့ဘာမူရှစ်ခု မဟာကုသိုလ်ရှစ်ခု မဟာကြိယာ ဉာဏသမ္ပယုတ်လေးခု လောကုတ္တရာစိတ်ရှစ်ခုအား တပ်သော အလေးအမြတ် ပြုအပ်သော ဇူဋ္ဌဖြစ်သော နိဗ္ဗာန်ရုပ် အဋ္ဌာရသ ဒေါသမူနှစ်ခု မောဟမူနှစ်ခု ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ် သောဗိတ်ရှစ်ဆဲ့လေးခု ဒေါသ ဇူဿာ မစ္ဆရိယကုက္ကုစ္စ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက်လေးဆဲ့ခုနှစ်ခု နိဗ္ဗာန်။ ဤတရားတို့သည် အာရမ္မဏာအဓိပတိဥပနိဿယပစ္စည်းတပ်သောတရားမည်ကုန်၏။ ထို့ကြောင့်ထိုတရားတို့ကို ဤအနုလုံ၌ အာရမ္မဏာဓိပတိ ဥပနိဿ ယန္တိသတ္တဟု သချာတပ်၍ ဟောအပ်ကုန်၏။ အာရမ္မဏာဓိပတိ ဥပနိဿယန္တိ၊ အာရမ္မဏ အဓိပတိ ဥပနိဿယဟူ၍။ တေသု တိသုပစ္စယေသု၊ ထိုသုံးပစ္စည်း တို့သည်။ ဃဋ္ဋိတေသု၊ ပေါင်း အပ်ကုန်သည်ရှိသော်။ အဓိပတိယာ၊ အဓိပတိပစ္စည်း၌။ ဝုတ္တာနိ၊ ဟောအပ်ကုန်သော။ သတ္တ၀၊ ခုနစ်ပါးသော လျှင် ဖြစ်ကုန်သော။ ဝိသဇ္ဇနာနိ၊ တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။

(၂) ထို့နောင် ပုရေဇာတ အတ္ထိအဝိဂတ ဃဋ္ဋနာကို။ လ။ မူ၏။ ထိုပုရေဇာတအတ္ထိအဝိဂတဃဋ္ဋနာ၌ ကာမစိတ်စတုပညာသ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဉ်အား တပ်သော ပစ္စုပ္ပန်နိပ္ဖန္န ရုပ်အဋ္ဌာရသဟု ဆိုအပ်သော အာရမ္မဏ ပုရေဇာတပစ္စည်း။ ဤ တရားတို့သည် အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတ ပစ္စည်း တပ်ကုန်၏။ လ။ အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတန္တိ တီဏိ။ ၏။ ။(ပုရေဇာတသဘာဂအတိုင်း)။

(၃) ထို့နောင် သနိဿယ ဝိပ္ပယုတ္တ ဃဋ္ဋနာကို ဟော တော်မူ၏။ ထို၌မနောဓါတ်ရာဝတ္ထုနှင်း မရဏာသန္နဇော ငါးချက် တဒါရုံအားတပ်သော စုတိစိတ်မှပြန်၍ရှေသော် တဆဲ့ခုနှစ်ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ် သော ဝတ္ထုာရမ္မဏာပစ္စည်း။ ဤတရားတို့သည် အာရမ္မဏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ပစ္စည်း တပ်ကုန်၏။ ထို့

ကြောင့် ထိုတရားတို့ကို။ လ။ အာရမ္မဏ ပုရေဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ တိကံ။ ၍။ ။(နိဿယသဘာဂ အတိုင်း)။

(၄) ထို့နောင် သာဓိပတိ ဥပနိဿယ ဃဋနာကို ဟော တော်မူ၏။ထို၌အလေးအမြတ်ပြုတတ်သော လောဘမူ ရှစ်ခုအား တပ်သော ရူပ္ပဖြစ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အင်္ဂါရသ။ ဤတရား တို့သည်။လ။ အာရမ္မဏ အဓိပတိ ဥပနိဿယ ပုရေဇာတ အတ္ထိ အဝိဂတန္တိ ဂေါ။၍။ ဂေါ်ဟူသော်ကား အဖျာကတော အကု သလဿ ဟူသည်တည်း။

(၅) ထို့နောင် သာဓိပတိ နိဿယ ဥပနိဿယ ဝိပ္ပယုတ္တ ဃဋနာကို ဟောတော်မူ၏။ ထို၌ . အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇောငါးချက်အား တပ်သော စုတိစိတ်မှ မြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော အလေးအမြတ်ပြုအပ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏာဓိပတိပစ္စည်း။လ။အာရမ္မဏ အဓိပတိ နိဿယ ဥပ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ဂေါ။၍။ ဂေါ် ဟူသော်ကား အဖျာကတော အကုသလဿ ဟူသည်တည်း။ ကတ္တားကား အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာ သန္နဇော ငါးချက်အားတပ်သော စုတိစိတ်မှပြန်၍ရေသော် တဆဲ့ ခုနစ်ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော အလေးအမြတ် ပြုအပ်သော ဟဒယဝတ္ထု ပစ္စည်းတရားရ၏။. ။သမ္ပဒါန်ကား အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇောငါးချက် ပစ္စယုပ္ပန်တရားရ၏။ထို့ကြောင့်ထိုတရားတို့၏ဝိမိဝိဘင်းကို အဖျာ ကတောဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စ ယော။လ။ အဝိဂတပစ္စယေန ပစ္စယော။ဝတ္ထုံဂရုံကတွာ အဿာ ဒေတိ အဘိနန္ဒတိ တံဂရုံကတွာ ရာဂေါ ဥပ္ပဇ္ဇတိ ဒိဋ္ဌိဥပ္ပဇ္ဇတိဟု ဟောအပ်၏။ ။(အာရမ္မဏ သဘာဂ ခုနစ်ပါး။ဃဋနာငါးပါး)။ အာရမ္မဏ ပြီး၏။

## အဓိပတိ သဘာဂ (၁၅)

အာရမ္မဏ မိဿကကို ဟောတော်မူသည်၏ အခြားမဲ့၌ အဓိပတိ မိဿကကို ဟောတော်မူ၏။ ထို၌တုံသော်လည်း သဘာဂ ဃဋနာအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် သဘာဂကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသဘာဂ၌တုံသော်လည်း အဓိပတိမူ ဟေတု သဘာဂ အာရမ္မဏသဘာဂ သဟဇာတသဘာဂ အညမည သဘာဂ နိဿယသဘာဂ ဥပနိဿယသဘာဂ ပုရေဇာတ သဘာဂ ဝိပါကသဘာဂ အာဟာရသဘာဂ ဣန္ဒြိယသဘာဂ မဂ္ဂသဘာဂ သမ္ပယုတ္တ သဘာဂ ဝိပ္ပယုတ္တသဘာဂ အတ္ထိသဘာဂ အဝိဂတသဘာဂအားဖြင့် တဆဲ့ငါးပါးအပြားရှိ၏။ ထိုတွင် အဓိ ပတိမူ ဟေတုသဘာဂကို ရှေးဦးစွာဟောတော်မူ၏။

(၁) ထို၌ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တပ်သော ဝီမံသာဓိပတိ။ ဤတရားတို့သည်။လ။ အဓိပတိပစ္စယာ ဟေတုယာ စတ္တာရိ။၏။

(၂) အဓိပတိမူ အာရမ္မဏ သဘာဂ၌ အလုံးစုံသော အာရမ္မဏာ ဓိပတိပစ္စည်း။လ။ အဓိပတိ ပစ္စယာ အာရမ္မဏေ သတ္တ။၏။

(၃) သဟဇာတ သဘာဂ၌ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အားတပ်သော အဓိပတိ တရားကိုယ်သုံးပါး လေးပါး တို့တွင် တပါးပါးဟု ဆိုအပ်သော သဟဇာတာ ဓိပတိပစ္စည်း ။လ။ အဓိပတိ ပစ္စယာ သဟဇာတေ သတ္တ။၏။

(၄) အညမည သဘာဂ၌ သမ္ပယုတ္တခန္ဓာအား တပ်သော အဓိပတိ တရားကိုယ်သုံးပါး လေးပါး တို့တွင် တပါးပါး။လ။ အဓိပတိပစ္စယာ အညမညေ တီဏိ။၏။

(၅) နိဿယသဘာဂ၌ အလုံးစုံသော သဟဇာတာ ဓိပတိ ပစ္စည်း။အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္ဓေဇော ငါးချက် အားတပ်သော စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်

မြောက်သောစိတ်နှင့်အတူဥပါဒ်သော အလေးအမြတ်ပြုအပ်သော ဟဒယဝတ္ထုဟုဆိုအပ်သော ဝတ္ထာရမ္မဏပစ္စည်း။ ဤတရားတို့သည် ။လ၊ အဓိပတိပစ္စယာ နိဿယေ အဋ္ဌ။ ၏။

(၆) ဥပနိဿယ သဘာဂ၌ အလုံးစုံသော အာရမ္မဏူပနိဿယပစ္စည်း။ ဤတရားတို့သည်။လ။ အဓိပတိပစ္စယာ ဥပနိဿယေ သတ္တ။ ၏။

**(၇) ပုရေဇာတ သဘာဂ၌** အလေးအမြတ် ပြုတတ်သော **လောဘမူလရှစ်ခုအား တတ်သော အ**လေးအမြတ် ပြုအပ်သော ရူပ **ဖြစ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသဟု** ဆိုအပ်သော အာရမ္မဏ ပုရေဇာတပစ္စည်း။လ၊ အဓိပတိပစ္စယာ ပုရေဇာတေ ဧကံ။ ၏။

(၈) ဝိပါက သဘာဂ၌သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ် အားတတ်သောဖိုလ်လေးခု၌ရှိသော အဓိပတိတရားကိုယ်လေးပါး တို့တွင် တပါးပါး။လ။အဓိပတိ ပစ္စယာ ဝိပါကေ ဧကံ။ ၏။

(၉) အာဟာရသဘာဂ၌ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇ ရုပ်အား တတ်သော စိတ္တာဓိပတိ။လ။ အဓိပတိ ပစ္စယာ အာဟာ ရေ သတ္တ။ ၏။

(၁၀) ဣန္ဒြိယသဘာဂ၌ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇ ရုပ်အားတတ်သော စိတ္တ ဝီရိယ ဝီမံသအားဖြင့် အဓိပတိ တရား ကိုယ် သုံးပါးတို့တွင် တပါးပါး။လ။ အဓိပတိ ပစ္စယာ ဣန္ဒြိယေ သတ္တ။ ၏။

(၁၁) မဂ္ဂသဘာဂ၌ သမ္ပယုတ္တခန္ဓာသာဓိပတိ စိတ္တဇရုပ်အား တတ်သော ဝီရိယ ဝီမံသာဓိပတိ။လ။ အဓိပတိ ပစ္စယာ မဂ္ဂေ သတ္တ။ ၏။

(၁၂) သမ္ပယုတ္တသဘာဂ၌ သမ္ပယုတ္တခန္ဓာအားသာ တတ် သော အဓိပတိတရားကိုယ် သုံးပါးတို့တွင် တပါးပါး။လ။ အဓိ ပတိပစ္စယာ သမ္ပယုတ္တေတီဏိ။ ၏။

(၁၃) ဝိပ္ပယုတ္တသဘာဂ၌ သာဓိပတိ စိတ္တဇရုပ်အား တတ် သော အဓိပတိတရားကိုယ် သုံးပါး လေးပါးတို့တွင် တပါးပါးဟု

ဆိုအပ်သော သဟဇာတာဓိပတိ ပစ္စည်း။ အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇောငါးချက်အား တပ်သော စုတိစိတ်မှပြန်၍ ရေသော် တဆဲ့ခုနစ်ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော အလေးအမြတ်ပြုအပ်သော ဟဒယဝတ္ထုဟု ဆိုအပ်သောဝတ္ထာရမ္မဏာပစ္စည်း။ ဤတရားတို့သည်။လ။ အဓိပတိပစ္စယာ ဝိပ္ပယုတ္တေ စတ္တာရိ။၏။ ။စတ္တာရိ ဟူသော်ကား ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ။ အဗျာကတော အဗျာကတဿ။ အဗျာကတော အကုသလဿ ဟူသည်တည်း။ (ကော်ကမြ)။

(၁၄–၁၅) အတ္ထိ သဘာဂ၌ အလုံးစုံသော သဟဇာတာဓိပတိ။ အလေးအမြတ်ပြုတတ်သော လောဘမူရှစ်ခုအား တပ်သော အလေးအမြတ်ပြုအပ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသဟု ဆိုအပ်သော အာရမ္မဏာဓိပတိ ပစ္စည်း။ ဤတရားတို့သည်။လ။ အဓိပတိပစ္စယာ အတ္ထိယာအဋ္ဌ အဝိဂတေ အဋ္ဌ။၏။

## အဓိပတိ ဃဋနာ (၃၀)

## မိဿက ဃဋနာ (၃)

**သဘာဂ**ကို ဟောတော်မူသည်မှ အခြားမဲ့၌ **ဃဋနာ**ကို ဟောတော်မူ၏။ ထိုဃဋနာ၌တုံသော်လည်း မိဿကဃဋနာ ပကိဏ္ဏက ဃဋနာသဟဇာတဃဋနာအားဖြင့် သုံးပါးပြား၏။ထိုတွင်မိဿက ဃဋနာကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌တုံသော်လည်း အတ္ထိ အဝိဂတ ဃဋနာ သနိဿယ ဃဋနာ သနိဿယ ဝိပ္ပယုတ္တဃဋနာ အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင် **အတ္ထိ အဝိဂတ** ဃဋနာကို ရှေးဦးစွာ ဟောတော်မူ၏။

(၁) ထိုအတ္ထိ အဝိဂတ **ဃဋနာ၌ သမ္ပယုတ္တ**ခန္ဓာ သာဓိပတိ စိတ္တဇရုပ်အားတပ်သော အဓိပတိတရားကိုယ် သုံးပါးလေးပါးတို့တွင် တပါးပါးဟုဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း။အလေး

အမြတ်ပြုတတ်သော လောဘမူရှစ်ခုအား တပ်သော အလေးအမြတ် ပြုအပ်သော ရူပဖြစ်သော ပဉ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသဟု ဆိုအပ်သော အာရမ္မဏာဓိပတိပစ္စည်း။ ဤတရားတို့သည် အဓိပတိ အတ္တိ အဝိဂတ ပစ္စည်းတပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အဓိပတိ အတ္တိ အဝိဂတန္တိ အဋ္ဌဟု သချာတပ်၍ ဟောအပ်ကုန်၏။ အဋ္ဌဟူသော်ကား ကုသလပဒသုံးချက် အကုသလပဒသုံးချက်။ အဗျာကတော အဗျာကတဿ။ အဗျာကတော ကုသလဿ။ အဗျာကတော အကုသလဿ ဟူသည်တည်း။ ရှေးခုနစ်ချက်သော် သဟဇာတာ ဓိပတိပစ္စည်းကိုကောက်။ ။အဗျာကတော အကုသလဿ၌ အာရမ္မဏာဓိပတိ ပစ္စည်းကို ကောက်ဝိဘင်းဟော။

(၂) ထို့နောင် သနိဿယ ဃဋနာကို။မူ၏။ ထိုသနိဿယ ဃဋနာ၌ အလုံးစုံသော သဟဇာတာဓိပတိ ပစ္စည်း။ အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာ သန္တဇော အားတပ်သော စုတိစိတ်မှပြန်၍ရသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့် အတူ ဥပါဒ်သော အလေးအမြတ်ပြုအပ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏပစ္စည်း။ ဤတရားတို့သည်။လ။ အဓိပတိ နိဿယ အတ္တိ အဝိဂတန္တိ အဋ္ဌဟု။၏။ ။(အဋ္ဌဟူသော်ကား ယခင်အဋ္ဌအတိုင်းပင်)။ အဗျာကတော အကုသလဿ၌ အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္တဇောငါးချက်အားတပ်သော စုတိစိတ်မှပြန်၍ ရသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့် အတူ-ဥပါဒ်သော အလေးအမြတ်ပြုအပ်သော ဟဒယဝတ္ထု။လ။ ၏။ (ဝိဘင်းကို ဝတ္ထုံဂရုံကတွာ ရာဂေါ ဥပ္ပဇ္ဇတိ ဒိဋ္ဌိ ဥပ္ပဇ္ဇတိဟု ဟောလေ)။

(၃) ထို့နောင် သနိဿယ ဝိပ္ပယုတ္တ ဃဋနာကို။မူ၏။ ထိုသနိဿယ ဝိပ္ပယုတ္တဃဋနာ၌ သာဓိပတိစိတ္တဇရုပ်အားတပ်သော အဓိပတိတရားကိုယ် သုံးပါးလေးပါးတို့တွင် တပါးပါးဟု ဆိုအပ်သော သဟဇာတာဓိပတိ ပစ္စည်း။ အလေးအမြတ် ပြုတတ်သော

လောဘမူ မရဏာသန္နဇော။လ။ ဟဒယဝတ္ထုပြု ဆိုအပ်သော ဝတ္ထာရမ္မဏပစ္စည်း။ ဤတရားတို့သည်။လ။ အဓိပတိ နိဿယ ဝိပ္ပ ယုတ္တ အတ္ထိ အဝိဂတန္တိ စတ္တာရိ။၏။ ။စတ္တာရိဟူသော်ကား ကုသလော အဗျာကတဿ၊အကုသလော အဗျာကတဿ။အဗျာ ကတော အဗျာကတဿ၊အဗျာကတော အကုသလဿ ဟူသည် တည်း။ (အဗျာကတော အကုသလဿ၌ ယခင် အကောက် အတိုင်း အလေးအမြတ်ပြုအပ်သော ဝတ္ထာရမ္မဏကိုကောက်)။ မိဿကသုံးချက်ပြီး၏။

## ပကိဏ္ဏကဃဋနာ (၃)

မိဿကဃဋနာကိုဟောတော်မူသည်၏ အခြားမဲ့၌ ပကိဏ္ဏက ဃဋနာကို ဟောတော်မူ၏။ ထို၌တုံသော်လည်း အာရမ္မဏ ဥပနိဿယ ဃဋနာ သဟဇာတ အတ္ထိအဝိဂတ ဃဋနာ သနိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဃဋနာအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်အာရမ္မဏ ဥပနိဿယ ဃဋနာကို ရှေးဦးစွာဟောတော်မူ၏။

(၁) ထို၌အလုံးစုံသော အာရမ္မဏာဓိပတိ ပစ္စည်း။ဤတရား တို့သည်။လ။ အဓိပတိအာရမ္မဏ ဥပနိဿယန္တိသတ္တ။၏။

(၂) ထို့နောင် သဟဇာတ အတ္ထိ အဝိဂတ ဃဋနာကို ဟောတော်မူ၏။ ထို၌အလေးအမြတ် ပြုတတ်သော လောဘမူ ရှစ်ခုအားတပ်သော အလေးအမြတ် ပြုအပ်သော ဈာန်ဖြစ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသ။ ဤတရားတို့သည်။ လ။ အဓိပတိ အာရမ္မဏ ဥပနိဿယ ပုရေဇာတ အတ္ထိ အဝိဂတန္တိကော။၏။

(၃) ထို့နောင်သနိဿယ ပုရေဇာတ ဝိပ္ပယုတ္တ ဃဋနာကို ဟောတော်မူ၏။ ထို၌အလေးအမြတ် ပြုတတ်သော လောဘမူ မရဏာသန္နဇော အားတပ်သော စုတိစိတ်မှပြန်၍ရေသော် တဆဲ့ ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော အလေးအမြတ် ပြုအပ်သော ဟဒယဝတ္ထုပြု ဆိုအပ်သော ဝတ္ထာရမ္မဏပစ္စည်း။

ဤတရားတို့သည်။ လ။ အဓိပတိ အာရမ္မဏ နိဿယ ဥပနိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ကော်။ ၏။ (ကောက်မြဲ ဝိဘင်းဟောမြဲ)။ ။ပဂိဏ္ဏက သုံးချက်ပြီး၏။

---

**သဟဇာတဃဋနာ (၂၄)**

**ဆန္ဒာဓိပတိ(၆) ချက်**

ပကိဏ္ဏကဃဋနာကို ဟောတော်မူသည်၏အခြားမဲ့၌ သဟဇာတဃဋနာကိုဟောတော်မူ၏။ ထို၌တုံသော်လည်း ဆန္ဒာဓိပတိဃဋနာ စိတ္တာဓိပတိဃဋနာ ဝီရိယာဓိပတိဃဋနာ ဝီမံသာဓိပတိဃဋနာအားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင်ဆန္ဒာဓိပတိ ဃဋနာကို ရှေးဦးစွာဟောတော်မူ၏။ ထို၌တုံသော်လည်း အဝိပါကဃဋနာ သဝိပါကဃဋနာအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် အဝိပါကဃဋနာကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌တုံသော်လည်း သမ္ပယုတ္တကဃဋနာ သအညမညသမ္ပယုတ္တ ဃဋနာ သဝိပ္ပယုတ္တဃဋနာအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင် သမ္ပယုတ္တကဃဋနာကို ရှေးဦးစွာဟောတော်မူ၏။

(၁) ထို၌သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တပ်သော ဆန္ဒာဓိပတိ။ဤတရားတို့သည်။လ။ အဓိပတိ သဟဇာတ နိဿယ အတ္ထိ အဝိဂတန္တိသတ္တ။ ၏။ (သတ္တသရုပ် သဟဇာတာဓိပတိအတိုင်း)။

(၂) ထို့နောင် သအညမည သမ္ပယုတ္တ ဃဋနာကိုဟောတော်မူ၏။ ထို၌သမ္ပယုတ္တခန္ဓာ အားတပ်သော ဆန္ဒာဓိပတိ၊ လ။ အဓိပတိ သဟဇာတ အညမည နိဿယ သမ္ပယုတ္တအတ္ထိ အဝိဂတန္တိတိကာ။၏။

(၃) ထို့နောင် သဝိပ္ပယုတ္တ ဃဋနာကို ဟောတော်မူ၏။ ထို၌သာဓိပတိ စိတ္တဇရုပ်အားတပ်သော ဆန္ဒာ ဓိပတိ။ လ။

အဝိပတိ သဟဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိတိကံ။ ၆။ ။(အဝိပါကသုံးချက်)။

(၄) အဝိပါက ဃဋနာကိုဟောတော်မူသည်၏ အခြားမဲ့၌ သဝိပါက ဃဋနာကိုဟောတော်မူ၏။ ထို၌တုံသော်လည်း သမ္ပယုတ္တ နိကဃဋနာ သအညမညသမ္ပယုတ္တ ဃဋနာ သဝိပ္ပယုတ္တ ဃဋနာ ဟူ၍ သုံးပါးအပြားရှိ၏။ ထိုတွင်သမ္ပယုတ္တနိက ဃဋနာကို ရှေးဦးစွာဟောတော်မူ၏။ ထိုသမ္ပယုတ္တနိက ဃဋနာ၌ သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ် အားတပ်သော ဖိုလ်လေးခု၌ရှိသော ခန္ဓာ မိပတိ သဟဇာတ နိဿယ ဝိပါက အတ္ထိ အဝိဂတန္တိကေကံ။ ၆။

(၅) ထို့နောင် သအညမည သမ္ပယုတ္တဃဋနာကို ဟောတော်မူ၏။ ထို၌ သမ္ပယုတ္တခန္ဓာ အားသာတပ်သော ဖိုလ်လေးခု၌ ရှိသော ခန္ဓာမိပတိ.လ။ သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတန္တိကေကံ၊၆။

(၆) ထို့နောင်သဝိပ္ပယုတ္တဃဋနာကို ဟောတော်မူ၏၊ ထို၌ သာဓိပတိ စိတ္တဇရုပ် အားတပ်သော ဖိုလ်လေးခု၌ရှိသော ခန္ဓာ မိပတိ။လ။အဓိပတိ သဟဇာတ နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ကေကံ၊၆။ ။(သဝိပါကသုံးချက်။ ။ပေါင်းခန္ဓာ မိပတိ ဃဋနာခြောက်ချက်)။

---

## စိတ္တာဓိပတိ (၆) ချက်

ခန္ဓာမိပတိ ဃဋနာကိုဟောတော်မူသည်၏အခြားမဲ့၌ စိတ္တာ ဓိပတိ ဃဋနာကို ဟောတော်မူ၏။ ထို၌တုံသော်လည်း အဝိပါက ဃဋနာ သဝိပါက ဃဋနာအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် အဝိပါကဃဋနာကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌တုံသော် လည်း သမ္ပယုတ္တနိကဃဋနာ သအညမည သမ္ပယုတ္တဃဋနာ သဝိပ္ပ ယုတ္တ ဃဋနာအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင် သမ္ပယုတ္တနိက ဃဋနာကို ရှေးဦးစွာဟောတော်မူ၏။

(၁) ထိုဝိပါကသမ္ပယုတ္တခန္ဓာ စိတ္တာဓိပတိ စိတ္တဇရုပ်အားတပ်သော စိတ္တာဓိပတိ။လ။ အဓိပတိ သဟဇာတနိဿယ အာဟာရ ဣန္ဒြိယ အတ္ထိ အဝိဂတန္တိသတ္တ။၏။

(၂) ထို့နောင် သအညမည သမ္ပယုတ္တ ဃဋနာကို ဟောတော်မူ၏။ ထိုဝိပါကသမ္ပယုတ္တခန္ဓာအားတပ်သော စိတ္တာဓိပတိ။ လ။ အဓိပတိ သဟဇာတ အညမည နိဿယ အာဟာရ ဣန္ဒြိယ သမ္ပယုတ္တ အတ္ထိ အဝိဂတန္တိတိဏ္ဏိ။၏။

(၃) ထို့နောင် သဝိပ္ပယုတ္တ ဃဋနာကို ဟောတော်မူ၏။ ထိုသဝိပ္ပယုတ္တ ဃဋနာ၌ သာဓိပတိစိတ္တဇရုပ်အား တပ်သော စိတ္တာဓိပတိ။လ။ အဓိပတိ သဟဇာတ နိဿယ အာဟာရ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိတိဏ္ဏိ။၏။ ။(အဝိပါကသုံးချက်)။

(၄) ထို့နောင် သဝိပါက ဃဋနာကို ဟောတော်မူ၏။ထို၌ တုံသော်လည်း သမ္ဗန္ဓာနိကဃဋနာ သအညမည သမ္ပယုတ္တ ဃဋနာ သဝိပ္ပယုတ္တ ဃဋနာအားဖြင့် သုံးပါးအပြားရှိ၏။ထိုတွင် သမ္ဗန္ဓာနိကဃဋနာကို ရှေးဦးစွာဟောတော်မူ၏။ ထို၌ သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ် အားတပ်သော ဗိုလ်လေးခုဟုဆိုအပ်သော စိတ္တာဓိပတိ။လ။ အဓိပတိ သဟဇာတ နိဿယ ဝိပါက အာဟာရ ဣန္ဒြိယ အတ္ထိ အဝိဂတန္တိဧကံ၊၏။

(၅) ထို့နောင်သအညမညသမ္ပယုတ္တဃဋနာကိုဟောတော်မူ၏။ ထို၌သမ္ပယုတ္တခန္ဓာ အားသာ တပ်သော ဗိုလ်လေးခုဟုဆိုအပ်သော စိတ္တာဓိပတိ။လ။ အဓိပတိ သဟဇာတ အညမည နိဿယ ဝိပါက အာဟာရ ဣန္ဒြိယ သမ္ပယုတ္တ အတ္ထိ အဝိဂတန္တိဧကံ။၏။

(၆) ထို့နောင် သဝိပ္ပယုတ္တ ဃဋနာကို ဟောတော်မူ၏။ ထို၌သာဓိပတိ စိတ္တဇရုပ်အားသာ တပ်သော ဗိုလ်စိတ်လေးခုဟုဆိုအပ်သော စိတ္တာဓိပတိ။လ။ အဓိပတိ သဟဇာတ နိဿယ ဝိပါက အာဟာရ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိဧကံ။၏။ (သဝိပါကသုံးချက်။ ။စိတ္တာဓိပတိခြောက်ချက်)။

## ဝီရိယာဓိပတိ (၆) ချက်

စိတ္တာဓိပတိဃဋနာကိုဟောတော်မူသည်၏အခြားမဲ့၌ ဝီရိယာဓိပတိ ဃဋနာကို ဟောတော်မူ၏။ ထို၌တုံသော်လည်း အဝိပါက ဃဋနာ၊ သဝိပါကဃဋနာ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် အဝိပါကဃဋနာကို ရှေးဦးစွာဟောတော်မူ၏။ ထို၌တုံသော်လည်း သဗ္ဗဋ္ဌာနိကဃဋနာ သအညမည သမ္ပယုတ္တဃဋနာ သဝိပ္ပယုတ္တ ဃဋနာအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်သဗ္ဗဋ္ဌာနိက ဃဋနာကို ရှေးဦးစွာဟောတော်မူ၏။

(၁) ထို၌သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ် အားတပ်သော ဝီရိယာဓိပတိ။ လ။ အဓိပတိ သဟဇာတ နိဿယ ဣန္ဒြိယ မဂ္ဂ အတ္ထိအဝိဂတန္တိသတ္တ။ ၏။

(၂) ထို့နောင် သအညမည သမ္ပယုတ္တ ဃဋနာကို ဟော တော်မူ၏။ ထို၌ သမ္ပယုတ္တခန္ဓာအားသာ တပ်သော ဝီရိယာ ဓိပတိ။ လ။ အဓိပတိ သဟဇာတ အညမည နိဿယ ဣန္ဒြိယ မဂ္ဂ သမ္ပယုတ္တ အတ္ထိ အဝိဂတန္တိတီဏိ။ ၏။

(၃) ထို့နောင် သဝိပ္ပယုတ္တ ဃဋနာကို ဟောတော်မူ၏။ ထို၌သာဓိပတိစိတ္တဇရုပ် အားတပ်သော ဝီရိယာ ဓိပတိ။ လ။ အဓိပတိ သဟဇာတ နိဿယ ဣန္ဒြိယ မဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိ ဂတန္တိတီဏိ။ ၏။ ။ (အဝိပါကသုံးချက်)။

(၄) အဝိပါကဃဋနာကို ဟောတော်မူသည်၏အခြားမဲ့၌ သဝိပါကဃဋနာကို ဟောတော်မူ၏။ ထို၌တုံသော်လည်း သဗ္ဗဋ္ဌာ နိကဃဋနာ သအညမည သမ္ပယုတ္တဃဋနာ သဝိပ္ပယုတ္တ ဃဋနာ အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင် သဗ္ဗဋ္ဌာနိက ဃဋနာကို ရှေးဦးစွာဟောတော်မူ၏။ ထို၌သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇ ရုပ်အားတပ်သော ဗိုလ်လေးခု၌ ရှိသော ဝီရိယာ ဓိပတိ။ လ။ အဓိပတိ သဟဇာတ နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိ ဂတန္တိဧကံ။ ၏။

(၅) ထို့နောင် သအညမည သမ္ပယုတ္တဃဋနာကို ဟောတော်မူ၏။ ထိုဥ္စသမ္ပယုတ္တခန္ဓာအားသာ တပ်သော ဖိုလ်လေးခု၌ ရှိသော ဝိရိယာဓိပတိ။ လ။ အဓိပတိ သဟဇာတ အညမည နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ သမ္ပယုတ္တ အတ္ထိ အဝိဂတနှိ ဂေါ။ ၏။

(၆) ထို့နောင် သဝိပ္ပယုတ္တဃဋနာကို ဟောတော်မူ၏။ ထိုဥ္စ သာဓိပတိစိတ္တဇရုပ်အားတပ်သော ဖိုလ်လေးခု၌ရှိသော ဝိရိယာ ဓိပတိ။ လ။ အဓိပတိ သဟဇာတ နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတနှိ ဂေါ။ ၏။ (သဝိပါကသုံးချက်) ဝိရိ ယာ ဓိပတိ ဃဋနာခြောက်ချက်ပြီး၏။

---

## ဝိမံသာဓိပတိ (၆) ချက်

ဝိရိယာဓိပတိဃဋနာကို ဟောတော်မူသည်၏အခြားမဲ့၌ ဝိမံ သာဓိပတိဃဋနာကို ဟောတော်မူ၏။ ထိုဥ္စတုံသော်လည်း အဝိ ပါကဃဋနာ သဝိပါကဃဋနာအားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုတွင် အဝိပါက ဃဋနာကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုဥ္စတုံသော် လည်း သဗ္ဗဋ္ဌာနိကဃဋနာ သအညမည သမ္ပယုတ္တဃဋနာ သဝိပ္ပ ယုတ္တဃဋနာ အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင် သဗ္ဗဋ္ဌာနိက ဃဋနာကို ရှေးဦးစွာဟောတော်မူ၏။

(၁) ထိုဥ္စသမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ်အားတပ်သော ဝိမံသာဓိပတိ၊ လ။ အဓိပတိ ဟေတု သဟဇာတ နိဿယ ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတနှိစတ္တာရိ။ ၏။

(၂) ထို့နောင် သအညမည သမ္ပယုတ္တ ဃဋနာကို ဟော တော်မူ၏။ ထိုဥ္စသမ္ပယုတ္တခန္ဓာ အားသာတပ်သော ဝိမံသာဓိပတိ။ လ။ အဓိပတိ ဟေတု သဟဇာတ အညမည နိဿယ ဣန္ဒြိယ မဂ္ဂ သမ္ပယုတ္တ အတ္ထိ အဝိဂတနှိဒွေ။ ၏။

(၃) ထို့နောင် သဝိပ္ပယုတ္တဃဋနာကို ဟောတော်မူ၏။ ထိုဥ္စ သာဓိပတိ စိတ္တဇရုပ်အားတပ်သော ဝိမံသာဓိပတိ။ လ။ အဓိပတိ

ဟေတု သဟဇာတ နိဿယ ဣန္ဒြိယ ပဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ဒွေ။၈၊။ ။(အဝိပါကသုံးချက်)။

(၄) အဝိပါက ဃဋနာကို ဟောတော်မူသည်၏ အခြားမဲ့၌ သဝိပါက ဃဋနာကို ဟောတော်မူ၏။ ထို၌ သမ္ပယုတ္တနိက ဃဋနာ သအညမည သမ္ပယုတ္တဃဋနာ သဝိပ္ပယုတ္တဃဋနာအားဖြင့်သုံးပါး အပြားရှိ၏။ ထိုတွင် သမ္ပယုတ္တနိက ဃဋနာကို ရှေးဦးစွာဟောတော်မူ၏။ ထို၌ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အားတပ်သော ဗိုလ်ခလေးခုန်ရှိသော ဝိမံသာဓိပတိ။လ။ အဓိပတိ ဟေတု သဟဇာတ နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတန္တိ ကော။၈၊။

(၅) ထို့နောင် သအညမညသမ္ပယုတ္တ ဃဋနာကို ဟောတော်မူ၏။ ထို၌သမ္ပယုတ္တခန္ဓာအားသာတပ်သော ဗိုလ်လေးခုန်ရှိသော ဝိမံသာဓိပတိ။လ။အဓိပတိ ဟေတု သဟဇာတ အညမည နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂသမ္ပယုတ္တ အတ္ထိ အဝိဂတန္တိကော။၈၊။

(၆) ထို့နောင် သဝိပ္ပယုတ္တ ဃဋနာကို ဟောတော်မူ၏။ ထို၌သာဓိပတိ စိတ္တဇရုပ် အားတပ်သော ဗိုလ်လေးခုန်ရှိသော ဝိမံသာဓိပတိ။လ။ အဓိပတိ ဟေတု သဟဇာတ နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိကော။ ၈၊။ (သဝိပါက သုံးချက်။ ပေါင်းဝိမံသာဓိပတိ ဃဋနာခြောက်ချက်။ ။သဘာဂ တဆဲ့ငါးချက်။ ။ဃဋနာမိဿကသုံးချက်။ ပကိဏ်း သုံးချက်။ သဟဇာတ နှစ်ဆဲ့လေးချက်။ပေါင်းဃဋနာသုံးဆယ်)။ ။အဓိပတိ ပြီး၏။

---

## အနန္တရသဘာဂ (၆)

အဓိပတိမိဿကကို ဟောတော်မူသည်၏အခြားမဲ့၌ အနန္တရ မိဿကကို ဟောတော်မူ၏။ ထို၌တုံသော်လည်း သဘာဂ ဃဋနာအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် သဘာဂကို ရှေးဦးစွာ

ဟောတော်မူ၏။ ထိုဥ္စတိုးသော်လည်း အနန္တရမှု သမနန္တရသဘာဂ ဥပနိဿယသဘာဂ အာသေဝနသဘာဂ ကမ္မသဘာဂ နတ္ထိသဘာဂ ဝိဂတသဘာဂ အားဖြင့် ခြောက်ပါးအပြားရှိ၏။

(၁-၂) ထိုတွင် သမနန္တရသဘာဂကို ရှေးဦးစွာ ဟော တော်မူ၏။ ထိုသမနန္တရ သဘာဂ၌ ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာအားတပ်သော ရဟန္တာတို့စုတိ ကြဉ်သော ရှေးရှေးသော နာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် အနန္တရ သမနန္တရပစ္စည်း နှစ်ပါးတပ်ကုန်၏။ ထို့ကြောင့် အနန္တရ ပစ္စယာ သမနန္တရေသတ္တ။ ၏။ ။(ဥပနိဿယ သဘာဂလည်း နည်းတူ)။

(၃) အာသေဝန သဘာဂ၌ ပဌမဇောဖိုလ်ဇောကြဉ်သော နောက်နောက်သော ဇော ဂေါတြဘူ အားတပ်သော အဆုံး ဇော ကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ။ လ။ အနန္တရပစ္စယာ အာသေဝနေတိကံ။ ၏။

(၄) ကမ္မသဘာဂ၌ မဂ္ဂါနန္တရဖိုလ်လေးခုအား တပ်သော မဂ်စေတနာ။ လ။ အနန္တရပစ္စယာ ကမ္မေကံ။ ၏။ (မဂ္ဂေါဖလဿ ဝိဘင်းဟော)။

(၅-၆) နတ္ထိသဘာဂ ဝိဂတသဘာဂ ဤနှစ်ပါးတို့သည် သမနန္တရသဘာဂနှင့် တူကုန်၏။

---

## အနန္တရဃဋနာ (၃)

သဘာဂကို ဟောတော်မူသည်၏အခြားမဲ့၌ ဃဋနာကို ဟော တော်မူ၏။ ထိုဥ္စ တိုးသော်လည်း သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ဃဋနာ အာသေဝန ဃဋနာ သကမ္မဃဋနာ အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင် သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ဃဋနာကို ရှေးဦးစွာ ဟောတော်မူ၏။

(၅) ထိုဥ္စ် အလုံးစုံသော အနန္တရပစ္စည်း။ ဤကား အကျဉ်း ဆိုနည်း။ (အကျယ်သဘာဂအတိုင်းဆို)။လ။အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတန္တိ သုတ္တ။၏။

(၂) ထို့နောင် အာသေဝန ဃဋနာကို ဟောတော်မူ၏။ ထိုဥ္စ် အလုံးစုံသော အာသေဝနပစ္စည်း။လ။ အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတန္တိတိကိ။ ၏။

(၃) ထို့နောင် သကမ္မဃဋနာကို ဟောတော်မူ၏။ ထိုဥ္စ် မဂ္ဂါ နန္တရမှိုလ်လေးခုအားတပ်သော မဂ်စေတနာ။လ။ အနန္တရ သမနန္တရ ဥပနိဿယ ကမ္မ နတ္ထိ ဝိဂတန္တိ ကော်။၏။ (သဘာဂ ခြောက်ချက်။ ဃဋနာသုံးချက်)။ သမနန္တရလည်း နည်းတူ။ ။ အနန္တရပြီး၏။

---

## သဟဇာတသဘာဂ (၀၄)

သမနန္တရမိဿကကို ဟောတော်မူသည်၏ အခြားမဲ့ဥ္စ် သဟ ဇာတ မိဿကကို ဟောတော်မူ၏။ထိုဥ္စ်တုံသော်လည်း သဘာဂ ဃဋနာအားဖြင့်နှစ်ပါးအပြားရှိ၏၊ထိုတွင် သဘာဂကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုဥ္စ်တုံသော်လည်း သဟဇာတမူ ဟေတု သဘာဂ အဓိပတိသဘာဂ အညမညသဘာဂ နိဿယသဘာဂ ကမ္မသဘာဂ ဝိပါကသဘာဂ အာဟာရသဘာဂ ဣန္ဒြိယသဘာဂ ဈာနသဘာဂ မဂ္ဂသဘာဂ သမ္ပယုတ္တသဘာဂ ဝိပ္ပယုတ္တသဘာဂ အတ္ထိသဘာဂ အဝိဂတသဘာဂအားဖြင့် တဆဲ့လေးပါးအပြား ရှိ၏။ ထိုတွင် သဟဇာတမူ ဟေတုသဘာဂကို ရှေးဦးစွာ ဟော တော်မူ၏။

(၁) ထိုဥ္စ် သမ္ပယုတ္တခန္ဓာသဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဟိတ်ခြောက်ပါး။ဤတရားတို့သည်။လ။ သဟဇာတပစ္စယာ ဟေတုယာသတ္တ။၏။

(၂) အဓိပတိသဘာဝဂ္ဂ၌ အလုံးစုံသော သဟဇာတာဓိပတိပစ္စည်း (အကျယ်ဆိုမြဲ)၊လ။ သဟဇာတပစ္စယာ အဓိပတိယာ သတ္တ။ ၏။

(၃) အညမညသဘာဝဂ္ဂ၌ အလုံးစုံသော အညမညပစ္စည်း ။လ။ သဟဇာတပစ္စယာ အညမညေတိကိ။ ၏။

(၄) နိဿယသဘာဝဂ္ဂ၌ အလုံးစုံသော သဟဇာတ နိဿယပစ္စည်း။လ။သဟဇာတ ပစ္စယာ နိဿယေနဝ။ ၏။

(၅) ကမ္မသဘာဝဂ္ဂ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော စေတနာဟု ဆိုအပ်သော သဟဇာတကမ္မပစ္စည်း။လ။သဟဇာတပစ္စယာကမ္မေသတ္တ။ ၏။

(၆) ဝိပါက သဘာဝဂ္ဂ၌ အချင်းချင်းအား လည်းကောင်း။ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်ပဋိသန္ဓေ ကမ္မဇရုပ် အားလည်းကောင်း တပ်သော အလုံးစုံသော ဝိပါက်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဟဒယဝတ္ထုအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။လ။ သဟဇာတ ပစ္စယာ ဝိပါကေ ဧကံ။ ၏။

(၇) အာဟာရသဘာဝဂ္ဂ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဖဿစေတနာဝိညာဏ် ဩဇာ တရားတို့သည်။လ။ သဟဇာတပစ္စယာ အာဟာရေ သတ္တ။ ၏။

(၈) ဣန္ဒြိယသဘာဝဂ္ဂ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော နာမ်ဣန္ဒြေရှစ်ပါးဟု ဆိုအပ်သော သဟဇာတိန္ဒြိယပစ္စည်း။လ။ သဟဇာတပစ္စယာ ဣန္ဒြိယေသတ္တ။ ၏။

(၉) ဈာနသဘာဝဂ္ဂ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဈာနင် တရားကိုယ် ငါးပါး။လ။ သဟဇာတပစ္စယာဈာနေ သတ္တ။ ၏။

(၁၀) မဂ္ဂသဘာဝဂ္ဂ၌ သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော မဂ္ဂင်တရားကိုယ် ကိုးပါး။လ။ သဟဇာတ ပစ္စယာမဂ္ဂေသတ္တ။ ၏။

(၁၁) သမ္ပယုတ္တသဘာဝဂ၌ အလုံးစုံသော သမ္ပယုတ္တပစ္စည်း။လ။ သဟဇာတပစ္စယာ သမ္ပယုတ္တေတိကာ။ ၈။

(၁၂) ဝိပ္ပယုတ္တသဘာဝဂ၌ အလုံးစုံသော သဟဇာတ ဝိပ္ပယုတ္တ ပစ္စည်း။လ။သဟဇာတပစ္စယာဝိပ္ပယုတ္တေတိကာ။ ၈။

(၁၃-၁၄) (အတ္ထိသဘာဝ အဝိဂတသဘာဝဂ၌ သဟဇာတ အတိုင်း) သဟဇာတပစ္စယာ အတ္ထိယာနဝ အဝိဂတေနဝ။ ၈။

---

## သဟဇာတစာဠနာ (၃၀)

သဘာဝကို ဟောတော်မူသည်၏အခြားမဲ့၌ ဃဋနာကို ဟောတော်မူ၏။ ထို၌တိုသော်လည်း အဝိပါကဃဋနာ သဝိပါက ဃဋနာ အားဖြင့် နှစ်ပါးအပြားရှိ၏။ထိုတွင် အဝိပါကဃဋနာကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌လည်း သမ္ပဉ္ဇာနိက ဃဋနာ သအညမညဃဋနာ သအညမညသမ္ပယုတ္တဃဋနာ သဝိပ္ပယုတ္တ ဃဋနာ သအညမညဝိပ္ပယုတ္တဃဋနာအားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင် သမ္ပဉ္ဇာနိကဃဋနာကို ရှေးဦးစွာ ဟောတော်မူ၏။

(၁) ထို၌ အချင်းချင်းအား လည်းကောင်း။ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား လည်းကောင်း တပ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး အချင်းချင်း အားလည်းကောင်း။ ဥပါဒါရုပ်အား လည်းကောင်း တပ်သော မဟာဘုတ်လေးပါး။ အချင်းချင်းအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ ဤတရားတို့သည်။ လ။ သဟဇာတ နိဿယ အတ္ထိ အဝိဂတန္တိနဝ။ ၈။

(၂) ထို့နောင် သအညမည ဃဋနာကို ဟောတော်မူ၏။ ထို၌အချင်းချင်းအား တပ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအား တပ်သော မဟာဘုတ် လေးပါး။ အချင်းချင်းအား တပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။လ။ သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတန္တိတိကာ။ ၈။

(၃) ထို့နောင် သအညမညသမ္ပယုတ္တ ဃဋ္ဋနာကို ဟောတော်မူ၏။ ထို၌ အချင်းချင်းအား တပ်သော အလုံးစုံသော ပစ္စတ္တိပဋ္ဌိသန္ဓေ နာမက္ခန္ဓာလေးပါး၊ လ။ သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတ နှင့်တကွ၏။

(၄) ထို့နောင် သဝိပ္ပယုတ္တဃဋ္ဋနာကိုဟောတော်မူ၏။ ထို၌ စိတ္တဇရုပ် ပဋ္ဌိသန္ဓေ ကမ္မဇရုပ် အား တပ်သော အရူပဝိပါက်လေးခု ဒွေပဥ္စဝိညာဏ်တဆယ်ရဟန္တာတို့ စုတိကြဉ်သော ပဉ္စဝေါကာရ ပစ္စတ္တိပဋ္ဌိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအားတပ်သော ပဉ္စဝေါကာရ ပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ လ။ သဟဇာတ နိဿယ ဝိပ္ပယုတ္တအတ္ထိ အဝိဂတ နှင့်တကွ၏။

(၅) ထို့နောင် သအညမည ဝိပ္ပယုတ္တ ဃဋ္ဋနာကို ဟောတော်မူ၏။ ထို၌ အချင်းချင်းအား တပ်သော ပဉ္စဝေါကာရ ပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ လ။ သဟဇာတ အညမည နိဿယသဝိပ္ပယုတ္တအတ္ထိ အဝိဂတနှင့်ဖက်၏။ (အဝိပါကငါးချက်)။

## သဝိပါက (၅) ချက်

နော၀အတ္ထိပစ္စယာ။ လ။ နဥပနိဿယ ပစ္စယာ နပုရေဇာတေ ဒွေအရကား မဂ္ဂါနက္ခရ ဖိုလ်အားတပ်သော မဂ်စေတနာ ဝိပါက် ဆတ္တိံသအား တပ်သော ဖလဝ နာနာက္ခဏိကမှတပါး နာနာက္ခ ဏိက ကမ္မ။ ဒွေ။ ၏။ (နော၀အတ္ထိမှကုန်အောင် နာနာက္ခဏိကချည်း ပင်။ သင်္ချာလည်း ဒွေသာထွက်သည်။ ။နော၀နတ္ထိ နော၀ဝိဂတ မှုလည်း လွယ်ပြီ။ နော၀အဝိဂတမှုလည်း နော၀နတ္ထိမှု အတိုင်းမထူး ပြီ)။ ။ပစ္စည်း ပစ္စနိက်ပြီးပြီ။

---

## ပဋ္ဌာ၀ါရ

## အနုလောမ ပစ္စနိက ဒုက သင်္ချာ၀ါရ

ပစ္စည်းပစ္စနိက်ကိုဟောတော်မူသည်၏ အခြားမဲ့၌ ပစ္စည်းအနု လောမ ပစ္စနိက်ကို ဟောတော်မူ၏။ ထို၌ တုံသော်လည်း

ဟေတုပစ္စည်း၏ အနုလောမ ပစ္စနိက်အစရှိသောအားဖြင့် နှစ်ဆဲ့လေးပါး အပြားရှိ၏။ ထိုတွင် ဟေတုပစ္စည်း၏ အနုလောမ ပစ္စနိက်ကို ရှေးဦးစွာဟောတော်မူ၏။ ထို့နှ တုံသော်လည်းဒုက ဿဋ္ဌနာအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ဒုကကို ရှေးဦးစွာ ဟောတော်မူ၏။ ထို့နှတုံသော်လည်း ဟေတုမူ နာရမ္မဏ ဒုကအစ ရှိသောအားဖြင့် တဆဲ့ကိုးပါး အပြားရှိ၏။ (သဟဇာတ နိဿယ အတ္ထိ အဝိဂတ ဤလေးပစ္စည်းကျသည်)။ ။ထိုတွင် ဟေတုမူ နာရမ္မဏ ဒုကကို ရှေးဦးစွာ ဟောတော်မူ၏။

---

## ဟေတု နာရမ္မဏ

ထို့နှဟေတုပစ္စည်းမှတပါး အလုံးစုံသော သဟဇာတ ပစ္စည်း။ အနန္တရူပ ပကတူပနိဿယပစ္စည်း။ ဝတ္ထုပုရေဇာတ ပစ္စည်း။ ပစ္ဆာဇာတပစ္စည်း။ နာနာက္ခဏိက ကမ္မပစ္စည်း။ ရုပ်အာဟာရ ပစ္စည်း။ ရူပဇီဝိတိန္ဒြိယ ပစ္စည်း။ ဤပစ္စည်း ခုနစ်ပါး တို့သည် နာရမ္မဏ ပစ္စည်းသာတပ်၍ ဟေတုပစ္စည်း မတပ်သောကြောင့် ဟေတု ပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ပစ္စနိက်၌နဟေတု ပစ္စယာ နာရမ္မဏေ ပန္နရသ။၏။

ဟေတုပစ္စည်းသာတပ်၍ နာရမ္မဏ ပစ္စည်းမတပ်သော တရား ကားမရှိ။ ထို့ကြောင့် အနုလုံ၌ ဟေတုပစ္စယာ အာရမ္မဏေ အစ ရှိသည်ဖြင့် မဟောရသတည်း။ အလုံးစုံသော အာရမ္မဏပစ္စည်း။ ဤတရားတို့သည် ဟေတု နာရမ္မဏပစ္စည်း နှစ်ပါးမတပ်ကုန်။ ထို့ကြောင့် ပစ္စနီယာ နုလောမ၌ နဟေတုပစ္စယာ အာရမ္မဏေ နဝ။၏။ အလုံးစုံသော ဟေတုပစ္စည်း ဤတရားတို့သည် ဟေတု နာရမ္မဏ ပစ္စည်းနှစ်ပါးတပ်ကုန်၏။ ထို့ကြောင့် ဤအနုလောမ ပစ္စနိက်၌ ဟေတုပစ္စယာ နာရမ္မဏေသတ္တ။၏။

---

## ဟေတု နာဓိပတိ

ဟေတုမူ နာဓိပတိ ဒုကၡ အာရမ္မဏာ ဓိပတိမှ တပါး အာရမ္မဏပစ္စည်း။ ဟေတုပစ္စည်း သဟဇာတာဓိပတိ ပစ္စည်းမှ တပါး အလုံးစုံသော သဟဇာတပစ္စည်း။ အနန္တရူပ ပကတူပ နိဿယပစ္စည်း။ ၀တ္ထုပုရေဇာတပစ္စည်း။ ပစ္ဆာဇာတပစ္စည်း။နာနာက္ခဏိက ကမ္မပစ္စည်း။ ရုပ်အာဟာရပစ္စည်း။ ရူပဇီဝိတိန္ဒြိယ ပစ္စည်း။ဤပစ္စည်းရှစ်ပါးတို့သည်နာဓိပတိပစ္စည်းသာတပ်၍ဟေတု ပစ္စည်းမတပ်သောကြောင့် ဟေတုပစ္စည်းတွန်း၍ စင်ကုန်၏။ ။ ထို့ကြောင့်ပစ္စနိက်၌ နဟေတု ပစ္စယာ နာဓိပတိယာ ပန္နရသ၊၏။

သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တပ်သော ဝိမံသာ ဓိပတိ။ ဤတရားတို့သည် ဟေတုပစ္စည်းသာတပ်၍ နာဓိပတိ ပစ္စည်း မတပ်သောကြောင့် နာဓိပတိ ပစ္စည်းတွန်း။ ထို့ကြောင့် အနုလုံ၌ ဟေတုပစ္စယာ အဓိပတိယာ စတ္တာရိ။၏။ ။ဝိပ်သာ မိပတိမှတပါး သဟဇာတာဓိပတိ ပစ္စည်း။ အာရမ္မဏာဓိပတိ ပစ္စည်း။ဤတရားတို့သည်ဟေတုနာဓိပတိပစ္စည်းနှစ်ပါးမတပ်ကုန်။ ထို့ကြောင့် ပစ္စနီယာ နုလောမ၌ နဟေတုပစ္စယာ အဓိပတိယာ ဒသ။၏။ ။ဝိမံသာဓိပတိမှတပါး ဟေတုပစ္စည်း။ ဤတရားတို့သည် ။လ။ ဤအနုလောမ ပစ္စနိက်၌ ဟေတု ပစ္စယာ နာဓိပတိယာ သတ္တ။၏။

---

## ဟေတု နာနန္တရ

ဟေတုမူ နာနန္တရ ဒုကၡ အလုံးစုံသော အာရမ္မဏပစ္စည်း။ ဟေတုပစ္စည်းမှတပါး သဟဇာတပစ္စည်း။ မဂ္ဂါ နန္တရဖိုလ်အား တပ်သော မဂ်စေတနာမှတပါး ပကတူပနိဿယပစ္စည်း။ ၀တ္ထု ပုရေဇာတပစ္စည်း။ ပစ္ဆာဇာတပစ္စည်း။ နာနာက္ခဏိက ကမ္မ ပစ္စည်း။ ရုပ်အာဟာရပစ္စည်း။ ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဤပစ္စည်း တရားတို့သည်နာနန္တရပစ္စည်းသာတပ်၍ဟေတုပစ္စည်း မတပ်။လ။

ပစ္စနိက်၌ နဟေတု ပစ္စယာ နာနန္တရေ ပဉ္စရသ။၏။ ။ဟေတု ပစ္စည်းသာ တပ်၍ နာနန္တရ မတပ်သော တရားကား မရှိ။ လ။ထို့ကြောင့် အနုလုံ၌ ဟေတုပစ္စယာ နာနန္တရေ အစ်ရှိသည်ဖြင့် မဟောရသတည်း။ ။အလုံးစုံသော အနန္တရပစ္စည်း၊ ၏တရားတို့သည် ဟေတု နာနန္တရနှစ်ပါး မတပ်ကုန်။ထို့ကြောင့် ပစ္စနီယာ နုလောမ၌ နဟေတုပစ္စယာ အနန္တရေသတ္တ။၏။

အလုံးစုံသော ဟေတုပစ္စည်း၊ ၏တရားတို့သည် ဟေတု ပစ္စည်း၊ နာနန္တရပစ္စည်း၊ နှစ်ပါးတပ်ကုန်၏။ ထို့ကြောင့် ၏ အနုလောမ ပစ္စနိက်၌ ဟေတုပစ္စယာ နာနန္တရေ သတ္တ။၏။ (ဟေတုမူ နသဟဇာတ မရ)။

---

### ဟေတု နအညမည

နအညမည ဒုက၌ အလုံးစုံသော အာရမ္မဏပစ္စည်း၊ စိတ္တဇရုပ် ဟဒယဝတ္ထုမှတပါး ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဟေတု ပစ္စည်းမှတပါး နာမက္ခန္ဓာလေးပါး၊ ဥပါဒါရုပ်အား တပ်သော မဟာဘုတ်လေးပါးဟု ဆိုအပ်သော သဟဇာတပစ္စည်း၊ အနန္တ ရူပ ပကတူပနိဿယပစ္စည်း၊ ဝတ္ထုပုရေဇာတပစ္စည်း၊ ပစ္ဆာဇာတ ပစ္စည်း၊ နာနာက္ခဏိက ကမ္မပစ္စည်း၊ ရုပ်အာဟာရပစ္စည်း၊ ရူပဇီဝိ တိန္ဒြိယပစ္စည်း၊ ၏ပစ္စည်း ရှစ်ပါးတို့သည် နအညမည ပစ္စည်းသာ တပ်၍ ဟေတုပစ္စည်းမတပ်ကုန်၊ ဟေတုတွင်း၊ နဟေတုပစ္စယာ နအညမညေကောဒသ။၏။ ။သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တပ်သော ဟိတ်ခြောက်ပါး။လ။ ဟေတုပစ္စည်းသာတပ်၍ နအည မညမတပ်။ အညမညတွင်း၊ အနုလုံ၌ ဟေတုပစ္စယာ အညမညေ တိဏိ။၏။ ။ဟေတု ပစ္စည်းမှတပါး အညမည ပစ္စည်းတွင်း။ အလွတ်။ နဟေတု ပစ္စယာ အညမညေတိဏိ။ ။သဟိတ်စိတ္တဇရုပ် ဟဒယဝတ္ထုမှတပါး သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဟိတ်ခြောက်ပါး။ အနုလောမ ပစ္စနိက်၌ ဟေတုပစ္စယာ နအည မညေတိဏိ။၏။ (နနိဿယမရ)။

## ဟေတု နဥပနိဿယ

နဥပနိဿယဒုက၌ အာရမ္မဏူပနိဿယမှတပါး အလုံးစုံသော အာရမ္မဏပစ္စည်း။ ဟေတုပစ္စည်းမှတပါး သဟဇာတပစ္စည်း။ ဝဏ္ဏ၊ ပုရေဇာတပစ္စည်း။ ပစ္ဆာဇာတပစ္စည်း။ ဝိပါက်ဆတ္တိ သအားတပ်သော ဖလဝနာနာက္ခဏိကကမ္မမှတပါး နာနာက္ခဏိကကမ္မပစ္စည်း။ ရုပ်အာဟာရပစ္စည်း။ ရူပဇီဝိတိန္ဒြိယပစ္စည်း။ဤပစ္စည်း ခုနစ်ပါးတို့သည်။လ။နဥပနိဿယပစ္စည်းသာတပ်၍။ ဟေဝုတွန်း ။လ။ပစ္စနိက်၌ နဟေတုပစ္စယာ နဥပနိဿယေ ပန္နရသ။ ဟေတုပစ္စည်းသာတပ်၍ ဥပနိဿယပစ္စည်းမတပ်သော တရားကားမရှိ။ ထို့ကြောင့် အနုလုံ၌ ဟေတုပစ္စယာ ဥပနိဿယေ အစရှိသည်ဖြင့် မဟောရသတည်း။ ။အာရမ္မဏူပ အနန္တရူပ ပကတူပနိဿယ။ ဟေတုနဥပနိဿယပစ္စည်းနှစ်ပါးမတပ်ကုန်။ထို့ကြောင့် ပစ္စနီယာနုလောမ၌ နဟေတုပစ္စယာ ဥပနိဿယေနဝ။ အလုံးစုံသော ဟေတုပစ္စည်း။ ဤတရားတို့သည် ဟေတု နဥပနိဿယပစ္စည်း နှစ်ပါးတပ်ကုန်၏။ ထို့ကြောင့် ဤအနုလောမ ပစ္စနိက်၌ ဟေတုပစ္စယာ နဥပနိဿယေ သတ္တ။၏။

---

## ဟေတု နပုရေဇာတ

နပုရေဇာတဒုက၌ အာရမ္မဏ ပုရေဇာတမှတပါး အလုံးစုံသော အာရမ္မဏပစ္စည်း။ ဟေတုပစ္စည်းမှတပါး သဟဇာတပစ္စည်း။ အနန္တရူပ ပကတူပနိဿယပစ္စည်း။ ပစ္ဆာဇာတပစ္စည်း။ နာနာက္ခဏိက ကမ္မပစ္စည်း။ ရုပ်အာဟာရပစ္စည်း။ ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဤပစ္စည်း ခုနစ်ပါးတို့သည် နပုရေဇာတသာ တပ်၍ နဟေတုပစ္စည်းမတပ်။ ဟေတုတွန်း။ ပစ္စနိက်၌ နပုရေဇာတေတေရသ။၏။ ။ဟေတုပစ္စည်းသာတပ်၍ နပုရေဇာတ မတပ်သော တရားကားမရှိ။ ထို့ကြောင့် အနုလုံ၌ ဟေတုပစ္စယာပုရေဇာတေ အစရှိသည်ဖြင့် မဟောရသတည်း။ ။အာရမ္မဏ ပုရေဇာတ။ဝဏ္ဏ၊

ပုရေဇာတပစ္စည်း ဤတရားတို့သည် ဟေတု နပုရေဇာတပစ္စည်း နှစ်ပါးမတပ်ကုန်။ ထို့ကြောင့် ပစ္စနီယ၌ နလောမ၌ နဟေတု ပစ္စယာ ပုရေဇာတေတိကာ။၏။ ။အလုံးစုံသော ဟေတု ပစ္စည်း။ ဤတရားတို့သည် ဟေတု နပုရေဇာတ နှစ်ပါး တပ်ကုန်၏။ ထို့ကြောင့် ဤအနုလောမ ပစ္စနိက်၌ ဟေတုပစ္စယာ နပုရေဇာတေ သတ္တ။၏။

---

## ဟေတု နပစ္ဆာဇာတ

နပစ္ဆာဇာတ ဒုက၌ အလုံးစုံသော အာရမ္မဏပစ္စည်း။ ဟေတု ပစ္စည်းမှတပါး သဟဇာတပစ္စည်း။ အနန္တရူပ ပကတူပနိဿယ ပစ္စည်း။ ဝတ္ထုပုရေဇာတပစ္စည်း။နာနာက္ခဏိကကမ္မပစ္စည်း။ ရုပ်အာဟာရပစ္စည်း။ ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဟေတုဟွန်း။ ပစ္စနိက်၌ နဟေတု ပစ္စယာ နပစ္ဆာဇာတေပန္နရသ။၏။ ။ဟေတုပစ္စည်းသာ တပ်၍ နပစ္ဆာဇာတမတပ်သော တရားကားမရှိ။ ထို့ကြောင့် အနုလုံ၌။လ။ မဟောရသတည်း။ ။ပစ္ဆာဇာတပစ္စည်း အလွတ်။ နဟေတု ပစ္စယာ ပစ္ဆာဇာတေ တိဏိ။၏။ အလုံးစုံသော ဟေတု ပစ္စည်း။ဤတရားတို့သည် ဟေတုနပစ္ဆာဇာတပစ္စည်း တပ်ကုန်၏။ ထို့ကြောင့် ဤအနုလောမ ပစ္စနိက်၌ ဟေတုပစ္စယာ နပစ္ဆာဇာ တေ သတ္တ။၏။

---

## ဟေတု နာသေဝန

နာသေဝနဒုက၌ အလုံးစုံသော အာရမ္မဏပစ္စည်း။ ဟေတု ပစ္စည်းမှတပါး သဟဇာတပစ္စည်း။ အာသေဝန ပစ္စည်းမှတပါး အနန္တရူပ ပကတူပနိဿယပစ္စည်း။ ဝတ္ထုပုရေဇာတပစ္စည်း။ ပစ္ဆာ ဇာတပစ္စည်း။ နာနာက္ခဏိက ကမ္မပစ္စည်း။ ရုပ်အာဟာရပစ္စည်း။ ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဤတရားရှစ်ပါးတို့သည် နာသေဝနပစ္စည်း သာတပ်၍ ဟေတုပစ္စည်း မတပ်သောကြောင့် ဟေတုပစ္စည်း

တွန်း၍ စင်တုန်၏။ ထို့ကြောင့် ပစ္စနိက်၌ နဟေတုပစ္စယာ နာသေဝနေ ပန္နရသ။၅။ ။နာသေဝနတွန်းလည်းမရှိ။ ထို့ကြောင့် အနုလုံ၌ မဟောရသတည်း။ အလုံးစုံသော အာသေဝန ပစ္စည်း။ အလွတ်။ နဟေတု ပစ္စယာ အာသေဝနေ တိဏိ။၅။ ။အလုံးစုံသော ဟေတုပစ္စည်း။ ဤတရားတို့သည် ဤအနုလောမ ပစ္စနိက်၌ ဟေတုပစ္စယာ နာသေဝနေသတ္တ။၅။

---

## ဟေတု နကမ္မ

နကမ္မဒုက၌ အလုံးစုံသော အာရမ္မဏပစ္စည်း။ ဟေတုပစ္စည်း။ သဟဇာတကမ္မပစ္စည်းမှတပါး သဟဇာတပစ္စည်း။ မဂ္ဂါနန္တရဖိုလ်အားတပ်သော မဂ်စေတနာဝိပါက်ဆတ္တိ ံသအားတပ်သောဗလဝ နာနာက္ခဏိက ကမ္မမှတပါး အနန္တရူပ ပကတူပနိဿယပစ္စည်း။ ဝတ္ထုပုရေဇာတပစ္စည်း၊ ပစ္ဆာဇာတပစ္စည်း။ ရုပ်အာဟာရပစ္စည်း။ ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဟေတုတွန်း။ နဟေတုပစ္စယာ နကမ္မေပန္နရသ။၅။ ။ကမ္မတွန်းမရှိ။ ။သဟဇာတကမ္မပစ္စည်း။နာနာက္ခဏိက ကမ္မပစ္စည်း။ ဤတရားတို့သည်။အလွတ်။ နဟေတု ပစ္စယာ ကမ္မေ သတ္တ။၅။ ။အလုံးစုံသော ဟေတုပစ္စည်း။ ဤတရားတို့သည် ဟေတု နကမ္မပစ္စည်း နှစ်ပါးတပ်ကုန်၏။ ထို့ကြောင့် ဤအနုလောမပစ္စနိက်၌။ ဟေတုပစ္စယာ နကမ္မေသတ္တ။၅။

---

## ဟေတုနဝိပါက

ဟေတုမူ နဝိပါကဒုက၌ အလုံးစုံသော အာရမ္မဏ ပစ္စည်း။ အချင်းချင်းအားလည်းကောင်း အချင်းချင်း နာမက္ခန္ဓာ စိတ္တဇ ရုပ်အားလည်းကောင်း တပ်သော ဟေတုပစ္စည်းမှတပါး ကုသိုလ် အကုသိုလ်ကြိယာ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအားလည်း ကောင်း ဥပါဒါရုပ်အားလည်းကောင်း တပ်သော မဟာဘုတ် လေးပါး။ ပဋိသန္ဓေနာမက္ခန္ဓာ အားတပ်သော

ဟာဒယဝတ္ထုဟုဆိုအပ်သော သဟဇာတပစ္စည်း၊ အနန္တရူပ ပကတူပနိဿယပစ္စည်း၊ ဝတ္ထုပုရေဇာတပစ္စည်း၊ ပစ္ဆာဇာတပစ္စည်း၊ ရုပ်အာဟာရပစ္စည်း၊ ရူပဇီဝိတိန္ဒြိယပစ္စည်း၊ ဤပစ္စည်းရှစ်ပါးတို့သည်။လ။ ဟေတုတွင်း၊ ပစ္စနိက်၌ နဟေတုပစ္စယာ နဝိပါကေ ပန္နရသ၊၊၏။ ။သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အားတစ်သော ဝိပါက်ဟိတ်သုံးပါး၊ ဤတရားတို့သည် ဟေတုပစ္စည်းသာ တစ်၍ နဝိပါကပစ္စည်း မတစ်သောကြောင့် နဝိပါကပစ္စည်းတွင်း၍စင်ကုန်၏။ ထို့ကြောင့် အနုလုံ၌ ဟေတုပစ္စယာ ဝိပါကေဧကံ၊၏။ ။ဟေတုပစ္စည်းမှတပါး အလုံးစုံသော ဝိပါကပစ္စည်း၊ ဤတရားတို့သည် ဟေတုနဝိပါကပစ္စည်း နှစ်ပါးမတစ်ကုန်။ ထို့ကြောင့် ပစ္စနိယာ နုလောမ၌ နဟေတုပစ္စယာ ဝိပါကေ ဧကံ၊၏။ ။သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အားတစ်သော ကုသိုလ်အကုသိုလ်ကြိယာ ဟိတ်သုံးပါး၊ ဤတရားတို့သည် ဟေတုနဝိပါကပစ္စည်း နှစ်ပါးတစ်ကုန်၏။ ထို့ကြောင့် အနုလောမ ပစ္စနိက်၌ ဟေတုပစ္စယာ နဝိပါကေသတ္တ၊၏။

---

### ဟေတုနအာဟာရ

နအာဟာရဒုက၌ အလုံးစုံသော အာရမ္မဏပစ္စည်း၊ ဟေတုပစ္စည်း၊ နာမ်အာဟာရပစ္စည်းမှတပါး အလုံးစုံသော သဟဇာတပစ္စည်း၊ အနန္တရူပ ပကတူပနိဿယ ပစ္စည်း၊ ဝတ္ထု ပုရေဇာတပစ္စည်း၊ ပစ္ဆာဇာတပစ္စည်း၊ နာနာက္ခဏိကကမ္မပစ္စည်း၊ ရူပဇီဝိတိန္ဒြိယပစ္စည်း၊ ဤပစ္စည်းခုနစ်ပါးတို့သည် နအာဟာရပစ္စည်းသာ တစ်၍ ဟေတုပစ္စည်းမတစ်သောကြောင့်၊ လ၊ပစ္စနိက်၌ နဟေတုပစ္စယာ နအာဟာရေ ပန္နရသ၊၏။ ဟေတုပစ္စည်းသာ တစ်၍ နအာဟာရပစ္စည်း မတစ်သော တရားကား မရှိ။ ထို့ကြောင့် အနုလုံ၌ ဟေတုပစ္စယာအာဟာရေစသည်ဖြင့်မဟောရသတည်း။ အလုံးစုံသော နာမ်အာဟာရ ရုပ်အာဟာရ ပစ္စည်း၊ဟေတုနအာဟာရပစ္စည်းနှစ်ပါးမတစ်ကုန်။ ထို့ကြောင့် ပစ္စနိယာနုလောမ၌

နဟေတု ပစ္စယာ အာဟာရေ သတ္တ။ ၏။ ။အလုံးစုံသော ဟေတုပစ္စည်း။ ဤတရားတို့သည် ဟေတုနအာဟာရပစ္စည်းနှစ်ပါး တစ်ကုန်၏။ ထို့ကြောင့် ဤအနုလောမပစ္စနိက်၌ ဟေတုပစ္စယာ နအာဟာရေသတ္တ။ ၏။

---

## ဟေတုနဣန္ဒြိယ

နဣန္ဒြိယဒုက၌ အလုံးစုံသောအာရမ္မဏပစ္စည်း။ ဟေတုပစ္စည်း။ သဟဇာတိန္ဒြိယပစ္စည်းမှတပါး သဟဇာတ ပစ္စည်း။ အနန္တရရူပ ပကတူပနိဿယ ပစ္စည်း။ ပုရေဇာတိန္ဒြိယမှတပါး ဝတ္ထုပုရေဇာတပစ္စည်း။ ပစ္ဆာဇာတပစ္စည်း။ နာနာက္ခဏိက ကမ္မပစ္စည်း။ ရုပ်အာဟာရပစ္စည်း။ ဤတရားတို့သည် ဟေတုတွင်း။ ပစ္စနိက်၌ နဟေတုပစ္စယာ နဣန္ဒြိယေပန္နရသ။ ၏။ ။သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော အမောဟ။ ဤတရားတို့သည် ဟေတုပစ္စည်း၌သာ နဣန္ဒြိယမတပ်။ နဣန္ဒြိယတွင်း။ အနုလုံ၌စတ္တာရိ။ ၏။ အမောဟမှတပါး သဟဇာတိန္ဒြိယ ပုရေဇာတိန္ဒြိယ ရူပဇီဝိတိန္ဒြိယပစ္စည်း။ အလွတ်။ ။ပစ္စနီယာ နုလောမ၌ သတ္တ။ ၏။ ။သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော အမောဟမှတပါးဟိတ်ငါးပါး။ ဟေတုနဣန္ဒြိယပစ္စည်းနှစ်ပါးတစ်ကုန်၏။ ဤအနုလောမပစ္စနိက်၌ ဟေတုပစ္စယာ နဣန္ဒြိယေသတ္တ။ ၏။

---

## ဟေတုနဈာန

နဈာနဒုက၌ အလုံးစုံသောအာရမ္မဏပစ္စည်း။ ဟေတုပစ္စည်း မှတပါး သဟဇာတပစ္စည်း။ အနန္တရရူပ ပကတူပနိဿယပစ္စည်း။ (အကြွင်းဆိုမြဲ)။ ဤပစ္စည်းရှစ်ပါးပြုသည်။ လ။ ဟေတုတွင်း။ ပစ္စနိက်၌ ပန္နရသ။ ၏။ ။နဈာနတွင်းမရှိ။ ဈာနပစ္စည်းအလွတ်။ ပစ္စနီယာနုလောမ၌ သတ္တ။ ၏။ ။အလုံးစုံသော ဟေတုပစ္စည်း အရကို ဤအနုလောမ၌သတ္တ။ ၏။

## ဟေတုနမဂ္ဂ

နမဂ္ဂဒုကၡ အလုံးစုံသော အာရမ္မဏပစ္စည်း။ ဟေတုပစ္စည်း။ မဂ္ဂပစ္စည်းမှတပါး သဟဇာတပစ္စည်း။အနန္တရူပ ပကတူပနိဿယ ပစ္စည်း။ (အကြွင်းဆိုမြဲ)။ ။ဤပစ္စည်းရှစ်ပါး။ ဟေတုတွင်း။ နဟေတုပစ္စယာ နမဂ္ဂေဖန္နရသ။၏။ ။သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ် အားတပ်သောအမောဟ။ နမဂ္ဂတွင်း။ အနုလုံ၌စတ္တာရိ။၏။ ။သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် အားတပ်သော ပညာမှတပါး မဂ္ဂင်ရှစ်ပါး။ အလွတ်။ပစ္စနီယာနုလောမ၌ သတ္တ။၏။ ။သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် အားတပ်သော အမောဟမှတပါး ဟိတ်ငါးပါး။ ဤအနုလောမ ပစ္စနိက်၌ သတ္တ။၏။

---

## ဟေတုနသမ္ပယုတ္တ

နသမ္ပယုတ္တ ဒုကၡ အလုံးစုံသော အာရမ္မဏ ပစ္စည်း။ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားတပ်သောဟိတ်မှတပါး နာမက္ခန္ဓာလေးပါး။ အချင်းချင်းအားလည်းကောင်း ဥပါဒါရုပ် အားလည်းကောင်း တပ်သော မဟာဘုတ်လေးပါး။ အချင်းချင်းအားတပ်သော ဟိတ်မှတပါး ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟုဆိုအပ်သော သဟဇာတပစ္စည်း။ အနန္တရူပ ပကတူပနိဿယပစ္စည်း။ (အကြွင်းဆိုမြဲ)။ ဤပစ္စည်း ရှစ်ပါးတို့သည် ဟေတုတွင်း။ ပစ္စနိက်၌ ကောဒသ။၏။ ။သမ္ပယုတ္တ ခန္ဓာအားတပ်သော ဟိတ်ခြောက်ပါး။ နသမ္ပယုတ္တတွင်း။ အနုလုံ၌ တီဏိ။၏။ ။ဟေတုပစ္စည်းမှတပါး သမ္ပယုတ္တပစ္စည်း။ အလွတ်။ပစ္စနီယာနုလောမ၌ တီဏိ။၏။ ။သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် အားတပ်သော ဟိတ်ခြောက်ပါး။ ဤအနုလောမပစ္စနိက်၌ ဟေတုပစ္စယာ နသမ္ပယုတ္တေ တီဏိ။၏။

## ဟေတုနဝိပ္ပယုတ္တ

နဝိပ္ပယုတ္တဒုကဿ ဝတ္ထာရမ္မဏာမှတပါး အာရမ္မဏ ပစ္စည်း။ အချင်းချင်းအားတစ်သော ဟိတ်ခြောက်ပါးမှတပါး နာမက္ခန္ဓာလေးပါး။ အချင်းချင်းအားလည်းကောင်း ဥပါဒါရုပ်အားလည်းကောင်း တစ်သော မဟာဘုတ်လေးပါးဟု ဆိုအပ်သော သဟဇာတပစ္စည်း။ အနန္တရူပ ပကတူပနိဿယ ပစ္စည်း။ နာနာက္ခဏိက ကမ္မပစ္စည်း။ ရုပ်အာဟာရပစ္စည်း။ ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဤပစ္စည်းခြောက်ပါးတို့သည် ဟေတုတွင်း။ ပစ္စနိက်၌။နဝ။၏။ ။ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် အားတစ်သော ဟိတ်ခြောက်ပါး၊ နဝိပ္ပယုတ္တတွင်း။ အနုလုံ၌ တိကာ။၏။ ဟေတုပစ္စည်းမှတပါး သဟဇာတ ဝိပ္ပယုတ္တ ပုရေဇာတဝိပ္ပယုတ္တ ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်း။ အလွတ်။ပစ္စနီယာနုလောမ၌ပဉ္စ။၏။ သမ္ပယုတ္တခန္ဓာ အားတစ်သော ဟိတ်ခြောက်ပါးအရ။ ဤအနုလောမပစ္စနိက်၌ ဟေတုပစ္စယာ နဝိပ္ပယုတ္တေ တိကာ။၏။ ။(နော အတ္ထိ နောအဝိဂတမရ။ ။နောနတ္ထိ နောဝိဂတလည်း နာနန္တရ အတိုင်း)။

---

## ဟေတုသာမညဃဋနာ (၉)

ဒုကကို ဟောတော်မူသည်၏ အခြားမဲ့၌ ဃဋနာကိုဟောတော်မူ၏။ထို၌တုံသော်လည်းသာမညဃဋနာသဣန္ဒြိယမဂ္ဂဃဋနာသာဓိပတိ ဣန္ဒြိယမဂ္ဂဃဋနာအားဖြင့်သုံးပါးအပြားရှိ၏။ထိုတွင်သာမည ဃဋနာကို ရှေးဦးစွာဟောတော်မူ၏။ ထို၌တုံသော်လည်း အဝိပါက သဝိပါကအားဖြင့် နှစ်ပါးအပြားရှိ၏။ထိုတွင်အဝိပါကကို။ ၏။ထို၌တုံသော်လည်း သဗ္ဗဋ္ဌာနိက ဃဋနာ သအညမညဃဋနာ သအညမည သမ္ပယုတ္တ ဃဋနာ သဝိပ္ပယုတ္တ ဃဋနာအားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင်သဗ္ဗဋ္ဌာနိက ဃဋနာကို။ ၏။ ထို၌ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် အားတစ်သော ဟိတ်ခြောက်ပါး။ ဤတရား တို့သည် ဟေတု

သဟဇာတ နိဿယ အတ္ထိ အဝိဂတပစ္စည်းသာတပ်၍ အာရမ္မဏ အဓိပတိ အနန္တရ သမနန္တရ အညမည အစရှိသော တဆဲ့ ကိုးပစ္စည်းမတပ်ကုန်။ ထို့ကြောင့် ထိုတရားတို့ကို ဟေတု သဟ ဇာတ နိဿယ အတ္ထိ အဝိဂတနှင့် နာရမ္မဏေသတ္တ၊ နာဓိပတိယာ သတ္တ။ နာနန္တရေသတ္တ။ နသမနန္တရေသတ္တ။ နအညမညေတီဏိ။ နဥပနိဿယေ သတ္တ။ နပုရေဇာတေသတ္တ။နပစ္ဆာဇာတေသတ္တ။ နာသေဝနေသတ္တ။ နကမ္မေသတ္တ။ နဝိပါကေသတ္တ။ နအာဟာရေ သတ္တ။ နဣန္ဒြိယေ သတ္တ။ နဈာနေသတ္တ။ နမဂ္ဂေသတ္တ။ နသမ္ပ ယုတ္တေ တီဏိ။ နဝိပ္ပယုတ္တေ တီဏိ။ နောနတ္ထိယာသတ္တ။ နော ဝိဂတေသတ္တ ဟုဟောအပ်ကုန်၏။

ထို့နောင် သဲအညမည ဃဋနာကို ဟောတော်မူ၏။ ထိုဃ္ဃ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထု၊ အားတပ်သော ဟိတ်ခြောက်ပါး။ ဤတရားတို့သည် ဟေတု သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတပစ္စည်းသာတပ်၍ ကြွင်းသော အာရမ္မဏ အစရှိသော တဆဲ့ရှစ်ပစ္စည်းမတပ်ကုန်။ ထို့ကြောင့် ဤအနုလောမ ပစ္စနိက်၌ ဟေတု သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတနှင့်နာရမ္မ ဏေတီဏိ။ နာဓိပတိယာ တီဏိ။လ။ နသမ္ပယုတ္တေ ဧကံ။ နဝိပ္ပ ယုတ္တေတီဏိ။ နောနတ္ထိယာ တီဏိ။ နောဝိဂတေတီဏိ။၏။

ထို့နောင် သအညမည သမ္ပယုတ္တ ဃဋနာကို။၏။ ထိုဃ္ဃသမ္ပ ယုတ္တခန္ဓာ အားတပ်သော ဟိတ်ခြောက်ပါး။ ဤတရားတို့သည် ဟေတု သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိ ဂတ ပစ္စည်းသာတပ်၍ ကြွင်းသော အာရမ္မဏ အစရှိသော ပစ္စည်းမတပ်ကုန်။ ထို့ကြောင့် ထိုတရားတို့ကို ဟေတု သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတနှင့်နာရမ္မဏေတီဏိ။ နာဓိပတိယာ တီဏိ။လ။ နောဝိဂတေ တီဏိ။၏။

ထို့နောင် သဝိပ္ပယုတ္တ ဃဋနာကို ဟောတော်မူ၏။ ထိုဃ္ဃ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် အားတပ်သော ဟိတ်ခြောက်ပါး။ ဤတရားတို့သည် ဟေတု သဟဇာတ နိဿယ

ဝိပ္ပယုတ္တ အဇ္ဈတ္တိ အဝိဂတပစ္စည်းသာတပ်၍ အာရမ္မဏ အစရှိသော ကြွင်းသော ပစ္စည်းမတပ်ကုန်။ ထို့ကြောင့် ထိုတရားတို့ကို ဟေတု သဟဇာတ နိဿယ၊ ဝိပ္ပယုတ္တ အဇ္ဈတ္တိ အဝိဂတန္တိ နာရမ္မဏေ တိဏိ။ နာဓိပတိယာ တိဏိ။လ။ နောဝိဂတေ တိဏိ။

ထို့နောင် သဝိပါက ဃဋနာကိုဟောတော်မူ၏။ ထိုဃဋနာတို့သော်လည်း သမ္ပဋ္ဌာနိက ဃဋနာ သအညမည ဃဋနာ သအညမည သမ္ပယုတ္တဃဋနာ သဝိပ္ပယုတ္တဃဋနာ သအညမညဝိပ္ပယုတ္တဃဋနာ အားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင် သမ္ပဋ္ဌာနိက ဃဋနာကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုဃဋနာသော်လည်း သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် အားတပ်သော ဝိပါက် ဟိတ်သုံးပါး။ ဤတရားတို့သည် ဟေတု သဟဇာတ နိဿယ ဝိပါက အဇ္ဈတ္တိ အဝိဂတ ပစ္စည်းသာတပ်၍ ကြွင်းသော အာရမ္မဏအစရှိသော တဆဲ့ရှစ်ပစ္စည်း မတပ်ကုန်။ ထို့ကြောင့် ထိုတရားတို့ကို ဟေတု သဟဇာတ နိဿယ ဝိပါက အဇ္ဈတ္တိ အဝိဂတန္တိ နာရမ္မဏေ ကေ်ာ။လ။ နောဝိဂတေ ကေ်ာ။ (ဤသဝိပါကငါးချက်မှာ ကော်ချည်းပင် ထွက်သည်။ အနုလုံ ဃဋနာအတိုင်း စစ်၍ ဟောလေ)။

---

## သဣန္ဒြိယမဂ္ဂဃဋနာ (၉)

ထို့နောင် သဣန္ဒြိယ မဂ္ဂဃဋနာကို ဟောတော်မူ၏။ ထိုဃဋနာတို့သော်လည်း အဝိပါက ဃဋနာ သဝိပါကဃဋနာ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် သဝိပါက ဃဋနာကို၊၏။ ထိုဃဋနာတို့သော်လည်း။ သမ္ပဋ္ဌာနိက။လ။ လေးပါးအပြားရှိ၏။ ထိုတွင် သမ္ပဋ္ဌာနိက။လ။ ထိုဃဋနာသမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် အားတပ်သော အမောဟ ဤတရားတို့သည် ဟေတု သဟဇာတ နိဿယ ဣန္ဒြိယ မဂ္ဂ အဇ္ဈတ္တိ အဝိဂတပစ္စည်းသာတပ်၍ ကြွင်းသော အာရမ္မဏ အစရှိသော တဆဲ့ခုနစ်ပစ္စည်း

မတပ်ကုန်။ ထို့ကြောင့် အနုလောမ ပစ္စနိက်၌ ဟေတု သဟဇာတ နိဿယ ဣန္ဒြိယ မဂ္ဂ အဝိဂတန္တိ နာရမ္မဏေ စတ္တာရိ။ နာဓိပတိယာစတ္တာရိ။ နသမနန္တရေ စတ္တာရိ။ နအညမညေဒွေ။ နဥပနိဿယေ စတ္တာရိ။လ။ နသမ္ပယုတ္တေဒွေ။ နဝိပ္ပယုတ္တေဒွေ။ နောနတ္ထိယာစတ္တာရိ။ နောဝိဂတေစတ္တာရိ။၏။

ထို့နောင် သအညမည ဃဋနာကို ဟောတော်မူ၏။ ထို၌ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထု အားတပ်သော အမောဟ။ ဤ တရားတို့သည် ဟေတု သဟဇာတ အညမည နိဿယ ဣန္ဒြိယ မဂ္ဂ အဝိဂတ ပစ္စည်းသာတပ်၍ ကြွင်းသော အာရမ္မဏ အစရှိသော တဆဲ့ခြောက်ပစ္စည်း မတပ်ကုန်။ ထို့ကြောင့် အနုလောမပစ္စနိက်၌ ဟေတု သဟဇာတ အညမည နိဿယ ဣန္ဒြိယ မဂ္ဂ အဝိဂတန္တိ နာရမ္မဏေဒွေ။ နာဓိပတိယာဒွေ။လ။နသမ္ပယုတ္တေ ဧကံ။ နဝိပ္ပယုတ္တေဒွေ။ နောနတ္ထိယာဒွေ။ နောဝိဂတေဒွေ။၏။

ထို့နောင် သအညမည သမ္ပယုတ္တ ဃဋနာကိုဟောတော်မူ၏။ ထို၌ သမ္ပယုတ္တခန္ဓာ အားသာတပ်သော အမောဟ။ ဤတရားတို့သည် ဟေတု သဟဇာတ အညမည နိဿယ ဣန္ဒြိယ မဂ္ဂ သမ္ပယုတ္တ အဝိဂတပစ္စည်းသာတပ်၍ ကြွင်းသော အာရမ္မဏ အစရှိသော တဆဲ့ငါးပစ္စည်း မတပ်ကုန်။ ထို့ကြောင့် ဤအနုလောမပစ္စနိက်၌ ဟေတု သဟဇာတ အညမည နိဿယ ဣန္ဒြိယ မဂ္ဂ သမ္ပယုတ္တ အဝိဂတန္တိနာရမ္မဏေဒွေ။ နာဓိပတိယာဒွေ။ လ။ နဝိပ္ပယုတ္တေဒွေ။ နောနတ္ထိယာဒွေ။ နောဝိဂတေဒွေ။၏။

ထို့နောင် သဝိပ္ပယုတ္တဃဋနာကိုဟောတော်မူ၏။ ထို၌သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော အမောဟ။ ဤတရားတို့သည် ဟေတု သဟဇာတ နိဿယ ဣန္ဒြိယ မဂ္ဂ ဝိပ္ပယုတ္တ အဝိဂတ ပစ္စည်းသာတပ်၍ အာရမ္မဏ အစရှိသော ကြွင်းသော တဆဲ့ရှစ်ပစ္စည်းမတပ်ကုန်။ ထို့ကြောင့် အနုလောမ ပစ္စနိက်၌ ဟေတု သဟဇာတ နိဿယ ဣန္ဒြိယ မဂ္ဂ ဝိပ္ပယုတ္တ

အတ္ထိ အဝိဂတန္တိ နာရမ္မဏေဒွေ။ နာဓိပတိယာဒွေနာနန္တရေဒွေ။ လ။ နောနတ္ထိယာဒွေ။ နောဝိဂတေဒွေ။ ၊ပေ၊။

ထို့နောင် သဝိပါကဃဋနာကို ဟောတော်မူ၏။ ထိုသို့ဟောတော်မူသော်လည်း (သမ္ပယုတ္တနိက အစရှိသောအားဖြင့် ငါးပါး၊ အနုလုံက အတိုင်းဆိုလေ။ သင်္ချာလည်းမထူးပြီ။ ကေသာ)။

---

## သာဓိပတိ ဣန္ဒြိယမဂ္ဂဃဋနာ (၆)

ထို့နောင် သာဓိပတိ ဣန္ဒြိယမဂ္ဂဃဋနာကို၊ပေ၊။ ထိုသို့ဟောတော်မူသော်လည်း အဝိပါကဃဋနာ သဝိပါကဃဋနာအားဖြင့် နှစ်ပါးအပြား ရှိ၏၊ ထိုတွင် အဝိပါက ဃဋနာကိုရှေးဦးစွာဟောတော်မူ၏။ထိုသို့ ဟောတော်မူသော်လည်းသမ္ပယုတ္တနိက ဃဋနာစသောအားဖြင့်သုံးပါးအပြား ရှိ၏။ထိုတွင်သမ္ပယုတ္တနိက ဃဋနာကိုရှေးဦးစွာဟောတော်မူ၏။ထိုသို့ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ် အားတပ်သော ဝီမံသာဓိ ပတိ။ ဟေတု အဓိပတိ သဟဇာတ နိဿယ ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတ ဤရှစ်ပစ္စည်းသာတပ်၍ ကြွင်းသော အာရမ္မဏအစရှိ သော တဆဲ့ခြောက်ပစ္စည်း မတပ်ကုန်။ ထို့ကြောင့် ဤအနုလောမ ပစ္စနိက်၌ ဟေတု အဓိပတိ သဟဇာတ နိဿယ ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတန္တိ နာရမ္မဏေ စတ္တာရိ။ နာနန္တရေ စတ္တာရိ။ နသမနန္တရေ စတ္တာရိ။ နအညမညေဒွေ။ နဥပနိဿယေ စတ္တာရိ။ လ။ နပိပ္ပယုတ္တေဒွေ။ နောနတ္ထိယာ စတ္တာရိ။ နောဝိဂတေစတ္တာရိ။ (နောက်နည်း၌လည်း ဃဋနာ အတိုင်းဆို။ သင်္ချာလည်း ဒွေသာတည်း။ ၊သဝိပါကသုံးချက်၌လည်းဟောအပ်။ ကေသာ)။ ဟေတုပြီး၏။

---

## အာရမ္မဏဒုက

ထို့နောင် အာရမ္မဏပစ္စည်း၏ အနုလောမပစ္စနိက်ကို ဟော တော်မူ၏။ ထိုသို့ဟောတော်မူသော်လည်း ဒုက ဃဋနာအားဖြင့် နှစ်ပါးတို့ တွင် ဒုကကို၊ပေ၊။ ထိုသို့ဟောတော်မူသော်လည်း အာရမ္မဏမှ နဟေတုဒုက

အစရှိသောအားဖြင့် နှစ်ဆဲ့သုံးပါးအပြားရှိ၏။ ထိုတွင်အာရမ္မဏမူ နဟေတုဒုကကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုနဟေတုပစ္စည်းမှတပါး အလုံးစုံသော သဟဇာတ ပစ္စည်း။ အနန္တရူပပကတူပနိဿယပစ္စည်း။ ဝတ္ထုပုရေဇာတပစ္စည်း။ ပစ္ဆာဇာတပစ္စည်း။ နာနာက္ခဏိက ကမ္မပစ္စည်း။ ရူပအာဟာရ ပစ္စည်း။ ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဤပစ္စည်းခုနစ်ပါးတို့သည်။လ။ နဟေတုပစ္စည်းသာတပ်၍ အာရမ္မဏပစ္စည်းမတပ်။ အာရမ္မဏတွန်း။ ပစ္စနိက်၌ နာရမ္မဏပစ္စယာ နဟေတုယာ ပန္နရသ။၏။ ။(အာရမ္မဏသာတပ်၍ နဟေတုမတပ်သော တရားကားမရှိ။ ထို့ကြောင့် အနုလုံ၌ မဟောရသတည်း)။

အလုံးစုံသော ဟေတုပစ္စည်း။ ဤတရားတို့သည် အာရမ္မဏနဟေတုပစ္စည်းမတပ်။အလွတ်မရှိ။ နာရမ္မဏပစ္စယာ ဟေတုယာ သတ္တ။၏။ ။အလုံးစုံသော အာရမ္မဏပစ္စည်း။ ဤတရားတို့သည် အာရမ္မဏနဟေတုပစ္စည်းတပ်ကုန်၏။ ထို့ကြောင့် ဤအနုလောမပစ္စနိက်၌ အာရမ္မဏပစ္စယာ နဟေတုယာနဝဟု သချာတပ်၍ ဟောအပ်ကုန်၏။

အာရမ္မဏမူ နာဓိပတိ ဒုက၌ သဟဇာတာ ဓိပတိမှ တပါး သဟဇာတပစ္စည်း။အနန္တရူပ ပကတူပနိဿယ ပစ္စည်း။ (အကြွင်းဆိုမြဲ)။ ဤပစ္စည်းခုနစ်ပါးတို့သည်။လ။ အာရမ္မဏတွန်း။ပစ္စနိက်၌ နဟေတုပစ္စယာ နာဓိပတိယာ ပန္နရသ။၏။အလုံးစုံသောအာရမ္မဏာဓိပတိပစ္စည်း။ အာရမ္မဏသာတပ်၍ နာဓိပတိပစ္စည်းမတပ်သောကြောင့် နာဓိပတိတွန်း။ အနုလုံ၌။သတ္တ။၏။ အလုံးစုံသော သဟဇာတာဓိပတိပစ္စည်း။ဤတရားတို့သည် အာရမ္မဏ နာဓိပတိပစ္စည်းနှစ်ပါးမတပ်ကုန်။ အလွတ်။နာရမ္မဏပစ္စယာ အဓိပတိယာ သတ္တ။၏။ ။အလေးအမြတ်မပြုတတ်သောကာမစိတ် စတုပဉ္စာသ အဘိညာဉ်ဒွေး။ ဝိညာဏဉ္စာယတန စိတ်သုံးခု နေဝသညာနာသညာယတနစိတ် သုံးခုအားတပ်သော အလေးအမြတ် မပြုအပ်သော စိတ်တခုယုတ်ကိုးဆယ်။စေ။ ဒွေပဉ္စာသ ရုပ်အဋ္ဌဝီသ

နိဗ္ဗာန်။ ဤတရားတို့သည်အာရမ္မဏ အဓိပတိပစ္စည်းနှစ်ပါးတပ်ကုန်၏။ထို့ကြောင့် ဤအနုလောမပစ္စနိက်၌အာရမ္မဏပစ္စယာနာဓိပတိယာ နဝ။ဧ။ (နိဗ္ဗာန်သည် လောကုတ္တရာစိတ် ရှစ်ခုအား အာရမ္မဏာဓိပတိ ဧကံ တပ်သည်)။

အာရမ္မဏမှ နာနန္တရဒုက၌ အလုံးစုံသော သဟဇာတပစ္စည်း။ မဂ္ဂါနန္တရ ဖိုလ်အားတပ်သော မဂ်စေတနာမှတပါး ပကတူပနိဿယပစ္စည်း။ ဝတ္ထု ပုရေဇာတပစ္စည်း။ ပစ္ဆာဇာတပစ္စည်း။ နာနာက္ခဏိက ကမ္မပစ္စည်း။ ရုပ်အာဟာရပစ္စည်း။ ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဤပစ္စည်းတရား ခုနစ်ပါးတို့သည်။လ။ အာရမ္မဏတွန်း။ နာရမ္မဏပစ္စယာ နာနန္တရေပန္နရသ။ဧ။ ။နာနန္တရတွန်းမရှိ။အလုံးစုံသော အနန္တရ ပစ္စည်း။ ဤတရားတို့သည် အလွတ်။ ပစ္စနီယာနုလောမ၌ နာရမ္မဏပစ္စယာ အနန္တရေသတ္တ။ဧ။ ။အလုံးစုံသော အာရမ္မဏပစ္စည်း။လ။ ဤအနုလောမပစ္စနိက်၌ အာရမ္မဏ ပစ္စယာ နာနန္တရေနဝ။ဧ။

**အမှာ** ဤအနုလောမ ပစ္စနိက်၌ ပစ္စနိက်ကို ရှေးဦးစွာ တွန်း။ ထို့နောင် အနုလုံကိုတွန်း။ ။မစ္စနီယာနုလောမကိုအလွတ်။ အနုလောမ ပစ္စနိက်ကိုအရယူ။ ။ဤမျှသော နည်းဖြင့် အထက်၌ တွန်းနိုင်ရာသောကြောင့် မတွန်းပြီ။ ။ အာရမ္မဏမျိုးမှတပါး ပစ္စည်းဟူသမျှဒုက၌ ဤအနန္တရ ဒုကနှင့် အတူ အာရမ္မဏပစ္စည်း အနုလောမ ပစ္စနိက်အရဖြစ်၏။ ။နိဿယဖြစ်အံ့ ဝတ္ထာရမ္မဏမှတပါး အလုံးစုံသော အာရမ္မဏပစ္စည်းကိုရ၏။ ။ဥပနိဿယဖြစ်အံ့ အာရမ္မဏူပနိဿယမှတပါး အလုံးစုံသော အာရမ္မဏပစ္စည်းကိုရ၏။ ။ပုရေဇာတတ္တိ အဝိဂတဖြစ်အံ့ အာရမ္မဏ ပုရေဇာတမှတပါး အလုံးစုံသော အာရမ္မဏပစ္စည်းကို အနုလောမ ပစ္စနိက်ရသည်။ ။အလုံးစုံနဝချည်းထွက်၏။

---

### အာရမ္မဏ ဃဋနာ (၅)

ထို့နောင် ဃဋနာကို ဟောတော်မူ၏။ ထိုဃဋနာ တို့သော်လည်း အဓိပတိ ဥပနိဿယ ဃဋနာ၊ ပုရေဇာတ အတ္ထိအဝိဂတ ဃဋနာ။ သနိဿယ ဝိပ္ပယုတ္တဃဋနာ။ သာဓိပတိ ဥပနိဿယ ဃဋနာ။ သာဓိပတိ နိဿယ ဥပနိဿယ ဝိပ္ပယုတ္တ ဃဋနာအားဖြင့် ငါးပါး အပြားရှိ၏။ ထိုတွင် အဓိပတိ ဥပနိဿယ ဃဋနာကို ရှေးဦးစွာ။ ၏။ ထိုဃဋနာ အလုံးစုံသော အာရမ္မဏာ ဓိပတိပစ္စည်း။လ။အာရမ္မဏ အဓိပတိ ဥပနိဿယပစ္စည်းသာ တပ်၍ ကြွင်းသော ဟေတုအစရှိသော နှစ်ဆဲ့တပစ္စည်း မတပ်ကုန်။ ထို့ကြောင့် ဤအနုလောမ ပစ္စနိက်၌ အာရမ္မဏ အဓိပတိ ဥပနိဿယန္တိ နဟေတုယာ သတ္တ။ နာနန္တရေ သတ္တ။လ။နောအဝိဂတေသတ္တ။ (အလုံးစုံသတ္တချည်း)။ ထို့နောင် ပုရေဇာတ အတ္ထိ အဝိဂတ ဃဋနာကို။၏။ ထိုဃဋနာ အလုံးစုံသော အာရမ္မဏ ပုရေဇာတပစ္စည်း။ အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတ ဤလေးပစ္စည်းသာတပ်၍ ကြွင်းသော နှစ်ဆယ်သော ပစ္စည်းမတပ်ကုန်။ ထို့ကြောင့် ဤအနုလောမ ပစ္စနိက်၌ အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတန္တိ နဟေတုယာ တီဏိ။လ။ နောဝိဂတေ တီဏိ။၏။ ။(အလုံးစုံတီဏိချည်း)။

တတိယမှာ ဝတ္ထာရမ္မဏ ပစ္စည်း။ တီဏိချည်း။ နိဿယ ဝိပ္ပယုတ္တသွင်း။

စတုတ္ထမှာ အလေးအမြတ်ပြုတတ်သော လောဘမူရှစ်ခုအား တပ်သော အလေးအမြတ် ပြုအပ်သော ဇာဋ္ဌဖြစ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ်အဋ္ဌာရသ။ အလုံးစုံဧကံသာ။

ပဉ္စမမှာ အလေးအမြတ်ပြုအပ်သော ဝတ္ထာရမ္မဏ (ဧကံသာ။ ဃဋနာအတိုင်းသာ ဆိုလေ)။ ။အာရမ္မဏပြီး၏။

---

### အဓိပတိ ဒုက

ထို့နောင် အဓိပတိ ပစ္စည်း၏ အနုလောမ ပစ္စနိက်ကို ဟောတော်မူ၏။ ထိုဃဋနာ တို့သော်လည်း ဒုက ဃဋနာအားဖြင့် နှစ်ပါး

အပြားရှိ၏။ ထိုတွင်ဒုကကိုရှေးဦးစွာ။၏။ထိုနည်းတူသော်လည်း အဓိပတိမူ နဟေတုဒုကအစရှိသောအားဖြင့် နှစ်ဆဲ့သုံးပါး၏။ ထိုတွင် အဓိပတိမူ နဟေတုဒုကကို ရှေးဦးစွာ။၏။ ထို၌အာရမ္မဏာဓိပတိမှ တပါး အလုံးစုံသော အာရမ္မဏပစ္စည်း။ ဟေတုပစ္စည်း။ သဟဇာတာဓိပတိပစ္စည်းမှတပါး သဟဇာတပစ္စည်း။ (အကြွင်းဆိုဖွယ်) ဤပစ္စည်း ရှစ်ပါးတို့သည်။လ။ အဓိပတိတွင်း။ ပန္နရသ။၏။ ။သမ္ပယုတ္တ ခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တပ်သော ဝီမံသာဓိပတိ။ နဟေတု တွင်း။ အဓိပတိပစ္စယာ ဟေတုယာ စတ္တာရိ။၏။ ဝီမံသာဓိပတိမှတပါး ဟေတုပစ္စည်းအလွတ်။ ပစ္စနီယာ နုလောမ၌ နာဓိပတိ ပစ္စယာ ဟေတုယာ သတ္တ။၏။ ။ဝီမံသာဓိပတိမှတပါး သဟဇာတာ ဓိပတိပစ္စည်း။ အာရမ္မဏာ ဓိပတိပစ္စည်း။ အနုလောမ ပစ္စနိက်၌ အဓိပတိ ပစ္စယာ နဟေတုယာ ဒွေ။၏။ (နာရမ္မဏ အစရှိသည်တို့၌လည်း ဤနည်းကိုမှီ၍ တွန်းလေ။ အရကိုသာ ဆိုပေအံ့)။

နာရမ္မဏေသတ္တ အရကား သဟဇာတာ ဓိပတိပစ္စည်းသာတည်း။ ။နာနန္တရေဒွေ။ နသမနန္တရေဒွေသအရကား အာရမ္မဏာဓိပတိ သဟဇာတာဓိပတိပစ္စည်း နှစ်ပါးတည်း။ ။နသဟဇာတေသတ္တ။ အာရမ္မဏာဓိပတိပစ္စည်းတည်း။ နအညမညေအဋ္ဌ၏ အရကား သာဓိပတိ စိတ္တဇရုပ်အားတပ်သော သဟဇာတာဓိပတိ အာရမ္မဏာဓိပတိ။ (အဋ္ဌဟူသော်ကား အာရမ္မဏာဓိပတိ ခုနစ်ချက်တွင် အကုသလော အဗျာကတကိုထည့်)။ နနိဿယေသတ္တ။ အလေးအမြတ် ပြုအပ်သော ဝတ္ထာရမ္မဏမှတပါး အာရမ္မဏာဓိပတိပစ္စည်းတည်း။ ။နဥပနိဿယေ သတ္တ။ သဟဇာတာဓိပတိတည်း။ ။နပုရေဇာတေဒွေ။ သဟဇာတာ ဓိပတိပစ္စည်း။ အလေးအမြတ်ပြုတတ်သော လောဘမူရှစ်ခုအား တပ်သော အလေးအမြတ်ပြုအပ်သော ရူပဖြစ်သောပစ္စုပ္ပန်နိပ္ဖန္နရုပ်အဋ္ဌာရသမှတပါး အာရမ္မဏာ ဓိပတိပစ္စည်းတည်း။ ။နပစ္ဆာဇာတေဒွေ။ နာသေဝနေဒွေ။ နကမ္မေဒွေ။ နဝိပါကေဒွေ။ အရကားအာရမ္မဏာဓိပတိ

သဟဇာတာ ဓိပတိပစ္စည်းတည်း။ နအာဟာရေ ဒသ။အရကား စိတ္တာဓိပတိမှတပါး သဟဇာတာဓိပတိ အာရမ္မဏာဓိပတိပစ္စည်း တည်း။ ။နဣန္ဒြိယေ ဒသ။အရကား ဝီရိယ စိတ္တ ဝိမံသာ ဓိပတိမှ တပါး သဟဇာတာဓိပတိ အာရမ္မဏာဓိပတိ ပစ္စည်းလျှင်တည်း။ နဈာနေဒသ။ အလုံးစုံသော သဟဇာတာဓိပတိ အာရမ္မဏာ ဓိပတိပစ္စည်းသာလျှင်တည်း။ ။နမဂ္ဂေဒသ။ အရကား ဝီရိယ ဝိမံသာဓိပတိမှတပါး သဟဇာတာ ဓိပတိပစ္စည်း။ အာရမ္မဏာ ဓိပတိပစ္စည်းတည်း။ ။နသမ္ပယုတ္တေ အဋ္ဌ။ (အရကား နအညမည အတိုင်း)။နဝိပ္ပယုတ္တေ သတ္တ။အရကားအလေးအမြတ်ပြုအပ်သော ဝတ္ထာရမ္မဏမှတပါး အာရမ္မဏာ ဓိပတိပစ္စည်း။ သမ္ပယုတ္တခန္ဓာ အားတပ်သော သဟဇာတာဓိပတိပစ္စည်း။ ။နောအတ္ထိယာ သတ္တ။ အရကား အလေးအမြတ်ပြုတတ်သော လောဘမူ ရှစ်ခုအားတပ် သော အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသမှတပါး အာရမ္မဏာ ဓိပတိပစ္စည်းတည်း။ ။(နောနတ္ထိ ယာ ဒသ နောဝိဂတေဒသ နာနန္တရနှင့်တူပြီ။နောအဝိဂတေသတ္တ။ နောအတ္ထိအတိုင်း)။

---

## အဓိပတိ ဃဋနာ

ထို့နောင် ဃဋနာကို ဟောတော်မူ၏။ ထို၌တုံသော်လည်း မိဿက ပကိဏ္ဏကသဟဇာတအားဖြင့်သုံးပါးအပြားရှိ၏။ထိုတွင် မိဿကဃဋနာကို ရှေးဦးစွာဟောတော်မူ၏။ ထို၌တုံသော်လည်း အတ္ထိ အဝိဂတ ဃဋနာ သနိဿယ ဃဋနာ သနိဿယ ဝိပ္ပယုတ္တ ဃဋနာအားဖြင့် သုံးပါး။ ထိုတွင် အတ္ထိ အဝိဂတဃဋနာကို။၏။ ထို၌ အလုံးစုံသော သဟဇာတာ ဓိပတိပစ္စည်း အလေးအမြတ် ပြုတတ်သော လောဘမူ ရှစ်ခုအားတပ်သော အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသ။လ။အဓိပတိ

အတ္ထိ အဝိဂတ ဤသုံးပစ္စည်းသာတပ်၍ ကြွင်းသော နှစ်ဆဲ့ တပစ္စည်းတို့ မတပ်ကုန်။ ထို့ကြောင့် အဓိပတိ အတ္ထိ အဝိဂတန္တိ နဟေတုယာအဋ္ဌ။နာရမ္မဏေ သတ္တ။ နာနန္တရေအဋ္ဌ။နသမနန္တရေ အဋ္ဌ။ နသဟဇာတေ ဧကံ။ နအညမညေ စတ္တာရိ။ ननိဿယေ ဧကံ။ နဥပနိဿယေ သတ္တ။ နပုရေဇာတေ သတ္တ။ နပစ္ဆာဇာတေ အဋ္ဌ။ နာသေဝနေအဋ္ဌ။ နကမ္မေအဋ္ဌ။ နဝိပါကေအဋ္ဌ။ နအာဟာရေအဋ္ဌ။ နဣန္ဒြိယေအဋ္ဌ။ နဈာနေအဋ္ဌ။ နမဂ္ဂေအဋ္ဌ။ နသမ္ပယုတ္တေ စတ္တာရိ။ နဝိပ္ပယုတ္တေ စတ္တာရိ။ နောနတ္ထိယာအဋ္ဌ။ နောဝိဂတေ အဋ္ဌ။၏။

ထို့နောင် သနိဿယ ဃဋနာကို။၏။ ထို၌ သဟဇာတာ ဓိပတိပစ္စည်း။ အလေးအမြတ် ပြုအပ်သော ဝတ္ထာရမ္မဏပစ္စည်း။ အဓိပတိ နိဿယ အတ္ထိ အဝိဂတပစ္စည်းသာ တပ်၍ ကြွင်းသော နှစ်ဆယ်သော ပစ္စည်းမတပ်ကုန်း။လ။ (ယခင်သချာနှင့် တူပြီ)။

ထို့နောင် သနိဿယ ဝိပ္ပယုတ္တ ဃဋနာကို။၏။ထို၌ သာဓိပတိ စိတ္တဇရုပ် အားတပ်သော သဟဇာတာဓိပတိပစ္စည်း။ အလေး အမြတ်ပြုအပ်သော ဝတ္ထာရမ္မဏပစ္စည်း။လ။ အဓိပတိ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤငါးပစ္စည်းသာတပ်၍။လ။ အဓိပတိ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ နဟေတုယာ စတ္တာရိ။ နာရမ္မဏေတီဏိ။ နာနန္တရေ စတ္တာရိ။ နသမနန္တရေ စတ္တာရိ။ နသဟဇာတေ ဧကံ။ နအညမညေ စတ္တာရိ။ နဥပနိဿယေတီဏိ။ နပုရေဇာတေတီဏိ။ နပစ္ဆာဇာတေ။လ။နောဝိဂတေ စတ္တာရိ။၏။ (ပကိဏ္ဏကသုံးချက် သဟဇာတ နှစ်ဆဲ့လေးချက်တို့ကို ဃဋနာ အတိုင်းအရကိုဆို၍ သချာကို ရသင့်သည် အလျောက်ဆင်ခြင်၍ ဟောလေ)။ ။အဓိပတိပြီး၏။

---

အနန္တရ ဒုက

ထို့နောင် အနန္တရပစ္စည်း၏ အနုလောမ ပစ္စနိက်ကို ဟော တော်မူ၏။ ထို၌ တုံသော်လည်း ဒုက ဃဋနာ အားဖြင့်

နှစ်ပါးအပြားရှိ၏။ ထိုတွင် ဒုကကို ရှေးဦးစွာ ဟောတော်မူ၏။ ထို့နှတိုးသော်လည်း အနန္တရမူ နဟေတု ဒုကအစရှိသောအားဖြင့် တဆဲ့ကိုးပါး အပြားရှိ၏။ ထိုတွင် နဟေတု ဒုကကို။ ၏။ ထို့နှ (ပစ္စည်းတွန်းမြဲ)။ ။အလုံးစုံသော အနန္တရပစ္စည်း။ အနန္တရပစ္စယာ နဟေတုယာ သတ္တ။လ။ နပစ္ဆာဇာတေ သတ္တ။ နာသေဝနေ ပဉ္စ။ နကမ္မေသတ္တ။ နောအဝိဂတေသတ္တ။ ၏။ ။(ဃဋနာ၌လည်းပဌမဃဋနာသည် ယခင်သချာ အရနှင့်တူပြီ။ ဒုတိယမှာ အာသေဝနပစ္စည်း အလုံးစုံတိကိုချည်းပင်။ တတိယမှာ မဂ္ဂါနန္တရ ဖိုလ်အားတပ်သော မဂ်စေတနာ ကော်သာတည်း)။ ။အနန္တရ ပြီးပြီ။ ။သမနန္တရလည်းတူပြီ။

---

## သဟဇာတဒုက

သဟဇာတာ နလောမပစ္စနိက်၌ဒုက ဃဋနာအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင် ဒုကကို ရှေးဦးစွာ ဟောတော်မူ၏။ ထို့နှ တိုးသော်လည်း သဟဇာတမူ နဟေတုဒုက အစရှိသောအားဖြင့် နှစ်ဆယ်အပြားရှိ၏။ ထိုတွင် နဟေတုဒုကကို။၏။

ထို့နှဟေတုပစ္စည်းမှတပါး အလုံးစုံသော သဟဇာတပစ္စည်း။ သဟဇာတပစ္စယာ နဟေတုယာ နဝ။၏။

အလုံးစုံသော သဟဇာတပစ္စည်း။ နအာရမ္မဏေနဝ။၏။

သဟဇာတာဓိပတိမှတပါး သဟဇာတပစ္စည်း။ နာဓိပတိယာ နဝ။

အလုံးစုံသော သဟဇာတပစ္စည်း။ နာနန္တရေနဝ။ နသမနန္တရေနဝ။

စိတ္တဇရုပ် ဟဒယဝတ္ထုမှတပါး ပဋိသန္ဓေ ကမ္မဇရုပ် အားတပ်သော နာမက္ခန္ဓာလေးပါး ဥပါဒါရုပ်အားတပ်သော မဟာဘုတ်လေးပါး။ နအညမညေပဉ္စ။ နဥပနိဿယေနဝ။လ။ နသမ္ပယုတ္တေ ပဉ္စ။

အချင်းချင်းအားတပ်သော နာမက္ခန္ဓာလေးပါး။ အချင်းချင်း အားလည်းကောင်း ဥပါဒါရုပ် အားလည်းကောင်း တပ်သော မဟာဘုတ်လေးပါး။ နဝိပ္ပယုတ္တေတိကံ။ နောနတ္ထိယာ နောဝိဂ တေနဝ။ ၍။ (ဃဋ္ဋနာဆယ်ချက်၌လည်း အနုလုံကအတိုင်းအရကို ဆို၍ ရသင့်သည့်အားလျော်စွာ သင်္ချာဟောလေ)။ ။သဟဇာတာပြီးပြီ။

## အညမညဒုက

အညမည၌ ဒုက ဃဋ္ဋနာအားဖြင့်နှစ်ပါး။ ၍။ ထိုတွင်ဒုကကို။ ၍။ ထို၌အညမညမူ နဟေတုဒုက အစရှိသော အားဖြင့် တဆဲ့ ကိုးပါးအပြားရှိ၏။ ထိုတွင်နဟေတုဒုကကို ရွေးဦးစွာဟောတော်မူ၏။ ထို၌ ဟေတု ပစ္စည်းမှတပါး အလုံးစုံသော အညမည ပစ္စည်း။ အညမညပစ္စယာ နဟေတုယာ တိကံ။

အလုံးစုံသော အညမညပစ္စည်း။ နာရမ္မဏေတိကံ။

သဟဇာတာ ဓိပတိပစ္စည်းမှတပါး အညမညပစ္စည်း။နာဓိပတိ ယာတိကံ။

အလုံးစုံသော အညမညပစ္စည်း။ နာနန္တရေတိကံ။လ။ နမဂ္ဂေ တိကံ။

အချင်းချင်းအားတပ်သော မဟာဘုတ်လေးပါး အချင်းချင်း အားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု။ နသမ္ပယုတ္တေကံ။၍။

အချင်းချင်း အားတပ်သော နာမက္ခန္ဓာလေးပါး။ အချင်းချင်း အားတပ်သော မဟာဘုတ်လေးပါး။ နဝိပ္ပယုတ္တေ တိကံ။ နော နတ္ထိယာတိကံ။နောဝိဂတေတိကံ။ ။(ဃဋ္ဋနာခြောက်ချက်၌လည်း အနုလုံအတိုင်း အရကိုဆို။ သင်္ချာကို ရသင့်သည် အလျောက် ဟောလေ)။ ။အညမညပြီးပြီ။

## နိဿယဒုက

အညမည။လ။နိဿယအနုလောမကို။လ။ထိုဒွိစစ်မြဲ။ နိဿယမူ နဟေတုဒုက အစရှိသောအားဖြင့် နှစ်ဆဲ့တပါးတို့တွင် နဟေတုဒုက၌ ဟေတု ပစ္စည်းမှ တပါး အလုံးစုံသော နိဿယ ပစ္စည်း။ တေရသ၊၏။

အလုံးစုံသော သဟဇာတနိဿယ ဝတ္ထုပုရေဇာတ နိဿယ ပစ္စည်း။ နအာရမ္မဏေ တေရသ။၏။

သဟဇာတာဓိပတိမှတပါး သဟဇာတ နိဿယ ပစ္စည်း။ အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇောငါးချက် အားတပ်သော။လ။ ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏမှ တပါးမနောဒွါရာဝဇ္ဇန်း မရဏာသန္နဇောငါးချက် တဒါရုံ ကောဒသ အားတပ်သော။လ။ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏ ပစ္စည်း။ ဝတ္ထုပုရေဇာတနိဿယပစ္စည်း။နာဓိပတိယာ တေရသ။

အလုံးစုံသောနိဿယပစ္စည်း။ နာနန္တရေ တေရသ။ နသမနန္တရေ တေရသ။

မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇောငါးချက် တဒါရုံ ကောဒသအားတပ်သော။လ။ဝတ္ထာရမ္မဏ။အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇောငါးချက် အားတပ်သော။လ။ ဝတ္ထာရမ္မဏပစ္စည်း။ ဝတ္ထုပုရေဇာတနိဿယပစ္စည်း။ နသဟဇာတေ တိဏိ။၏။

အညမညပစ္စည်းမှတပါး သဟဇာတ နိဿယ ပစ္စည်း။ မနောဒွါရ။လ။ ဝတ္ထာရမ္မဏ။ အလေးအမြတ်ပြုတတ်သော။လ။ဝတ္ထာရမ္မဏပစ္စည်း။ ဝတ္ထုပုရေဇာတ နိဿယပစ္စည်း။ နအညမညေ သတ္တ။

နဥပနိဿယ၌ အလုံးစုံသော သဟဇာတနိဿယ။ အလေးအမြတ်ပြုတတ်သော။လ။ ဝတ္ထာရမ္မဏမှတပါး မနော။လ။ဝတ္ထာရမ္မဏ။ ဝတ္ထုပုရေဇာတနိဿယ။ နဥပနိဿယေ တေရသ။၏။

နပုရေဇာတဉ္စ အလုံးစုံသော သဟဇာတ နိဿယ ပစ္စည်း။ နပုရေဇာတေနဝ။၏။

နပစ္ဆာဇာတဉ္စ အလုံးစုံသော နိဿယပစ္စည်း။ နပစ္ဆာဇာတေ တေရသ။ ။နာသေဝနေ တေရသ။ သဟဇာတ ကမ္မမှတပါး အလုံးစုံသော နိဿယပစ္စည်း။ နကမ္မေ တေရသ။၏။

ဝိပါကပစ္စည်းမှတပါးအလုံးစုံသောနိဿယပစ္စည်း။နဝိပါကေ တေရသ။၏။

နာမ်အာဟာရမှတပါး အလုံးစုံသော နိဿယပစ္စည်း။နာဟာရေတေရသ။

သဟဇာတိန္ဒြိယမှတပါး သဟဇာတနိဿယ။ပုရေဇာတိန္ဒြိယမှတပါး ပုရေဇာတနိဿယ ပစ္စည်း။ နဣန္ဒြိယေ တေရသ။

နဈာနဉ္စ ဈာနပစ္စည်းမှတပါး သဟဇာတနိဿယ။ပုရေဇာတ နိဿယပစ္စည်း။ နဈာနေတေရသ။

မဂ္ဂပစ္စည်းမှတပါး နိဿယပစ္စည်း။ နမဂ္ဂေ တေရသ။

သမ္ပယုတ္တ ပစ္စည်းမှတပါး နိဿယ ပစ္စည်း။ နသမ္ပယုတ္တေ သတ္တ။၏။

အချင်းချင်းအားတပ်သော နာမက္ခန္ဓာလေးပါး။ အချင်းချင်း အားလည်းကောင်း ဥပါဒါရုပ် အားလည်းကောင်း တပ်သော မဟာဘုတ်လေးပါး။ နဝိပ္ပယုတ္တေ တီဏိ။

နောနတ္ထိယာ တေရသ။နောဝိဂတေတေရသတို့သည် အနန္တရ နှင့်တူကုန်၏။ ။(ဃဋနာဉ္စ မိဿကခြောက်ချက်။ ပကိဏ္ဏက လေးချက်။ သဟဇာတတဆယ်။ အနုလုံကအတိုင်း အရကိုဆို၍ သိျာကိုရသင့်သည်အလျောက် ဆင်ခြင်၍ဟောလေ)။ ။နိဿယ ပြီး၏။

---

## ဥပနိဿယဒုက

ဥပနိဿယ၌ ဒုက ဃဋနာနှစ်ပါး။လ။ ထိုဒုက၌ ဥပနိဿယမူ နဟေတုဒုက အစရှိသောအားဖြင့် နှစ်ဆဲ့သုံးပါး။လ။

နဟေတုဒုကဥ္စ အလုံးစုံသော ဥပနိဿယပစ္စည်း။ဥပနိဿယ ပစ္စယာ နဟေတုယာနဝ။

နာရမ္မဏဉ္စ အနန္တရူပ ပကတူပနိဿယပစ္စည်း။ နာရမ္မဏော နဝ။ နာဓိပတိယာ နဝ။

နာနန္တရဉ္စ အာရမ္မဏူပနိဿယ။မဂ္ဂါနန္တရဖိုလ် အားတပ်သော မဂ်စေတနာမှတပါး ပကတူပနိဿယ ပစ္စည်း။ နာနန္တရေနဝ။ နသမနန္တရေနဝ။

အလုံးစုံသော ဥပနိဿယပစ္စည်း။ နသဟဇာတေနဝ။နအညမညေနဝ။

နနိဿယဉ္စ အလေးအမြတ်ပြုအပ်သော ဝတ္ထာရမ္မဏမှတပါး အာရမ္မဏူပ။အနန္တရူပ။ ပကတူပနိဿယ။ နနိဿယေနဝ။

အလေးအမြတ်ပြုတတ်သော လောဘမူ ရှစ်ခုအားတပ်သော အလေးအမြတ်ပြုအပ်သော ဇ္ဈာနဖြစ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဇ္ဈာရသ။ အလေးအမြတ် ပြုတတ်သော လောဘမူ မရဏာသန္နဇော ငါးချက်အားတပ်သော အလေးအမြတ်ပြုအပ်သော။လ။ ဟဒယ ဝတ္ထုမှတပါး အာရမ္မဏူပ။ အနန္တရူပ။ ပကတူပနိဿယပစ္စည်း။ နပုရေဇာတေနဝ။

အလုံးစုံသော ဥပနိဿယပစ္စည်း။ နပစ္ဆာဇာတေနဝ။

အာသေဝနမှတပါး ဥပနိဿယပစ္စည်း။နာသေဝနေ နဝ။

မဂ္ဂါနန္တရဖိုလ်အားတပ်သော မဂ်စေတနာ။ ဝိပါက်ဆတ္တိံသ အားတပ်သော ဗလဝနာနာက္ခဏိကကမ္မမှ တပါး အလုံးစုံသော ဥပနိဿယပစ္စည်း။ နကမ္မေနဝ။

အလုံးစုံသော ဥပနိဿယပစ္စည်း။ နဝိပါကေနဝ။လ။ နသမ္ပယုတ္တေနဝ။

အလေးအမြတ်ပြုအပ်သောဝတ္ထာရမ္မဏမှတပါး အလုံးစုံသော ဥပနိဿယပစ္စည်း။ နဝိပ္ပယုတ္တေနဝ။၏။

အလေးအမြတ်ပြုအပ်သော။လ။ အာရမ္မဏပုရေဇာတမှတပါး အလုံးစုံသော ဥပနိဿယပစ္စည်း။ နောအတ္ထိယာနဝ။

နောနတ္ထိဝိဂ္ဂ အာရမ္မဏူပ။ ပကတူပနိဿယပစ္စည်း။ နောအတ္ထိ ယာနဝ။ နောဝိဂတေနဝ။ နောအဝိဂတေနဝ။၏။ ။(ဃဋနာ ကိုအနုလုံက အတိုင်း အရကောက်၍ သင့်ရာကို ရသင့်သည် အလျောက် ဆင်ခြင်၍ဟောလေ)။ ။ဥပနိဿယပြီး၏။

---

## ပုရေဇာတဒုက

ပုရေဇာတဒွိဒုက ဃဋနာ။ ထိုတွင်ဒုကကိုးလ။ ထို၌ ပုရေဇာတမူနှေတုဒုက အစရှိသောအားဖြင့်နှစ်ဆဲ့တပါးအပြားရှိ၏။

ထိုတွင် နဟေတုဒုက၌ အလုံးစုံသော ပုရေဇာတပစ္စည်း။ နဟေတုယာ တိကံ။

နာရမ္မဏ၌ အလုံးစုံသော ဝတ္ထုပုရေဇာတပစ္စည်း။ နာရမ္မဏေ တိကံ။

နာဓိပတိ၌ အလေးအမြတ်ပြုတတ်သော လောဘမှရှစ်ခုအား တပ်သော။ လ။ ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသ။ အလေး အမြတ် ပြုတတ်သော လောဘမူမရဏာသန္တဇောငါးချက်အားတပ်သော။ လ။ ဟဒယဝတ္ထုမှတပါး အလုံးစုံသော ပုရေဇာတ ပစ္စည်း။ နာဓိပတိယာတိကံ။၏။ (နာနန္တရ နသမနန္တရ နသဟဇာတ နအညမညတို့ကား နဟေတုနှင့်တူကုန်၏)။

နနိဿယ၌ မနောဒွါရာဝဇ္ဇန်း မရဏာသန္တဇော ငါးချက် တဒါရုံကောဒသ အားတပ်သော။ လ။ ဟဒယဝတ္ထု။ အလေး အမြတ်ပြုတတ်သော လောဘမူ မရဏာသန္တဇော ငါးချက်အား တပ်သော။လ။ ဟဒယဝတ္ထုမှတပါး အလုံးစုံသော အာရမ္မဏ ပုရေဇာတပစ္စည်း။ နနိဿယေ တိကံ။၏။ ဝတ္ထာရမ္မဏမှတပါး အာရမ္မဏပုရေဇာတပစ္စည်း။တိကံ။၏။

နဥပနိဿယ၌ အလေးအမြတ်ပြုအပ်သော အာရမ္မဏ ပုရေဇာတမှတပါး ပုရေဇာတပစ္စည်း။ နဥပနိဿယေတိကံ။

နပစ္ဆာဇာတ၌ အလုံးစုံသော ပုရေဇာတပစ္စည်း။ နပစ္ဆာ ဇာတေတိကံ။လ။ နာသေဝနေတိကံ။ နကမ္မေတိကံ။ နဝိပါကေ

တိဏ်္ဏံ။ နအာဟာရေတိဏ်္ဏံ။ ဝတ္ထုပုရေဇာတဣန္ဒြိယမှတပါး အလုံး စုံသော ပုရေဇာတပစ္စည်း။ နဈာနေ တိဏ်္ဏံ။ နမဂ္ဂေတိဏ်္ဏံ။ နသမ္ပယုတ္တေ တိဏ်္ဏံ။

ဝတ္ထာရမ္မဏမှတပါး အာရမ္မဏပုရေဇာတ ပစ္စည်း။ နဝိပ္ပ ယုတ္တေတိဏ်္ဏံ။ အလုံးစုံသော ပုရေဇာတပစ္စည်း။ နောနတ္ထိယာ တိဏ်္ဏံ။ နောဝိဂတေတိဏ်္ဏံ။ ။(ဿဇ္ဈနာခုနစ်ချက်၌ အနုလုံအတိုင်း အရဆို၍ သင်္ချာရသင့်သည်အလျောက် ဆိုလေ)။ ။ပုရေဇာတ ပြီး၏။

ပစ္ဆာဇာတအာသေဝနဒုက

ပစ္ဆာဇာတ အနုလောမပစ္စနိက်၌ ဒုကဿဇ္ဈနာအားဖြင့်နှစ်ပါး။ လ။ ဒုက၌တုံသော်လည်း ပစ္ဆာဇာတမူ နဟေတုဒုကအစရှိသော အားဖြင့်နှစ်ဆယ်။ လ။ နဟေတုဒုက၌ အလုံးစုံသောပစ္ဆာဇာတ ပစ္စည်း။ ပစ္ဆာဇာတပစ္စယာ နဟေတုယာတိဏ်္ဏံ။လ။ နောဝိဂတေ တိဏ်္ဏံ။ (ဿဇ္ဈနာ၌လည်း ဤနည်းအတူ)။

အာသေဝနမူနဟေတုဒုက၌အလုံးစုံသောအာသေဝနပစ္စည်း။ အာသေဝနပစ္စယာ နဟေတုယာတိဏ်္ဏံ။လ။ နောအဝိဂတေတိဏ်္ဏံ။ (ဿဇ္ဈနာလည်း ဤအတူပင်)။

ကမ္မဒုက

ကမ္မ၌ ဒုက ဿဇ္ဈနာအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ဒုက ကို ရှေးဦးစွာ။၏။ ဒုက၌။လ။ ကမ္မမူ နဟေတုဒုက၌ အလုံးစုံသော ကမ္မပစ္စည်း။ ကမ္မပစ္စယာ နဟေတုယာ သတ္တ။ နာရမ္မဏေသတ္တ။ နာဓိပတိယာ သတ္တ။ နာနန္တရေ၌ မဂ္ဂါနန္တရဖိုလ်အား တပ်သော မဂ်စေတနာမှတပါး ကမ္မပစ္စည်း။ နာနန္တရေသတ္တ။ နသမနန္တရေ သတ္တ။နသဟဇာတေ၌ နာနာက္ခဏိကကမ္မပစ္စည်း။ နသဟဇာတေ ဒွေ။နအညမညေ၌ စိတ္တဇရုပ်ဟဒယဝတ္ထုမှတပါး ပဋိသန္ဓေကမ္မဇရုပ် အားတပ်သော စေတနာဟုဆိုအပ်သော သဟဇာတ နာနာက္ခ

ဏိက ကမ္မပစ္စည်း။ နအညမညေတိဏိ။ နနိဿယေ၌ အလုံးစုံသော နာနာက္ခဏိကကမ္မပစ္စည်း။ နနိဿယေဒွေ။ နဥပနိဿယေ၌ ဝိပါက် ဆတ္တိံသအား တပ်သောဗလဝနာနာက္ခဏိက ကမ္မမှတပါး ကမ္မပစ္စည်း။သတ္တ။နဝိပါကေ၌ ဝိပါက်စေတနာမှတပါး သဟဇာတကမ္မ နာနာက္ခဏိက ကမ္မပစ္စည်း။ သတ္တ။ နာနာက္ခဏိက ကမ္မပစ္စည်း။ နအာဟာရေဒွေ။ အလုံးစုံသော ကမ္မပစ္စည်း။ နဣန္ဒြိယေသတ္တ။ နဈာနေသတ္တ။ နမဂ္ဂေသတ္တ။ နသမ္ပယုတ္တေတိဏိ။ နောအတ္ထိယာဒွေ။ နောနတ္ထိယာသတ္တ။ နောဝိဂတေသတ္တ။ နောအဝိဂတေဒွေ။ (ဃဋနာကို အနုလုံအတိုင်း အရဆို၍ သချာ်ကို ရသင့်သည် အလျောက်ဟောလေ)။ ။ကမ္မပြီး၏။

---

## ဝိပါက ဒုက

ဝိပါကဥ္စ ဝိပါကမှ နဟေတု ဒုကအစရှိသောအားဖြင့် တဆဲ့ကိုးပါး အပြားရှိ၏။လ။ နဟေတု ဒုက၌ ဟေတု ပစ္စည်းမှတပါး ဝိပါကပစ္စည်း။ နဟေတုပစ္စယာ ဝိပါကေကော်။၏။ ။အလုံးစုံသော ဝိပါကပစ္စည်း။ နာရမ္မဏေကော်။ ။ဖိုလ်လေးခု၌ရှိသော အဓိပတိပစ္စည်းမှတပါး ဝိပါကပစ္စည်း။ နာဓိပတိယာကော်။ ။အလုံးစုံသော ဝိပါကပစ္စည်း။ နာနန္တရေကော်။ နသမနန္တရေကော်။ နအညမည၌ စိတ္တဇရုပ် ဟဒယဝတ္ထုမှတပါး ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဝိပါကပစ္စည်း။ နအညမညေ ကော်။ ။နဥပနိဿယ၌ အလုံးစုံသော ဝိပါကပစ္စည်း။ နဥပနိဿယေ ကော်။ နပုရေဇာတေကော်။ နပစ္ဆာဇာတေကော်။ နာသေဝနေကော်။ ။စေတနာမှတပါး ဝိပါကပစ္စည်း။ နကမ္မေကော်။ နာမ်အာဟာရ သုံးပါးမှတပါး ဝိပါက ပစ္စည်း။ နအာဟာရေ ကော်။ ။သဟဇာတဣန္ဒြိယ ပစ္စည်းမှတပါး ဝိပါကပစ္စည်း။နဣန္ဒြိယေကော်။ ။ဈာနပစ္စည်းမှတပါး ဝိပါကပစ္စည်း။နဈာနေကော်။ ။မဂ္ဂပစ္စည်းမှတပါး ဝိပါကပစ္စည်း။နမဂ္ဂေကော်။ ။စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဝိပါကပစ္စည်း။ နသမ္ပယုတ္တေ ကော်။ အချင်းချင်း နာမက္ခန္ဓာအား တပ်သော ဝိပါက

ပစ္စည်း။ နဝိပ္ပယုတ္တေကောံ။၏။ ဝိပါကပစ္စည်း။ နောနတ္ထိယာ ကောံ။ နောဝိဂတေ ကောံ။၏။ (ဃဋနာဒါးချက်ကို အနုလုံက အတိုင်း ကောက်၍ ဟောလေ။ သချာမှာကောံသာတည်း)။ ဝိပါကပြီး၏။

---

## အာဟာရ ဒုက

